
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


...ချုပ်အောင်ဆန်း၏
...ဘာအခွင့်ပတ်သက်သော
...ကြောင်းအရာများကို
...စုံရှာဖော်ပြထားသော

စ်သားကြီးဗိုလ်တေဇ

Quality စာတည်းအဖွဲ့







ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့...
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည်

ဗိုလ်ချုပ်အောင်ဆန်း...
နှင့်
ရဲဘော်သုံးကျိပ်

ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)




ဗိုလ်တေဇ
ဘဝကဗျာ
ရသဟန်အတ္ထုပ္ပတ္တိ

Quality စာတည်းအဖွဲ့


ဆုပြည့်စုံထွန်းစာပေ


အမှတ်(၅၀၈/၅၁၂)၊၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃


http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

No.83, April 2014

# ဂမ္ဘီရလောက

အမှတ် (၈၃)၊ ဧပြီလ၊ ၂၀၁၄ ခုနှစ်

ဒီဗွစကျွဲဆေးလုံး
**ဒဂုန်ရွှေမျှား** ၆

ဘဖျံ့နှင့် တာတေ
**ကျော်မြင့်ကျော်** ၂၈

တံငါသည်ကြီးတည်ထားခဲ့သော အကျွတ်အလွတ်စေတီတော်
**ကိုဆောင်းဦး (အလိန်လည်ကျေးရွာ)** ၃၇

ကျောက်ဖြူတောင်ကြီး အံ့ဖွယ်တည်း
**ကျော်ဇွာလင်း** ၅၄

ခေါင်းတလားအတွင်းမှ ပျောက်ဆုံးသွားသည့်အလောင်း
**မျိုးသစ်** ၆၈

အရိပ်တစ္ဆေ
**ဇေရာ** ၈၀

အမည်မရှိတဲ့ သူငယ်ချင်း
**ကျော်မိုးမိုလ်** ၁၀၉

သစ်ငုတ်အောင်သံ
**မင်းဘုန်းသိမ်ချူ** ၁၂၉

တစ္ဆေအမုန်း
**ဆုမွန်ဦး (ဟင်္သာတ)** ၁၄၃

လူတစ်ယောက်နှင့် ခွေးတစ်ကောင်
**ဝါဦးနွန်းကို** ၁၇၁

လူခြောက်တို့ရဲ့ ချစ်ကမ္ဘာ
**ဆောင်းလှလင်** ၁၈၂

ကြွယ်ပိုက မြင်းစီးဝိညာဉ်
**အောင်လင်းသစ်** ၂၀၉

ဘင်္ဂါး သူစိမ်းများ
**နှင်းထိုက်စိုး (နိုင်ငံခြားဘာသာသိပ္ပံ)** ၂၃၂

Next Month Preview ၂

www.burmeseclassic.com

www.burmeseclassic.com


# ကမ္ဘာ့ရူလောက

စာစဉ်

အယ်ဒီတာချုပ် ◀▶ ကိုမြင့်ထွန်း(Quality)

တာဝန်ခံအယ်ဒီတာ ◀▶ ဝေလွင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

အုပ်ချုပ်မှု အယ်ဒီတာ ◀▶ မခင်မာရွှေ

အယ်ဒီတာအဖွဲ့ ◀▶ ဥာဏ်လင်းထက်

ရုံးအဖွဲ့

ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းလွင်၊ နေဇင်လတ်၊ ရှိုင်းကိုကိုနိုင်
ဝေလင်း၊ ကျော်ကျော်၊ တင်မောင်မောင်ဆွေ၊ ဆုပြည့်မိုး၊ ဟေမာန်လှိုင်
ဝင်းဝင်းမာ၊ ပိုပိုဇင်၊ အိမြ၊ မိမိဇင်၊ မြူမြူသင်း၊ ဝင်းဝင်းမော်၊

ထုတ်ဝေသူ

ဒေါ်ခင်မာရွှေ (ဆုပြည့်စုံထွန်းစာပေ)၊ (၀၃၉၈၈) (မြဲ)၊ အမှတ် ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

မျက်နှာဖုံး

ဥာဏ်လင်းထက်

အတွင်းသရုပ်ဖော်

ကံကောင်း၊ အောင်စံမြင့်၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ တောင်ငူ စိုးမြင့်လေး
လှသစ်အောင် (အင်းလျား)၊ ရန်နိုင်ဦး၊ ကိုကိုကြီး၊ မောင်နေကြည်၊ ချစ်သူ၊ ဝေမှန်လင်း၊ ပေါ်ကာ၊

ကွန်ပျူတာနှင့် ဖလင်

Quality

ပုံနှိပ်သူ

မြိုးဝေလျှံပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန်
ဆန်စက်အပိုပစ္စည်းစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၊

စာအုပ်ချုပ်

တင်မေထွန်း

| | | |
|---|---|---|
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ |

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း

အမှတ် ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၃၈၃၃၆၆၄၊ ၃၈၆၈၃၃


Next Month Preview




တိုက်ဆင်
ဆောင်းလုလင်



ကျွတ်မီး
ကတိုးဂုဏ် မျိုးမြင့်အောင်



တစ္ဆေဥက္ကာ
မင်းဘုန်းသိဉ္ဇာသူ

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်သည် မိမိ၏ ရှေးဖြစ်နောက်ဖြစ်များကို
သိလိုသောအခါ ဗေဒင်မေးတက်ကြလေသည်။ နောက်
ဖြစ်ပျက်ခဲ့သော အကြောင်းများမှာ များစွာအရေးမကြ
သော်လည်း ရှေ့တွင်ဖြစ်ဆဲ ဖြစ်လတ္တံ့အကြောင်းအရ
များကိုမူကား သိရှိကြရန် များစွာစိတ်ဝင်စားကြလေသ



www.burmeseclassic.com

# ဒိဗ္ဗစက္ခုဆေးလုံး

## ဒဂုန် ရွှေမျှား

သာမ၊ ယဇု၊ ဣရုသျှု၊ အာတပ္ပနဟူ၍ ဗေဒင် (၄) ပုံရှိသည့်အနက် နောက်ဆုံးဖြစ်သော အာတပ္ပနဗေဒင်ကျမ်းမှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရပြီးသူတစ်ယောက်က တပ်အပ်ပြောလိုက်ဘိသကဲ့သို့ မည်သည့်နေ့ မည်သည့်အချိန်တွင် မည်ကဲ့သို့ဖြစ်ပျက်မည်ကို ဒိဋ္ဌပောပြောနိုင်ရကား ဤတွင် ဗေဒင်ကျမ်းရှိခြင်းအားဖြင့် မြတ်စွာဘုရား၏ တရားတော်ကိုပင် ယုံမှားသံသယရှိရန် အကြောင်းများဖြစ်ပွားပေါ်ပေါက်လာမည်စိုးသဖြင့် ထိုဗေဒင်ကျမ်းကွယ်ခဲ့လေသည်။

ဗေဒင်ပညာသည် ကျွန်ုပ်တို့ မြန်မာလူမျိုးများသာမဟုတ်၊ အခြားသိုးဆောင်းလူမျိုးများ၌လည်း အသီးသီးရှိကြရာ ကြည့်ရှုတွက်ချက်ပုံများနှင့် အယူအဆသာ ကွဲလွဲကောင်း ကွဲလွဲပေမည်။

တျှန်ရှိသော ဗေဒင် (၃) ပုံကို ပညာရှိများသည် လက်ရိုးနည်း၊ အင်္ဂလိပ်ပင်္ဂွာနည်း စသည်တို့ဖြင့် အမျိုးမျိုးဟောပြောကြ၏။ အချို့လည်း နေ၊ လနက္ခတ်တာရာ၊ ဂြိုဟ်သွားဂြိုဟ်လာတို့ဖြင့် တွက်ချက်ကြ၏။ သို့သော် -



ညည်သို့ပင်ဖြစ်စေ လူတစ်ယောက်၏ စိတ်ကို ညှို့ပြီးလျှင် ထိုသူ၏ဝိညာဉ်ကို စေတား ခြင်းအားဖြင့် တွက်ချက်သော နည်းဟူ၍ကား ကျွန်ုပ်တို့ မကြားဘူးသေးချေ။

စိတ်ပညာကို ကောင်းစွာ လေ့လာလိုက်စားသော သူများသည် ၎င်းတို့၏ ညာကျက်စားရာ တစ်နေ့တခြား ကျယ်ဝန်းလာသည့်အတိုင်း လူတစ်ယောက်၏ ရှေ့ဖြစ်မည့်အဖြစ်အပျက်များကို ထိုသူ၏ဝိညာဉ်ကိုပင် ညှို့ခြာတ်ဖြင့် စေတားကြည့်ရှုစေသောအခါ မြင်ကောင်းမြင်ရပေမည်ဟု တွေးတောဖွယ်ရှိ၏။ သို့သော် ဒိဋ္ဌအားဖြင့်ကား မတွေ့ဘူးသေးချေ။

ယခုရေးသားအံ့သော အတ္ထုပ္ပတ္တိမှာ အထက်ပါပြဿနာကို ရှင်းလင်းခြင်းတစ်ရပ်ပင်ဖြစ်ရာ ရေးခဲ့သူမှာလည်း ကြိုးမိန့်ကျပြီး တရားခံတစ်ယောက်ဖြစ်လေသည်။ ၎င်းမှာ အမှုစစ်ဆေးသည့်ရုံးတွင် တစ်စုံတစ်ရာ ဖွင့်လှစ်ပြောဆိုခြင်းမပြုဘဲ ၎င်း၏ အတ္ထုပ္ပတ္တိကို ထောင်ထဲတွင် ရေးသားပြီးနောက် ကြိုးမိန့်ကျ၍ ကြိုးတိုက်သို့ အသွင်းခံရသောအခါ ထိုစာရွက်များကို အင်္ကျီတော်များအတွက်နေသော အုတ်ကြားထဲသို့ ထိုးသွင်းထားခဲ့ရာ ၎င်းအား ကြိုးပေးပြီးနောက် (၃) လကျော်ကျော်ကြာရှိမှ ထိုစာရွက်များကို ကံအားလျော်စွာ တွေ့ရှိရလေသည်။

တရားခံကို ကြိုးပေးပြီးဖြစ်၍ အမှုမှာ ပိတ်ပြီးလျှင် ပြီးဆုံးသွားပြီဖြစ်ရာ ထိုစာရွက်များမှာ ဥပဒေသဘောအရ ထိုအမှု၌ တစ်စုံတစ်ရာ တရားမဝင်တော့ပြီဖြစ်ရကား၊ ထိုစာရွက်များကို ထောင်မင်းသားဦးဘိုးထော်အား ကြည့်ရှုခွင့်ပေးသည့်အတိုင်း ဦးဘိုးထော်ထံမှ တစ်ဆင့် ရရှိခဲ့သော အတ္ထုပ္ပတ္တိတစ်ခု ဖြစ်ပါကြောင်း။

ညသည်မှာ နိုဝင်ဘာလ (၇) ရက်နေ့ညဖြစ်၍ မြစ်ဘက်မှ တိုက်ခတ်လာသောလေမှာ ကျွန်တော်၏ ရိုးတွင်းချဉ်ဆီသို့တိုင်အောင် စူးဝင်သွားသကဲ့သို့ ခံစားရပါသည်။

ရန်ကုန်လဘုရားလမ်း ဗောတံတားထိပ်တွင်ရပ်ကာ တဟောဟောတဟဲဟဲ စီးဆင်းနေသော ရေသံများကို နားထောင်၍လည်းကောင်း၊ လရောင်အောက်တွင် ဖွေးဖွေးဖြူသော လှိုင်းတွန့်များကို ကြည့်၍လည်း ကောင်းနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ စိတ်မှာ ခန္ဓာကိုယ်မှ ထွက်၍သွားပြီးလျှင် ကျယ်ပြန့်သော လဟာပြင်၌ ကျက်စား၍ နေဘိသကဲ့သို့ မှတ်ထင်ရ၏။

ပထမ လာစဉ်က တံတားပေါ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ရေထဲသို့ ခုန်ဆင်းလိုက်မည်ဟု အောက်မေ့မိ၏။ သို့သော် တဝုန်းဝုန်းမြည်ဟည်းကာ တံတားနံဘေးသို့ ရိုက်ခတ်လာသော လှိုင်းသံများကို ကြားရသောအခါ နောက်သို့ တစ်လှမ်းဆုတ်၍ သွားမိ၏။

သို့သော် ကျွန်ုပ်၏ ခါးထဲတွင် ငါးလုံးပြူး သေနတ်ကလေးတစ်လက် ပါသေး၏။ ယမ်းတောင့်အပြည့် ထိုးထားရာ ပြောင်းကို ပါးစပ်ထဲသို့သွင်း၍ တစ်ချက်နှစ်ချက်မျှဆင့်၍ ဆွဲလိုက်လျှင် အမှန်မုချ ကိစ္စချောမည်ဖြစ်ရကား အရေးမကြီးချေ။ ရေနှင့်သေမည်လော၊ သေနတ်နှင့် သေမည်လော၊ သွေးထွက်သံယိုနှင့် သေရခြင်းမှာ မွန်း၍သေရခြင်းထက် သက်သာမည်လော ရွေးချယ်ရန်သာ ကျန်ရှိတော့သည်၊ သို့ဖြစ်၍ ကျွန်တော်သည် သေနတ်ကလေးကို ဆွဲထုတ်လိုက်လေသည်။

သို့သော် ကျွန်တော်၏ လက်သည် ပါးစပ်ဆီသို့ မရောက်။ သန်မာသော လက်ကြီးတစ်ဖက်သည် ကျွန်တော်၏ နောက်သို့ ရုတ်တရက်ထွက်ပေါ်လာပြီးလျှင် သေနတ်ကို "ဆတ်" ခနဲဆွဲယူလိုက်ရာ သေနတ်ကလေးသည် ထိုလက်ကြီးထဲသို့ ပါသွား၏။ သေနတ်လုသွားသူမှာ ဘောင်းဘီရှည်အနက်၊ ကုတ်အင်္ကျီအနက်၊ ရှပ်အင်္ကျီအဖြူကို ဝတ်၍ထားသော ဥရောပတိုက်သား တစ်ယောက်ဖြစ်လေသည်။ အသက်မှာ (၆၀) နီးပါးမျှရှိပြီဟု ခန့်မှန်းရ၍ ၎င်း၏ မုတ်ဆိတ်ဖြူကြီးပင် လရောင်အောက်တွင် လွင့်လျက်ရှိသည်ကို မြင်ရ၏။

၎င်းက အင်္ဂလိပ်ဘာသာဖြင့် . . .

"ဒီလိုစိတ်ညစ်တိုင်း တစ်ဖွတ်ထိုးလုပ်လို့ ဘယ်တော်နိုင်မလဲ သူငယ်ရယ်"

"ကျွန်တော် စိတ်ညစ်တာ ခင်ဗျား ဘယ့်နှယ်သိသလဲ"

"ပထမ ရေထဲခုန်ချပြီး သေမယ်ကြံတယ်။ နောက် - ရေထဲခုန်ချဖို့ ကြောက်ပြန်တော့ အိတ်ထဲကသေနတ် ဆွဲထုတ်ပြန်တယ်၊ ဒီလိုလုပ်တာ



စိတ်ညစ်တဲ့လူမလုပ်ရင် ဘယ်သူလုပ်မလဲ။ ပြီးတော့ မောင့်မျက်လုံးကြည့်ရတာ ဆရာကြီးသိသလောက် သိပ်ပြီးစိတ်လေလွင့်နေတယ်"

၎င်းပြောလိုက်သော စကားများအရ ကျွန်တော်သည် ထိုဆရာကြီးဆိုသူကိုကြည့်ပြီးလျှင် ၎င်းအား အားကိုးလိုသောစိတ်များ ပေါ်၍လာ၏။

"မှန်ပါတယ် - ခင်ဗျာ။ ဆရာကြီး ပြောတာ အားလုံးမှန်ပါတယ်"

"ဘာများ စိတ်ညစ်ရသလဲ မောင်"

"ကျွန်တော် ပုလိပ်အရာရှိတစ်ယောက်ပါ ခင်ဗျာ။ ပုလိပ်ထဲကနေပြီး စစ်ထဲလိုက်၊ စစ်မှုထမ်းပြီး နှစ်နှစ်ကျော်လောက်အကြာမှာ အမေသေတဲ့ အကြောင်း ကြေးနန်းရလေတော့ မြန်မာပြည်ကို ပြန်လာတာ သင်္ဘော မနေ့ကပဲ ရောက်တယ်ခင်ဗျ။ ဒါနဲ့ အမေ့သင်္ချိုင်း သွားကန်တော့၊ တောကို ကားနဲ့ လိုက်သွားတော့ ရွာရောက်ရင်ပဲ ပထမကြားရတဲ့သတင်းက ကျွန်တော့်မိန်းမဟာ လွန်ခဲ့တဲ့ (၃) လလောက်ကပဲ ယောကျာ်းတစ်ယောက်နဲ့ လိုက်သွားသတဲ့ ခင်ဗျာ။ ကောင်းနိုင်ကြသေးရဲ့လား။

ပြီးတော့ ကျွန်တော့်သားကလေးဟာ ကျွန်တော်စစ်ထဲလိုက်သွားတုန်းက အခါလယ်တောင် မပြည့်သေးဘူးခင်ဗျ။ အခုလောက်ဆိုရင် "တော့တီးတော့တာ" တော့ဖြင့် စကားပြောနိုင်ပြီးလို့ အင်မတန်အားခဲပြီး လာခဲ့တာ ကလေးလည်း ဆုံးသွားတာ (၆) လလောက်ရှိပြီလို့ ကြားရပြန်တယ်ခင်ဗျ။ အမေလည်းသေ၊ သားလည်းဆုံး၊ မယားလည်း လင်နောက်လိုက်၊ ဒီလို လူမျိုးမှ မရူးရင် ဘယ်ခံနိုင်မလဲခင်ဗျာ"

ဆရာကြီးသည် ကျွန်တော်၏ ပခုံးကို ညင်သာစွာပုတ်ပြီး နောက်ကျောကို သပ်လျက် . . .

"အင်း - တယ်ကံဆိုးတဲ့သူငယ်ပဲ၊ သို့သော် ဒီလိုရှိတယ်ကွယ့်၊ မင်း ဗုဒ္ဓဘာသာပဲ မဟုတ်လား"

"ဟုတ်တယ် - ဆရာကြီး"

"မင်းတို့ တရားမှာရှိတယ် မဟုတ်လားကွယ့်၊ လောကကြီး၌ ဘယ်လို အရာမျိုးမှ တည်မြဲတယ်လို့ မရှိဘူးဆိုမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါကျွန်တော်တို့ ဘုရားက ဟောခဲ့တဲ့တရားပဲ၊ ကျွန်တော့်လောက် ဒုက္ခရောက်နေတဲ့လူတစ်ယောက် ဘယ့်နှယ်လုပ်ပြီး ဖြေနိုင်မလဲ ခင်ဗျာ"

"ကိုင်းကွယ် - ဆရာကြီးနဲ့ လိုက်ခဲ့ပါ၊ မင်း ဘာမှမပူနဲ့၊ စားဖို့လည်း မပူနဲ့၊ သုံးဖို့လည်း မပူနဲ့၊ ဆရာကြီး ကြည့်ရှုပါမယ်"

ဆရာကြီးသည် ကျွန်တော်၏ မျက်လုံးများကို စိုက်၍ကြည့်ကာ ကျွန်တော်၏ လက်မောင်းရင်းနှစ်ဖက်ကို ပွတ်သပ်ရင်း ပြောဆိုလေရာ၊ ကျွန်တော်လည်း စိတ်အနည်းငယ် သက်သာရာရလာသည်နှင့် ဆရာကြီးခေါ်ရာသို့ လိုက်ပါသွားမိလေ၏။

လမ်းပေါ်သို့ ရောက်သောအခါ တိုက်ရိပ်တစ်ခုန်ဘေးတွင် ကားကလေး တစ်စီးစောင့်နေသည်ကို တွေ့ရပြီးလျှင် ဆရာကြီးသည် ကားဆီသို့သွား၍ တံခါးဖွင့်ပေးရာ ကျွန်တော်လည်း ကားပေါ်သို့ တက်လေ၏။ ဓာတ်မီးပွင့် ကလေးလင်းသွားသဖြင့် ကားမှာ အလွန်သစ်လွင်သော ကားတစ်စီးဖြစ်ကြောင်းသိရ၏။ နူးညံ့သော သားရေဖုံးပေါ်တွင် ထိုင်ရ၏။ ထူထဲသော မှန်ချပ်ကြီးများအပြင် အနီရောင်ကတ္တီပါများကို အတွင်းမှ ကန့်လန့်ကာသဖွယ်ချထားသေး၏။

"ဒီလိုပေါ့ကွယ် - စိတ်ပြေလက်ပျောက် ဆရာကြီးအိမ်မှာပဲ နေသေးတာပေါ့။ ဒီလို ကိုယ့်ကိုယ်ကိုယ်သတ်သေတာ နောက်ဘဝတွေမှာ ဆက်လက်ပြီး ဒီလိုဖြစ်တတ်တယ်ဆို"

"ကျွန်တော်တို့ မြန်မာအယူလည်း ဒီလိုရှိတာပဲ"

"အေးကွယ် - ဆရာကြီးကလည်း ကံကောင်းထောက်မလို့ မင်းကို ကယ်ဆယ်ခွင့်ရတာပဲ"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

"အေး - အေး - တစ်ယောက်နဲ့တစ်ယောက် ကံစပ်တာကိုးကွယ့်၊ စိတ်ကို အေးအေးထားနော်"

"ဟုတ်ကဲ့ - ကျွန်တော် နောင်တရပါပြီ ဆရာကြီး"



ကားမောင်းသူ ဒရိုင်ဘာမှာ ကျွန်တော်မြင်ရသလောက် ကုလားလူမျိုး တစ်ယောက်ဖြစ်၏။ ထိုသူသည် နောက်သို့တစ်ကြိမ်မျှပင် လှည့်၍မကြည့်ချေ။ ဆရာကြီးအမိန့်ပေးသောအခါ ကားထွက်၍ သွားလေ၏။

=❖=

ကားကလေးသည် မနှေးမြန် စပ်မှန်မှန် မောင်းသွား၏။ ကားကလေးမှာ အလုံပိတ်ထားသဖြင့် မည်သည့်အရပ်သို့ ရောက်သည်လည်း မသိရ၊ မည်သည့် အသံမျှလည်း မကြားရချေ။ စိတ်ထင်အားဖြင့် တစ်နာရီကျော်ခန့်မျှ ကြာလတ်သော် ကားရပ်သဖြင့် ဒရိုင်ဘာသည် တံခါးကို ဖွင့်ပေး၍ ကျွန်တော့်အား ဆင်းစေရာ ဆရာကြီးသည် အဆောက်အအုံတစ်ခုအတွင်းသို့ ကျွန်တော့်အား သွင်း၍သွား၏။

ကားပေါ်တွင် ဆရာကြီးသည် စကားတစ်ခွန်းမျှမပြောဘဲ လိုက်ပါလာရာ ကျွန်တော်ကလည်း ကျွန်တော်၏ အဖြစ်အပျက်များကို စိတ်ကူးရင်း လိုက်ပါလာခဲ့၏။

ဧည့်ခန်းနှင့်တူသော အခန်းတစ်ခန်းသို့ရောက်လာခဲ့ရာ ဆရာကြီးသည် ကျွန်တော့်အား ဆိုဖာတစ်လုံးပေါ်တွင် ထိုင်စေပြီးနောက် ပုလင်းတစ်ခုထဲမှ ဘီယာအနည်းငယ်ကို တိုက်ပြီးလျှင် . . .

"သောက်လိုက်ဦး - သောက်လိုက်ဦး၊ မင်း စိတ်နည်းနည်း ငြိမ်သွားအောင်၊ ဒါထက် နာမည်က ဘယ်လိုခေါ်သလဲကွယ့် သူငယ်"

"မောင်အောင်နိုင်လို့ ခေါ်ပါတယ်"

"မောင်ပြောပုံဆိုပုံ ကြည့်ရတာ အင်္ဂလိပ်စာလည်း အတော်အသင့် သင်ခဲ့ဖူးတယ် မှတ်တယ်"

"ဘီအေ ဂျူနီယာအထိ သင်ခဲ့ဖူးပါတယ်"

"ရုပ်ကလည်း မခေဘူး၊ ယောကျ်ားပီသတဲ့ ရုပ်ပဲ။ ဒါနဲ့များ ကိုယ့်ကိုယ် ကိုယ် သတ်သေမယ့် ကြံတာ နမြောစရာပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ညစ်တော့ ကြံမိကြံရာပါ ခင်ဗျ"

"အင်း – မမှားတဲ့လူ ဘယ်မှာရှိမလဲကွယ်။ ပြီးတော့ ဆရာကြီးပြောမယ်။ မိန်းမဆိုတာ ခရှားပါဘူးကွယ်။ ငွေရှိရင် မိန်းမရနိုင်တာပဲ။ မိန်းမရှိရင် သားရနိုင်တာပေါ့။ ဟုတ်တယ် – မဟုတ်လား"

"ဟုတ်ကဲ့"

"ဒီမှာ ကြည့်စမ်း – မောင်အောင်နိုင်၊ အခု ရန်ကုန်မြို့ကြီးမှာ မင်းမျက်စိနဲ့ အမြင်ပဲ။ နေထွက်က နေဝင်တိုင် ပုပုရွရွသွားလာနေကြတာ ဘာလိုလို့လဲ"

"ငွေအတွက်ပေါ့ ဆရာကြီး"

"အေး – ဟုတ်တယ်။ ဒါကြောင့် လောကမှာ ငွေဟာ အရေးကြီးဆုံးပဲ။ ငွေရှိရင် ကမ္ဘာကြီးကိုတောင် ဝယ်ယူနိုင်တယ်၊ လိုရာကို ပြီးစီးနိုင်တယ် – ဟုတ်စ"

"မှန်ပါတယ်"

"ဒါကြောင့် ဆရာကြီးလည်း အလုပ်ကထွက်ပြီး ငွေရမှုကို ကြံစည်နေတာ။ အခုတော့ အထမြောက်ပြီ ဆိုပါတော့။ သို့သော် အသက်က (၆၄) နှစ်ရှိနေပြီ။ မောင်တို့လို သန်သန်မြန်မြန်နဲ့ ပညာကောင်း ဦးနောက်ကောင်းကလေးလိုနေတယ်။ ကိုင်း – ဆရာကြီးမေးမယ်၊ ဖြေစမ်း။ လူများဟာ ရှေ့တစ်နာရီကြာရင် ဘာဖြစ်လိမ့်မယ်ဆိုတာသိရင် ငွေမရနိုင်ဘူးလား"

"ရနိုင်တာပေါ့ ခင်ဗျာ"

"ဥပမာကွယ် ဖဲဝိုင်းတစ်ဝိုင်းမှာ လူသုံးယောက်ရှိတဲ့အနက် နောက်တစ်ပတ် ဘယ်သူက ဘယ်ဖဲရလိမ့်မယ်ဆိုတာ ငါးမိနစ်လောက်က တင်ကြိုပြီးမြင်ထားနိုင်မယ်ဆိုရင် မင်း မနိုင်နိုင်ဘူးလား"

"နိုင်ပေါ့ – ခင်ဗျာ"

"အင်း – ဟုတ်ပြီ၊ ကိန်းသေ နိုင်တဲ့နည်းပေါ့ကွယ့်။ ဒီလိုသာ တင်ကြိုမြင်ရရင် ဖဲဝိုင်းသာမဟုတ်ဘူး။ မြင်းပွဲမှာ ကျုပ်တို့ လောင်းမယူနိုင်ဘူးလား။ ရှယ်ယာ အရောင်းအဝယ်တွေ၊ ကုန်ဈေးနှုန်းတွေ အတက်အကျ လက်မှတ်



ထိုးပြီးလုပ်ကြရတဲ့ အရောင်းအဝယ်တွေ အများကြီးရှိတယ်။ ငွေစက္ကူနဲ့ ရွှေဒင်္ဂါးတွေကို လော်ရီနဲ့တိုက်ပြီး ယူနိုင်မယ်မဟုတ်လား"

"ဟုတ်တာပေါ့ ခင်ဗျာ။ ဒီနည်းသာရရင်တော့"

စကားမဆုံးမီ . . .

"ရတာပေါ့ကွယ် . . .။ ဒီနည်းကိုရအောင် ဆရာကြီး ကြိုးစားကြံစည်လာခဲ့တာ အနှစ် (၂၀) ရှိပြီကော။ အခုမှပဲ အထမြောက်တော့မယ်။ ကိုင်း – ကိုင်း – မောင်အောင်နိုင်ကို ပြရသေးတာပေါ့။ လာ – လာ – အတွင်းခန်းကို သွားရအောင်"

=❖=

ကျွန်တော် ထိုင်နေသော ဆိုဖာ၏လက်ယာဘက်ထောင့်၌ မှန်ဗီရိုကြီးတစ်လုံးရှိ၍ ဆရာကြီးသည် ထိုဗီရိုကြီးရှိရာသို့ သွားပြီးလျှင် နံဘေးရှိ အရုပ်ဘားတစ်ချပ်နောက်မှ ခလုတ်ကလေးကို နှိပ်လိုက်ရာ မှန်ဗီရိုကြီးသည် နံဘေးသို့ တစ်လျှောမျှ ရွှေ့သွားလေ၏။ နောက်၌ကား အံဖုံးတံခါးတစ်ခုရှိ၍ ဆရာကြီးသည် ထိုတံခါးကို သော့ဖွင့်ပြီးလျှင် အတွင်းသို့ဝင်သွားရာ ကျွန်တော်လည်း နောက်မှ လိုက်ပါသွားရလေ၏။

ဆရာကြီးသည် နံရံမှ ခလုတ်တစ်ခုကို နှိပ်လိုက်သဖြင့် မရန်းဆီရောင် မီးလုံးကြီး (၃) လုံးသည် အခန်းအလယ်၌ ပန်းဆိုင်းဆွဲထားဘိသကဲ့သို့ ထွန်း၍လာလေသည်။ အခန်းမှာ အလျားပေ (၄၀)၊ အနံပေ (၃၀) ခန့်ရှိ၍ အခန်းတွင်း၌ကား စာအုပ်စင်များ၊ ဖန်ဘူးဖန်ခွက်၊ ဖန်ပြွန်ကြေးပိုက် စက်ကိရိယာဘီးများ၊ သံပတ်များဖြင့် ရှုပ်ထွေးလျက်ရှိ၏။ လက်ဝဲဘက်၌ အခြားအခန်းဘက်သို့ကူးသော တံခါးကလေးတစ်ခုရှိလေသည်။ အပြင်ကြမ်းပြင်၌ကား ကြိမ်ကုလားထိုင်နှစ်လုံး၊ စားပွဲဝိုင်းကလေးတစ်လုံး ခွေးခြေတစ်ခုရှိ၏။

www.burmeseclassic.com

ဆရာကြီးသည် ကျွန်တော့်အား ကြိမ်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေပြီးနောက် အခြားဘက်အခန်းသို့ ထပ်သွားပြီးလျှင် (၂) မိနစ်ခန့်မျှ ကြာသောအခါပြန်ထွက်လာခဲ့ရာ၎င်း၏လက်ထဲ၌ကားအလျား (၂) လက်မ၊ အနံ (၁) လက်မရှိ ငွေကြုတ်ကလေးတစ်ခု ပါလာလေသည်။

ဆရာကြီးသည် ကြုတ်ကို ဖွင့်လိုက်ရာ သကြားခဲကလေးများကဲ့သို့ အခဲကလေးများကို မြင်ရ၏။ ကျွန်တော်၏စိတ်ထင်အဖြင့် (၁၅) ခဲခန့် ရှိပေလိမ့်မည်။

"ဒီဟာတွေ ဘာလဲသိသလား မောင်အောင်နိုင်"

"မသိပါဘူး ခင်ဗျား"

"မောင်တို့ ဗုဒ္ဓဘာသာ အယူဝါဒအတိုင်း နတ်များမြင်ရသလို ရှေးဖြစ်ကို မြင်နိုင်တဲ့ ဆေးလုံးတွေပါ"

"အောင်မယ် - တယ်နေရာကျပါကလား ဆရာကြီး"

"ကိုင်း - ဒီဘက်ကြလာဦး"

ဆရာကြီးသည် ကျွန်တော့်အား လက်ဝဲဘက်အခန်း နံရံဆီသို့ ခေါ်သွားလေ၏။ ထို့နောက် အခန်းအလယ်ရှိ ခတ်ပုံမှန်ကားကို ဖြုတ်လိုက်ရာ ဆီးဖြူသီးခန့်ရှိ မှန်ပေါက်ကလေးတစ်ပေါက် ပေါ်လာလေသည်။

"ကြည့်စမ်း - မောင်အောင်နိုင်၊ ဒီမှန်ပေါက်ကလေးကနေပြီး ဟိုဘက်ခန်းကို ကြည့်လိုက်စမ်း - ဘာမြင်ရသလဲ"

ကျွန်တော်သည် ဆရာကြီးပြောသည့်အတိုင်း မှန်ပေါက်မှ ကြည့်ရှုရာ နံရံ၏အခြားဘက်တွင် ကောင်းမွန်လှပစွာ ဝတ်စားထားသော မိန်းမတစ်ယောက်နှင့် ယောကျာ်းသုံးယောက်ယောက်တို့သည် စားပွဲဝိုင်းတစ်လုံးတွင်ထိုင်ကာ ဖဲကစားလျက်ရှိနေကြ၏။ မိန်းမနှင့် မျက်နှာချင်းဆိုင်ထိုင်သော ယောကျာ်းတစ်ယောက်သည် ဖဲများကို ကုလားဖန်ထိုးပြီးနောက် အစဉ်အတိုင်း သုံးချပ်စီဝေရာ ၎င်းမိန်းမမှာ ကျွန်တော်ကြည့်သော အပေါက်ကို တည့်တည့်ကျောခိုင်းထိုင်နေသဖြင့် ကောင်းစွာမြင်ရ၏။ ၎င်းရသော ဖဲသုံးချပ်မှာ ကုလားတစ်ကောင်၊ တစ် တစ်လုံးနှင့် နှစ်ဖဲတစ်ချပ်ဖြစ်ရာ ကျွန်တော်လည်း ဆရာကြီးအား မြင်ရသည့်အတိုင်း ပြန်ပြော၏။

"အဲ - အခုမြင်ရတာက မှန်ပေါက်က ချောင်းကြည့်လို့ သာမန်မျက်စိနဲ့မြင်ရတာကိုးကွယ့်၊ ဘယ်သူမဆို ကြည့်ရင် မြင်နိုင်တာပဲ၊ နောက်ကို နတ်မျက်စိနဲ့ ကြည့်ရလိမ့်မယ်၊ နံရံမှာ နာရီကြီးကို မြင်ရရဲ့လား"

"မြင်ပါတယ် - ခင်ဗျာ"

"ဘယ်နှစ်နာရီရှိပြီလဲ၊ ပထမ ကြည့်လိုက်ပါဦး"

"(၁၁) နာရီ (၅) မိနစ် ရှိပြီ ဆရာကြီး"

"တော်ပြီ - တော်ပြီ"

ဆရာကြီးသည် မှန်ပေါက်ကလေးကို ပိတ်လိုက်လေသည်၊ ၎င်းနောက် ငွေကြုတ်ကလေးထဲမှ အငယ်ဆုံးအခဲကလေးကို တစ်ဝက်ဖဲ့ပြီးလျှင် လက်ခုပ်ထိုင်လျက် . . .

"ဒီဆေးလုံးဟာ စားလိုက်ရင် ဘာအရသာမှ မရှိဘူး၊ သို့သော် - ကိုယ်သိချင်တဲ့အချိန်ကို စိတ်ကမှန်းပြီး တစ်ခုခုကို အာရုံပြုလိုက်မယ်ဆိုရင် အဲဒီအာရုံပြုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး စိတ်ထဲမှာ ရှေ့ဖြစ်မယ့်အကြောင်းတွေ အလိုလိုမြင်လာလိမ့်မယ်၊ အဲဒီမြင်တာကို မောင့်စိတ်ထဲမှာ သေသေချာချာမှတ်သတိရလာတော့ ကျုပ်ကို ပြန်ပြောရမယ်၊ ဒီကိစ္စက ကျုပ်ကိုယ်တိုင်လုပ်လို့ မဖြစ်ဘူး၊ မောင်မြင်ရတာကို သတိရလာတော့ ကျုပ်ကို ပြန်ပြောရမယ်၊ ကြားလား"

"အလို - ဆရာကြီး ပြောပုံလိုဖြင့် ကျွန်တော် သတိမေ့သွားဦးမှာပေါ့"

"ခဏကလေး သတိမေ့သွားတာ ကြောက်စရာမဟုတ်ပါဘူး - မောင်အောင်နိုင်ရယ်၊ ကိုင်း - ကိုင်း - နာရီလက်တံက စောင့်နေမှာ မဟုတ်ဘူး၊ ဒီမှာကြည့်စမ်း - ဆရာကြီးကို"

ကျွန်တော်သည် ဆရာကြီး၏ မျက်နှာကို ကြည့်လိုက်ရာ ဖြူဖွေးသော မုတ်ဆိတ်ချွန်ကြီးကိုလည်းကောင်း၊ သေးသွယ်သော မျက်နှာကိုလည်း

www.burmeseclassic.com

ကောင်း၊ မည်းနက်စူးရှသော မျက်လုံးကိုလည်းကောင်း ကွက်ကွက်ကွင်းကွင်းမြင်ရ၏။ အထူးအားဖြင့် ၎င်း၏ မျက်လုံးအိမ်ထဲမှ မျက်နက်များမှာ ကျွန်တော်၏အသည်းနှလုံးထိအောင် ဖောက်ထွင်းထိုးဝင်၍ လာဘိသကဲ့သို့ မှတ်ထင်ရ၏။

"ဒီမှာ ကြည့်စမ်း – မောင်အောင်နိုင်၊ ဒီဆေးလုံးကလေးကို မျိုလိုက်။ မကြောက်ပါနဲ့ကွယ့်၊ ဘာမှမဖြစ်နိုင်ပါဘူး။ (၁၁) နာရီ မိနစ် (၂၀) ကို မှင်းကြည့်လိုက်၊ မင်းစိတ်ထဲက စဉ်းစားလိုက်၊ အဲဒီအချိန်မှာ မိန်းမလက်ထဲကိုသာ ဘာဖဲ ရောက်မလဲ ကြည့်လိုက်စမ်း၊ မင်းဆရာကြီးစကားကို နားထောင်ပြီး မင်းကြည့်လိုက်"

ဆရာကြီးသည် ၎င်း၏ လက်ချောင်းရှည်ကြီးများဖြင့် ကျွန်တော်၏မျက်နှာအနီးသို့ ကပ်ပြီးလျှင် အထက်ပါစကားများကို ပြောရင်း ဝိုင်းကာလှည့်ကာ ရှေ့တိုးနောက်ဝင် ပြုလုပ်လေ၏။ ထိုအခါ ကျွန်တော်၏ စိတ်သည် ဘာထိတ်ထိတ် တလန့်လန့် ဖြစ်၍နေသကဲ့သို့လည်းကောင်း၊ အနီးဆုံး ဥပမာပြရသည်ဆိုသော် အလွန်မြင့်သော တောင်ပေါ်မှ လိမ့်ကျဘိသကဲ့သို့လည်းကောင်း၊ ရုတ်ခနဲ လွင့်စဉ်သွားဘိသကဲ့သို့လည်းကောင်း မှတ်ထင်၏။

ထို့နောက် ကျွန်တော်လည်း အခြားသောကမ္ဘာတစ်ခုကို ရုတ်တရက်ရောက်သွားဘိသကဲ့သို့ ပထမ မိုးတိမ်များကဲ့သို့လည်းကောင်း၊ ဒုတိယ ဖြူဖွေးသော မီးခိုးလုံးကြီးများကဲ့သို့လည်းကောင်း ကျွန်တော်၏ ရှေ့တူရူမှမြင်ရသော တောတောင်ရေမြေ နက္ခတ်တာရာများသည် စက်ဖြင့်လှည့်လိုက်ဘိသကဲ့သို့ လည်၍သွားပြီးလျှင် ဦးခေါင်းထဲတွင် မိုက်ခနဲဖြစ်၍ သွားလေ၏။

ထို့နောက် အခန်းထဲတွင် ထိုင်၍ကစားနေသူ လေးယောက်ကိုမြင်ရ၏။ မိန်းမသည် ၎င်း၏ လက်ဝဲဘက်မှ လူတစ်ယောက်က ဖဲကို ကုလားဖန် ထိုးနေစဉ် နေရာမှထ၍ ရေချိုင့်ထဲတွင် ထည့်၍ထားသောရေကိုသောက်၏။ ၎င်းနောက် ခါးကြားထဲ၌ ထည့်၍ထားသော စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကိုထုတ်ကာ မီးညှိ၍သောက်ပြီးနောက် နေရာတွင် ပြန်၍ထိုင်၏။ ၎င်းရှေ့၌ ချထားသော ဖဲသုံးချပ်ကို ကောက်၍ကြည့်လိုက်သောအခါ တစ်သုံးလုံးကို တွေ့မြင်ရ၏။

"(၁၅) မိနစ် တင်ကြိုပြီး နတ်မျက်စိနဲ့ မြင်နိုင်ရင်

(၂၄) နာရီကိုလည်း မြင်နိုင်မယ်။ တစ်ရက်လည်း မြင်နိုင်မယ်။

တစ်လကိုလည်း မြင်နိုင်မယ်။ တစ်နှစ်ကိုလည်း မြင်နိုင်မယ်။

တော်ပြီ–တော်ပြီ–ဘယ့်နှယ်လဲ မောင်အောင်နိုင်

မြင်းပွဲများမှာ နောက်ပြေးမယ့်ပွဲကို နာရီဝက်လောက်က

တင်ကြိုပြီး ဘယ်မြင်းရှေ့က ထွက်လာမယ်ဆိုတာ

ပြောနိုင်ရင် ဘယ့်နှယ်နေမလဲ"







www.burmeseclassic.com

www.burmeseclassic.com

ထိုမိန်းမသည် ဝမ်းသာအားရ ဖဲချပ်များကို စားပွဲပေါ်သို့ ပစ်ချလိုက်ပြီးလျှင် ရှေ့မှ ငွေစက္ကူထပ်ကြီးကို လက်ဖြင့်သိမ်း၍ ယူလိုက်လေ၏။ ဤသို့ မြင်ခိုက် ဆရာကြီးအသံဖြင့် . . .

"တော်လောက်ပြီ - တော်လောက်ပြီ - မောင်အောင်နိုင်၊ မင်း ပြန်လာတော့လေ၊ မင်း သတိရပြီမဟုတ်လား"

ဟူသောအသံများကို ကြားရပြီးနောက် ကျွန်တော်လည်း အိပ်မက်မက်ရာမှ ရုတ်တရက်လန့်၍ နိုးသကဲ့သို့ ဆရာကြီး၏မျက်နှာကိုလည်းကောင်း၊ အခန်း၏ ပတ်ဝန်းကျင်ကိုလည်းကောင်း တစ်ခဏမျှ စိုက်၍ ကြည့်နေမိ၏။ တစ်နာရီလျှင် မိုင်(၅၀) နှုန်းဖြင့် မောင်းနှင်လျက်ရှိသော ကားကို ရုတ်တရက် ရပ်လိုက်ဘီသကဲ့သို့ ထင်မှတ်ရ၏။

"မောင်အောင်နိုင်"

"ခင်ဗျာ"

"သတိကောင်းကောင်း - ရပြီနော်"

"ရပါပြီ - ဆရာကြီး"

"ရော့ - ဘရန်ဒီကလေး နည်းနည်းသောက်လိုက်ဦး။ ကိုယ့်လူ အတော်မောသွားပြီ ထင်တယ်၊ သောက်လိုက်ပါဦးကွယ် - သောက်လိုက်ပါဦး"

ကျွန်တော်သည် ဆရာကြီးပေးသော ဘရန်ဒီကို သောက်လိုက်သေး၏။

"ဘယ့်နယ်လဲ - ဘာမြင်ရသလဲ"

"မှန်ပေါက်က ကြည့်လို့ မြင်ရတဲ့ လူလေးယောက် ဖဲကစားနေတာ မြင်ပါတယ် ဆရာကြီး"

"ဒီအချိန်မှာ မိန်းမလက်ထဲရောက်နေတဲ့ ဖဲချပ်ကို မြင်ရရဲ့နော်"

"မြင်ရပါတယ် ဆရာကြီး"

"ဘာမြင်ရသလဲ"

"တစ်သုံးလုံး မြင်ရတယ် ခင်ဗျာ"

"သေချာရဲ့လား မောင်အောင်နိုင်"



"သေချာပါတယ် ခင်ဗျာ၊ ကျွန်တော့်မျက်စိနဲ့ကို တပ်အပ်မြင်ရပါတယ်၊ မှတ်လည်း ကောင်းကောင်းမှတ်မိပါတယ်"

"ကိုင်း - ဟုတ်မဟုတ် ကြည့်ကြစို့"

ၑင်းနောက် ဆရာကြီးသည် မှန်ပေါက်ငယ်မှ ကျွန်တော့်အား ကြည့်ပြောပြန်၏။

"နာရီကို ပထမကြည့်လိုက် မောင်အောင်နိုင်"

"ဟုတ်ကဲ့ - ဆရာကြီး"

"ဘယ်လောက်ရှိပြီလဲ"

"(၁၁) နာရီ မိနစ် (၂၀)"

"ကိုင်း - ဆက်ပြီး ကြည့်ပေတော့"

ကျွန်တော်သည် ဆက်လက်ကြည့်ရှုရာ ကျွန်တော့်အား ကျောခိုင်းထိုင်နေသော ဖဲလုံချည်နှင့်မိန်းမသည် ၎င်း၏ လက်ဝဲဘက်တွင် ထိုင်နေသော ယောက်ျားတစ်ယောက်က ဖဲကို ကုလားဖန်ထိုးနေစဉ် နေရာမှထ၍ သွားပြီးလျှင် အခန်းထောင့် စားပွဲဝိုင်းတစ်ခုပေါ်တွင် တင်ထားသော ရေချိုင့်ထဲမှ အရက်ကိုသောက်၏။

ထို့နောက် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်ပြီးလျှင် နေရာသို့ပြန်ထိုင်သောအခါ မိမိရှေ့တွင် မှောက်ထားသော ဖဲသုံးချပ်ကို ကောက်ယူကြည့်ရှုရာ တစ်သုံးလုံး ဖြစ်နေသဖြင့် ဖဲချပ်များကို ပြန်၍ချလိုက်ပြီးလျှင် စားပွဲပေါ်၌ ပုံ၍ထားသော ငွေစက္ကူများကို သိမ်းကျုံးယူလိုက်သည်ကို မြင်ရလေရာ၊ ၎င်း၏ပြုလုပ်ပုံများမှာ ကျွန်တော် သတိမေ့သွားစဉ်က အိပ်မက်ထဲတွင် ထင်မြင်လာပုံနှင့် တစ်သဝေမတိမ်းအောင် ကိုက်ညီသည်ကို တွေ့ရသဖြင့် ကျွန်တော်လည်း ထိုအကြောင်းကို ဆရာကြီးအားပြန်ပြောရာ ဆရာကြီးလည်း လက်ဝါးနှစ်ဖက်ကို ပွတ်သပ်ပြီးနောက် . . .

"အောင်ပြီ - အောင်ပြီ - ငါ့အကြံအောင်ပြီ"

ဟုသုံးကြိမ်တိုင်တိုင် ရေရွတ်လေ၏။

=❖=



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဆရာကြီးက . . .

"(၁၅) မိနစ် တင်ကြိုပြီး နတ်မျက်စိနဲ့မြင်နိုင်ရင် (၂၄) နာရီကိုလည်း မြင်နိုင်မယ်၊ တစ်ရက်လည်း မြင်နိုင်မယ်၊ တစ်လကိုလည်း မြင်နိုင်မယ်၊ တစ်နှစ်ကိုလည်း မြင်နိုင်မယ်၊ တော်ပြီ – တော်ပြီ – ဘယ့်နယ်လဲ မောင်အောင်နိုင် မြင်းပွဲများမှာ နောက်ပြေးမယ့်ပွဲကို နာရီဝက်လောက်က တင်ကြိုပြီး ဘယ်မြင်းရှေ့က ထွက်လာမယ်ဆိုတာ ပြောနိုင်ရင် ဘယ့်နယ်နေမလဲ"



❝ သို့သော် မှတ်တိုင်မှ စာမှာ အခြားဘက်သို့ လှည့်နေသဖြင့် မမြင်ရသေးချေ။ ကျွန်တော်သည် မှတ်တိုင်မှစာကို သွားရောက်ကြည့်ရှုရာ မိုးကြိုးထိမှန်လိုက်ဘိ သကဲ့သို့ အပြင်းအထန် တုန်လှုပ်၍သွားမိ၏။ ဆီးကင်းခန့်မျှရှိ ချွေးလုံးကြီးများသည် ကျွန်တော်၏ နဖူးမှ စီးကျလာ၏ ❞



"ဒိုင်တွေဆီက ငွေတွေကို မော်တော်ကားနဲ့တိုက်ပြီး ယူရုံရှိတာပေါ့ ဆရာကြီး"

"အေး – ဟုတ်တာပေါ့၊ ငွေဆိုတာ အလိုချင်ဆုံး ရနိုင်ပြီမဟုတ်လား"

"မှန်ပါတယ်"

"ကောင်းပြီ – ကောင်းပြီ၊ ဆရာကြီးချမ်းသာရင် မင်းလည်း သူဌေး ဖြစ်ရမှာပေါ့၊ သူဌေးမှ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးသူဌေး ဖြစ်ရမယ်ပေါ့၊ ရော့ခဲလားတို့၊ မစ္စတာဖို့တို့ဟာ ကိုယ့်လက်အောက်ကနေ ရမယ်၊ ဒီလိုမဟုတ်လား"

"မှန်ပါတယ် – ခင်ဗျာ၊ ကျွန်တော်တို့နှစ်ယောက်ဟာ ကမ္ဘာပေါ်မှာ ပြိုင်ဘက်မရှိအောင် ချမ်းသာကြတော့မှာပေါ့၊ ကျွန်တော့်ကိုသာ ဆရာကြီး မမေ့ပါနဲ့ ခင်ဗျာ"

"အို – ဘယ်ကလာ မေ့ရမှာလဲ၊ ကျုပ်ချည်း တစ်ယောက်တည်း လုပ်လို့ဖြစ်တဲ့ကိစ္စမှ မဟုတ်ဘဲ၊ နှစ်ယောက် ဆိုးတူကောင်းဖက်ပေါ့"

"ကျေးဇူးပါပဲ – ဆရာကြီး ခင်ဗျာ"

၎င်းနောက် ဆရာကြီးသည် ကျွန်တော့်အား (၁၀) မိနစ်ခန့် စောင့်ဆိုင်းရန် မှာထားခဲ့ပြီးလျှင် ယခင်အခန်းထဲသို့ ဝင်သွားပြန်လေ၏။

အခန်းတွင်းသို့ ဆရာကြီးဝင်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည်း အောက်ပါအတိုင်း စဉ်းစားမိ၏။ ငွေကြေးတ်ကလေးနှင့် နတ်မျက်စိရသော ဆေးလုံးများမှာ စားပွဲကလေးပေါ်၌ပင် ကျန်ရစ်သေးသဖြင့် ဆေးလုံးကိုသုံးစားပြီးလျှင် ကိုယ်တိုင်ဖြစ်ပျက်မည့် အဖြစ်အပျက်များကို နှစ်လ သုံးလမျှ မြင်နိုင်အောင် တင်ကြိုကြည့်မည်ဆိုက မြင်နိုင်မည်ဖြစ်ရာ ကျွန်တော်၌များစွာ အကျိုးရှိမည့်အကြောင်း စိတ်ကူးမိ၏၊ သို့ဖြစ်၍ ကျွန်တော်လည်း တစ်စုံတစ်ရာမစဉ်းစားဘဲ ငွေကြေးတ်အတွင်းမှ အကြီးဆုံး ဆေးလုံးသုံးလုံးကို ယူလိုက်ယူပြီးလျှင် တစ်ခါတည်း စားလိုက်လေ၏။

ဆေးလုံးမှာ ပူခြင်း၊ စပ်ခြင်း၊ ချိုခြင်း၊ ချဉ်ခြင်း တစ်စုံတစ်ရာ အရသာမရှိသော်လည်း ကျွန်တော်၏ စိတ်မှာ ဆေးလုံးဝင်သွားသည်နှင့်တစ်ပြိုင်နက်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ရှေ့၌မြင်ရသော အခန်းတစ်ခုလုံးမှာ ချာလည်လည်၍သွားသကဲ့သို့ မှတ်ထင်ပြီးလျှင် ရှေ့မှ ရှုမြင်ကွင်းသည် တဖြည်းဖြည်း မှိန်၍သွားပြီးနောက် ကျွန်တော်မရောက်ဘူးသည့်နေရာတစ်ခုသို့ ရောက်၍သွားလေ၏။

ထိုနေရာမှာ သစ်ပင်တောတောင်များ ထူထပ်သောနေရာဖြစ်၍ ဇရပ်တစ်ဆောင်ကိုလည်းမြင်ရလေရာ၊ ဇရပ်၏နံဘေးတွင်း လှူသွားလမ်းကလေးတစ်ခုကို မြင်ရ၏။ ထိုလမ်းကလေးမှ အတန်ကြာလျှောက်၍ သွားမိသောအခါ နံဘေးတစ်ဖက်တစ်ချက် ကုန်းမြင့်ကလေးပေါ်၌ သချိုင်းရာနှင့်တူသော မှတ်တိုင်များကိုမြင်ရသဖြင့် ကျွန်တော်လည်း အတော်ပင် တုန်လှုပ်၍သွားမိ၏၊တစ်ကိုယ်လုံး ဇောချွေးများပြန်လာပြီးလျှင် ကျွန်တော်သည် ထိုကြောက်မက်ဖွယ်ကောင်းသော ရှုမျှော်ခင်းကို အချိန်တော်ကြာ ငေး၍ကြည့်နေမိ၏၊

ကျွန်တော်၏ လက်ယာဘက်၌ကား (၁၀) တောင်ခန့်မျှသာ ဝေးသောနေရာတွင် မြေများပွလျက် မြုပ်နှံပြီးခါစနှင့်တူသည့် သချိုင်းတစ်ခုရှိရာ မှတ်တိုင်တစ်ခု စိုက်ထူထား၏။ သို့သော် - မှတ်တိုင်မှစာမှာ အခြားဘက်သို့ လှည့်နေသဖြင့် မမြင်ရသေးချေ။ ကျွန်တော်သည် မှတ်တိုင်မှစာကို သွားရောက်ကြည့်ရှုရာ မိုးကြိုးထိမှန်လိုက်ဘိသကဲ့သို့ အပြင်းအထန် တုန်လှုပ်၍သွားမိ၏။ ဆီး ကင်းခန့်မျှရှိ ချွေးလုံးကြီးများသည် ကျွန်တော်၏ နဖူးမှ စီးကျလာ၏၊ မှတ်တိုင်တွင် ရေးထားသောစာမှာ...

"မောင်အောင်နိုင် (အသက် ၂၆ နှစ်)

၁၉ .....ခု၊ ဖေဖော်ဝါရီလ (၅) ရက်"

ဟု ပါရှိသောကြောင့်ပေတည်း။

ထိုစာကို မြင်ရသဖြင့် အပြင်းအထန် တုန်လှုပ်သွားပြီးနောက် ကျွန်တော်လည်းအိပ်မောကျစဉ်တစ်စုံတစ်ယောက်က လှုပ်၍နှိုးလိုက်ဘိသကဲ့သို့ သတိရလာလေသည်၊



ကျွန်တော်သည် အနည်းငယ် မူးနောက်လျက်ပင်ရှိသေးသဖြင့် နားထင်ကို လက်နှင့်ဖျစ်ထားရလေရာ အခြားလက်တစ်ဖက်မှာ ကုလားထိုင် လက်ရန်းကို အားပြု၍ ကိုင်ထားရ၏။ နဖူးမှ ချွေးပေါက်ကြီးများမှာ တကယ်ပင် စီးကျလျက်ရှိသည့်ပြင် ကျွန်တော်၏ ရှပ်အင်္ကျီမှာလည်း ချွေးတို့ဖြင့် ရွှဲရွှဲစိုလျက်ရှိလေရာ လူမှာ တစ်မိုင်ခန့်ပြေးလာရဘိသကဲ့သို့ မောဟိုက်လျက်ရှိ၏။

ထိုအခါ၌ကား ဆရာကြီးသည် အခန်းတွင်းမှ ထွက်လာခဲ့ပြီဖြစ်၍ ကျွန်တော်၏ မျက်နှာအမူအရာကို မြင်ရသောအခါ မျက်တောင်မခတ်ဘဲ စိုက်၍ကြည့်နေသည်ကို တွေ့ရ၏။ ယခင်က ကျွန်တော့်အပေါ်တွင်ထားသည့် ပြုံးရွှင်သောမျက်နှာမှာ မည်သည့်နေရာသို့ ရောက်သွားသည်မသိ၊ တစ်မျက်နှာလုံး သွေးရောင်ကဲ့သို့ နီမြန်းလာပြီးလျှင် ၎င်း၏ သေးငယ်စူးရှသော မျက်လုံးကလေးများမှာလည်း မီးရောင်များထွက်၍ လာမတတ် အရှုတ်ဖျတ်တောက်ပလျက် ရှိကုန်၏။

"ငါမရှိတုန်း ဆေးလုံးကို မင်းခိုးစားတယ် - ဟုတ်စ"

ငြင်းကွယ်သော်လည်း ရမည်မဟုတ်ချေ၊ ငွေကြုတ်အတွင်းမှ ဆေးလုံးများ လျော့နေရုံမျှမက ကျွန်တော်၏ အမူအရာများကပင် သက်သေခံလျက်နေလသည်၊ ဒယိမ်းဒယိုင်ဖြစ်နေသဖြင့် ကုလားထိုင်လက်ရန်းကို ယခင်က တ် မြဲမြဲစွာ ကိုင်ထားရ၏။

"ဟုတ်တယ် - ဆရာကြီး၊ ကျွန်တော် စားမိတယ်"

"ဟဲ့ချွေး - နင့်လောက်မိုက်တာ ဘယ်ရှိဦးမလဲ၊ အသုံးမကျဘဲနဲ့များ ဦး - ဘယ်နှလုံးစားလိုက်သလဲ - ပြောစမ်းမှန်မှန်"

"သုံးလုံးခင်ဗျ"

"အောင်မယ်လေး - ပြီးပါလေရောဗျာ၊ ဘယ်လောက် အဖိုးထိုက်တဲ့ င်သလဲ၊ စားပြီးတော့ မင်းဘာကိုကြည့်သလဲ ပြောစမ်း"

"ကျွန်တော့် အဖြစ်အပျက် ကျွန်တော်ကြည့်မိပါတယ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com

"အချိန်ကကော"

"သုံးလအကြာမှာ - ခင်ဗျ"

"ဒီတော့ - ဘာမြင်ရသလဲ"

"ကျွန်တော့် သချိုင်းရာကို မြင်တယ်ခင်ဗျ"

"ဘာ - မင်းသချိုင်းရာ ဟုတ်လား"

"ဟုတ်တယ် - ဆရာကြီး၊ မြေပုံတစ်ခုပေါ်မှာ ကျွန်တော့်နာမည်နဲ့၊ အသက်နဲ့၊ သေတဲ့နေ့နဲ့ အသေအချာ နာမည်ထိုးထားတာ မြင်ရပါတယ် ခင်ဗျာ"

"ဟီး - ဟီး - ဟီး - ကောင်းတယ်၊ ကောင်းတယ်၊ သချိုင်းရာ မြင်ရရင် မင်းသေပြီသားပေါ့၊ စိတ်ချတော့"

"အောင်မယ် - ဒီလိုမြင်ရတိုင်း သေတမ်းလား၊ ကျုပ် ဘာပြုလို့ သေရမှာလဲ"

"ဟီ - ဟီ - ဟီ -"

ဆရာကြီးသည် ကျွန်တော် သေရမည်ကို ဝမ်းမြောက်သည့် လက္ခဏာဖြင့် အူလှိုက်သည်းလှိုက်ရယ်မောလိုက်ရာ အခန်းကလေးတစ်ခုလုံး ပဲ့တင်ထပ်၍သွားသဖြင့် အခြားဘက်၌ ဖဲကစားနေသူများပင်လျှင် ကြားနိုင်လောက်သောကြောင့် အရေးအကြောင်းရှိက အကူအညီရစေရန် အခြားအခန်းဘက်သို့ပင် လှမ်း၍ကြည့်မိ၏။ ဆရာကြီးသည် ကျွန်တော်၏အကြံကို သိနိုင်ပြီးလက္ခဏာနှင့် ...

"ဟိုဘက်ခန်းကို လှမ်းမကြည့်နဲ့ မောင်၊ ဒီအခန်းက အသံလုံအောင် လုပ်ထားတဲ့အခန်း၊ ဒီဘက်က မိုးကြိုးပစ်တာတောင် ဟိုဘက်ခန်းက ကြားရမယ် မဟုတ်ဘူး၊ နေဦး - ငါ သည်လောက်နှစ်ပေါင်းများစွာ ခဲခဲယဉ်းယဉ်း ရှာဖွေထားတဲ့ပစ္စည်းကို ငါ့အခွင့်အမိန့်မရှိဘဲနဲ့ စားပစ်တဲ့အကောင်တော့ သိစေမယ်ပေါ့ကွယ်၊ မင်းမြင်ရတဲ့ သချိုင်းရာဆိုတာ သုံးလမကြာစေရဘူး၊ အခု ဒိဋ္ဌမှန်စေမယ်"



ထိုအခါမှ ဆရာကြီးသည် ယခင်ကထက် တုန်လှုပ်လာကာ လက်ဝါးနှစ်ဖက်ကို ပွတ်သပ်နေရာမှ ညာဘက်ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်လိုက်လေ၏။

သို့သော် ကျွန်တော့်မှာ အထက်ပါစကားများကို ဆရာကြီး ပြောနေစဉ်အတွင် အရေးရှိက အသင့်ရရန် ကြံစည်စိတ်ကူးကာ ဘောင်းဘီအိတ်ထဲမှ ဘက်တစ်ဖက်သည် ငါးလုံးပြူး သေနတ်ကလေး၏မောင်းကို ကိုင်ထားပြီး ဖြစ်သည့်အတိုင်း ...

"ကိုင်း - ငါပဲ သေမလား၊ မင်းပဲ သေမလား ကြည့်သေးတာပေါ့ကွယ်"

ပြောပြောဆိုဆိုနှင့်ပင် ဆရာကြီးနှင့် အရင်ဦးအောင် ကျွန်တော်လည်း သေနတ်ကလေးကို အပြင်သို့မထုတ်ဘဲ ဘောင်းဘီအိတ်ထဲမှပင် ဆရာကြီးရှိရာသို့ချိန်ကာ ငါးချက်စလုံးဆင့်၍ ဆွဲလိုက်လေ၏။

ဤသို့ ဆွဲလိုက်ပြီးနောက် ဆေး၏တန်ခိုးမှာ မပြေသေးသကဲ့သို့ လဲနေသော ဆရာကြီးအလောင်းသည်လည်းကောင်း၊ စားပွဲ၊ ကုလားထိုင်၊ ဖန်ခွက်၊ ဖန်ဘူး၊ အိမ်ထောင်ပရိဘောဂများသည်လည်းကောင်း ရဟတ်ပေါ်သို့တင်၍ လှည့်လိုက်ဘိသကဲ့သို့ ချာချာလည်၍သွားပြီးလျှင် ကျွန်တော်လည်း သတိမေ့၍ သွားပါကြောင်း။

သတိရသောအခါ ကျွန်တော့်မှာ ပုလိပ်များလက်တွင်းသို့ ရောက်နေပြီ ဖြစ်၍ ကုက္ကိုင်းလမ်းမှ စိတ်ပညာပရော်ဖက်ဆာဆရာကြီး "ဘယ်နတ်" အား ၎င်း၏နေအိမ်တွင် သေနတ်နှင့် ပစ်သတ်မှုဖြင့် နောက်ဆုံး စွဲဆိုခြင်းခံရ၏။

◆◆◆ ဒဂုန်ရွှေမျှား

www.burmeseclassic.com

www.burmeseclassic.com




# ဘဖျံ နဲ့ တာတေ

## ကျော် မြင့် ကျော်

ဒီအဖြစ်အပျက် အကြောင်းပြောရရင် ဒီဇာတ်လမ်း ပြောပြသူက အခု အသက် (၇၉) (၈၀)ဆိုတော့ လွန်ခဲ့တဲ့နှစ် (၆၀)ကျော်ကာလဆီက ဖြစ်ရပ်တစ်ခုကို ပြန်ပြောခဲ့တာ ဖြစ်တယ်၊ သူက ကျုံပျော်နယ်ဘက်ကပါ။ ကျုံပျော်ဆိုတာထက် ချောင်းသုံးခွဘက်ကဆိုရင် ပိုမှန်လိမ့်မယ်။ သူ့ကို အဲဒီမှာ မွေးတယ်။ သူပြောပြတာက ဒီလို အဲဒီတုန်းက ရောင်စုံသူပုန်တွေ ဧရာဝတီဘက်မှာ သောင်းကျန်းနေတဲ့အချိန်ပေါ့။ အဲဒီအချိန်က အဲဒီဘက်မှာ ရေယာန်အလိုတော်ရိ လုပ်ခဲ့တဲ့ ဦးဘဖျံဆိုတဲ့ လူတစ်ယောက်ရှိခဲ့တယ်။ သူ့မှာ ပွဲထောင်လေးတစ်စီး ရှိလေရဲ့၊ သူ့အသက်မွေးဝမ်းကျောင်း အလုပ်က ပွဲထောင်ပြေးစားတဲ့အလုပ်၊ ဒါပေမဲ့ - ဂျပန်ဝင်လာတော့ ဂျပန်စာလေး အထောက်တစ်ခေါက်သင်ပြီး အနည်းအပါး တတ်လာတော့ အလိုတော်ရိ လုပ်ရာက နည်းနည်း ချောင်ချောင်လည်လည် ရှိလာတယ်။ ဒါနဲ့ပဲ ပွဲထောင်ပြေးဆွဲစားရာက မော်တော်အသေးလေးတစ်စီးဝယ်ပြီး ရွာနီးချုပ်စပ်က ကုန်တိုက်၊ စပါးသယ်လုပ်ရင်း အတော်လေး ချမ်းသာတယ်ဆိုပါတော့။

www.burmeseclassic.com

သစ်နေ့ တော်လှန်ရေးအရှိန်ပြင်းလာတော့ ဖက်ဆစ်ဂျပန်တွေ ဆုတ်ခွာရတဲ့အချိန် ရောက်လာတယ်၊ သူက ဂျပန်အလိုတော်ရိဆိုတော့ ထွက်ပြေးတဲ့ဂျပန်တွေက သူ့မော်တော်ပေါ်မှာ သူတို့လက်နက်ခဲယမ်းအစ သူတို့အနိုင်အထက် ဗိုလ်တချို့ ရထားတဲ့ပစ္စည်းတွေ တင်ပြီးပြေးကြတယ်ဆိုပဲ၊ ဦးဘဖျဲကလည်း ဂျပန်အလိုတော်ရိဆိုတော့ ဂျပန်တွေပြေးရင် ငါ့အတွက်ကြည်းအန္တရာယ်ရှိတော့မှာပဲဆိုပြီး သူ့မတရားသဖြင့် ရှာဖွေစုဆောင်းထားတဲ့ငွေနဲ့ပစ္စည်းတွေရော သူ့ဇနီးပါ မော်တော်ပေါ်ခေါ်တင်ပြီး လွတ်ရာပြေးခဲ့တော့တယ်၊

ဒါပေမဲ့ - မလွတ်ပါဘူး၊ အင်္ဂလိပ်ကျွဲညီနောင် ဆိုတာက စက်သေနတ်နဲ့ပစ်လို့ မော်တော်ပေါ်ပါလာတဲ့ ဂျပန်တွေလည်းသေ၊ လက်နက်တွေ ပစ္စည်းတွေလည်း ဆုံးတာပေါ့၊ စက်သေနတ်နဲ့ ပစ်လိုက်လို့ မော်တော်လေးက ပျက်စီးသွားတယ်၊ မော်တော်က ဖွတ်ချက် - ဖွတ်ချက်နဲ့ခုတ်လို့ရတဲ့ အနေအထားမှာရှိတော့ ဦးဘဖျဲလည်း အသာဆက်မျှောလာလိုက်တာ ကမ်းစပ်အရောက်မှာ စက်သေနတ်နဲ့ ပစ်လိုက်တဲ့ဒဏ်ရာနဲ့ သူ့ဇနီးလည်း ဆုံးသွားတယ်၊ ဦးဘဖျဲလည်း ဒဏ်ရာအနာတရနဲ့ပဲ၊ ဒါပေမဲ့ - လောဘဇောတက်နေတော့ သူနိုး ဆိုးလို့ ရထားတဲ့ ပစ္စည်းတွေ၊ ဂျပန်တွေ လုယက်ယူငင်လာတဲ့ပစ္စည်းတွေကို တတ်နိုင်သလောက်သယ်ပြီး ကမ်းစပ်က သရက်ပင်တစ်ပင်အောက်မှာ မြှုပ်တယ်၊ နောက် အဲဒီအနီးအနားမှာပဲ သူလည်း ဆုံးပါးသွားတယ်၊ ဒါတွေ တစ်ဆင့်စကား တစ်ဆင့်နားဆိုတာမျိုး ပြောဆိုလာခဲ့ကြတယ်၊ ဒီပစ္စည်းတွေကို စွဲလမ်းပြီး ဦးဘဖျဲတစ်ယောက်လည်း မကျွတ်မလွတ်တဲ့ဘဝနဲ့ အဲဒီ သရက်ပင်မှာပဲ ရှိနေခဲ့တယ်လို့ ဒဏ္ဍာရီလိုလို ပုံပြင်လိုလိုနဲ့ ပြောဆိုလာခဲ့ကြတယ်၊

နှောင်နှစ်အနည်းငယ်ကြာလို့ ဥပဒေစိုးမိုးမှုလည်း ကောင်း၊ စိုက်ပျိုးရေးလည်း ကောင်း၊ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းလာတာနဲ့ အရွာ ဒီအနီးအနားတစ်ဝိုက်မှာ ပြန်လည်စည်ပင်လာတယ်ပဲ ပြောကြပါစို့၊



အဲဒီအချိန်မှာ ဟိုက ဒီက ပြေးလာရင်း အခြေချလာတဲ့ လူတွေထဲမှာ ကိုတာတေဆိုတဲ့လူနဲ့ သူ့မိန်းမလည်းပါတယ်၊ သူက စိတ်ကောင်းနှလုံးရှိတဲ့လူမဟုတ်ဘူး၊ သူက ရွှေငွေကလွဲလို့ ဘာကိုမှ မမက်မောဘူး၊ လောဘသဏ္ဍာယကလည်းအလွန်ကြီးတာပဲ၊ သူ့ထက်ဆိုးတာ ရှိသေးတယ်၊ အဲဒါက သူ့ဇနီးပဲ၊ သူမကလည်း သူ့ယောကျ်ားလိုအစားမျိုး၊ ရွှေရမလား၊ ငွေရမလား၊ လူသတ်ရမလားဆိုတဲ့အစားမျိုး၊ လင်မယားနှစ်ယောက်က ဖက်လည်းဆော်မိပါရဲ့၊ သုံးစရာပိုက်ဆံကုန်ရင် တစ်ယောက်ပိုက်ဆံတစ်ယောက် ခိုးသုံးကြသတဲ့၊



❛ငါ့နယ်ထဲမှာ ရတနာတွေရှိတယ်။ ငါ ခွင့်မပြုဘဲ ဘယ်သူမှ ယူခွင့်မရှိဘူး။ ဒါပေမဲ့ – မင်းလိုချင်ရင် ငါ ခွင့်ပေးမယ်။ ဒါပေမဲ့ – ငါ တောင်းဆိုတာကို မင်းပေးရမယ်လို့ ဆက်ပြောတယ်။❜



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တော့ ကိုတာတေတစ်ယောက် တောနက်ထဲကနေ တောပစ်ထွက်ပြီး အိမ်ပြန်အလာ၊ အချိန်ကလည်း အတော်မှောင်နေပြီး ကျင်းထဲချိုင့်ထဲ မကျအောင် သတိထားလျှောက်လာရင်း သဲခြောက်ခြောက်တစ်နေရာ သစ်ပင်တစ်ပင်ရင်းမှာ မောမောနဲ့ သစ်တုံးတစ်တုံးပေါ်ထိုင်ရင်း တုတ်တစ်ချောင်းနဲ့ဟိုခြစ်သည်ခြစ် လုပ်နေတယ်။ ကံဆိုးချင်တော့ ဒီနေ့ တောကောင်လည်း မရခဲ့ဘူး။ ဒီနေရာတစ်ဝိုက်က ဂျပန်တစ်သိုက်ထွက်ပြေးကြရင်း ပစ်ကြခတ်ကြနဲ့ သေကုန်ကြတဲ့ နေရာလို့လည်း သူ သိနေတယ်။ ဒါတွေက သူ ကြောက်လန့်ရမယ့် ကိစ္စတွေ မဟုတ်ပါဘူး၊ သူ ကြောက်ရမှာကသူ့မိန်းမ။

ကိုတာတေရဲ့တုတ်အမာတဲ့အရာတစ်ခုကို သွားချစ်မိလိုက်တယ်။

"အဲ - ဒါကို မထိနဲ့"

=❖=

အလန့်တကြားအော်လိုက်တဲ့အသံကို ကြားလိုက်ရတယ်။ သူက တုတ်နဲ့ ဆက်ကော်လိုက်တော့ လူခေါင်းခွံအစတစ်ခုကို တွေ့လိုက်ရတယ်။ သူ မော့ကြည့်လိုက်တော့ သစ်ပင်ခွဆုံမှာ ဆံပင်ဖားလျားနဲ့ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးတွေနဲ့ မျက်လုံးပြူးပြူး မည်းမည်းသတ္တဝါတစ်ကောင်ကို တွေ့လိုက်ရတယ်၊ လူလား၊ အရှုးလား၊ နာနာဘာဝလား။ နောက်တော့ ပျောက်သွားတယ်၊ သူ့လက်ထဲမှာလည်း လုံ့စွပ်လိုဟာမျိုး ကိုင်ထားတယ်။ "ဂါ့ပိုင်နက်ထဲ မင်းဘာလာလုပ်တာလဲ" လို့ မေးတယ်၊ ကိုတာတေက အကြောက်အလန့်မရှိ "ဘာတွေ ပြောနေတာလဲ" လို့အော်ပြီး ပြန်မေးလိုက်တယ်။

ဒီတော့ သစ်ပင်ခွဆုံက နာနာဘာဝက အသံနဲ့၊ ဒါ - ဂါ့ပိုင်နက်၊ မင်းဟိုသစ်ပင်ကို ကြည့်စမ်းလို့ပြောတော့ သူ့မျက်စိဝေ့ဝဲပြီး အပင်ကို ကြည့်လိုက်တယ်၊သစ်ပင်ပင်စည်မှာ "ဘဖျံ" ဆိုတဲ့ဓားထစ်ရာတွေ့ရတယ်၊ "တခြားအပင်တွေလည်း ကြည့်ဦးကွာ" လို့ပြောသံကြားပြန်လို့ ကြည့်လိုက်တော့ ဒီနာမည်တွေပဲ ဓားထစ်ထားတာ တွေ့ရတယ်၊ လျှောက်ရှာကြည့်တော့ လူ



တွေ့ရဘူး၊ အသံဘဲ ကြားနေရတာပါ၊ တစ်နေရာရာက ပုန်းကွယ်ပြီး ပြောနေသလိုပဲ၊

"ဒါ - ဂါ့နယ်ဆိုတာ ယုံပြီလား" လို့မေးရင်း တဟားဟားနဲ့ ရယ်နေတယ်၊

"ဂါ့နယ်ထဲမှာ ရတနာတွေရှိတယ်၊ ငါ ခွင့်မပြုဘဲ ဘယ်သူမှ ယူခွင့် မရှိဘူး၊ ဒါပေမဲ့ - မင်းလိုချင်ရင် ငါ ခွင့်ပေးမယ်၊ ဒါပေမဲ့ - ငါ တောင်းဆိုတာကို မင်းပေးရမယ်" လို့ ဆက်ပြောတယ်၊"

အိမ်ရောက်တော့ ဖြစ်ကြောင်းကုန်စင် သူ့မိန်းမကို ပြောပြတယ်၊ ဒီအကြောင်း ကြားရတော့ သူ့မိန်းမက ဒီရတနာတွေကို လိုချင်သွားတယ်၊

"သူ - လိုချင်တာ ပေးလိုက်ပေါ့တော်" လို့ ပြောတော့ ကိုတာတေက အင်းမလုပ် အဲမလုပ်နေလိုက်တယ်၊

နောက်ဆုံးမှာတော့ ကိုတာတေ မလုပ်ရင် သူ လုပ်မယ်လို့ ပြောတယ်၊ တောထဲက ကိုတာတေတွေ့ခဲ့တဲ့ နာနာဘာဝနဲ့ သူ သွားတွေ့မယ်ဆိုပြီး ထွက်သွားတယ်၊ နှစ်ရက်လောက်သာ ကြာသွားတယ်၊ သူ ပြန်မလာတော့ဘူး၊ ဘယ်တော့မှ ပြန်မလာတော့တဲ့ လမ်းကို ရောက်သွားတာပါ၊

=❖=

ဒါနဲ့ ကိုတာတေလည်း သူနဲ့ နာနာဘာဝတွေ့တဲ့ သစ်ပင်တွေဆီ ပြန်လာတော့ သူ့မိန်းမ ဝတ်သွားတဲ့ အင်္ကျီသစ်ပင်ကိုင်းမှာ ချိတ်နေတာ တွေ့ရတယ်၊ ဒါကိုမြင်တော့ သူပျော်သလိုဖြစ်သွားတယ်၊ သူ့မိန်းမ စုဆောင်းထားတဲ့ငွေတွေကို သူလိုချင်တယ်၊ အိမ်ပြန်လာပြီး သူမရဲ့အဝတ်ဗာကို ဖွင့်လိုက်တော့ အဝိုးတန်တာဆိုလို့ ဘာမှ မတွေ့ရဘူး၊

ကိုတာတေတစ်ယောက် သူ့ဇနီးသည် ပျောက်ဆုံးသွားတဲ့အပေါ် စိတ်ကောင်းမဖြစ်ပေမဲ့ သူ့မိန်းမဆီက ဘာမှမရလိုက်တဲ့ အပေါ်မှာတော့ အတော် စိတ်မကောင်း ဖြစ်သွားတယ်၊ သစ်ပင်ခွဆုံမှာ သူတွေ့ခဲ့တဲ့ နာနာဘာဝလိုလို သတ္တဝါကို သူ ကျေးဇူးတင်ကြောင်း ပြောချင်နေတယ်၊ ဒါနဲ့ပဲ

www.burmeseclassic.com

နေ့တိုင်း အဲဒီ နာနာဘာ၀ကို တွေ့လိုတွေ့ငြားဆိုပြီး သွားသွားပြီး သစ်ပင်ကို မော့မော့ကြည့်တယ်။ နောက်ဆုံးတော့ မြှုပ်ထားတဲ့ရတနာတွေရရင်ပြီးရော သူလိုချင်တာ ဘာမဆိုပေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။

တစ်ည တောထဲကအပြန် သူတွေ့ချင်တဲ့ နာနာဘာ၀နဲ့ သူတွေ့တယ်။ ထုံးစံအတိုင်းအသံနဲ့ပဲ ဆက်သွယ်ရတာပါ။ သူပြောတာက သူ ရတနာရှိတဲ့ နေရာပြမယ်၊ ရတနာတွေထုခွဲပြီး ရတဲ့ငွေနဲ့ လှေကြီးကြီးတစ်စီး၀ယ်၊ ပြီးရင် ဒီအနီးအနားမှာနေတဲ့လူတွေ တခြားကို ရွှေ့ပေးရမယ်လို့ ပြောတယ်။ ဒီ ကိစ္စက ကိုတာတေလုပ်ဖို့ အတော်ခက်ခဲတဲ့ကိစ္စဖြစ်နေတယ်။ မလွယ်ဘူး မှတ်လား။

နောက်ကိစ္စတစ်ခုခိုင်းပါ၊ ဒီကိစ္စကတစ်ရွာလုံးနဲ့ သက်ဆိုင်နေတဲ့ ကိစ္စကိုတော့ သူမတတ်နိုင်တဲ့ အကြောင်းပြောပြတယ်။ ဒါနဲ့ ဒုတိယတစ်ခု ခိုင်းတယ်။ အဲဒါကတော့ ရတနာတွေထုခွဲပြီးရတဲ့ ပိုက်ဆံနဲ့ ရွာထဲက လူတွေကို ငွေတိုးကြီးကြီးနဲ့ ချေးရမယ်။ ပြီးရင် ထိုက်သင့်တာယူပြီး ပိုတာလျှံတာ သူ့ရတနာသိုက်ထဲ ပြန်ထည့်ရမယ်။ ပြီးရင် သေတဲ့တစ်နေ့ သူနဲ့လာနေရမယ်လို့ ကတိတောင်းတယ်။

ဒါကို သူက သဘောတူလိုက်တယ်။ ဒါနဲ့ပဲ ကိုတာတေတစ်ယောက် ရတဲ့ ရတနာတွေထုခွဲပြီး ရွာထဲကဆင်းရဲသားတွေကို ငွေထုတ်ချေးတယ်။ ပြီးတော့ အတိုးကြီးကြီးယူတယ်။ မဆပ်နိုင်ရင် မြေသိမ်း၊ လယ်သိမ်း၊ ကျွဲနွားသိမ်းစတာတွေ လုပ်ရင်း တစ်နေ့တခြား ချမ်းသာလာတယ်။ အသက်အရွယ် ရလာတော့ တစ်ဖက်ကလည်း ချမ်းသာလာတော့ သူသေရင် ဘာတွေဖြစ်လာမလဲ၊ သူနဲ့နာနာဘာ၀ထားခဲ့တဲ့ သူနဲ့လာပေါင်းနေပါမယ်ဆိုတဲ့ ကတိကိုလည်းသူဖျက်ချင်လာတယ်။ ဒီတော့ ဘုရား၊ တရားမြဲလာတယ်။ ဘုရားမှန်း၊ တရားမှန်း သိလာတယ်ဆိုပါတော့။

=❖=

ဒီလိုနဲ့ ကိုတာတေတစ်ယောက် ဘာသာတရားအတော်ကိုင်းရှိုင်းတဲ့ လူဖြစ်လာတယ်။ ဒါပေမဲ့ - ပါးစပ်ကဘုရား၊ လက်က မတရားပါ။ ရွာဦးဘုန်းကြီးကျောင်းကိုသွား၊ သီတင်းသီလ ဆောက်တည် ဒီလိုလုပ်ရင်းနဲ့ သေရင် သူ့ဝိညာဉ်နာနာဘာ၀ဆီ မသွားရအောင် လွတ်ရာလွတ်ကြောင်း ရှာတော့တယ်။

တစ်နေ့တော့ သူ့ဆီက ငွေချေးယူပြီး ငွေပြန်မဆပ်နိုင်တဲ့လူ့ဆီက မြေကိုသိမ်းတဲ့နေ့တစ်နေ့ အဲဒီဆင်းရဲသားက ငွေပြန်ဆပ်ဖို့ သူ့ကို ရက်နည်းနည်း တိုးပေးပါ။ သူတို့ မိသားစုဘ၀ကိုတော့ မဖျက်ဆီးလိုက်ပါနဲ့လို့ တောင်းပန်တယ်။ ပြီးတော့ "ခင်ဗျား ကျုပ်ဆီက ယူတဲ့ငွေတွေက ခင်ဗျားဆီက ချေးထားတာထက် အများကြီး ပိုနေပါပြီဗျာ" လို့ပြောတော့ ကိုတာတေက အတော်စိတ်ဆိုးသွားပြီး "အေး - မင်းဆီက ငွေတွေ ငါယူတယ်ဆိုရင် ငါ ခေါင်းဆိုးဝါးတဲ့ဆီ သွားရုံပဲပေါ့ကွာ" လို့ ပြောလိုက်တယ်။

အဲဒီအချိန်ဟာ ကိုတာတေရဲ့ဘ၀နိဂုံးပဲ ဆိုပါတော့။ ခဏကြာတော့ မြင်းဟီသံနဲ့အတူ ကျယ်လောင်တဲ့အသံတစ်သံ ကြားလိုက်တယ်။ သူက တံခါးဖွင့်ကြည့်လိုက်တယ်။ အဲဒီမှာ သူနဲ့တွေ့ခဲ့တဲ့အရိပ်မည်းမည်းကြီးလို နာနာဘာ၀က မြင်းမည်းတစ်ကောင် သူ့အိမ်ဆီဆွဲလာနေတာတွေ့လိုက်ရတယ်။

အဲဒီ နာနာဘာ၀ကပဲ "ကိုတာတေ - မင်းကို ခေါ်ဖို့လာတာ၊ မြင်းပေါ်တက်" လို့ ပြောပြီး အရိပ်မည်းမည်းကြီးက အတင်းဆွဲတင်လိုက်တယ်။ ပြီးတော့ - မြင်းရဲ့တင်ပါးကို ရိုက်လွှတ်လိုက်တော့ မြင်းက တစ်ဟုန်ထိုး အဆုန်ဆိုင်းပြီး ထွက်ပြေးသွားတယ်။ ကိုတာတေလည်း ကြောက်အားလန့်အားကြီးနဲ့ မြင်းဇက်ကို သိုင်းဖက်ရင်း လိုက်ပါသွားတယ်။ အဲဒီလိုနဲ့ ကိုတာတေတစ်ယောက်လည်း မပြန်လမ်းကို လိုက်သွားတော့တာပါပဲ စုန်းစုန်းမြုပ်ပဲ ဆိုပါတော့။

=❖=





www.burmeseclassic.com

www.burmeseclassic.com

ကိုတာတေ မရှိတော့တဲ့နောက် ရွာသူကြီးက ကိုတာတေရဲ့အိမ်ထဲဝင် ရှာဖွေကြည့်တော့ မြေယာအချုပ်၊ ငွေချေးအချုပ်တွေကလွဲလို့ ဘာကိုမှ မတွေ့ရတော့ဘူး။ သူ့အိမ်က သေတ္တာထဲမှာလည်း ငွေကြေးရွှေငွေဆိုလို့လည်း ဘာမှမတွေ့ရပဲ သစ်သားအတိုအစတွေပဲ တွေ့ရတယ်။

မိုးကြိုးနဲ့အတွဲ့ ကိုတာတေ အိမ်ကထွက်လာပြီး ခဏအကြာမှာတော့ မီးတောက်တွေရှုန်း၊ လျှပ်စီးတွေလက်လာပြီး ကိုတာတေအိမ်လေးကို မိုးကြိုးပစ်ချလိုက်တာ ရှိရှိသမျှ အားလုံး မီးလောင်ပြာကျသွားတော့တယ်။ ဘာမှ မကျန်တော့ဘူး။

ဒါကတော့ ကျွန်တော့်ကို ပြောပြတဲ့ လောဘသားကောင် လင်မယားနှစ်ယောက်ရဲ့ဘဝဇာတ်လမ်းပဲ ပြောပါတော့။ သူတို့နှစ်ယောက်ဟာ ရတောင့်ရခဲ လူ့ဘဝမှာနေရတဲ့အခိုက် လောဘ၊ အလိုရမ္မက်၊ အကုသိုလ်ကလွဲလို့ ဘာကိုမျှ ရှာဖွေမသွားနိုင်ကြတဲ့ လူနှစ်ယောက်ပဲပေါ့။ တရားရစရာ၊ သံဝေဂရစရာပါ။ ပါးစပ်က ဘုရား - ဘုရား၊ လက်က ကားရား ကားရားဆိုတဲ့ လူတွေရဲ့ သွားရာလမ်းဆိုတာ အဲဒါပဲ။

◆➤◆➤ ကျော်မြင့်ကျော်

| | |
|---|---|
| စာ ရှု ရှင် များ သို့ | **'ဝဏ္ဏရဓဝ္ဇဝင်း'** တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များ အနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။<br>လေးစားစွာဖြင့်<br>ဂမ္ဘီရမဂ္ဂဇင်း |

ဝါဒါသည်ကြီး တည်ထားခဲ့သော၊
အကျွတ်အလွတ်စေတီတော်



www.burmeseclassic.com

## ဓာတ်ပေါ်သည့်ကြီး တည်ထားခဲ့သော

# အကျွတ်အလွတ် ဝေတိတော်

## ကိုဆောင်းဦး (အလိန်လည်ကျေးရွာ)

ညကတည်းက မိုးစက်မိုးပေါက်တွေ တဖေါဖေါ ရွာချနေတဲ့ မိုးကြောင့် ဦးတင်တစ်ယောက် လှေထွက်ရမှာ လေးပင့်နေသည်။

အေးစိမ့်စိမ့်မိုးကြောင့် အရှမ်းပြေ ထမင်းကြော်စားပြီး အကြမ်းအိုး တည်သောက်တာလည်း တစ်ဝက်ပင်ကျသွားပြီဖြစ်သည်၊ ဒဟတ်ကုန်းရွာလေးက နံနက်စောစောကပင် နိုးခဲ့ပြီဖြစ်သည်၊ ရွာဦးဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံက နံနက် (၅း၀၀)နာရီထိုးပြီဖြစ်သည်။ ခုနကပင် ကိုသာမောင်နဲ့ မောင်အေးမြင့်တို့ တူဝရီးနှစ်ယောက် လယ်ထဲဆင်းသွားကြသည်၊ ဦးတင်တစ်ယောက် အသက် (၅၀)ကျော် (၆၀) အတွင်းပင် ရောက်လာပြီဖြစ်သဖြင့် အကုသိုလ်အလုပ်ကို မလုပ်ချင်ပေမဲ့လည်း လုပ်နေရသေးသည် ၊ အခြားလုပ်ငန်းလည်း မလုပ်တတ်၊ ငယ်ငယ်ကလေးကတည်းက လုပ်ကိုင်စားသောက်ခဲ့သည့် လုပ်ငန်းဖြစ်သည်၊ အဖေ ဦးလှတင် လက်ထက်ကတည်းက ကွန်ပစ် ငါးရှာလုပ်လာခဲ့သည်မှာ မိမိ အခုအသက်အရွယ်



အထိပင်ဖြစ်တော့သည်၊ ယခုလည်း ဒေါ်စမ်းရီတို့ ကုန်စုံဆိုင်မှ ဆွမ်းချက်ရန် ထားသဖြင့် မဖြစ်မနေ ဆင်းရတော့မည်၊

"အင်း - အကုသိုလ်ထဲက ဆွမ်းချက်ဖို့ဆိုတဲ့ ကုသိုလ်ပါနေလို့ တော်ပါသေးရဲ့"

ရွာဦးကျောင်းဆရာတော်ကလည်း -

"ဒကာကြီး စားမယ့်သောက်မယ့်သူလည်း ရှိတော့တာမဟုတ်ဘဲနဲ့ ဒီအကုသိုလ် အလုပ်ကိုစွန့်ပြီး ကျောင်းမှာလာနေပါလား ဒကာကြီး"

"တင်ပ့ါဘုရား - တပည့်တော် အချိန်ကျရင် ရောက်လာမှာပါ ဘုရား"



❛ကြည့်နေရင်း မိန်းကလေးတွေ ရေထဲကို ငုပ်သွားတာ တော်တော်နဲ့ ပြန်မပေါ်လာဘူးတဲ့။ မောင်ကွန့်လည်း ကြည့်နေတုန်း ချောင်းထဲက လှိုင်းလုံးကြီးတွေရဲ့ ထိပ်ပေါ်မှာ မိန်းကလေးတွေဟာ ပြေးလွှား စားပြီး ကိုမောင်ကွန့် လှေနောက်ကို ရေပေါ်ကနေ ပြေးလိုက်လာတာလို့ ကိုမောင်ကွန့်လည်း ဘုရားစာတွေ တတ်သမျှရွတ်ပြီး လှော်ပြေးလာခဲ့ တာ ရွာရိုးထိပ်ရောက်မှပဲ လှည့်ပြန်သွားကြတယ်❜

www.burmeseclassic.com

မနစ်က ကျောင်းမှာ ဝါဆိုသင်္ကန်းကပ်တုန်းကတည်းက ဆရာတော် မိန့်မှာဖူးခဲ့သော်လည်း မိမိစိတ်ထဲတွင် ဆရာတော်ရဲ့ဆွမ်းကျန်စားရင် ငရဲကြီးမှာ ကြောက်နေပါသည်။ ဒါကြောင့် ဆရာတော်ကျောင်းကိုမရောက်သေးသော်ခြင်းသည်။

အခုလည်း တန်းတွင်တင်ထားသော ပိုက်ကိုပခုံးပေါ်တင်ပြီး မိုးရေထဲ ထွက်ခဲ့သည်။ မိုးကလည်း စဲစပြုလာပြီဖြစ်သည်။ ပိုက်ကို လှေဝမ်းထဲထည့်ပြီး လှော်တက်ကလေးကို ဖြည်းဖြည်းပင် လှော်ခဲ့သည်။ ဒဟတ်ကုန်းရွာ အရှေ့ဘက် ဒညင်းချောင်းဝမှ ဝဲပြန်လေအငွေ့တွင် ဦးတင် ချမ်းတုန်သွားသည်။

"ဦးတင် - အခုမှ ထွက်လာသလား၊ နောက်တောင် ကျနေပြီ"

"အေး - မောင်ချစ်ရေ၊ ငါလည်း အသက်ကလေး ရလာတော့ မိုးဒဏ် မခံနိုင်တော့ဘူးဟေ့"

"မင်းတို့ကော ဘယ်လိုလဲ၊ ငါး ရပြီလား"

"မရသေးပါဘူး - ဦးတင်ရာ၊ ငါးမြီးတန်သွယ် (၂၅) သားလောက်နဲ့ ငါးရံ့လေး (၃၀) သားလောက်ပဲ ရသေးတယ်။ ငါးကြီးတွေ ရှားသွားပြီနဲ့တူတယ်"

"ငါတော့ တညင်းချောင်းဝမှာ ကွန်သွားပစ်မယ်။ အဲဒီမှာ ငါးကြီးတွေရှိတယ်။ ဟိုတစ်နေ့က ငါးဘတ်ကြီးတစ်ကောင် မီးအိပ်မက် မက်နေတာ တွေ့လိုက်တယ်၊ ငါ အနားသွားတော့ လန့်ပြီးကူးသွားတယ်။ (မီးအိပ်မက် မက်သည်ဆိုသည်မှာ ငါးကြီးများ ရေပေါ်တွင်ပေါ်၍ အသေကဲ့သို့ ငြိမ်နေသည်ကို ဆိုလိုသည်။)

"အာ - ဦးတင်ကလည်း တညင်းချောင်းဝက နတ်ကြီးတယ်လို့ ပြောတယ်၊ အခြောက်အလှန့်လည်း ပေါ်းပါဘိသနဲ့၊ ကိုမောင်ကွန့် အရှေ့ရွာက လှေနဲ့ပြန်လာတာ တညင်းချောင်းဝရောက်တော့ ကမ်းစပ်မှာ မိန်းကလေး တစ်သိုက် ဆော့ကစားနေကြတယ်။ ဒါနဲ့ ကိုမောင်ကွန့်လည်း ဘယ်က မိန်းကလေးတွေလဲလို့ စိုက်ကြည့်နေတာပေါ့။ ငါတို့ရွာကတော့ မဟုတ်ဘူး။ ရွာနဲ့ တညင်းချောင်းဝကလည်း ဝေးသေးတယ်။ ပြီးတော့ ကိုင်းတောကြီးကလည်း ညို့နေတာပဲ။ ဒီလိုညနေစောင်းမှာ မိန်းကလေးမပြောနဲ့ ယောကျ်ားလေးတွေတောင် လာရဲမှာ မဟုတ်ဘူး။ မိန်းကလေးတွေက တော်တော်ကို ပျော်တာတဲ့။ ကြည့်နေရင်း မိန်းကလေးတွေ ရေထဲကို ငုပ်သွားတာ တော်တော်နဲ့ ပြန်မပေါ်လာဘူးတဲ့။ မောင်ကွန့်လည်း ကြည့်နေတုန်း ချောင်းထဲက လှိုင်းလုံးကြီးတွေရဲ့ ထိပ်ပေါ်မှာ မိန်းကလေးတွေဟာ ပြေးလွှားဆော့ကစားပြီး ကိုမောင်ကွန့် လှေနောက်ကို ရေပေါ်ကနေ ပြေးလိုက်လာတာလို့ ကိုမောင်ကွန့်လည်း ဘုရားစာတွေ တတ်သမျှရွတ်ပြီး လှော်ပြေးလာခဲ့တာ ရွာနီးထိပ်ရောက်မှပဲ လှည့်ပြန်သွားကြတယ်"

"အိုကွာ - ဒီအရက်သမား အရက်မူးပြီး တွေ့ကရာလျှောက်ပြောတာ နေမှာပါကွာ၊ ငါကတော့ မယုံဘူးဟေ့"

"မယုံရင်လည်း ဦးတင် သဘောပဲ၊ ကျွန်တော်က ဦးတင် အန္တရာယ်ဖြစ်မှာစိုးလို့ ပြောတာ"

အိမ်က ထွက်လာကတည်းက (၇း၀၀) နာရီထိုးနေပြီဖြစ်သဖြင့် တညင်းချောင်းဝရောက်တော့ (၉း၀၀) နာရီထိုးပြီဖြစ်သည်။ ဦးတင်လည်း လှေလှော်ခဲ့ရသဖြင့် နံနက်စောစောက စားထားသော ထမင်းကြော်များ ဘယ်ရောက်သွားသည်မသိပါ။ ထပ်ဆာလာသဖြင့် ကမ်းစပ်လမုပင်ကြီးအောက်မှ ကြိုးချည်ပြီးပါလာတဲ့ ထမင်းချိုင့်ထုပ်ယူပြီး ထမင်းနှင့် ငါးပိထောင်း အားရပါးရစားတော့သည်။ အိမ်မှ ထည့်လာသည့် ရေနွေးကြမ်းပုလင်းကို သောက်လိုက်၊ ထမင်းစားလိုက် လုပ်ပြီးမှ ဖက်ကြမ်းဆေးလိပ်ကလေး ထုတ်ပြီးလျှင် သုံးကာ ခြစ် တစ်ခါတောက်မီးခြစ်ကလေးနှင့် မီးညှိပြီး ကိုက်ဖွာလိုက်သည်။ ပြီးမှ - လှေကလေးကိုလှော်ပြီး ရေလယ်သို့ထွက်လာခဲ့သည်။ တညင်းချောင်းဝထိပ် အင်းနဖုးတွင်တော့ ကျွဲတညင်းပင်ကြီးက တစ်ပင်ထီးထီးကြီး ခန့်ခန့်ထည်ထည်ကြီးနှင့် ချောင်းဝကို မိုးထားသလိုမျိုးဖြစ်နေသည်။ ရေလယ်ဝဲပြန်လည်ရောက်တော့ ကွန်ကို ပစ်ချလိုက်သည်။ ကွန်ကလေးထဲတွင် ဝဲ၍ဝိုင်းပြေးသွားသည်၊ ဦးတင် ကွန်ပစ်ရင် ဝိုင်းနေအောင်ကိုပင် ပစ်နိုင်သည်။ တစ်အောင့်

www.burmeseclassic.com

အကြာတွင် ကွန်ထဲတွင် ငါးတိုးနေသလိုမျိုး ကွန်က လှုပ်ယမ်းနေသည်။ ဦးတင် ဝမ်းသာနေသည်။ ဒီတစ်ခါ ငါးရရင် ရွာဦးကျောင်းဆရာတော်ကို ဆွမ်းချက်ကပ်လိုက်ဦးမယ်လို့ စိတ်ထဲတွင် ရည်မှန်းချက်နှင့် ဝမ်းသာနေသည်။

ပိုက်ကို ဖြည်းဖြည်းချင်း ဆွဲတင်လိုက်တော့ ငါးဆိုလို့ တစ်ကောင်ပင် ပါမလာချေ။ ဦးတင် အံ့ဩသွားသည်။ ခုန တောတိုးလိုက်တဲ့ ငါးတွေ ပိုက်ပင် ပေါက်သွားပြီ အောင်းမေ့ရသည်။ ဒီလိုနဲ့ ကွန်ပစ်လိုက်၊ မပါလိုက်နှင့် ဦးတင် အချိန်ကိုကြည့်တော့ နေပင် အနောက်ဘက်သို့ တော်တော်စောင်းပြီဖြစ် သည်။ ငါးတိုး၍ ဆွဲတင်မှ ပါမလာသည်ကို သတိမထားဘဲ ကွန်ကို ထပ်ခါ ထပ်ခါ ပစ်လိုက်ဆွဲတင်လိုက် လုပ်နေသော်လည်း ငါးကတော့ ပါမလာပါ။ ဦးတင် သံသယဝင်လာသည်။

"ဒါကြောင့် - ဦးတင်လည်း တညင်းချောင်းဝမှ ပိုင်ရာဆိုင်ရာများကို တောင်းပန်ပါသည် ခင်ဗျ။ ကျွန်တော် ဒီတစ်ခါပဲ တညင်းချောင်းဝရှမှာ ကွန်ပစ် ပါသည် ခင်ဗျ။ နောင်တွင်လည်း ဒီတညင်းချောင်းဝမှာ ငါးလာမရှာ တော့ပါဘူး။ အခု တစ်ခါတည်းသာ ငါးအနည်းအကျဉ်းလောက် ပေးစေချင်ပါ တယ်ခင်ဗျာ။ ကျွန်တော် မောင်တင် ရှိသေစွာ တောင်းပန်ပါသည် ခင်ဗျာ"

ဦးတင် သေသေချာချာ တောင်းပန်ပြီး ကွန်ကို ပစ်ချလိုက်သောအခါတွင် ပိုက်ကွန်တွင် ငါးအကြီးကြီးများ တိုးနေသည်ကို ဦးတင်ကွန်ကို လက်ဖြင့် ကိုင်ရင်း သိနေသည်။ ဒီတစ်ခါတော့ သေသေချာချာဆွဲတင်လိုက်သည်။ ထို အချိန်တွင် လေမတိုက်ပါဘဲနှင့် ကျွဲတညင်းပင်ကြီးမှ အရွက်များ တရှဲရှဲဖြင့် ဘယ်ညာယိမ်းထိုးသွားသည်။ ဦးတင်လည်း ပိုက်ကို ဆွဲတင်လိုက်သောအခါ ကကတစ် (၃၀)ကျပ်သားအကောင် (၅)ကောင်နှင့် ငါးဘတ်ကြီးတစ်ကောင် မှာ အချိန် (၁)ပိဿာ (၅၀)လောက်ရှိမည်ထင်ရသည်။ ပိုက်ကွန်ကို လှေ ဝမ်းထဲ ဆွဲထည့်ပြီး ငါးများကို မဖြုတ်ဘဲ လှေကို ရွာထိအောင် သုတ်ခြေတင် လှော်လာခဲ့သည်။ ရွာကမ်းစပ် မိမိတဲ ရှေ့ရောက်တော့ ယနေ့ (၃း၀၀)နာရီ ခန့်ရှိ၍ နေတောင်အတော်စောင်းနေပြီဖြစ်သည်။



ကကတစ်ငါးကောင်ကို ဒေါ်စန်းရီတို့ အိမ်ကိုပို့ပြီး ငါးဘတ်ကြီးကို ဘုန်း ကြီးကျောင်းကို ဆွမ်းချက်ကပ်ရန် ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီးများကို ဝယ်လာ ခဲ့သည်။ အိမ်ပြန်ရောက်တော့ ငါးဘတ်ကြီးကို ဓားဖြင့်ဝမ်းခွဲရာ ဝမ်းထဲမှ ပြီး ပြူးပြက်ပြက် အရောင်တွေ့လိုက်လို့ ကြည့်လိုက်ရာ ပတ္တမြားများ စီခြယ်ထား သည့် လက်ကောက်တစ်ကွင်းကို တွေ့လိုက်ရသည်။ လက်ကောက်ကို ရေ စင်စင်ဆေးပြီး တင်ထားလိုက်သည်။ ဦးတင် ဆွမ်းအတွက် ဝမ်းသာအားရ ချက်ပြုတ်ပြီးစီး၍ ရွာဦးကျောင်းသို့ ဆွမ်းချိုင့်ကို ညနေ (၄း၀၀)နာရီတွင် အရက်ဆွမ်းအတွက် သွားပို့သည်။

"ဆရာတော် ဘုရားတပည့်တော် ဆွမ်းချက်ကပ်တဲ့ ငါးဘတ်ကြီး ဝမ်းထဲ က ဒီရွှေနှင့်ပြုလုပ်ထားတဲ့ပတ္တမြားလက်ကောက်တစ်ကွင်း ရပါတယ်ဘုရား။ ဒီလက်ကောက်ကို ဆရာတော်ကြီးပဲ သိမ်းဆည်းပေးပါ ဘုရား"

"အေး - ဒကာကြီး၊ ဒကာကြီး အကုသိုလ်အလုပ်တွေကို စွန့်လွှတ်ဖို့ အချိန်တန်ပြီထင်တယ်။ အခုတစ်ခေါက်မှာ ဒကာကြီးရဲ့ထူးခြားတဲ့အတွေ့ အကြုံတွေက သက်သေဖြစ်နေပြီလေ"

"တင်ပါ့ဘုရား - တပည့်တော်လည်း အကုသိုလ်အလုပ်ကို စိတ်ကုန် နေပါပြီဘုရား။ မကြာခင်အချိန်တော့ ဆရာတော့်ကျောင်းကို တပည့်တော် အပြီးအပိုင် ရောက်မှာပါ။ ဘုရားတပည့်တော်ကို ပြန်ခွင့်ပြုပါဦး ဘုရား"

"အေး - အေး - ဒကာကြီး၊ ညဥ့်လည်းနက်လှပြီ၊ ပြန်တော့ ပြန်ရင်လည်း လမ်းမှန်ရောက်ပါစေ ဒကာကြီးရယ်"

ဦးတင်လည်း အိမ်ပြန်ရောက်တော့ ဘုရားရှိခိုး အမျှအတန်းဝေပြီး အိပ် ပျော်သွားသည်။

"ဦးတင် - ဦးတင် - ဒီမှာ ဧည့်သည်တွေ လာနေတယ်ခင်ဗျ"

"ဟာ - ဘယ်က ဧည့်သည်တွေလဲ၊ ညကြီး မင်းကြီးမှာ -"

ရေနံဆီမီးခွက်ကိုထွန်းပြီး အပြင်ထွက်လိုက်သည်။ အိမ်ရှေ့တွင် မိန်းမ လေးငါးယောက် ရပ်နေသည်။ အပြင်တွင် နေ့လယ်ခင်းအလား လင်းထိန် နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင် – မိုးလင်းနေပြီလား – မဟုတ်သေးပါဘူး ငါ – ခုနကမှ အိပ်တာပါ"

အပြင်တွင် လင်းထိန်နေသဖြင့် ဦးတင် ရေနံဆီမီးခွက်မှ မီးမှုတ်ပြီး အံ့ဩနေသည်။

"အစ်ကိုကြီးကလည်း ကျွန်မတို့နဲ့ ကွဲသွားတာကြောင့် ဘာမှမကြာလိုက်သေးဘူး။ တစ်ခါတည်း အကုန်မေ့သွားတော့တာပဲ"

"အို – သင်းသင်းကလည်း အစ်ကိုကြီးက မေ့တတ်တယ်လေ"

"ဟင် – ယုယကလည်း အခုလောက်ကတော့ မေ့တာ စောလွန်းပါတယ်"

"ကဲ – ကဲ – တော်ကြတော့၊ အစ်ကိုကြီးဆီလာတာ နင်တို့ ငြင်းခုန်နေဖို့ မဟုတ်ဘူး။ လာရင်းအကြောင်း ပြောကြရအောင်"

"ဟုတ်ကဲ့ – မမ၊ ရီရီ – အစ်ကိုကြီးကိုတွေ့ရလို့ ဝမ်းသာလို့ပါရှင်"

အကြီးဆုံးဖြစ်မည့် မိန်းကလေးက ဟန့်တားလိုက်သည်။

"အစ်ကိုဘကြီး – အစ်ကိုက ကျွန်မတို့ရဲ့အစ်ကိုကြီးလေ။ အစ်ကိုကြီးက ယခုလူ့ဘဝကို ရပြီးတော့ ညီမလေးတွေ ကျန်ခဲ့ပါသေးလားလို့ သတိမရဘူး။ ဒါကြောင့် – အစ်ကိုကြီးဆီကို လာပြောရတာ။ အစ်ကိုကြီး ရခဲ့လှတဲ့ လူ့ဘဝမှာ အကုသိုလ်အလုပ်တွေ မလုပ်ပါနဲ့တော့။ အစ်ကိုကြီးမှာ တွယ်တာစရာလည်း ရှိတော့တာမဟုတ်ဘူး။ အစ်ကိုကြီးမိန်းမလည်း မနှစ်ကတည်းက ဆုံးသွားပြီပဲ။ ဒီ ငါးရှာတဲ့အလုပ်ကို စွန့်လွှတ်လိုက်ပါတော့။ ဆရာတော်ပြောသလို ဆရာတော်ဆီမှာ ရဟန်းဝတ်ပြီး သွားနေပါ။ နောက်ပြီး – ညီမလေးတို့ကိုလည်း ဒီဘဝကနေကျွတ်အောင် စေတီလေးတစ်ဆူ ကျွဲတည်းပင်နားမှာ တည်ပေးပါအစ်ကိုကြီး။ တညင်းချောင်းဝနားက ကျွဲတည်းပင်ကြီးနားကို လာခဲ့ပါ။ စေတီတည်ဖို့ ညီမလေးတို့ ပေးပါ့မယ်။ ဆရာတော်နဲ့ လူကြီးတချို့ကိုလည်း ခေါ်ခဲ့ပါ။ ညီမလေးတို့ ဆရာတော်ကိုလည်း လျှောက်ထားပါ့မယ်။ ညီမလေးတို့ သွားတော့မယ် အစ်ကိုကြီး"



"အေး – အေး – အစ်ကိုကြီး ဆရာတော်ကို လျှောက်ထားပြီး စေတီတည်ပေးပါ့မယ်"

"ဦးတင် – ဦးတင် – ဦးတင် – အင်ဟင်၊ ဘယ်သူလည်းဟေ့"

"အေးရီပါ"

"ဟဲ့ – စောစောစီးစီးကြီး ဘယ်သွားမလို့လဲ"

"မြို့တက်ပြီး ကုန်သွားတိုက်မလို့၊ သာယာကုန်းဘက်လမ်းကို ကူးပေးစမ်းပါ"

"ဟဲ့ – ကူးတို့ကူးတဲ့ ကိုအေးကို သွားနိုးပါလား"

"ဦးအေး – နေမကောင်းလို့ မထနိုင်ဘူး။ ဒါကြောင့် ဦးတင်ကို အကူအညီ တောင်းရတာ"

"အေး – အေး – ဒါဆိုလည်း ကူးပေးရတာပေါ့ ဟာ"

အေးရီမ မော်ဘီမြို့တက်၍ ဈေးဝယ်ရန်အတွက် ဦးတင် တစ်ဖက်ကမ်း သာယာကုန်းရွာ ကူးပေးပြီးအပြန် မြစ်လယ်မှ တညင်းချောင်းဝဘက်သို့ ငုံ့မျှော်ကြည့်လိုက်သော် တညင်းချောင်းဝတွင် မီးရောင်များထိန်ထိန်လင်းနေသည်၊ မီးရောင်ထဲတွင် မိန်းကလေးများ သွားလာနေသည်ကို ငိုးတဝါး မြင်နေရသည်။

နံနက် (၇း၀၀) နာရီထိုးတွင် ဦးတင် ဆရာတော်ကျောင်းသို့ သွားပြီး –

"ဆရာတော် – ဘုရားတပည့်တော် လျှောက်တင်စရာရှိပါတယ် ဘုရား"

"ဘာတွေ လျှောက်တင်မှာလည်း ဒကာကြီး။ ညက ညီမတော်တွေနဲ့ တွေ့တယ်၊ ဟုတ်တယ် မဟုတ်လား – ဒကာကြီး"

"တင်ပါ့ဘုရား – တပည့်တော်ကို ညက အိပ်မက်ထဲမှာ စေတီတည်ပေးဖို့ ပြောသွားပါတယ်"

"ကျွဲတည်းပင်ကြီးနားမှာ မဟုတ်လား – ဒကာကြီး"

"ဆရာတော်ကိုလည်း အိပ်မက်ပေးသလား – ဘုရား"

"ဟုတ်တယ် – ဒကာကြီး၊ ဒကာမလေးတွေ ညက ဘုန်းကြီးဆီလာသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"တပည့်တော်ကိုလည်း ဆရာတော်နဲ့ လူကြီးတွေခေါ်ခဲ့ပါလို့ ညတ အိပ်မက်ပေးလို့ လာလျှောက်တာပါ ဘုရား"

"ဟော - ပြောရင်းဆိုရင်း ဦးလှရယ်၊ ဦးမြရယ်၊ ဦးမောင်တင့်ရယ် ရောက်လာပြီပဲ၊ အဆင်သင့်ပါပဲလား - ဒကာကြီးရယ်"

"ကဲ - ကဲ - ဒကာကြီးတို့ လာထိုင်ကြ၊ ဘုန်းကြီး ပြောစရာရှိတာနဲ့ အတော်ပဲ"

"တပည့်တော်တို့လည်း ဆရာတော့်ဆီ လျှောက်တင်စရာရှိလို့ လာခဲ့တာပါ ဘုရား"

"ကဲ - ကဲ - ဒကာကြီးတို့ လျှောက်တင်စရာရှိရင်လည်း လျှောက်တင်စမ်းပါဦး"

"တပည့်တော်တို့ ညက အိပ်မက် မက်ကြတယ်ဘုရား၊ ကလေးမလေး (၅)ယောက်လာပြီး မနက်ကျရင် ဆရာတော်ဆီသွားပါ၊ ဆရာတော် ပြောစရာရှိလိမ့်မယ်ဆိုလို့ တပည့်တော်တစ်ယောက်တည်း မက်တာလည်း မဟုတ်ဘူး ဘုရား၊ ဦးမြနဲ့ ဦးမောင်တင့်လည်း မက်ကြတယ်ဘုရား၊ ဒါကြောင့် ဆရာတော်များ ဘာဖြစ်သလဲလို့ ကျောင်းကို လာကြတာပါ ဘုရား"

"ဟဲ - မောင်သန့်နဲ့ ခင်မောင်ဝင်း၊ တင်သန်းတို့ပါလား၊ မင်းတို့ကလည်း ဘာလာလုပ်ကြတာလဲ"

"တပည့်တော်တို့လည်း ညက အိပ်မက် မက်ပြီး ဘုန်းဘုန်းဆီ တန်းလာခဲ့တာပဲ၊ အိပ်မက်ထဲမှာ ကောင်မလေး (၅)ယောက်လာပြီး မနက်ကျရင် ဆရာတော်ဆီ သွားကြပါ၊ ဆရာတော် နိုင်းစရာရှိတာလို့ ပြောတယ်၊ ဒီ အိပ်မက်ကို မောင်သန်း တစ်ယောက်တည်း မက်တာမဟုတ်ဘူး ဘုရား၊ တပည့်တော်တို့ပါ မက်တယ်ဘုရား၊ ဒါနဲ့ ထူးခြားတယ်ဆိုပြီး ဆရာတော် ဘုရားဆီ လာကြတာပဲ ဘုရား"

"အိမ်း - ဒီလိုပဲ ဖြစ်ကြရမယ်။ ဦးတင် ခင်ဗျား နမတွေကတော့ သူတို့ ကိုယ်တိုင် လူရွေးတော့တာပဲ၊ ညက ဘုန်းကြီးလည်း အိပ်မက် မက်တယ်၊ တညင်းချောင်းဝက ကျွဲတညင်းပင်ကြီးကို သိတယ်မဟုတ်လား၊ အဲဒီကိုသွား



ပြီး ဝေတီတည်ဖို့ ပစ္စည်းတွေယူရမယ်တဲ့၊ ဒကာကြီး ဦးမြင့်က စက်လှေစီစဉ်၊ မောင်သန်းတို့က တူးရွင်းတွေ၊ ဂေါ်ပြားတွေ၊ ပေါက်ပြားတွေ ယူလာခဲ့ကြ၊ (၁၁၀)နာရီထိုးရင် သွားကြမယ်"

တညင်းချောင်းဝရောက်တော့ ကျွဲတညင်းပင်ကြီးကို ထီးတည်းကြီး မြင်နေရသည်။

စက်လှေက ကျွဲတညင်းပင်ကြီးအောက်ဘက်တွင် ဆိုက်ကပ်လိုက်ပြီး သဲပြင်ပေါ်မှ ဆရာတော်ဘုရားက တက်သွားသည်။ ဆရာတော်နောက်မှ ဦးမောင်တင့်၊ ဦးလှ၊ ဦးမြင့်၊ ဦးမြတို့ လိုက်လာကြသည်။ မောင်သန်းတို့က ပေါက်ချွန်းများ၊ ဂေါ်ပြားများကို ယူခဲ့ကြသည်။

ကျွဲတညင်းပင်ကြီးအောက် ဝါးတစ်ရိုက်လောက်တွင် ကုန်းမို့မို့ပြောင်ပြောင်ကလေးဖြစ်နေသည်။ ကျွဲတညင်းပင်ကြီး အနီးတစ်ဝိုက်တွင် မည်သည့်အပင်မှ မပေါက်ကြပါ။ ခပ်လှမ်းလှမ်းတွင် တောစပယ်ရုံများ တောရိုင်းပန်းပင်များ၊ ကြွက်မောက်ပန်းပင်များ၊ စိန်ခြယ်ပန်းရုံများ ပေါက်နေကြသည်၊ သူတို့ နောက်တွင်တော့ ကိုင်းတောကြီးများ ထူထပ်စွာပေါက်ရောက်နေကြသည်၊ တောစံပယ်ပန်းများ၊ တောရိုင်းပန်းများ၊ ရောင်စုံပန်းပွင့်များ၊ ကြွက်မောက်ပန်းနှင့် စိန်ခြယ်ပန်းများ ဖြူနီဝါပြာ ပန်းပွင့်များသည် လေတိုက်တိုင်း လှုပ်ယမ်း၍ ပန်းနံ့များ မွှေးကြိုင်နေသည်။ အနီးအနားတွင် ကျီးပင်ပုကလေးသို့ နဘူးချုံနွယ်များ တက်နေသည်မှာ ဂူလေးတစ်ခုသဖွယ် ဖြစ်နေပြန်သည်။

"ကဲ - ကဲ - မောင်သန့် - ရေကူးတော့ပေ့"

ဆရာတော်ဘုရားက ဆန်မန်းပေါက်ပေါက်များကြဲပြီး ပရိတ်များရွတ်ဆို၍ တောစောင့်နတ်၊ တောင်စောင့်နတ်များနှင့် သက်ဆိုင်သူတို့ကို အမျှများ ပို့သနေသည်။ ထိုအချိန်တွင် ကျွဲတညင်းပင်ကြီးပေါ်မှ အလွန်လှပသော ငှက်ကလေး (၅)ကောင် လာနားပြီး သာယာနာပျော်ဖွယ်အသံလေးများ သွန်ကြူးပြီး ပျော်မြူးနေကြသည်။

မြေကြီး လေးတောင်လောက် တူးမိတော့ -



www.burmeseclassic.com

www.burmeseclassic.com

"ဒုတ် - ဒုတ် - ဒုတ်"

"ဟော - အသံမြည်လာတယ်ဟေ့"

အိုးတစ်လုံးကို ထိသွားသော အသံဖြစ်လေသည်။

ခင်မောင်ဝင်းက မြေစာများ ယက်ထုတ်ပြီး ဂေါ်ပြားနှင့် မြေစာတွေကို တွင်းအပေါ်သို့ ပစ်တင်လိုက်သည်။

"ဟာ - ဒီမှာ အိုးတစ်လုံးပေါ်လာပြီဟေ့။ စဥ့်အိုးမည်းကို အပေါ်တင်လိုက်ဟေ့"

"ဟာ - အောက်မှာလည်း အိုးတွေရှိသေးတယ်ဟေ့"

စုစုပေါင်း (၇)အိုးရသည်။ အစိတ်ဝင်အိုးများဖြစ်သည်။

"ကဲ - ကဲ - ဦးတင် ဖွင့်ကြည့်စမ်း။ ဒါ - ဒကာကြီး နမတွေ ပစ္စည်းပဲ၊ ဒကာကြီးပဲ ဖွင့်ကြည့်လိုက်"

အပေါ်မှာ တင်နေသော မြေစာများကို ဖယ်လိုက်သောအခါ အဝတ်ဖြင့်ပိတ်ထားသည်။ အဝတ်ကို စည်းထားသော ကြိုးကိုဖြေ၍ ဖွင့်လိုက်တဲ့အခါမှာ ဒီအိုးက ရွှေဒင်္ဂါးတွေ အပြည့်ပဲ၊ နောက်အိုးတွေ ဆက်ဖွင့်လိုက်တော့လက်ဝတ်ရတနာက (၂)အိုး၊ ရွှေဒင်္ဂါးက (၃)အိုး၊ ငွေဒင်္ဂါးက (၂)အိုး စုစုပေါင်း (၇)အိုး ရလိုက်သည်။

"အောင်ပြီ - အောင်ပြီ - အောင်ပြီ"

အောင်ပြီဟု အော်လိုက်ကြသည်။ ဦးတင် ဝမ်းသာလှသဖြင့် မျက်ရည်များပင် ကျလာသည်။

တည်းပင်ပေါ်မှ ငှက်ကလေးများက သစ်ပင်ကို လက်ထောက်ထားသော ဦးတင် လက်မောင်းပေါ်တွင် လာနားပြီး ရွှေအိုးငွေအိုးများကိုကြည့်၍ အသံသေးသေးများနှင့် သံပြိုင်အော်ပြီး အဝေးသို့ ပျံသွားကြသည်။

နောက်တစ်လလောက်အကြာတွင် မြို့မှ ပန်းရန်ဆရာများ ခေါ်ယူ၍ ကျွဲတည်းပင်ကြီးအနားတွင် ကိုးတောင်ပြည့်စေတီလေး တည်ထားခဲ့သည်။ စေတီတော်လေးတည်၍ ပြီးခါနီး ဌာပနာပိတ်ပြီး ဆရာတော်ကြီးနှင့် သံဃာတော်များက ငါးပါးသီလပေးပြီး ပရိတ်ပဌာန်းများ ရွတ်ဆိုပြီး အမျှအတန်းပေး လိုက်သောအခါ မကျွပ်အတွင်းမှ သာဓုခေါ်သံများအပြင် ပတ်ဝန်းကျင် တောပန်းပင်များ တောစပယ်ပင်ရုံများ ကျည်းပင်ပုကလေးနှင့် ကျွဲတည်းပင် ကြီးအထက်ဆီမှ သာဓုခေါ်သံများကို မကျွပ်အတွင်းမှ ပရိသတ်များ အတိုင်း သား ကြားလိုက်ကြရသည်။

ဒဟတ်ကုန်းရွာလုံးကျွတ်အပြင် အလိန်လည်ရွာ၊ သာယာကုန်းရွာ၊ ရေ ကွင်းကုန်းရွာ၊ မြို့ရှောင်း၊ ပန်းတောရွာများမှ လူများကို ငါးခြောက်ထောင်း ကြော်၊ ငါးပိချက်၊ ပဲပင်ပေါက်တို့စရာ၊ မဲဇလီဟင်းချိုတို့ဖြင့် ရွာလုံးကျွတ် မီးခိုး တိတ် ကျွေးနိုင်ခဲ့သည်။ ရန်ကုန်မြို့မှ တက်ငှားလာသော စိန်မြင့်နိုင် ဆိုင်းအဖွဲ့ လည်း (၃) ရက် ဧည့်ခံလိုက်သေးသည်။

ဦးတင်လည်း မောမောနှင့် စေတီလေးဘေးက အုတ်ခုံလေးတွင် ခေါင်း ချရင်း မှေးခနဲ အိပ်ပျော်သွားသည်။

"ကိုကြီး - ကိုကြီး - ညီမလေးတို့ သွားကြရတော့မယ်။ ညီမလေးတို့ ကြည်ဘုရားတည်တဲ့ ကုသိုလ်ကို အမျှပေးဝေလို့ သာဓုခေါ်လိုက်တဲ့အတွက် ညီမလေးတို့ ဒီဘဝက ကျွတ်လွတ်သွားပါပြီ။ အဲဒီကုသိုလ်ကြောင့် ညီမလေးတို့ နတ်ပြည်ကို သွားကြရတော့မယ်။ လာခေါ်နေပြီ၊ ဟိုမှာ - ပန်းရထားကြီးတွေ ရောလား အစ်ကိုကြီး။ အစ်ကိုကြီးလည်း အခုချိန်ကစပြီး တံငါအလုပ်ကို ဖြတ်လိုက်ပါတော့။ ဆရာတော်ကြီးနဲ့ပဲ နေပါ။ အစ်ကိုကြီး တက်နိုင်ရင် ကျန်တဲ့ ဘဝကို ရဟန်းဘဝနဲ့သာ သာသနာပြုပြီး နေစေချင်ပါတယ် အစ်ကိုကြီး ရယ်"

ဦးတင် လှမ်းကြည့်လိုက်တော့ လွန်စွာလှပသော ပန်းရထားကြီးပေါ်တွင် ညီမလေးတွေ တက်သွားကြပြီး ပန်းရထားကြီးက လျင်မြန်သော အဟုန်နဲ့ ကောင်းကင်ကို ပျံတက်သွားသည်။

ဦးတင်လည်း ဝမ်းနည်းလာသဖြင့် မျက်ရည်များ ကြလာပြီး -

"ငါ့ကို မထားခဲ့ပါနဲ့ - ငါ့ကို မထားခဲ့ပါနဲ့ - ငါ့ကို မထားခဲ့ပါနဲ့"





www.burmeseclassic.com

www.burmeseclassic.com

အော်ဟစ်ပြီး နောက်မှအတင်း ပြေးလိုက်သွားသော်လည်း ပန်းရထားကြီးက တောင်းတင်ထက်သို့ မြင့်တက်သွား၍ တဖြည်းဖြည်းပျောက်သွားသည်။

=❖=

"ဦးတင် - ဦးတင် - ဦးတင် - ဘာတွေ ယောင်အော်နေတာလဲ၊ အမယ် မျက်ရည်တွေတောင် ကျလို့ပါလား"

ဦးမောင်တင့်က အတင်းလှုပ်ဆွဲပြီး ဆရာတော်ကြီးဆီကို ခေါ်သွားသည်။

"ဟာ - ဒကာကြီး ဒီမှာထိုင်၊ အိပ်မက်တွေ မက်နေတာ မဟုတ်လား"

"ဒကာကြီး - ဒကာကြီး - အရင်ဘဝက ညီမတော်တွေလည်း စေတီလေးတည်ပြီးမှ အဲဒီကောင်းမှုကုသိုလ်ကြောင့် ကျွတ်လွတ်သွားကြပြီ၊ ဒကာကြီးလည်း အကုသိုလ်အလုပ်တွေက ကျွတ်လွတ်သွားပြီပဲ၊ ဒါကြောင့် ဒီစေတီတော်လေးကို အကျွတ်အလွတ် စေတီလို့ခေါ်ကြတာပေါ့၊ ဘွဲ့တော်ကတော့ (လောကမာန်အောင်စေတီ)တော်လေးပေါ့ ဒကာကြီးရယ်"

ဦးတင်လည်း သူ့တဲလေးကိုရော၊ လေှလေးနဲ့ ပိုက်ကွန်ကိုပါ ဆင်းရဲသော မြင့်အေးနဲ့ ရွှေအိတို့ မိသားစုတို့ ပေးပစ်ပြီး ဆရာတော်ကြီး ကျောင်းမှာ ကပ္ပိယကြီးအဖြစ်နှင့် သွားနေသည်၊ စေတီလေးဆီကိုတော့ တစ်ပတ်တစ်ခါ အမှိုက်များသွားရောက် သန့်ရှင်းရေးလုပ်သည်၊ တစ်ခါတစ်ခါ ရွှေဆေးများ ဝယ်ယူပြီး သုတ်လိမ်းပြီး ရွှေသက်န်းကပ်သည်၊

=❖=

တစ်နှစ်လောက်ကြာသောအခါတွင် စေတီလေး ပရဝုဏ်အတွင်း ကျောင်းသင်္ကန်းလေးတစ်ခု တည်ဆောက်ထားသည်၊ ကျောင်းရှေ့ဘုရားပရဝုဏ်အတွင်း တံမြက်စည်းလှဲနေသော ရဟန်းအိုကြီးတစ်ပါးတည်း စေတီလေးကို ဖူးမြော်ရင်း တညင်းချောင်းဝမှ ပန်းလှိုင်မြစ်ကို ငေးကြည့်နေသည်၊



ရဟန်းအိုကြီးမှာ အခြားသူမဟုတ်ပေ၊ တစ်ချိန်က တညင်းချောင်းဝတွင် ငါးအလုပ်ကို လုပ်ခဲ့သော ဘုရားဒကာကြီး ဦးတင်ပင် ဖြစ်ပါတော့သည်၊

"ကိုယ်တော်ကြီး - ကိုယ်တော်ကြီး - ဘာတွေ တွေးနေတာလဲ"

"ဟင် - ဒကာကြီး ဦးမြပါလား၊ ဘယ်က လှည့်လာတာလဲ"

"ဦးပဉ္ဇင်းကြီးစီပဲ လာခဲ့တာ ဘုရား"

"တပည့်တော် ခြံထွက်သီးဖွေး၊ ငှက်ပျောသီးတစ်နိုင် လာလှူတာပါ ဘုရား"

"ဆရာတော်ကြီးကိုရော မလှူဘူးလား"

"ဆရာတော်ကြီးကို မနေ့ကတည်းက လှူပြီးပါပြီ ဘုရား"

"ဦးမြရေ - စေတီလေးရဲ့ဘုရားပွဲတော်လည်း နီးလာပြီမဟုတ်လား"

"အခုဆို - ကိုင်းတောကြီးလည်း ရှင်းလင်းပြီး လမ်းဖောက်ပြီးပြီမဟုတ်လား"

"ကိုင်းတောကြီးကို လမ်းဖောက်လိုက်တော့ ရွာကလူတွေ လာရတာ လွယ်သွားတာပေါ့"

"ကဲ - ကဲ - ဦးမြ ရေနွေးနဲ့ ထန်းလျက်ခဲတွေ မြည်းစမ်းပါဦး"

ဦးမြလည်း ထန်းလျက်တစ်ခဲကို ကောက်ဝါးလိုက်ပြီး ရေနွေးခွက်ကို မှုတ်သောက်လိုက်သည်။

"တပည့်တော်တို့လည်း ဆရာတော်ကြီးနဲ့ တိုင်ပင်ပြီး ဘုရားပွဲကို စည်ကားအောင် ရပ်ရွာက လူကြီးတွေရဲ့ စုပေါင်းစီစဉ်ပါမယ် ဘုရား။ ဦးပဉ္ဇင်းကြီး စိတ်အေးအေးထားပါ ဘုရား"

"ဒါဆိုလည်း ကောင်းတာပေါ့ ဒကာကြီးရယ်၊ ဆရာတော်ဘုရားရယ် ရပ်ရွာက လူကြီးတွေပါ တက်ညီလက်ညီ ဝိုင်းလုပ်ရင် စည်ကားအောင် ဖြစ်မှာပါ"

"နေလည်း အတော်စောင်းနေပြီ ဘုရား၊ တပည့်တော် ပြန်ပါဦးမယ် ဘုရား"

"အေး - အေး - ဒကာကြီး ဦးမြရယ်၊ လူ့အလုပ်က တကယ်လုပ်တာက ကောင်းမှု၊ မကောင်းမှုတွေနဲ့ဆိုတော့ ပြန်ပေဦးတော့ - ဒကာကြီးရေ"



www.burmeseclassic.com

www.burmeseclassic.com

ဦးမြလည်း ညနေ နေဝင်ခါနီး နေလုံးကြီးကို မျက်နှာမူပြီး ရွာဘက်သို့ ပြန်သွားတော့သည်။

ဦးပဥ္စင်းကြီးက ပြန်သွားသော ဦးမြကိုကြည့်ပြီး လူ့ဘဝ၏ရှုပ်ထွေးလှပုံ၊ သားတွေးမှု၊ မယားကျွေးမှုတွေနဲ့ အကုသိုလ်တွေ ဖြစ်ပုံကိုတွေးမိပြီး မိမိကိုယ်တိုင်ပင် ယခင်က မိမိအိမ်သူ သက်ထားဒေါ်ပန်းရှိစဉ်အခါက တစ်နေ့တစ်နေ့ အကုသိုလ်အလုပ်တွေပဲ လုပ်ဖြစ်ကြသည်။ အကုသိုလ်အလုပ်တွေ လုပ်နေရင်း အနိစ္စရောက်သွားသော ဒေါ်ပန်းကို သနားနေမိသည်။

"အင်း - မပန်းလည်း အခုဆို ဘယ်ဘဝတွေတောင် ရောက်နေမလဲ မသိဘူး"

"ဒကာမကြီး မပန်းလည်း ကောင်းရာသုဂတိရောက်ပါစေ။ ဦးပဥ္စင်းကြီး ညစဉ် မေတ္တာပို့ အမျှအတန်းဝေပါတယ်"

မိမိလည်း လူ့ဘဝကို စွန့်၊ အကုသိုလ်အလုပ်တွေစွန့်ပြီး ရဟန်းဘဝကို ရယူပြီးမှပဲ မိမိဘဝအတွက် စိတ်အေးသွားရသည်။ ဒါကလည်း အရင်ဘဝက ညီမလေးများကြောင့်သာ ဦးတင် ကျွတ်ခဲ့ရခြင်းဖြစ်သည်။

ဆရာတော်ကြီးရဲ့မေတ္တာရေကြောင့်လည်း ဦးတင်ဘဝရော၊ အရင်ဘဝက ညီမလေးများပါ မကောင်းတဲ့ဘဝမှ ကောင်းတဲ့ဘဝသို့ပြောင်းလဲရောက်ရှိသွားတော့သည်။

လူတို့ ရခဲလှသော ရဟန်းဘဝကို ရရှိခဲ့တော့သည်။ ညီမတော်စပ်ခဲ့သော ဒကာမလေးများနှင့် မိမိဘဝ လက်တွဲဖော်ဖြစ်ခဲ့သော ဒေါ်ပန်းနှင့်တကွ ဝေနေယျသတ္တဝါများဖြစ်ကြသော သုခိတ၊ ဒုက္ခိတနှင့် မမြင်အပ်၊ မြင်အပ်သော သတ္တဝါများနှင့် အနန္တစကြဝဠာတွင် မှီတင်းနေထိုင်ကြကုန်သော သတ္တဝါများ အယုတ်အလတ် အမြတ်မရွေး၊ အမျှ - အမျှ - အမျှ ယူတော်မူကြပါကုန်လော့။ သာဓု - သာဓု - သာဓု -

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ...

ဓမ္မံ သရဏံ ဂစ္ဆာမိ ...

သံဃံ သရဏံ ဂစ္ဆာမိ ...



ချွင် - ချွင် - ချွင် - ချွင် - ချွင် - ချွင် - ချွင် - ချွင် - ချွင် ...

လေပြေလေညင်းကလေး တိုက်ခတ်လာသဖြင့် စေတီတော်ဆီမှ ဆည်းလည်းသံလေးများက ဦးပဥ္စင်းကြီး၏ရင်ထဲတွင် အေးငြိမ်းသွားတော့သည်။

ဩော် - ကောင်းလေစွ -

ကောင်းလေစွ -

ကောင်းလေစွ -

ကျန်းမာ ချမ်းသာ၍ အေးချမ်းကြပါစေ ...

◆◆◆◆ ကိုဆောင်းဦး (အလိန်လည်ကျေးရွာ)

**စာမူများ** ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com




# ကျောက်မြှုတောင်ကြီး အံ့မွှယ်တည်း

## ကျော် စွာ လင်း

ကျွန်တော်တို့ ဖနီးမောင်နံ့ရောက်ရှိနေသော မန္တလေးမှတစ်ဆင့် ရှမ်း ...တ်နောင်ချိုသွားရန် မန္တလေး၊ မေမြို့ (ယခု ပြင်ဦးလွင်) ဂျစ်ကားဖြင့် ...(၇း၀၀)နာရီတွင်စတင်ထွက်ခဲ့ပါသည်။ မန္တလေး၊ မေမြို့(ယခုပြင်ဦးလွင်) ...သည် အလွန်သာယာသော တောင်တက်လမ်း အကွေ့အကောက်၊ ...မြင့်နှင့် မြင့်၍မြင့်၍တက်သွားရသော ကားလမ်း၊ ယခင်ကတစ်လမ်း ...။ ယခုတော့ အတက်အဆင်း လမ်းနှစ်သွယ်မို့ အန္တရာယ် အတော်ကင်း ...ပြီကော။

...ာ်မိပါသေးသည်၊ ၁၉၆၂ ခုနှစ်၊ မေမြို့(ယခုပြင်ဦးလွင်) အမှတ် (၂)၊ ...တော်လေ့ကျင့်ရေးကျောင်းတွင် အခြေခံစစ်ပညာသင်ရင်းမှ တန်ခူး ...ွဲတော်၏ အကြတ်နေ့တစ်ရက် အပြင်ထွက်ခွင့်၊ သကြံန်လည်ခွင့် ...ိုသို့ လည်ခွင့်ရသော်လည်း သင်တန်းဆရာ တပ်ကြပ်ကျော်နိုး ...၍ ဂျစ်ကားတစ်စီးငှားကာ မြို့ထဲလျှောက်လည်ကြသည်။ ခရက်

www.burmeseclassic.com

သေစာ လုံးဝမသောက်ရ၊ ထိုမှ လည်ပတ်ပြီး မြေပြန့်ကားလမ်းဘေးသို့ ကား ဘရိတ်ပေါက်ကာ ထိုးဆင်းရာမှ ဆရာကျော်စိုး၏ ဝဲဘက်လက်ဖျံအရိုး အက်ဒဏ်ရာရသော်လည်း ကျွန်တော်တို့အားလုံး ထိခိုက်မှုမရှိပါ၊ ထိုစဉ် ကားဆရာ စိုင်းလတ်မှ ပြောလာ၏၊

"အစကတည်းက ပြောတာပ၊ ကားပေါ်မှာ လူကိုးယောက် ပဖအေး၊ တစ် ဆယ်ခေါ်မယ်ဆိုတော့ ဆရာခွင့်မပြု၊ တစ်ခါ မောင်ကျောက်ခဲ (ကျောက်ခဲ တစ်လုံး) ကိုခေါ်မယ်ဆိုတော့လည်း ဆရာက သဘောမတူပဖအေး၊ ဒီနယ်မြေ က ကိုးခရိုင်ပနော့၊ လူကိုးယောက် သွားမရ၊ ဆယ်ယောက်၊ ဒါမှမဟုတ် ရှစ် ယောက်ပ၊ ကိုးယောက်ဆိုရင် တစ်ယောက်ထပ်ခေါ်ရင် အခုလို မဖြစ်ပ"

"ကဲပါ - စိုင်းလတ်ရယ်၊ တို့က စစ်သားတွေပါ၊ ကိုးခရိုင်တို့၊ ကိုးမြို့ရှင်တို့ ဆိုတာ တို့နဲ့ မပတ်သက်ပါဘူးကွ"

"ကောင်းတာပဖအေး - နတွေ့ ခံရတာပ"

"တော်ပါတော့ကွာ"

ကိုးခရိုင်နယ်မြေဆိုသည်ကို သိပါသော်လည်း လူကိုးယောက်ဆိုသည် ကိုတော့ ကျွန်တော်မသိ၊ အောက်ပြည်အောက်ရွာသားပေမို့ နတ်နှင့် ပတ် သက်၍ အလေးမထားမိသည်က အမှန်ပင်၊

ထိုသို့ တွေးတောရင်း ကျွန်တော့်စိတ်တွေနောက်ပါသွားပြီး ကားပေါ်ပါ လူအင်အားကို ရေတွက်မိလိုက်သည်၊ ကားပေါ်တွင် ကားမောင်းဆရာ အပါ အဝင်မှ ရှစ်ယောက်ထဲမို့ စိတ်အေးသွားမိပါသည်၊

မေမြို့ (ယခုပြင်ဦးလွင်) ကား ကျွန်တော် စစ်သင်တန်းတက်ခဲ့သော မြို့အခြေခံ စစ်သင်တန်းပြီး၍ ရေ့တန်းတက်ရောက်ပြီး ၁၉၆၅ - ခုနှစ်တွင် မေမြို့ပညာရေးကျောင်းတွင် ဖွင့်လှစ်ထားသော မြေပုံနည်းပြသင်တန်းလည်း တက်ရ၏၊ တစ်ဖန် ဒဏ်ရာရ၍ မေမြို့ အမှတ် (၂) စစ်ဆေးရုံကြီးမှာတော့ အခေါက်ခေါက်အခါခါ တက်ရောက်ကုသခဲ့ရမှုကြောင့် ကျွန်တော့်အဖို့ စိမ်း မနေသော၊ ချစ်စရာကောင်းသော ပန်းမြို့တော် ဖြစ်ပါသည်၊



"ဒီတောင်ကြီးတွေကို စောင့်ရှောက်တဲ့ ကျောက်ဖြူတောင် ဘိုးဘိုးကြီးရယ်၊ လွယ်မောင်းတောင် ဘိုးဘိုးကြီးရယ်၊ ဟိုကားလမ်းဘေးမှာ အလာတုန်းကတွေ့ခဲ့တဲ့ နတ်နန်းက ကျောက်ဘီလူးမယ်တော်ကြီးရယ်ဆိုတာ မောင်နမ သုံးယောက်လို့ သိရတာပေါ့မျာ"



မေမြို့ (ယခုပြင်ဦးလွင်) ရောက်ပြီးနောက် ဈေးထဲဝင်ကာ ရှမ်းခေါက်ဆွဲ စားကြသည်၊ မစားရသည်မှာ ကြာခဲ့ပါပြီ၊ မေမြို့ရှမ်းခေါက်ဆွဲ ရှမ်းဆန်စီးကား အလွန်ခံတွင်း တွေ့ပါသည်၊ ရှမ်းဆန်စီးနှင့်အတူ ပကာပ်တစ်ခေါ် မုန်ညှင်းချဉ် မှာ ပို၍ခံတွင်းတွေ့သော လိုက်ဖက်သော မုန်ညှင်းချဉ်ဖြစ်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

ထားသောက်ပြီးနောက် မှန်လုံကားကလေးဖြင့် မေမြို့(ယခု ပြင်ဦးလွင်) မှ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုအပိုင် ကျောက်ကျင်းရွာသို့ ဆက်ထွက်ခဲ့ တောင်ပေါ်လမ်း၊ မြေနီနီတောင်ကမ်းပါးယံများနှင့်အတူ ကြီးမားခန့်ထည် သော တပ်တော်စစ်တက္ကသိုလ် အင်ဂျင်နီယာတက္ကသိုလ်ကျောင်းကြီးများ ၌ သစ်လွင်လှပ၏။ ကြီးမားသောအဆောက်အအုံကြီးတွေ လေ့ကျင့်ရေးကွင်း ၏ မြေနီနီပတ်ဝန်းကျင် ပန်းမန်နှင့် အချို့သော အပင်များ၏ စိမ်းစိုနေသော သဘာဝအလှတွေကား ဆေးရောင်စုံပန်းချီကားကြီးသဖွယ် အလွန်တင့် တယ်သာယာပြီး အေးမြမြလွှမ်း၊ အချမ်းပိုပို တောင်ပေါ်လမ်းက ကြိုနေသည် က အမှန်ပင်။

ကားလမ်းမ၏ဝဲယာတွင် တည်ရှိသော အုန်းသားကျေးရွာကြီးကို တွေ့ရ ပြီးသည်နှင့် ရွာအထွက်မှာတော့ လမ်းမ၏ ဝဲဘက်တွင် တွေ့လိုက်ရသည်မှာ နတ်နန်းတစ်ခု။

"အဲဒါ - ကျောက်ဘီလူးမယ်တော် နန်းပ"

နံဘေးမှာ ထိုင်နေသည့် အသက်ခြောက်ဆယ်ကျော် အဘတစ်ဦးမှ လက်ညှိုးပြသည်နှင့်တစ်ပြိုင်တည်း ကားဟွန်းတီးသံ သုံးချက်ကြားလိုက်ရ သည်။ ကားဟွန်းတီးသော်လည်း လမ်းက ရှင်းရှင်းလင်းလင်း၊ ကားလည်း မရှိ။ ဖြတ်ကူးနေသည့် လူ၊ တိရစ္ဆာန်လည်း တစ်ကောင်တစ်မြီးမျှ မတွေ့ရ၊ ထိုအဘမှပင် ဆက်ပြော၏။

"ကားဟွန်းတီးသံ ကြားတာပနော့"

"ဟုတ်ကဲ့ - ကြားတယ်အဘ"

"အဲ့ဒါ ကျောက်ဘီလူးမယ်တော်ကို ဦးတိုက်တာပ။ ကားနဲ့ ဦးတိုက်ဖို့ အချိန်မရရင် ဟွန်းတီးပြီး မယ်တော်ကြီးကို အရိုအသေပြုတာပ။ အန္တရာယ် ကင်းတာပနော့"



"ဟုတ်လား - ဒီကျောက်ဘီလူးမယ်တော်ကြီးက စောင့်ရှောက်တာ ပေါ့နော်"

"စောင့်ရှောက်တာပ အေး၊ မယ်တော်ကြီးက သဘောကောင်းတာပ။ လမ်းရဲ့ဟော့ဒီဘယ်ဘက်က တောင်ကြီးနာမည်က ကျောက်ဖြူတောင်ပ၊ သူ့တောင်အစွယ်မှာ ခွေးအိပ်တောင်ဆိုတာ ရှိသေးတာပ၊ သိပ်နတ်ကြီး တာပ၊ ဟော့ - ဟို ယာဘက်ဒီတောင်ကျောကြီးကတော့ လွယ်မောင်း တောင်တန်းကြီးပ၊ တစ်ဆက်တည်း တောင်ချွန်ကြီးဆိုတဲ့ တောင်ကြီးလည်း ရှိသေးတာပ"

"အဘ - ဒီအပင်တွေက ထင်းရှူးပင်တွေပါလား၊ စိုက်ခင်းလား"

"ဟုတ်ပ - ထင်းရှူးကြိုးဝိုင်း စိုက်ခင်းပအေး"

စကားပြောရင်း ဝဲယာကြည့်ရှုမိတိုင်း အလွန်ပျော်ရွှင်ကြည်နူးဖွယ် ကောင်းသော တောင်တန်းကြီးတွေကား ကျောက်တောင်ကြီးတွေသာဖြစ် သည်၊ ဖြူဆွတ်၍ အနိမ့်အမြင့် အဆင့်ဆင့်ရှိနေလေသော တောင်တန်း ကြီးတွေအကြား ကားလမ်းသည် အနည်းငယ်နိမ့်ဆင်းကွေ့ကောက်ရာမှ တစ်ဖန် ပြန်အတက်မှာတော့ ကျောက်ကျန်းရွာသို့ ဝင်ရောက်ခဲ့လေပြီ၊

ကျောက်ကျန်းရွာတွင် နေထိုင်သော ကိုဝင်းနောင်ကျော်မှ ကြိုဆိုပြီး သူ၏ နေအိမ်ခြံသို့ ခေါ်ဆောင်ခဲ့ပါသည်၊ ကိုဝင်းနောင်ကျော်ခြံမှာ ပေနစ်ရာ ကျော်ကျော် ကျယ်၏။ ခြံထဲတွင် ဖရုံပင်များ၊ ဂေါ်ရခါးသီးစင်များ၊ ပြောင်းဖူး ခင်းမှအစ အသီးအနှံစုံနေ၏။ တစ်ဖန် ခြံပတ်ပတ်လည် စည်းရိုးကာထား သည်မှာကား သူတို့ဒေသလေ့အတိုင်း နေကြာအရိုင်းပင်ကြီးတွေမှာ ပတ် ပတ်လည်စည်းရိုးအဖြစ် ခုနစ်ပေ၊ ရှစ်ပေမျှ မြင့်မြင့်မားမားရှိသလို လှပစွာ ထိန်ထိန် အပွင့်တွေမှာလည်း အံ့သြဖွယ်ကောင်းအောင် ပန်းစည်းရိုးပွ ပါတော့။



www.burmeseclassic.com

www.burmeseclassic.com

ဘောက်ကျွန်းကျေးရွာကား လှပသောတောင်ခြေကျေးရွာ အနိမ့်ပိုင်း အကွေ့အကောက် မြွေကြီးတစ်ကောင်ကဲ့သို့ အလိမ်အကောက်မှ အထက်သို့ တက်ရသည့်အတွက် အထက်စီးရှိကိုဝင်းနောင်ကျော်နေထိုင်သည့် သူ၏ အစ်မကြီးဒေါ်ညွန့်ရီ (ကျောက်ကျွန်းကျေးရွာ၏ ဘွားတော်ကြီး)ခြံဝင်းမှ လာလမ်းသို့ကြည့်လိုက်ရာ အလွန်လှပသော၊ စိမ်းစိုနေလေသော၊ အလှေကျအပင်တွေမှန်သမျှ သူ့အလှ သူ့သဘာဝအတိုင်း ရောင်စုံဝေသီပွင့်နေလေသော ပန်းပင်များနှင့် မြင့်မြင့်မားမား နေကြာရိုင်းပင်ကြီးများကား အရိုးတံဝါဖန့်ဖန့်အရွက်တွေက စိမ်းမြမြ အပွင့်တွေက အဝါရောင် ဘယ်ကိုကြည့်ကြည့် လှပယမင်းပျိုများ၏ဦးခေါင်းဝယ် ပန်းတွေဝေဝေဆာဆာပန်ထားဘိအလား တွေ့ရပါသည်။

ကြည့်မဝရှုမဝ သဘာဝအလှတွေကား ဖန်တီးထားမှုထက် အဆပေါင်းများစွာ သာယာလှပဖွယ်ရာတွေ ဖြစ်နေ၏။ ထိုနေကြာအပင်ရိုင်းကြီးတွေ နွေကာလရောက်လျှင် အပင်လုံး ပေါင်လုံး၊ လက်မောင်းလုံးခန့်တွေခုတ်အခြောက်ထားကာ ဆောင်းကာလရောက်တိုင်း မီးလှုံကြ၏။ အပင်ခြေမှ ခုတ်သော်လည်း မိုးနှင့်ဆောင်းရောက်တိုင်း အရွက်ဖားဖား၊ ပင်လုံးထွားထွားတွေ ပြန်လည်နေရာယူကာ ခြံစည်းရိုးအကာတွေ ဖြစ်ပေသည်။

=❖=

"ဟော့ - ဟိုက တောင်ကြီးဟာ ကျောက်ဖြူတောင်ကြီးလေ။ ဒီအရှေ့ဘက်က တောင်တန်းကြီးတွေကတော့ လွယ်မောင်းတောင်ကြီးနဲ့ တောင်ချွန်ကြီးတောင်ပေါ့"

"ဒီတောင်ကြီးတွေကို စောင့်ရှောက်တဲ့ ကျောက်ဖြူတောင် ဘိုးဘိုးကြီးရှိယ်၊ လွယ်မောင်းတောင် ဘိုးဘိုးကြီးရှိယ်၊ ဟိုကားလမ်းဘေးမှာ အလာတုန်းက တွေ့ခဲ့တဲ့ နတ်နန်းက ကျောက်ဘီလူးမယ်တော်ကြီးရယ်ဆိုတာ ခေါင်နှမသုံးယောက်လို့ သိရတာပေါ့ဗျာ"

"ဪ - ကားပေါ်မှာ ပါလာတဲ့ အဘတစ်ယောက်ပြောတဲ့ ကျောက်ဘီလူးနတ်နန်းဆိုတာလား"

"ဟာ - ဟုတ်တာပေါ့။ ကားဦး တိုက်မှာပေါ့၊ ဟို - ဟွန်းသုံးချက်တီးတယ်လေ၊ သတိထားမိလား"

"ဟုတ်တယ် - ဟုတ်တယ် - ကားဟွန်းသုံးချက်တီးလို့ ကျောက်ဘီလူးမယ်တော်ကြီးကို ဦးတိုက်တယ်လို့ ပြောပြတယ်"

"ခရီးသည်တင်တဲ့ကား၊ ခရီးသွားကား၊ ကားမှန်သမျှ ဦးတိုက်ရတာပေါ့ဗျာ။ မယ်တော်ကြီးက ခွင့်လွှတ်ပြီး ဒီလောက် အကွေ့အကောက်ပေါ်တဲ့လမ်းမှာ ဘာအန္တရာယ်မှမဖြစ်စေဘူး။ အခင်း - သူတော်ကောင်းမယ်တော်ကြီးနဲ့ တောင်ပေါ်တွေမှာ အပိုင်စားရတဲ့ တောင်စောင့်ဘိုးဘိုးကြီးတွေပေါ့"

ကျွန်တော် စကားမပြောဘဲ ပတ်ဝန်းကျင်ကို မမောမပန်း ရှုငေးနေရင်း အမြင်မှာပြီး ပြေးလွှားရောက်လာလေသော လေနုအေးအေးလေးများက တိုးဝှေ့နေသည့်အပြင် မြူနှင်းတွေ ဝိုင်းနေလေသော ကျောက်ဖြူတောင်ကြီးအား ငေးနေမိုက်။

"အဲဒီ ကျောက်ဖြူတောင်ကြီးရဲ့ဘေးက အစွယ်ခွေးအိပ်တောင်စွယ်မှာ ဘုန်းကြီးတစ်ခုက ကျောက်သွားခဲ့တယ်လေ။ သိပ်မကြာသေးပါဘူး။ တစ်နှစ်လောက်ကျော်လောက်ပဲ ရှိမယ်ထင်တယ်"

"ဘာကျောက်တွေလဲ"

"လမ်းခင်းဖို့ ကျောက်ရိုင်းတွေလေ။ အဲဒီကုမ္ပဏီက ခွင့်ပြုချက်အရလမ်းပိုင်းဘာဝန်ယူရတော့ ကျောက်လိုတယ်။ ကျောက်လိုတော့ ခွေးအိပ်တောင်





www.burmeseclassic.com

www.burmeseclassic.com

စွယ်မှာ ကျောက်ခွဲမယ်ဆိုပြီး လူ၊ ပစ္စည်းစုဆောင်းခိုက်မှာ အိပ်မက်ပေးတယ်ဗျ"

"ဘယ်လို အိပ်မက် မက်လဲ"

"ဒီခွေးအိပ်တောင်မှာ မိုင်းမဖောက်ပါနဲ့၊ ကျောက်မခွဲပါနဲ့၊ ခွင့်မပြုဘူး။ ခွဲရင် အန္တရာယ်ဖြစ်လိမ့်မယ်လို့ အိပ်မက်မက်ပေမယ့် သူ့ဒွေးက မရဘူး၊ သူ ခွဲတာမှ မဟုတ်တာ၊ အလုပ်သမားတွေ၊ မိုင်းပညာရှင်တွေ ခွဲရမှာဆိုတော့ နောက်နေ့မှာပဲ မိုင်းခွဲဖို့ ပစ္စည်းတွေ၊ လူအင်အားတွေ စုပြီးတောင်ခြေကို သွားတာပေါ့"

ဦးလုံးဆိုသည့်မိုင်းဆရာဦးဆောင်သော အင်အားနှစ်ဆယ့်တစ်ယောက် ခွေးအိပ်တောင်ခြေရောက်သည်နှင့် ဦးလုံးသည် ကျောက်တောင် အခြေအနေကြည့်ပြီး ကျောက်သားမာသဖြင့် ပဒေသာမိုင်းဆင်ရန် တွေးတောအပြီး -

"ကဲ - စိုင်းအေ - နင်တို့ငါးယောက် ငါနဲ့လိုက်ခဲ့၊ တောင်ပေါ်တက်မယ်၊ မိုင်းငါးလုံးတစ်ပြိုင်ထဲ ခွဲမယ်၊ ကျောက်သားမာပုံရလို့ ပဒေသာမိုင်းပေါ့"

"ကောင်းတာပဒေအး"

ဦးလုံးနှင့် ခြောက်ယောက် တောင်ပေါ်တက်ကြလေပြီ၊ ပေတစ်ရာငါးဆယ်ခန့် တောင်စွယ်ပေါ်ရောက်တော့ မိုင်းငါးလုံးတစ်လုံးနှင့် တစ်လုံးဆယ်ပေခန့်ခွာကာ မိုင်းဆင်ကြပြီး အောက်သို့ ဂါယာကြိုးဆွဲကာ တောင်ခြေရှိ အလုပ်သမားများနှင့် ပြန်ဆုံပြီးသည်နှင့် -

"ကဲ - အပင်ကြီးတွေ ဘေးမှာနေရာယူထားကြ၊ ရွာသားတွေ အထူးဂရုစိုက်ကြ၊ ဒီအပင်ကြီးတွေဘေးမှာ လုံးဝမထွက်ကြနဲ့၊ ငါက ထွက်ကြတော့ ဆိုမှ ထွက်ကြ"

သူ၏ ကျောက်သယ်ယူရေး၊ ဖောက်ခွဲရေးအဖွဲ့တွေ ကောင်းစွာ နေရာယူပြီးသည်နှင့် ဦးလုံးနှင့် မိုင်းဖောက်ခွဲရေး ဒုတိယခေါင်းဆောင် စိုင်းအေတို့သည် စနစ်တကျ ဓာတ်ခဲမိုင်းအား ခွဲကြလေပြီ၊

"ဝုန်း - ဝုန်း"

"ဝုန်း"

"ဝုန်း - ဝုန်း"

မိုင်းငါးလုံးစလုံး ကွဲလေသည်၊ ကျောက်တောင်ကြီးပင် တုန်ခါသလို အပင်ကြီးတွေလည်း လှုပ်ခါယမ်းသွားပြီး ကျောက်တောင်ပေါ်ရှိ အပင်တွေ ခြွင်ရအောင် မိုင်းပေါက်ကွဲမှု၏ မီးခိုးများ၊ ကျောက်ခိုးများ လွှမ်းခြုံသွားလေသည်၊

သို့သော် - ကျောက်တောင်စွန်းဝယ် မိုင်းငါးလုံးကွဲပေါက်သွားပါလျက် ကြည်ဟည်းသော အသံကြီး လွှမ်းခြုံသွားပါလျက် ကျောက်သားများ လုံးဝကွဲကြကာ ပြိုကျသည်မရှိ၊ ပကတိ ခွေးအိပ်တောင်ကား အိပ်နေသော ခွေးပင် ဖြစ်သည်မထင်၊ ထူးခြားမှု လုံးဝမရှိသည့်အတွက် ဦးလုံးနှင့် စိုင်းအေတို့ တစ်ခါကိုမျှကြာအောင် စောင့်ကြည့်သော်လည်း လုံးဝမလှုပ်မရှား မထူးခြား၊

"ဟ - ဘယ်လိုဖြစ်တာလည်း စိုင်းအေ"

"ရော - မသိ၊ ထူးတာပ ဘယ်ကျောက်တောင်မဆို ကျွန်တော်တို့ ခွဲတာနော်၊ ကွဲပြီး ကျောက်တောင်ပြိုတာပ၊ ခုတော့ -"

"ကဲ - ဒီလောက် သတ္တိကောင်းတဲ့ ခွေးအိပ်တောင်၊ ဒုတိယ မိုင်းခွဲမယ်"

"ဗိုင်းအေ - နှစ်လုံးတွဲ ပဒေသာ ဆယ်လုံးပေါ့"

"ရော် - ဆရာလုံး - အခြေအနေစောင့်ကြည့်တာပ၊ ကွဲမလားမသိ"

"ဟာ - စိုင်းအေ အ,တာပဲ၊ ခု - ကြည့် တစ်နာရီလောက်ကြာပြီကွ၊ တောင်ပေါ်ကြည့်လိုက်စမ်း၊ ငှက်တွေတောင် အေးအေးဆေးဆေး ပျံသန်းနေကြတယ်၊ တောက် - ဆရာလုံးအကြောင်း ကောင်းကောင်းသိစေရမယ်၊

www.burmeseclassic.com

တောပိုင်တောင်ပိုင်တွေ မနှောင့်ယှက်ပါနဲ့။ အထက်အမိန့်အရ ဒီချွေးအိပ်တောင်ကို ခွဲရမှာပဲ။ လမ်းခင်းဖို့ ကျောက်လိုနေတယ်ဗျို့ ဟဲ - ဟဲ - ဒုတိယမိုင်းနော်။ သတ္တိရှိရင် ယှဉ်ကြတာပေါ့"

ထိုသို့ ဦးလုံးသည် သူ၏ လက်ရုံးတော် စိုင်းအေးအား ပြောပြီး ကျောက်တောင်ပိုင်ပုဂ္ဂိုလ်များကိုပါ စော်ကားရာရောက်သော စကားတွေဖြင့် အလုပ်သမားတွေရှေ့ဝယ် ရင်ကော့ကာ ရဲရင့်သည့်အသွင် ခါးထောက်လျက် မိုင်းထပ်မံခွဲရန် စီစဉ်ရှိခိုက်။

"ရောင် - ရောင် - ရောင် - ဟား - ဟား - ဟား - ဟား"

"ရောင် - ဟား - ဟား - ဟား - ဟား - အားလုံးဒုက္ခမရောက်ချင်ရင် ရှောင်ကြတာပဒေါ။ ဟား - ဟား - ဟား - ဟား"

"စိုင်းအေ - တို့ အဲဒီအကောင် ဘာဖြစ်တာလဲ။ တောက် - ဒီအကောင်တော့"

"ဟား - ဟား - ဟား - ဟား - ငါက ဒီချွေးအိပ်တောင်ကို အပိုင်စားတဲ့ ကျောက်ဖြူတောင် ဘိုးဘိုးကြီးရဲ့တပည့်ပဒေါ။ နင်တို့ကို ညကတည်းက အိပ်မက်ပေးတာပ။ ဆက်လုပ်ကြည့်ကြ"

"လုပ်မှာပဲဟေ့ - ကဲ - တို့တောင်ပေါ်တက် မိုင်းဆင်မယ်"

ဦးလုံးတို့အဖွဲ့ မိုင်းဆယ်လုံး တက်ဆင်ကြစဉ် ပထမ ဆင်သည့် မိုင်းနေရာ သွားကြည့်သောအခါ အရာပင်မယွင်း။ ယမ်းနံ့ပင် မသင်း၊ အံ့ဩစရာကောင်းသော်လည်း နောက်မဆုတ်စတမ်း ဆက်လုပ်ကြပြီး တောင်ခြေပြန်ရောက်သည်နှင့် ပဒေသာမိုင်းနှစ်လုံးတွဲတွေ ခွဲလိုက်လေပြီ။

"ဝုန်း - ဒိုင်း - ဝုန်း - ဒိုင်း"

"ဒိုင်း - ဝုန်း - ဒိုင်း - ဝုန်း"

"ဒိုင်း - ဝုန်း - ဝုန်း - ဒိုင်း"

ပဒေသာမိုင်းတွေ အကြီးအကျယ် ယခင်ငါးလုံး၊ ယခု ဆယ်လုံးမို့ ကျောက်စမန်းလိလိ ကွဲကြသလို ချွေးအိပ်တောင်တစ်ခုလုံး မှောင်အတိကျသွားရာမှ။

"ဝေါ - ဝေါ - ဝေါ - ဝေါ"

"ဝုန်း - ဝုန်း - ဝုန်း - ဝုန်း"

"ဟား - ဟား - ဟား - ဟား - တွေ့ကြလား။ ကျောက်တောင်ကြီး ကွဲကျလာပြီဟေ့။ ဘာ - ဘိုးဘိုးကြီးတွေလဲ၊ တန်ခိုးပြကြဦးလေ၊ ဟား - ဟား - ဟား - ဟား - ဝါး - ဟား - ဟား - ဟား"

ကျောက်တောင်စောင်းကြီးပေါ်မှ လူးလိမ့်ပြိုကျလာလေသော မိုးခိုး၊ တောင်ခိုးများနှင့်အတူ အပင်ကြီးငယ်တွေပင် ယိမ်းယိုင်လှုပ်ရှားလာသည်မှာ အရှိန်ပြင်းသော ကျောက်သားကျောက်စိုင်တွေတော့ မဟုတ်၊ အလွန်ကြီးမားသော လိမ့်ဆင်းလာသည့် ကြောက်မက်ဖွယ် မြွေကြီးတစ်ကောင်ကား ခုံရထားတွဲကြီးပမာ မျက်လုံးကြီးကား ရာဝင်အိုးခန့် နီနီရဲရဲ ပါးစပ်ကြီးဟထားရာမှ အစွယ်တွေကား လူကြီးတစ်ဦး၏ ပေါင်လုံးခန့်ရှိကာ အလုပ်သမားတွေ ပြေးလွှားကြ၊ လဲပြိုကျလာသော အပင်အကိုင်းတွေ ပိကာ သေသူသေ၊ နောက်ဆုံးခေါင်းဆောင်လုပ်သည့် ဦးလုံးနှင့် စိုင်းအေတို့လည်း နှစ်ယောက်လုံး သေဆုံးသလို လွတ်မြောက်သူ ဆယ်ဦးခန့်မှာလည်း ခြေဦးတည့်ရာ ပြေးလွှားရင်း စိတ်ဝေဒနာပင် ခံစားရလေသည်။

"အဲဒါ - တကယ့်အဖြစ်အပျက်ပါ။ ကျွန်တော်တို့ ကျောက်ကျန်း ကျေးရွာ၊ ချွေးအိပ်တောင်ခြေက နမ့်တိန်းဝမ်းရွာ၊ အုမုခါးကျေးရွာတွေ အားလုံး သိတယ်ဆရာရေ။ ဒီကျောက်ဖြူတောင်ရဲ့တန်ခိုးတွေပေါ့"

www.burmeseclassic.com

"နောက်နှစ်ရက်လောက်ကြာတော့ ရွာသားတွေရော၊ မိုင်းခွဲဖို့ တာဝန်ပေးတဲ့ ကုမ္ပဏီက လူကြီးတွေပေါ့၊ ကျောက်ဖြူတောင် ဘိုးဘိုးကြီးကို ပွဲတင် တောင်းပန်ပြီး ခွေးအိပ်တောင်ပေါ်တက်ကြတယ်"

"ဘာတက်လုပ်တာလဲ"

"ဪ - သေသူတွေ ရှာဖွေရင်း ကျောက်တောင်အခြေအနေကို လေ့လာကြတာပါ"

"ဘာတွေ တွေ့လဲ"

"အသက်မသေတဲ့ အလုပ်သမားတွေပြောတော့ သစ်ပင်တွေကျိုး အကိုင်းတွေကျိုး လဲပြိုတယ်ဆိုတာ မျက်မြင်တယ်ဗျ။ အပင်ကြီးတွေဟာ လူနှစ်ဖက်မက အပင်ကြီးတွေ ခါးလယ်က ပိုင်းပိုင်းကျိုးပြီး ပိသေတယ်ဆိုတာ သူတို့မျက်မြင်နော့၊ ဒါပေမဲ့ တောင်ပေါ်တက်ကြည့်တော့ အပင်တွေ မကျိုးမပဲ့၊ မလဲမပြိုတဲ့အပြင် ချုံနွယ်လေးတွေလည်း ပကတိ ဘာမှမဖြစ်ဘူးတဲ့၊ အလောင်းတွေ တွေ့ပြန်တော့ အပင်ပိသေတာမျိုး မဟုတ်ဘူး၊ ဒဏ်ရာမရှိဘဲ ကြောက်လန့်ပြီး သေကြတဲ့ပုံစံလို့ပြောတာပဲ။ အင်း - ကျောက်ဖြူတောင် ဘိုးဘိုးကြီး သဘောကောင်း ခွင့်လွှတ်တတ်ပေမယ့် ရှေးယခင်က စခဲ့တဲ့ ဘိုးဘိုးကြီးတို့ရဲ့အထိမခံတဲ့ စိတ်ဓာတ်တွေအပြင် တပည့်တပန်းတွေက လက်မရှိသားတွေ ဖြစ်မှာပဲ"

"ဟော့ - ဟိုက လွယ်မောင်းတောင်နဲ့ တောင်ချွန်ကြီးမှာရှိတဲ့ ဘိုးဘိုးကြီးတို့ရဲ့ အံ့ဖွယ်ရာတွေလည်း ရှိသေးပါတယ်။ ကဲ - ဆည်းဆာလည်း ကျသွားပြီ၊ ထမင်းစားကြစို့ - ဆရာရေ"

ကျွန်တော်လည်း ကျောက်ဖြူတောင်ကြီး၏ ရှေးရှေးကသမိုင်းကို မသိသေးသော်လည်း ယခု မကြာသေးမီဖြစ်ရပ်ဆန်းတွေက အံ့သြဖွယ် ဂမ္ဘီရဆန်နေမှုကိုတွေးရင်း တောပိုင်တောင်ပိုင် ပုဂ္ဂိုလ်ကြီးများအကြောင်း စာရေးသူငါအပြောအပြင် မိမိကိုယ်တိုင် ပုဂ္ဂိုလ်ထူးကြီးများနှင့် ကြုံဆုံခဲ့မှုများအား ချွပ်တစ်ပြက်အတွင်း တွေးတောရင်း ရင်ထဲမှ ကျောက်ဖြူတောင်ကြီး၏ အငွယ် ခွေးအိပ်တောင်၏ ထူးခြားဆန်းကျယ်သော ဖြစ်ရပ်တွေအား တအံ့တသြ ရင်တွင်းမှ ခံစားရင်း -

◆➤◆➤ ကျော်စွာလင်း

---

ဆော်ချက်

ခွေးအိပ်တောင် မိုင်းခွဲရာတွင် တာဝန်ယူခဲ့သည့် ကုမ္ပဏီကြီး၏ အမည်နာမများအား ချန်လှပ်ထားခဲ့ပါသည်။

---

(စာရေးသူ)

စာမူရှင်များသို့

ရွေးချယ်သောစာမူများထို ပြန်လည်ဝေးပို့ ခြင်မတော်ပါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com




# ခေါင်းတလားအတွင်းမှ ပျောက်ဆုံးသွားသည့် အလောင်း

## မျိုးသစ်

လူ့ဘဝသည် ဆန်းကြယ်ပေစွ။

တစ်ခါတစ်ခါ မယုံနိုင်လောက်သော အံ့ဩစရာတို့နှင့် ဆုံကြုံဖူး၏။ ည့်မြေးဆက်တိုင်အောင် ပြောစမှတ်ပြုရမည့် အကြောင်းတရားများ နေသည်၊ သို့လင့်ကစား လူအများ စကားဝိုင်းတွင် ချပြောမည်ဆိုလျှင် ကြည်သူများအဖို့ ရယ်သွမ်းသွေးစရာမို့ မပြောမိစေရန် သတိကြီးစွာ ခဲ့ရ၏၊ တချို့က ကိုယ်တိုင် (လက်တွေ့)မြင်ရခါမှ ယုံနိုင်မည်ဆိုသော အဆပေါ်တွင် တစ်ယူသန်ရပ်တည်ပြောဆိုနေကြသည်။ အကယ်၍ တ်ရှင်နေထိုင်ရေးအတွက် (လေ)ကို ရှူရှိုက်နေခဲ့ရသည်ဟု ပြောမည် ာ မမြင်မတွေ့ရသောကြောင့် (မယုံကြည်နိုင်) ပြောကြဦးမည်လား ။

လောကတွင် မဖြစ်သေးသောအကြောင်းတို့သာ ရှိမည်၊ မဖြစ်နိုင်သော ကြောင်းတို့ မရှိပြီ၊ ထို့ကြောင့် အသက်အရွယ်ကြီးရင့်သူ (ဝယဝုဍ္ဎိ) အရွယ် ကြင့် လေးစားအပ်သူတို့၌ ဗဟုသုတ အတွေ့အကြုံများသည်ဟု ဆိုခြင်း

www.burmeseclassic.com

ပင်၊ လောကအတွင်း သက်တမ်းရှည်ရှည်နေရသူတိုင်း ဖြတ်သန်းလာရသော ကျယ်ပြောသည့် ဘဝပင်လယ်ကြီးကို နှိုင်းချင့်စရာ အတွေ့အကြုံများသည် အဖြစ်အပျက်ဟူ၏။

=❖=

ဦးမောင်စန်း အသက်အရွယ်ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါး တစ်ချိန်က ကျောင်းဆရာလေးအဖြစ် စတင်ခဲ့၍ အလယ်တန်းကျောင်းအုပ် ဖြင့် အငြိမ်းစားယူခဲ့သည်။ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ တိုက်နယ်ရွာကြီး တစ်ရွာ၏ ဇာတိသား။ အငြိမ်းစားယူချိန်၌ မြို့ပေါ်တွင် မိသားစုနှင့်အတူ အခြေ တကျ နေထိုင်ခဲ့ပေပြီ။ ဦးမောင်စန်းနှင့် ခင်မင်ရင်းနှီးရာက ငယ်နစဉ် ကျောင်း ဆရာလေးဘဝတွင် တွေ့ကြုံခဲ့သည့် အဖြစ်အပျက်ကလေးအား သိခွင့်ရခဲ့ ခြင်းဖြစ်သည်။ စကားစပ်မိရာမှ ဆန်းဆန်းကြယ်ကြယ် ဖြစ်ရပ်ကလေးများ နှင့် ပတ်သက်၍ ပြောရင်းက ပေါ်ထွက်လာခြင်းပါ။

"ဦးမျိုးကို ဒီအကြောင်းပြောရင် အံ့ဩမယ်၊ ယုံချင်မှလည်း ယုံမယ်။ ဒါပေမဲ့ - တကယ့်ဖြစ်ရပ်မှန် တစ်ခုပဲ။ လူခင်အချင်းချင်း လိမ်ညာပြီးပြောစရာ အကြောင်းမရှိဘူး အမှန်ပါ။ အသက်မရှူ သွေးမတိုးတော့တဲ့ လူတစ်ယောက် သေပြီဆိုပြီး ခေါင်းသွင်းထားခဲ့တယ်။ သင်္ချိုင်းမြေချခါနီး ခေါင်းကို သံရိုက် မယ်အလုပ် ဖွင့်ကြည့်တော့ အလောင်းမရှိတော့ဘူး"

ဦးမောင်စန်းစကားကို ယုံပါသည်။ သူ့အပြောကပင် စိတ်ဝင်စားစရာ။

=❖=

"မောင်လေး - ကိုစန်း၊ ဟဲ့ - မောင်လေး ထစမ်း၊ အမေ ဗိုက်အောင့်နေ လို့၊ လေထိုးတာလား၊ အစာအိမ်ဖြစ်တာလား မသိဘူး"

ကျောင်းပိတ်ရက်နေ့လယ် နေ့ခင်း၌ အိပ်မိခြင်းပါ။ အိပ်မှုန်စုံမွှားနှင့် ကျောင်းဆရာလေး ကိုမောင်စန်း နိုးထလာ၏။ သူ့အစ်မက ပြုံးပြုံးပျာပျာ



"မောင်လေး - ဆရာ သွားပင့်ချည်။ အမေ တအားဗိုက်အောင့်နေတယ်။ မြန်မြန်သွားနော်"

သို့ဖြင့် အစ်မဖြစ်သူ ခိုင်းစေချက်အရ ကိုမောင်စန်း ရေးကြီးသုတ်ပျာ အိမ်မှ ထွက်ခဲ့ရသည်။ လမ်းမှာ တစ်လမ်းလုံး စဉ်းစားလာခဲ့ရာ သွားရမည့် ဆရာအိမ်ကို ဝေခွဲနေမိသည်ဟု ဆိုရမည်။ သူတို့ရွာမှ ထင်ထင်ရှားရှား ဆရာ ...ယောက်သာ ရှိသော်လည်း ကျန်းမာရေးမှူး ဦးခင်ဇော်က လကုန်ရက်မို့ ...သို့ လစာထုတ်ရန်နှင့် အစီရင်ခံစာတင်ရန် သွားနေသောကြောင့် မရှိနိုင်။ ...ပါတည်း မြို့တွင် ကျန်ခဲ့သည့် မိသားစုအိမ်ဝင်လျှင် အနည်းဆုံး နှစ်ရက် ...ရက်တော့ ကြာပေမည်။ တာကြီးတန်းက မြန်မာဆေးဆရာကြီး ဦးပန်းမှုန် ...ယောက်သာ ကျန်တော့သဖြင့် ဦးပန်းမှုန် အိမ်သို့ ဒုန်းစိုင်းရပါသည်။ ...ဆရာကြီး အိမ်ရှေ့အရောက် အိမ်တံခါးတွေ ပိတ်ထားသောကြောင့် (...တ်) ခနဲ ဖြစ်သွားမိ၏။

"ဆရာကြီးတို့ ဖနီးမောင်နဲ့ သူ့ညီရဲ့ရွာကို ရှင်ပြုပွဲခံရှိလို့ သွားကြ ...ယ်။ မနက်ဖြန် နေ့လယ်လောက် ရောက်မယ်"

ခေါင်းရင်းအိမ်မှ လူရွယ်တစ်ဦးစကားကြောင့် ခြေပစ်လက်ပစ်ဖြစ်သွား ...သည်။ ဆရာတွေ မရှိကြလျှင် လတ်လတ်လောလော ဝေဒနာဖြစ်သူများ ...ပေမြိမ့်၊ ကိုမောင်စန်း ဘာလုပ်၍ ဘာကိုင်ရမည် မသိ။ ခက်တော့နေပြီ။ ...ခနဲ ခေါင်းထဲဝင်လာသည်က ရွာအနောက်ပိုင်း ကိုအောင်မြင့်အသုဘ ...မှာ ဆရာတစ်ယောက် သတင်းကြားမိခဲ့သည်။ ကိုအောင်မြင့်က ဗိုးထိ (...ကိုက်) ခံရပြီး သေခြင်းပါ။ ဆရာ ဦးပန်းမှုန်နှင့် ကုသသော်လည်း အခြေ ... မထူးခြား။ ကျန်းမာရေးမှူး ဦးခင်ဇော်က ဆေးထိုးပေး၍ မြို့ဆေးရုံသို့ ...နိုင်းသည့်တိုင် နောက်ကျသွားပေပြီ။ အသုဘပို့စဉ်က သင်္ချိုင်းတွင် ...စောင့်အိမ်၌ နေသူ ဆရာကြီးတစ်ယောက်က သေသူကိုမမြင်ရဘဲ (...မှောင့်အမှား) ပယောဂကြောင့် သေရကြောင်း၊ ဖြစ်ဖြစ်ခြင်း ကုသလိုက် ...နိုင်ဖွယ်ရှိကြောင်း၊ မြွေကိုက်ဒဏ်ရာမှာ အစွယ်ရာ တစ်ချောင်းသာ ...ဖြစ်ကြောင်း စကားစရခဲ့၏။ ရွာတစ်ရွာမှ ကြွေးတောင်းအပြန်အကိုက်

www.burmeseclassic.com

ခံရခြင်းဖြစ်၍ အမှန်ပင်၊ ဒဏ်ရာတွင် အစွယ်ရာတစ်ချောင်းတည်း ရှိသည်ကို အိမ်နီးချင်းများအမြင်၊ ရွာအနောက်နှင့် ရွာတောင်းဖျားအလှမ်းကလည်း ဝေးသဖြင့် ဂယနက သတင်းမကြားနိုင်ပါ။

(ဆန်းတော့ဆန်းသည်)ဟုပြောနေကြသည်၊ အသက်ခုနစ်ဆယ်ကျော်ကျော် လူရည်သန့်အဘိုးအိုတစ်ယောက်ဆိုသည်မှ တစ်ပါး အခြားမသိ။

သချိုင်းအဝင်အိမ်ကလေးမှာ သချိုင်းစောင့် သုဘရာဇာ အုန်းထွေး၏ နေအိမ်ပါ။ ကိုမောင်စန်းတို့ ခပ်ငယ်ငယ်က ရွာကြီးမှာ သုဘရာဇာ မရှိ၊ ရွာသားလုပ်တတ်ကိုင်တတ်သူများကပင် အသုဘရှိလာလျှင် ဝိုင်းဝန်းဆောင်ရွက်ပြီး မြေကျသည်အထိ လုပ်လေ့လုပ်ထရှိ၏၊ ကိုအုန်းထွေး ရောက်လာကာမှ သုဘရာဇာအလုပ်တွေအားလုံး တာဝန်ယူလိုက်၍ အုတ်ဂူကအစ ဆောင်ရွက်ပေးခဲ့သည်၊ ကိုအုန်းထွေးက တစ်ကိုယ်တည်း လူပျိုကြီး၊ ကိုယ်တိုင်ချက်ပြုတ် စားသောက်ပြီး သုသာန်သချိုင်းထဲမှာ အေးအေးနေသည့် လူစား။

ဘုန်းကြီးကျောင်းဝင်းအတွင်း ဖွင့်ထားသော မူလတန်းကျောင်းတွင် ကိုမောင်စန်းက မူလတန်းပြဆရာတစ်ယောက်၊ ကျောင်းမှ ဆက်သွားလျှင် နစ်ဖာလုံခန့်တွင် သချိုင်းရှိသည်၊ ကျောင်းအတွက် လိုအပ်သည့်ကိစ္စများကို ကိုအုန်းထွေး လာကူညီခဲ့ဖူးသဖြင့် ဆရာမောင်စန်းနှင့် သိကျွမ်းခင်မင်နေ၏၊ ကိုအုန်းထွေးက လက်သမားပညာ၊ ပန်းရန်ပညာကောင်းကောင်း ကျွမ်းကျင်သည်၊ ကိုအုန်းထွေးမေးလျှင် ဆရာ့အကြောင်း သိနိုင်ပေပြီ၊ အိမ်အဝင်တွင် ဟစ်၍မေးမိသည်၊

"ကိုအုန်းထွေး ရှိလားဗျို့"

"ရှိပါတယ် - ကျောင်းဆရာ၊ ခုနကပဲ ဈေးက ပြန်ခဲ့တာ၊ ဘာကိစ္စ ရှိလို့လဲ"

"ဆေးဆရာကြီး ဆိုတာ ရှိလား၊ အမေ ဗိုက်အောင့်နေလို့ဗျာ"

"ဟုတ်ကဲ့ - သာမန်ရောဂါ၊ ပယောဂနဲ့ ယှဉ်တဲ့ရောဂါအားလုံး ကုသနိုင်ပါတယ်၊ ဆေးဖိုးလေးကုန်သလောက်သာ ယူတာ၊ ကုတာက စေတနာသက်သက်ပဲ၊ ရောဂါပျောက်ဖို့ တာဝန်ယူတယ်၊ ကျောင်းဆရာရေ"



ပြောပြီး ကိုအုန်းထွေး အိမ်ပေါ်တက်သွားရာ နောက်သို့ ကိုမောင်စန်း လိုက်ပါသွားသည်၊ အသားလတ်လတ်၊ ခေါင်းပေါင်း၊ ပိတ်ဖျင်၊ လက်ရှည်အင်္ကျီ၊ ပုဆိုးကွက်ကျဲ၊ ခန့်ညားသည့် ရုပ်ရည်နှင့် အသက်ကြီးကြီး ပုဂ္ဂိုလ်တစ်ယောက်က ဘုရားခန်းရှေ့တွင် တင်ပျဉ်ခွေထိုင်နေ၏၊ သူ့ရှေ့တွင် ရေနွေးခန်းတစ်ပန်း၊



❛မြွေကုသရာတွင်မူ အဆိပ်ရောပြွန်းနေသည့် သွေးညစ်သွေးပုပ်တို့ကို ရေသန့်သန့်ဇလုံတွင်း အလိုအလျောက် ဆင်းစေသောနည်းဖြင့် ကုသသည်။ လက်ညှိုးဖြင့် ထိုး၍ သွေးပုပ်များ ဆင်းစေသောနည်းကို သက်ကြီးရွယ်အိုတို့ပင် မမြင်ဘူးဘဲ ထူးထူးဆန်းဆန်းဖြစ်နေ၏။❜

www.burmeseclassic.com

"ဆရာကြီး ခင်ဗျား၊ လူနာတစ်ယောက် ကုသပေးဖို့ လာပင့်ပါတယ်။ လူနာရှင် ကိုယ်တိုင်ပါပဲ"

"အေး - အေး - ဆေးလွယ်အိတ်ပေးကွယ်"

အထွေအထူး မပြောဘဲ ဆရာကြီးဆိုသူက ကောက်ခါငင်ခါ လိုက်ခဲ့သည်။ လမ်းရောက်မှ စကားစ၏။

"ကုခွင့်ကြုံရင် ကုပေးရတာပါပဲ။ ဆရာ့ဆီ မလာခင် ရှိမယ်ထင်တဲ့ ဆရာတစ်ဦးဆီ ဝင်သေးမဟုတ်လား။ သူကလည်း အလှူသွားနေတာကိုး"

"ဗျာ" အာမေဋိတ်သံပြုမိသည်။ ရွာတဲနှင့် သချိုင်းမိုင်ဝက်ကျော်ကျော်သို့မဟုတ် ဆရာကြီးဘာကြောင့် သိနေပါလိမ့်။ ဆရာကြီး ဦးအောင်ချမ်းသာနှင့် ကနဦး စတွေ့ကတည်းက ထူးထူးခြားခြားလေးပါ။

ကိုအုန်းထွေး အညွှန်းကောင်းသကဲ့သို့ ဆရာကြီး၏ ဆေးအစွမ်းတထက်သည်မှာ အမှန်။ ဆရာလေး မောင်စန်း မိခင် မီးဖြစ်ဆံခေါင်းရန် ဆေးနစ်လုံး သောက်ရုံဖြင့် ဗိုက်ထဲမှ လေများ တပြုတ်ပြုတ်မြည်၍ လေသက်ပြီး အအောင့်ပျောက်သွားသည်။ ထပ်မံကာ အချိန်မတော်ဖြစ်လာပါက သောက်ရမည့် ဆေးများပေးခဲ့၍ ပြန်သွား၏။ ဆေးဖိုးဝါးခနှင့် ခြေကြွစရိတ်ပေးသော်လည်း လုံးဝလက်မခံ။ ဆေးဖိုးကိုပင် မဖြစ်မနေ အခက်အခဲရှိလာမှ ယူမ သည်ဆို၏။

ထိုအချိန်ကစပြီး ဆရာလေးမောင်စန်းတစ်ယောက် ဆေးဆရာကြီး ဦးအောင်ချမ်းသာကို လေးစားခင်မင်ကာ အဝင်အထွက်ရှိခဲ့ခြင်းပါ။ ဆရာကြီးကို အနီးကပ်လေ့လာမှ ဉာဏ်မမီသော ထူးထူးဆန်းဆန်းတို့ကို တွေ့လာသည်။ ကိုအုန်းထွေးနှင့် ဆရာမောင်စန်းတို့ နှစ်ဦး စကားဝိုင်းကို ဝင်ပြောသည့် စကားတို့မှာ နှစ်ဦးစလုံး၏ အတွေးများအား မပြောသော်လည်း သိနေသည့်ပမာ အံ့ဩစရာ စကားများပါလေ။ ကိုအုန်းထွေးက အစဉ်းသိဓာတ် တစ်ဦးကဲ့သို့ အံ့ဩဟန်မပြလင့်ကစား ဆရာလေး မောင်စန်းအတွက် အဆန်းတကြယ်။ ဆရာကြီး ဆေးကုသရာသို့ ကိုမောင်စန်း လိုက်ခဲ့ဖူး အထူးသဖြင့် ပယောဂကုသရာတွင် ဗဟုသုတရစေရန် လိုက်တတ်သည်။



ဆရာကြီး ဦးအောင်ချမ်းသာ၏ အရောင်ထွက်နေသည့် အလား တောက်ပနေသော မျက်လုံးအစုံကို ပြန်လှန်ကြည့်နိုင်သည့် ပယောဂ ...မိနေသူဟူ၍ မရှိစဖူး။ ပယောဂကုသသူတို့ လက်ကိုင်ထားလေ့ရှိသော ...ပ်စဉ်း၊ ဆေးကြိမ်လုံးတို့လည်း ကိုင်လေ့ကိုင်ထမရှိ။ မေတ္တာရပ်ခံရုံဖြင့် တစ်ဖက်သားမှာ ဖိမ့်ဖိမ့်တုန်ကြောက်ရွံ့ပြီး နောက်ဆုတ်ရသည့် အခြေအနေ။ တချို့သူများမှာ သချိုအတွင်း နေသူမို့ (အောက်လမ်းပညာရှင်) ထင်နေကြ၏။ ဆရာကြီးမှာ ဘုရားရှိခိုး၊ ပုတီးစိပ် တရားထိုင်၍ ပရိတ်ကြီးဆယ့်တစ်သုတ်၊ မဟာသမယသုတ်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသ နှစ်ဆယ့်လေးပစ္စည်း၊ ...ဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်တို့ကို အမြဲရွတ်ဖတ် သရဇ္ဈာယ်နေသူတစ်ဦး ဖြစ်သောကြောင့် အောက်လမ်းပညာသည် မဟုတ်ကြောင်း ဆရာမောင်စန်း ကောင်းစွာသဘောပေါက်သည်။

ရောက်ရာအရပ်တွင် ဆရာကြီးဆေးကုသလျှင် ဦးစွာဘုရားကန်တော့ ...မှ လုပ်ငန်းစတတ်ခြင်းကပင် အောက်လမ်းမဟုတ်ကြောင်း၊ သက်သေခံ ...၏။ အလုပ်တစ်ဖက်နှင့်မို့ ဆရာမောင်စန်း၊ ထင်သလောက် မလေ့လာ ...ခဲ့ပါ။ မြွေကုသရာတွင်မူ အဆိပ်ရောပွန်းနေသည့် သွေးညစ်သွေးပုပ် ...ကို ရေသန့်သန့်ဇလုံတွင်း အလိုအလျောက် ဆင်းစေသောနည်းဖြင့် ကုသ ...ည်။ လက်ညှိုးဖြင့် ထိုး၍ သွေးပုပ်များ ဆင်းစေသောနည်းကို သက်ကြီး ...ိုတို့ပင် မမြင်ဘူးဘဲ ထူးထူးဆန်းဆန်းဖြစ်နေ၏။ တစ်ယောက်ကာစ ...ရာ နာမည်ကြီးလောက်စရာ။ သို့သော် ဆရာကြီး ဦးအောင်ချမ်းသာ ...ခုနစ်ဆယ့်နှစ်နှစ်တွင် ကွယ်လွန်သည်။

သချိုင်းတွင်းက ရုပ်အလောင်းဖြစ်၍ ထွေထွေထူးထူး ပြင်ဆင်နေစရာ ... အိမ်ရှေ့လေးတိုင်စင်ပေါ် ခေါင်းသွင်းပြီး အလောင်းတင်ထားသည်။ ...ောင်စန်း၊ ကိုအုန်းထွေးကို အစစကူညီခဲ့ရ၏။ သချိုင်းအတွင်း အသုဘ ...နေသောကြောင့် မလွဲမရှောင်သာသူတချို့သာ လာကြသည့်တိုင် ...သန်းခေါင် မနေ။ ညဦးယံတွင် ပြန်ကြသည်က များပေမည်။ ...တွင် အလုပ်ပျက် အကိုင်ပျက် မလာနိုင်ကြပါ။ ကျိုးတိုးကျဲတဲ မိန်းမများ ...သာသည်မှတစ်ပါး ပရိသတ်များများစားစား မရှိ။



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး သေပြီးနောက် ကိုအုန်းထွေး အစီအစဉ်ဖြင့် နေ့ရှင်းခေါင်းသွင်းခဲ့၏။ အလောင်းကို အရပ်ဓလေ့ဖြစ်သော ရေချိုးပေးခြင်းမပြုဘဲ ကွယ်လွန်စဉ်ကအတိုင်း အဝတ်အစားများကို ဝတ်ဆင်ထားစေသည်။ ထူးထူးခြားခြား ဆရာကြီး ဦးအောင်ချမ်းသာမှာ ခရီးထွက်မည့်သူတစ်ဦးပမာ ဝတ်စားထားပြီး အသက်ဖြတ်သွားခြင်းပင်။ နေထိုင်မကောင်းလည်း မဖြစ်။ ရောဂါဝေဒနာ ခံစားရခြင်း မရှိပါဘဲ ညဦးအိပ်နေစဉ်က ပကတိအကောင်းသား။ နံနက်တွင် အသက်မရှူ။ သွေးမတိုးတော့ဟု ကိုအုန်းထွေးက ပြောပြသည်။ ဘုရားကျောင်းဆောင်ရှေ့မျဉ်ပြားတွင် ထုံးနှင့် ရေးသားထားသည်က (တစ်ရာ့ရှစ် ယောက်ပြည့်ပြီ) ဆိုသော စာတမ်း။

=❖=

"ဆရာကြီး မသုံးခင် ဆေးကုပြီး အပြန်မှာ ရေးတာဗျ။ ဘာအဓိပ္ပာယ်လဲ တော့ အသေအချာမသိဘူး။ ကုသခဲ့တဲ့ လူမမာတွေ ဖြစ်နိုင်တယ်"

"ကိုအုန်းထွေးက ဆရာကြီး ဆေးကုနေတာ အသိဆုံးပဲဟာ။ လူတစ်ရာကျော် ရှိလို့လား။ ဒီမှာ ဒါလောက် မရှိနိုင်ဘူးလေ"

"ဒီရွာဟာ ကိုးရွာမြောက် နောက်ဆုံးရွာတဲ့။ အရင်ကုခဲ့တာတွေလည်း ရှိမှာပေါ့။ ကျွန်တော့်ကို မပြောခဲ့ဘူး။ ကျွန်တော်ကလည်း မမေးဘူး။ သူ့အလုပ် သူလုပ်၊ ကိုယ့်အလုပ် ကိုယ်လုပ်ပါပဲ"

"ဒါဖြင့် ကိုအုန်းထွေးနဲ့ ဆရာကြီးက ဆွေမျိုးမတော်ဘူးပေါ့၊ ဆရာ တပည့်လည်း မဟုတ်ဘူးလား"

"ဘာမှ မတော်စပ်ပါဘူး။ ဆရာတပည့်တော့ ဟုတ်မယ်၊ ဘယ်ဘဝက ဆရာလည်းတော့ မပြောတတ်ပါဘူး"

"ဟာ – ခင်ဗျားစကားကလည်း အဆန်းပဲ"

"ဟုတ်တယ် – ကျွန်တော့်ဇာတိက အညာ၊ မင်းဘူးမှာ နေတယ်။ ရွှေစက်တော်ဘုရားမှာ ရသေ့တစ်ပါးက မင်းဆရာ လာလိမ့်မယ်၊ ဒီကို သွားဆိုလို့ လာခဲ့တာပါ။ ကျွန်တော့် သားချင်းတွေ မင်းဘူးမှာ ရှိတယ်"



(ထူးထွေတည့်အံ့ရာသော်) ပြောရမတတ် ကိုအုန်းထွေးတို့ ဇာတ်လမ်းမှာကြားသူ မျက်စိလည်သွားနိုင်ပါသည်။

"သူ့သေရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ဆရာကြီးက မှာပြီးသား။ သူခိုင်းတဲ့အတိုင်း လုပ်နေတာပါ။ သူ့အထပ်ထပ် မှာသွားတယ်၊ မလွဲစေနဲ့တဲ့"

လူတစ်ယောက်အဖို့ သူ့သေမှာ ကျိန်းသေသိမှ မှာနိုင်ကြားနိုင်မည် မဟုတ်ပါလား။ ကံတရားအားဖြင့် သူ့အရင်သေမည်၊ ကိုယ်အရင် သေမည် ခွဲခြားသိစွမ်းနိုင်ခြင်း မရှိပေ။ ဘာလုပ်ပါ၊ ဘာကိုင်ပါ၊ အပ်ကျပ်မတ်ကျ ပြောနိုင်ခဲ့ခြင်းသည်ပင် ဆန်းကြယ်မှုတစ်ခု။ သေမည့်နေ့ သိနေရော့လား။

ဆရာကြီး၏ အလောင်းကို ခေါင်းသွင်းစဉ်ကတည်းက သတိပြုမိသည်မှာ ကိုယ်ခန္ဓာတောင့်တောင့်တင်းတင်းမရှိ။ သက်ရှိစဉ်ကအတိုင်း ပျော့ပျော့ ပျောင်းပျောင်း၊ သာမန်အိပ်စက်နေသူတစ်ဦးကို မြင်နေရသည့်နယ်။ အသက် မရှူ သွေးမတိုးတော့သည်သာ ခြားနား၏။ ကိုအုန်းထွေးမှာ အဖော်ရသဖြင့် နှစ်ရက်မြောက်နေ့တွင် လာစောင့်အိပ်ပေးခဲ့သည်။ မနက်ဖြန်ဆို ဆရာကြီးအလောင်း မြေမြှုပ်သင်္ဂြိုဟ်တော့မည်။

"ဒီည သည့်သည်တွေ ရောက်မှာဗျ"

ကိုအုန်းထွေး စကားများက ရယ်စရာ။ သချိုင်းထဲ ဘယ်ဧည့်သည်က ရောက်လာဦးမှာလဲ။ ညကိုးနာရီခန့်တွင် လူသူတော်နှစ်ဦးနှင့် ရသေ့တစ်ပါး ဆိုင်းတွင်း ဝင်လာကြ၏။ ဆရာကြီး ခေါင်းစင်ရှေ့တွင် နာရီဝက်နီးပါး ရပ်ပြီး ပြန်ထွက်သွားကြ၏။ တစ်ဦးတစ်ယောက်မှ စကားမပြော။ ဧည့်သည်ဆိုတာ သူတို့တွေပဲလား မသိပြီ။

"ဆရာလေး – အိပ်ချင်အိပ်တော့လေ၊ ကျွန်တော် မအိပ်ရသေးဘူး။ အလုပ်ရှိသေးတယ်"

ကိုအုန်းထွေး ပါးစပ်က ပဟေဠိစကားထွက်လာသော်လည်း မမေးဖြစ်။ အိပ်ချင်စိတ်ကြောင့် မျက်ခွံများ လေးလံလာ၏။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားမိသည်။ လန့်နိုးလာမိသည်က ညနှစ်နာရီကျော်ကျော်၊ လူသူ ... ကိုအုန်းထွေး အိမ်ရှေ့တွင် အလင်းရောင်တစ်စတစ်စ ဝင်လာ၏။

www.burmeseclassic.com

ထိန်ထိန်ညီးသော အလင်းရောင်က ခေါင်းမှထွက်လာခြင်းပါ။ ဆရာကြီး အလောင်းကိုဦးချနေစဉ် ဘာကြောင့်မှန်းမသိ ဆရာလေးမောင်စန်းကလည်း ဦးချမိသည်။ ထိုးစည်သံလား၊ ကြေးစည်သံလား ခွဲခြားမသိသော အသံတို့မှာ အထက်ဆီကြားနေရ၏။ လမိုက်ညတစ်ညတွင် သချိုင်းတွင်းမှ လူနှစ်ယောက် နှင့် အလောင်းတစ်လောင်း၊ တစ်စတစ်စ အလင်းရောင်တို့ မှေးမှိန်သွားပေ ပြီ၊ ထွန်းညှိထားသော မှန်အိမ်တစ်လုံးသာ လင်းလျက်၊ ညကပကတိမှောင် မြဲ၊ တိတ်ဆိတ်ငြိမ်သက်မြဲ။

"ရောင်နီ လာပြီ ဆရာလေး ထတော့"

"ဘာလုပ်မှာလဲ – ကိုအုန်းထွေး"

"ဆရာကြီး အခေါင်းကို မြေမြှုပ်ရမယ်"

"ဟာ – မနက်အစောကြီး ရှိသေးတာပဲ"

"ဟုတ်တယ်၊ ဆရာကြီးက အစောကြီး မြှုပ်ရမယ်တဲ့"

"ဗျာ"

ဆရာလေး ကိုမောင်စန်းတစ်သက် စောစောစီးစီး ချသည့် အသု ဒီတစ်ခါသာ ကြုံဖူးသည်။ ကိုအုန်းထွေးကို ဆရာကြီးက ပြောခဲ့သည့် လွဲလွဲချော်ချော် မဖြစ်စေချင်၊ ဝိုင်းဝန်းကူညီရန် အိမ်ပေါ်မှ ဆင်းခဲ့၏။

"ကဲ – ခေါင်းကို မသယ်မီ သံရိုက်ရဦးမယ်၊ ဆရာလေး အလောင်း ဦးမလား။ နောက်ဆုံး ကြည့်ခြင်းပေါ့ဗျာ"

(ကိုအုန်းထွေးက မနက်စောစော အော်ဂလီဆန်စရာတွေ လျှောက် နေပြန်ပါပြီ၊ ဒီလူ စိတ်မှ ကောင်းသေးရဲ့လား။) ဆရာလေး မောင်စန်းစိတ် တွင် ဖြစ်နေမိ၏၊ သို့စဉ်လျက် ကိုအုန်းထွေးကို ဒေါသမဖြစ်။

"ဆရာလေး ကြည့်လေ၊ ကြည့်ပါဗျ – ခေါင်းဖွင့်ထားတယ်"

ကိုအုန်းထွေး ပါးစပ်က ကြည့်ပါဆိုသည့်တိုင် မကြည့်လျှင် လန့် စိုးထိတ်ရာ ရောက်နေမည်၊ မထူးတော့ပြီမို့ ခေါင်းထဲကြည့်လို သည်၊ ခေါင်းထဲတွင် ဗလာသက်သက်။

"ဟိုက်"

"ဟုတ်တယ် – ဆရာကြီးရဲ့ အစီအစဉ်ပဲ၊ အဲဒါလည်း ပါတယ်။ ကဲ – သံ ရိုက်ပြီး ခေါင်းကို မြှုပ်လိုက်ကြစို့"

သုဘရာဇာ ကိုအုန်းထွေးနှင့် ဆရာလေး မောင်စန်းတို့ လူသေမပါသော ခေါင်းကြီးကို မြေမြှုပ်လိုက်ကြသည်၊ ရှစ်ရက်မြောက်နေ့တွင် ကိုအုန်းထွေး တစ်ယောက် ရွာကြီးမှ ထွက်သွားသည်ကိုသာ သိလိုက်ရပြီး ယနေ့ထက် တိုင် ပြန်လည်မဆုံစည်းတော့ပါလေ၊ နှစ်ပေါင်းက (လေးဆယ်ကျော်) သွား ပြီ သို့တိုင် အဖြစ်အပျက်တို့ကို သတိရနေဆဲ။

သဗ္ဗေသတ္တာ ကမ္မသကာ . . .

မျိုးသစ်

စာ ရှုရှင် များ သို့

'ဝန္ထုရဝွဝင်း' တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင် များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များ အနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင် စာအုပ် ထုတ်ယူနိုင်ရန် ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂမ္ဘီရမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com




...တ်အဒ္ဒိတ်ခါးပေါက်ဝတွင် “စာရေးအလိုရှိသည်”ဟု ...ဆေးဘက်တူပြားတစ်ချပ်ပေါ်၌ မလှမပလက်ရေးနှင့် ...ရေးထားသော ကြော်ငြာဆိုင်းဘုတ်ကို မမြင်တွေ့ရမီ ...ညီးခိုဆောင် ပိုင်ရှင်ကိုသာ အလျင်တွေ့မိပါမူ ...ညီးခိုဆောင်” အတွင်းကို ဝင်မှဝင်ဖြစ်ပါမည်လားဟု

www.burmeseclassic.com

www.burmeseclassic.com

# အရိပ်တစ္ဆေ

## ဧရာ

သို့သော် - အိတ်ကပ်ထဲမှ ပိုက်ဆံဆို၍ တစ်ပြားတစ်ချပ်မျှ မရှိသည့် ကျွန်ပ်အဖို့ "ကံလေးများ မ,စလိမ့်မည်လား" ဟု မျှော်လင့်ချက်ဖြင့် ဟန်ပင် မဆောင်နိုင်တော့ပေ။

"အပြင်မှာ မြူနှင်းတွေ တော်တော်ကျနေတယ်ထင်ပါရဲ့"

တည်းခိုဆောင်ပိုင်ရှင် ဒေါ်နီပိုးနှင့်ပတ်သက်ပြီး တစ်ခုခုတော့ စိတ်ဝယ် ခံစားမိလင့်ကစား စာလုံးများဖြင့် အဓိပ္ပာယ်ပြည့်စုံအောင် ရေးသားမဖော်ပြ တတ်ပေ။ ကျွန်ပ်၏ ဘဝတစ်လျှောက် သူ့လောက်နီးနီး ဝသူများကို မတွေ့ မြင်ဘူးပါ။ လူပုံက အရပ်ပုပျပ်ပျပ်နှင့် ကိုယ်အလေးချိန် ပေါင်နှစ်ရာအောင် လျော့မည်မဟုတ်နိုင်။ ထို့ကြောင့် နှစ်ထပ်တိုက်ခေါင်မိုးနှင့် ကပ်လျက် ထပ်ခိုးကျဉ်းကျဉ်းကလေးထဲမှာ ကိုယ်ပိုင် "စံအိမ်" အဖြစ် သူ ကျောက်ချ နေတတ်သည်ကို အလွယ်တကူ နားလည်နိုင်ကြမည် ဖြစ်ပါ၏။

"အရင်က စာရေးလုပ်ခဲ့ဖူးသေးသလား - ဘုန်းဆန်း"



ကျွန်ပ်ကို သူ မေးမြန်းလေ့လာနေခြင်းဖြစ်သည်။ သူ့အလသံက ခပ်ပျော့ ပျော့နှင့် စူးလှသည်။ သူ့လို တုတ်ဖီးဖီးခန္ဓာကိုယ်ကြီးနှင့် မလိုက်ဖက်အောင် အသံသေးသည်။ အကြောင်းမှာ သူ့အသံသည် စူးလှသည်နှင့်အမျှ တစ်ဖက် သား ရင်ထဲအထိပင် တိုးဖောက်သွားနိုင်လောက်ပါသည်။ နားထောင်နေသူ ၏ ဘဝင်ကို ကိုင်လှုပ်နိုင်ပေသည်။

"မလုပ်ဖူးပါဘူး။ ဒါပေမဲ့ - စာရေးနိုင်၊ ဖတ်နိုင်ပါတယ်။ ပြီးတော့ ဂဏန်း သင်္ချာလည်း နည်းနည်းတော့ တတ်ပါတယ်"

ကျွန်ပ် ဖြေလိုက်သည်။

သူသည် ကျွန်ပ်အား ဖျတ်ခနဲ တစ်ချက် စိုက်ကြည့်လိုက်ပြီး . . .

"မင်း - အတန်းကျောင်းနည်းနည်းပါးပါးတော့ တက်ဖူးတာ သေချာပါပြီ။ အကြောင်းမလှလို့ ပညာဆုံးအောင် မသင်နိုင်ခဲ့ဘူး ထင်ပါရဲ့"

ကျွန်ပ် ဝန်ခံလိုက်ပါသည်။

သူသည် ကျွန်ပ်ကို စိုက်ကြည့်ရင်း တေးသွားတစ်ပုဒ်ကို ညည်းလိုက် သည်။ သူ ဆိုညည်းလေ့ရှိသော သီချင်းတစ်ပုဒ်ကို နောက်ပိုင်းကျမှ ကျွန်ပ် မိနိုင်တော့သည်။ လှေတော်သားများ၏ လှေတော်သံကြွေး သီချင်း ပုဒ်ဖြစ်သည်။ သည်လောက် ဆင်ခန္ဓာကိုယ်ကြီးမှာ မျက်တောင်တိုတို မျက်ခွံများသာ တဖျတ်ဖျတ်ခတ်လျက်ရှိသည်ဟု ဆိုနိုင်လောက်သည်။ အသက်မှ ရှူနေသေးပါရဲ့လား။ မည်သည့်စိတ်လှုပ်ရှားစရာမျိုးမျှ သူ့အား ရင်ဖုံးအင်္ကျီမှာ အနားတွန့်များနှင့် ကလေးဂါဝန်နှင့် တူလှသည်။ အမြင် ဆင်တော်နှင့် ခလောက်ပမာ ဖြစ်နေသည်။

သူ၏ မျက်လုံးများသည် ရဲတင်းစွာနှင့်ပင် ကျွန်ပ်အား သိမ်းကျုံး၍ အကဲ ခတ်လျက်ရှိသည်။ ထူးထူးဆန်းဆန်း မလှုပ်မယှက်ခန္ဓာကိုယ်ကြီး အပြည့် ထိုင်နေရာ ကုလားထိုင်လက်တန်းများပေါ်တွင် သူ၏ ဝတစ်တစ်လက် ထားသည်။ သူ့ကိုကြည့်ရင်း ကျောချမ်းချင်ဖွယ်ရာပင်။ ရက်စက် ကြွတ်မှု ပုံပန်းသဏ္ဌာန် စိုးမိုးနေခြင်းကြောင့်တော့မဟုတ်။ စိတ်ပိုင်း ဖြင့် သူသည် တစ်နည်းမက အဖက်ဖက်မှ မနှစ်မြို့ဖွယ်ရာ အော နှင့် ကျောချမ်းဖို့ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com

"တို့ တည်းခိုဆောင်ရဲ့ဖောက်သည်တွေဟာ"

သူ ရုတ်ခြည်းတည်ငြိမ်စွာဖြင့် ပြောလိုက်သည်၊ ဟန်ဆောင်ပြုံးတော့ ပြုံးထားသည်၊

"အမြဲတမ်းတော့ လူကောင်းသူကောင်းတွေ ဖြစ်ချင်မှဖြစ်မယ်၊ ဘုန်းဆန်း – ကြမ်းကြမ်းတမ်းတမ်းတွေက များတယ်၊ သူတို့ဟာ ဇာတ်မင်းသားတွေလို ပျော့ပျော့ပျောင်းပျောင်းတော့ မထင်လိုက်နဲ့၊ ပြီးတော့ ငါ့လိုပုံစံမျိုးလည်း ဟုတ်မှာမဟုတ်ဘူး"

သူ ဟက်ခနဲ ရယ်ချလိုက်သည်၊ သူ၏ ဆင်စွယ်နွားကိုယ်ကြီးမှာ လှိုင်းကလေးယှဲ့ယှဲ့ လွန့်ရုံလွန့်သွားသည်၊ မြင်ရသူအဖို့မူ ကျောစိမ့်စရာပင်၊

"ဒါတော့ – ကျွန်တော် တတ်နိုင်ပါတယ်"

"အင်း – ဖြစ်နိုင်ကောင်းပါရဲ့ – ဖြစ်နိုင်ကောင်းပါရဲ့ ကြည့်ရဦးမှာပေါ့လေ၊ ဘုန်းဆန်း – မင်းလုပ်ရမယ့်တာဝန်က လွယ်လွယ်ကလေးပါ၊ တည်းခိုဆောင်စာရေးတွေ လုပ်ရမယ့်အလုပ် မင်း သိထားရလိမ့်မယ်၊ တို့တည်းခိုဆောင်မှာ ညအိပ်နေနိုင်တဲ့လူ ဖြစ်ရမယ်၊ ဧည့်သည်တွေကို ဧည့်စာရင်းမှတ်ပုံတင်စာအုပ်မှာ လက်မှတ်ထိုးခိုင်းပါ၊ တစ်ခါတစ်ခါကျတော့လည်း သူတို့အကြောင်း တစ်မျိုးမျိုးပြပြီး ငြင်းချင်ငြင်းတတ်တယ်၊ ဒါတွေကို အရေးမလုပ်ပါနဲ့၊ ဧည့်စာရင်းမှတ်ပုံတင်စာအုပ်ကို တစ်ပတ်တစ်ကြိမ် ငါ့ဆီယူလာပြီး ပြပါ၊ ငါ စစ်ဆေးကြည့်ချင်တယ်၊ ဝင်တဲ့ငွေကိုတော့ နည်းနည်းများလာရင် ဘဏ်က ငါ့ငွေစာရင်းထဲ သွားထည့်ရမယ်၊ ငါ ဘယ်ဧည့်သည်ကိုမှ လက်ခံတွေ့မှာ မဟုတ်ဘူး၊ ကဲ – ခုချက်ချင်းပဲ အလုပ်ဝင်တော့"

စကားဆုံးဆုံးချင်း သူသည် လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်၊

ကျွန်ုပ်အား ထိုထပ်ခိုးဆီသို့ ပို့ပေးခဲ့သူ အဘိုးကြီးပင် ကျွန်ုပ်အား အောက်ဆုံးထပ်သို့ ပြန်ခေါ်လာခဲ့သည်၊ ကျွန်ုပ် ထိုအလုပ်ကို ယခုပင် စဝင်ရမည်ဟု ဒေါ်နီပိုးက သူ့အား မှာကြားလိုက်ခဲ့ပြီး ဖြစ်သည်၊

ကျွန်ုပ်မှာ ယခုနေရာဝန်းကျင်သစ်နှင့် ဝင်ဆံ့အောင် ဖြန်းစားကြီး ကြိုးစားလိုက်ရပါသည်၊ ဦးကြွယ်ဟုခေါ်သော အဘိုးကြီးသည် တံခါးပေါက်ဝထ



ဆိုင်းဘုတ်ကို ဖြုတ်သိမ်းပြီး သေချာစွာ ပြန်လည်သိမ်းဆည်းလိုက်သည်ကို မြင်ရသည်၊ ထိုဆိုင်းဘုတ်အား မကြာမီ လိုအပ်နိုင်ကောင်းမည်မှာ သံသယ ဝင်စရာမလိုဟု တွေးထင်ထားဟန်တူသည်၊

ဧည့်စာရင်း မှတ်ပုံတင်စာအုပ်ကို ကျွန်ုပ် လှန်ကြည့်လိုက်သည်၊ အတော်ပင် ဟောင်းနွမ်းနေပြီဖြစ်သည့် စာအုပ်ကြီးဖြစ်သည်၊ ထိုစာအုပ်၏ ထိပ်ဆုံးစာမျက်နှာတွင် တစ်စုံတစ်ယောက်၏ လက်ရေးဖြင့် "နားခိုရာ တည်းခိုဆောင်" ဟု ရေးမှတ်ထားသည်၊ တည်းခိုခန်းများမှာ အထပ်နှစ်ထပ် အဆောင်တွင်ရှိသည်၊ အပေါ်ထပ်တွင် ဆယ်ခန်းရှိပြီး အောက်ထပ်မှာ ငါးခန်းရှိသည်၊ တစ်ဖန် အောက်ထပ်၌ စားဖိုခန်း၊ ရုံးခန်းနှင့် ဝန်ထမ်းများအတွက် အခန်းသုံးခန်းထားပေးသည်၊ အခန်းငယ် တစ်ခန်းမှာ ဦးကြွယ်၏ အခန်းဖြစ်ပြီး နောက်တစ်ခန်းမှာ ချက်ပြုတ်ရေးနှင့် သန့်ရှင်းရေးတို့အတွက် ခန့်ထားသော လင်မယားစုံတွဲတစ်တွဲ နေထိုင်ကြသည်၊ နောက်ဆုံးတစ်ခန်းကား ကျွန်ုပ်နေထိုင်ဖို့ ဖြစ်ပါသည်၊ ထို့ပြင် ဧည့်သည်များ တစ်ပတ်လောက်ထိကြာအောင် မတည်းခိုကြသည်မှာ ထင်ရှားသည်၊

ရုံးခန်းမှာမူ အထက်တန်းကျပုံ ရှိနေလင့်ကစား ဟောင်းမြင်းလှပြီဖြစ်သည်၊ ညစ်ပေးခြင်းတော့မရှိ၊ သို့သော် - သန့်ရှင်းရေးလုပ်ကြပုံ မပေါ်ပေ၊ [illegible]ကြာသန့်စင်ခြင်းလည်း ရှိဟန်မတူ၊ ပြတင်းပေါက်မှန်များနှင့် တံခါးမ[illegible] မှန်ချပ်များဝယ် အစက်အပြောက်များနှင့် ဖုန်အစင်းရာများ ရှိနေကြသည်၊ အဆောက်အအုံတစ်ခုလုံးမှာ သေချာဒက်ထိ ပြောနိုင်သည့် ရွှံ့ရေနှင့် ရေပုပ်ပျော့ကို တစ်ခါတစ်ခါရနိုင်သည်၊ ရန်ကုန်မြစ်ကြီးနှင့် လက်တစ်ကမ်း အကွာတွင် တည်ရှိသည်၊ ညအချိန်များ၌ ထိုရနံ့သည် နှင်းမြူများနှင့်အတူ ရောပြီး တည်းခိုဆောင်ကို နေရာမလပ် လွှမ်းခြုံပေးထားလျက်ရှိသည်၊

ဦးကြွယ်သည် အရပ်မြင့်ပြီး ပိန်ကပ်လှသည်၊ အလွန်အိုစာ၍ ပုပုံဖမ်းကြည့်နေဟန် ပေါက်သည်၊ ကျွန်ုပ်အနီးသို့ တစ်ခါတစ်ခါရောက်လာပြီး [illegible]ရှိခဲ့သည်နှင့် ရုံးခန်းကိုပိတ်ဖို့ သတိပေးတတ်သည်၊ ထို့နောက်

www.burmeseclassic.com

ပိုင်းအချိန်၌ ကျွန်ုပ်တို့ ညွှန့်သည်တစ်ယောက် သို့မဟုတ် အများ အပြန် နောက်ကျပြီး ဆူဆူညံညံနှင့် တံခါးဖွင့်နိုင်းကြသည်ကို နားစွင့်ထားရသေး သည်။

တည်းခိုဆောင်တစ်ခုက စုတ်ချာချာရုံးခန်းထဲမှာ စာရေးစာချီတစ် ယောက်လောက် ငြီးငွေ့ဖွယ်ရာအဖြစ်မျိုး တခြားတစ်နေရာတွင် ရှာတွေ့နိုင် မည်မထင်ပေ။ ထို့ပြင် လူ့အသိုင်းအဝန်းထဲက လေလွင့်သူများကိုသာ နားခို လှည့်ပါဟု လက်ကမ်းခေါ်နေသယောင် အခြေအနေမျိုးသာ ရှိပုံရသည်။ ဘဝ ကို ခါးသီးနာကြည်း၍ စိတ်ဓာတ်ကျနေကြသော သဘောသာ အများစုလာ ရောက်တည်းခိုကျင်လည်ကြရာ အဆောက်အအုံဖြစ်သည်။ သူတို့သည် ကမ်းရိုးတန်းတစ်လျှောက်ဒေသများက လူတွေဖြစ်ကြပြီး ရန်ကုန်ရောက် နိုက် ခပ်ရှုပ်ရှုပ်ရပ်ကွက်များတွင် တရစ်ဝဲဝဲ ကျက်စားနေကြသူများဖြစ်သည်။ ရှက်ကျင်ပမာ ကြွေချင်ရာကြွေ၊ လွင့်ချင်ရာလွင့် လမ်းပျောက်နေကြသူများ တည်း။

တစ်စုံတစ်ဦး အထူးသဖြင့် မနစ်သက်နိုင်သည့် အခြေအနေတစ်ရပ် ၌ လူတစ်ယောက်အနေနှင့် အခြေခံအားဖြင့် ပျော့ညံ့ကာ မိမိကိုယ် ယုံကြည်စိတ်လျော့ပါးလာလေ့ရှိသည်။ ဘဝဝယ် ဘယ်လိုအခြေအနေမျိုး ရောက်နေပါစေ၊ ဆေးစက်ကျရာ ဘဝသည့် မတင့်တယ်ပါမူ ပျော့ညံ့ သည် သဘာဝအလျောက် မကျေနပ်ချက်သို့ ကူးပြောင်းသွားတတ်သည် ထိုအခါ တခြားဘာမဆို လက်ရှိအခြေအနေထက် ပိုကောင်းလာ သည်ဟု ယုံကြည်စိတ်ကိုသာ တိုးပွားလာစေသည် မဟုတ်ပါလား။

တည်းခိုဆောင်မှာ ဖတ်စရာစာအုပ်များ ရှိစေကာမူ အမြဲလို မဟုတ်ပေ၊ မကြာမြင့်မီမှာပင် ကျွန်ုပ်သည် ပုံစံခွက်ထဲက ရေပမာလို လဲမှု သိပ်မရှိပေ။

သို့သော် ဒေါ်နီပိုး၏ ဖတ်စရာစာအုပ်များ ရှိစေကာမူ အမြဲလို မဟုတ်ပေ၊ မကြာမြင့်မီမှာပင် ကျွန်ုပ်သည် ပုံစံခွက်ထဲက ရေပမာလို လဲမှု သိပ်မရှိပေ။



သို့သော် ဒေါ်နီပိုး၏ ထပ်ခိုးအခန်းဆီသို့ တစ်ပတ်တစ်ကြိမ် သွားရောက် တွေ့ဆုံရစဉ်မှာ မဆွေက နိစ္စဓူဝ ပုံစံခွက်နှင့်လားလားမျှမတူတော့ပေ၊ ဒေါ်နီပိုး၏ အခြေအနေ ဘယ်တော့မျှ အပြောင်းအလဲ မရှိလင့်ကစား တစ် ကြိမ်နှင့်တစ်ကြိမ် မသိမသာ ခြားနားမှုများကို သတိပြုမိလာသည်၊ သို့သော် သူ၏ ပုံပန်းသဏ္ဌာန်သည် ပြောင်းလဲမှု လုံးဝမရှိ၊ သူ့အား စတွေ့စဉ်ကလိုပင် ဘာမျှမထူးခြားပေ။

ကျွန်ုပ်ရောက်သွားတိုင်း သူသည် ဧည့်စာရင်းမှတ်ပုံတင်စာအုပ်ကို ...မ်း၍ယူသည်၊ အသစ်တိုးဝင်လာသူများကို စစ်ဆေးကြည့်လေ့ရှိသည်။

"ကိုမောင်တင်"

သု နေးကွေးစွာ အော်ဖတ်လိုက်သည်။

"သူ့ပုံစံက ဘယ်လိုလဲ၊ မြင့်မြင့်လား၊ ပုပုလား"

"အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး၊ ဆံပင်နီကြောင်ကြောင်နဲ့ လမ်းလျှောက်ရင် ...နည်း ထော့နဲ့ထော့နဲ့နိုင်တယ်၊ နှုတ်ခမ်းမွေး သဲ့သဲ့နဲ့ စက်လှေနဲ့ စစ်တွေ ...နဲ့ ရောက်လာတာ"

"ကိုလှမြင့် – အင်း – သူ့ပုံစံက ဘယ်လိုလဲ"

"ပုပုဝဝ၊ မော်လမြိုင်က ဘီးလစ်စာရေးကြီးတဲ့၊ အသားမည်းမည်း၊ ...တော်တော်ဖွာတယ်၊ မွန်သံ တော်တော်ဝဲတယ်၊ ရုံးကိစ္စနဲ့ ရောက်လာ ..."

"ဆော်တယ် – ဘုန်းဆန်း"

...သူ ခုံဝန်ရုံခါ ချီးမွမ်းတတ်သည်။

"...င်း ပုလိပ် (ထိုအချိန်က ရဲ အသုံးအနှုန်း မတွင်ကျယ်သေးပါ) လုပ် ...တာပဲ၊ မင်း စေ့စပ်တာကို ငါ သဘောကျတယ်"

...ခါက်တိုင်းတွင် ဒေါ်နီပိုးသည် ထိုစကားများကိုချည်း ထပ်တလဲလဲ ... ပြောနေသည်၊ သူ၏ မျက်ပေါက်ကျဉ်းကျဉ်းမျက်လုံးများနောက် ...၍ ကျွန်ုပ်အား ရယ်သွေးလှမ်းနေရှာသလားဟုပင် ယူဆမိပါ ...ဧည့်စာရင်း စာအုပ်ကြီးအား စစ်ဆေးကြည့်ပြီးတိုင်း သူအဘော်ကြီး

www.burmeseclassic.com

စိတ်သက်သာရာ ရသွားဟန်ရှိသည်ကို မြေကြီးလက်ခတ်မလွဲ ကျွန်ုပ် အာမခံ ပြောနိုင်သည်။

သူ ယခုလို လုပ်ဆောင်ပြီးနောက် စိတ်ချလက်ချ ကျေနပ်မှုဖြင့် အဆုံးသတ်သည်ချည်းဖြစ်ရာ သူ ဒုက္ခခံ၍ ဒါတွေ ဘာကြောင့် လုပ်နေရသလဲဟု ကျွန်ုပ် မကြာခဏ တွေးမိ၏။

တစ်ချိန်တုန်းက သူသည် စကားရေပက်မဝင်အောင် ပြောတတ်သည်ဟု သိရသည်။ ယခုမူ ထူးဆန်းခြားနားစွာပင် နှုတ်ရည်နည်းလှသည်။ သူ့ဆီက ကျွန်ုပ် ကြားဖူးထားတာတစ်ခုရှိသည်။ လွန်ခဲ့သည့် တစ်ဆယ့်နှစ်နှစ် သို့မဟုတ် ထိုကာလလောက်နီးနီးတုန်းက သူ့မှာ မြိတ်မြို့၌အလားတူ တည်းခိုဆောင်မျိုးဖွင့်ခဲ့သည်ဟု ကျွန်ုပ်သိခဲ့ရသည်။ သူနှင့်သူ၏ခင်ပွန်းဦးတိုးအောင်တို့ ဦးစီးပြီး ဖွင့်လှစ်ခဲ့ကြသည်။ ထို့နောက်ပိုင်းမှာမူ သူ ရန်ကုန်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

"ဒါဖြင့် - ဦးတိုးအောင် ရော ဘယ်မှာရောက်နေသလဲ"

ကျွန်ုပ် ပြန်၍ စပ်စုလိုက်ခဲ့သည်။

"အား - ဘယ်သူမျှ မသိဘူး။ မသိဘူး၊ မသိကြဘူးလေ ဘုန်းဆန်း"

ထိုသို့ ပြောလိုက်ပြီးနောက် သူသည် ကျွန်ုပ်နှင့်ပြောဆိုရမည့်ကိစ္စ ပြီးဆုံးဟန်ဖြင့် မျက်လုံးများကို စုံမှိတ်လိုက်ကာ ကုလားထိုင်ပေါ်တွင် လျှောလျှောရဲရဲ မှီထိုင်လိုက်တော့သည်။ မလှုပ်မယှက် ကျောက်ရုပ်သဖွယ် ဖြစ်သွားလင့်ကစား သူ၏ ခပ်ထူထူနှုတ်ခမ်းအစုံသည် တရွရွလှုပ်လျက် တစ်ခါတစ်ခါ ဆိုညည်းတတ်သော လေ့တော်သားများ၏ လေ့တော်သံကြွေးတေးသွားအလိုက် စာသားကို ညည်းနေသည်။

ယိုယီးလေး - ယိုယီးလေး -ဟော့
တစ်သွေးတစ်မွေး ပဲ့နင်းထိန်းချိန်
ပဲ့စင်ကာကျ ပဲ့ကိုင်ကြွ
လော်တယ်ဟော့-လော်တယ်ဟော့ ...
လေ့တော်သားတို့ အလျှော်မပေး
ရေပျော်သားမျိုး နဒီစိုးသဟော့ . . .



တည်းခိုဆောင်တွင် သာမန်အခြေအနေမဟုတ်လင့်ကစား စိတ်အားရှုံ့ အပြောင်းအလဲကလေးများ ဖြစ်ပေါ်လာတတ်သည်။

တစ်ခါတစ်ခါ အင်းစိန် စီအိုင်ဒီစုံထောက်အဖွဲ့မှ အရပ်ဝတ်ဖြင့် ပုဂ္ဂိုလ်များ ရောက်လာတတ်သည်။ သူတို့သည် တစ်စုံတစ်ယောက်အား အလိုရှိ၍လာရောက်ခြင်းဖြစ်သည်။ ပျှမ်းမျှအားဖြင့် နှစ်ပတ်တစ်ကြိမ်မျှ လာကြသည်။

ရံဖန်ရံခါလည်း ဧည့်သည်တချို့သည် တည်းခိုနေရာက အကြောင်းကြား၊ ဘာမကြားဘဲ ရှောင်တခွင် ထွက်သွားတတ်ကြသည်။ နောင် ဘယ်တော့မျှလည်း ပြန်မလာပေ။ တချို့က လက်ဆွဲအိတ်ကိုပင် ထားရစ်ခဲ့ကြသဖြင့် ကျွန်ုပ်တို့အဖို့ သူတို့ပြန်လာနိုးနှင့် သိမ်းဆည်းထားရသည့် တာဝန်သာ ပိုလာသည်။ ပြန်လာကြသည်လည်း မဟုတ်ပေ။

နင်းမြူဝေဆိုင်းချိန်များ၌ မထင်မှတ်တာတွေ ဖြစ်လာတတ်သည်ဟု ဆိုပြန်သည်။ လက်သည်မပေါ်နိုင်သော အမှုအခင်းတွေလည်း ဖြစ်နိုင်ကြသည်ဟု ဆိုပြန်သည်။ လုယက်မှု၊ လူသေအလောင်းတွေ့မှုနှင့် တစ်ကြိမ်တစ်ခါ သေကြောင်းကြံစည်မှုများကို ထိုတည်းခိုဆောင်၌ ဖြစ်ပွားခဲ့ဖူးကြသည်။ သို့နှင့် မြူခြေဆိုင်းသည့် ညချမ်းချိန်ခါများတွင် ကျွန်ုပ်မှာ အပြင်ထွက်ချင်စိတ်မရှိ။ နေ့လယ်ပိုင်းအချိန်များကျတော့လည်း ငြီးငွေ့ဖွယ်ကောင်းလှသည်။

တစ်ဖန် တည်းခိုဆောင်သည် အဆင်ပြေသော ရပ်ကွက်ပတ်ဝန်းကျင်၌ ရှိသည်မဟုတ်ပေ။ အဲ - ထို့အတွက် ကောင်းလောက်နိုင်ရုံရှိပါသည်။ ကျွန်ုပ် အဆင်ပြောရခြင်းဖြစ်သည်။ သို့သော် ယခုလိုဖြစ်သည့်အတွက် ကောင်းသည်ဟု မဆိုသာပြန်ပေ။

ဒေါ်နီပိုးကျတော့မူ မြိတ်ကဲ့သို့ သာမန်မြို့တစ်မြို့၌ပင် သူ့အတွက် ပို၍ကောင်းသောနေ့များ ပို၍သာလွန်ပြန်သော စီးပွားရေးအခြေအနေမကောင်းခဲ့ထွန်းခဲ့သည်ဟု ကျွန်ုပ် ကြားသိရပြန်၏။

မြိတ်မြို့တွင်လည်း ယခု ရန်ကုန်မှာလိုပင် အဆင်ပြေသော ရပ်ကွက်၌ ရှိသည်မဟုတ်။ အံ့သြဖွယ်ရာ အရပ်လက္ခဏာဖြစ်ဟန်တူသည်။ ဖြစ်ရပ်စုံဖွယ်



www.burmeseclassic.com

www.burmeseclassic.com

ရာရှိသည်။ ဘဝဖြစ်ရပ်ဆန်းများသည် စိတ်ကူးယဉ်ဆန်လှသည်။ ဝေးလံသီခေါင်လှသော အရပ်များက ဖြစ်ရပ်များသည် ဘယ်သောအခါမျှ ဖြစ်ရပ်မှန်မဟုတ်ပေ။ သို့သော် အံ့ဩစရာကောင်းလောက်အောင် စိတ်လှုပ်ရှားဖွယ်ကောင်းကြသည်။

ဒေါ်နီးပိုးသည် ဘာကြောင့် မြိတ်မြို့ကို ကျောခိုင်းခဲ့ပြီး ရန်ကုန်တွင် လာ၍အခြေချနေရပါသလဲ။ တစ်ဖန် ရပ်ကွက်အများအပြားရှိပါလျက် ဘာကြောင့်ယခုလို ခပ်ရှုပ်ရှုပ်နေရာကို ရွေးချယ်ပြီး နေရပါသလဲ။ သို့သော် ယခုလိုရပ်ကွက်မျိုးတွင် သူ ကျေကျေနပ်နပ်ကြီး အခြေချနေပုံမှာ သိသာလှသည်။ ဘာဆင်ခြေမျှ မပေး။ ရံဖန်ရံခါကျမှ ယခင်ကထက် နွမ်းပါးသည်ဟု မရှိးမသား ညည်းတွားတတ်သည်။ အကြောင်းမှာ ယခုလို ခပ်ရှုပ်ရှုပ်နေရာတွင်နေဖို့မလိုအပ်အောင်ပင် ဘဏ်က သူ့ငွေစာရင်း၌ ဂဏန်းအရေအတွက်ငါးလုံးမျှ အမြဲရှိနေသည်။ အချိန်မရွေး ထုတ်ယူသုံးစွဲနိုင်သည့် ငွေသာဖြစ်သေးသည်။ ထိုခေတ်ထိုအချိန်က ငွေသုံးသောင်းငါးထောင်ထက် ပိုလွန်၍ပိုင်ဆိုင်နေသည်မှာ သူဌေးဟုပင် ဆိုနိုင်လောက်ပါပေ၏။

သူ့အပေါ် အရိပ်ထိုးနေဟန်ရှိသော စိုးရွံ့ထိတ်လန့်နေမှုကို ဖယ်ရှားသုတ်သင်မပစ်နိုင်သည့် အရိပ်အယောင်များကို တွေ့မြင်နေရသည်။ ထိုဖြစ်ရပ်သည် သူ၏ ပင်ကိုယ်ကြောက်ရွံ့တတ်သောစိတ်ကြောင့်လော။ သို့တည်းမဟုတ် ဖုံးကွယ်ထားသည့် အခြားအကြောင်းတစ်ခုခုကြောင့်လော။ စိတ်အပြောင်းအလဲမြန်ခြင်းသည် စက်ဆုပ်မှုနှင့် မုန်းတီးမှုတို့ကို ဖန်တီးတတ်သည်။ ထိုအခါ ကြောက်ရွံ့ထိတ်လန့်မှု၏ အရင်းအမြစ်ကို ဖော်ထုတ်နိုင်ရန်တစ်ခါတစ်ရံ ခဲယဉ်းလှသည်။

တစ်ည ကျွန်ုပ်၏အခန်းသို့ဦးကြွယ်ရောက်လာပြီး ဒေါ်နီးပိုး တားမြစ်ထားသော စည်းကမ်းချက်တစ်ချက်ကို ပြောပြသည်။

"ဒေါ်နီးပိုးက မင်း ဝိုင်အရက်မသောက်စေနဲ့လို့ ငါတို့မှာလိုက်တယ်။ ဒီတည်းခိုဆောင်မှာ ဝိုင်အရက်မရှိစေရဘူး၊ ဒါဟာ နားခိုရာတည်းခိုဆောင်ရဲ့ မဖြစ်မနေ လိုက်နာရမယ့် အထူးစည်းကမ်းပဲ"



ထိုကိစ္စကို ဒေါ်နီးပိုးအား ဖွင့်မေးကြည့်သည့်အခါ...

"ဒါ - မှန်တယ်၊ ဝိုင်ဆို ငါသည်းမခံနိုင်ဘူး - ဘုန်းဆန်း၊ ဘီယာရတယ်၊ ...ကီရတယ်၊ ဂျင် မင်းကြိုက်ရင် သောက်၊ မနီ၊ ထန်းရည် ကိစ္စမရှိဘူး။ ...ပမဲ့ - ဝိုင်ဆိုရင်တော့ ငါသည်းမခံဘူး"

ဒေါ်နီးပိုးသည် သူ၏ ထပ်ခိုးလေးထဲမှာ ဝိုင်စိုးသခင်ပမာ စံနေ၏ဟု ...သော် မှားအံ့မထင်ပေ။ သူ၏ ကိုယ်ရေးကိုယ်တာ အစွဲသန်မှုသည် ပင်ကို ...ဝါမှုကို မဖုံးမှိန်စေပေ။ တုဖက်ကင်းစွာဖြင့် အညွန့်မကျိုးနိုင်သော ...သန်ချက်တို့ဖြင့် ထိုတည်းခိုဆောင်ကို စီမံအုပ်ချုပ်နေသူဖြစ်သည်။

ကျွန်ုပ်၏ ခံစားချက်အရ သူသည် မိုးခိုရာ တည်းခိုဆောင်ဖြစ်၏။ မိုးခိုရာ ...ခိုဆောင်သည်လည်း သူဖြစ်ပေ၏။

တစ်ခါတစ်ရံ ညဘက်များမှာ ကျွန်ုပ်၏ နီးကြားစိတ်နှင့် အိပ်ချင်စိတ် ...လွန်ဆွဲနေခိုက် ဒေါ်နီးပိုး၏ သေးငယ်ငယ်မျက်လုံး၊ ဖြောင့်စင်းသော ...သာ ကိုအလယ်မှာခွဲလျက် ပုလဲနားကပ်ပန် နားနစ်ဖက်ကို ဖုံးနေအောင် ...ထားဟန်ပုံသဏ္ဌာန်သည် ကျူးကျူးကျော်ကျော် မသတီစရာနယ် ... ထင်မြင်ယူဆမိသည်။ ရန်ကုန်မြစ်ကမ်းမှ မြူခြည်ပမာ သူ၏ အဆင်း...ဏ္ဌာန်သည် အဆီးအတား တံတိုင်းအထပ်ထပ်ကိုပင် စိမ့်ဝင်ပျံ့နှံ့ကုန် ... အကြိုအကြားမကျန် အစွမ်းအစပြ၍ ငြိမ်သက်နေသော လေထုဝယ် ...နေစေတော့သည်။

=❖=

...နိ်ပ် အလုပ်စဝင်ပြီးနောက် ဆယ့်တစ်ပတ်နီးပါးခန့် ကြာမြင့်လာပါ ...အားစိမ့်လှသော ဆောင်းညဦးယံ၌ မြိတ်မြို့က ထွက်ခွာလာသည့် ...တစ်စီးမှ အသက်ခပ်ကြီးကြီး သဘော်သားတစ်ယောက် တည်းခိုဖို့ ...လာသည်။ သူ၏ ရုပ်ရည်နှင့် စကားလေသံကို အကဲခတ်၍ ထားဝယ် ...စ်ယောက်ဖြစ်သည်ဟု ခန့်မှန်းနိုင်သည်။ သူ၏ မေးချွန်ချွန်ဝယ်



www.burmeseclassic.com

www.burmeseclassic.com

မှတ်ဆိတ်မွေးဖုတ်သိုက်စုကလေးမှာ သူ၏ ထင်ရှားလှသော ရုပ်သွင် လက္ခဏာဖြစ်သည်။ အသက်အရွယ်အားဖြင့် ငါးဆယ်ကျော်ခန့်ရှိပါလိမ့်မည်။ ကျွန်ုပ်နှင့် တည်းခိုဆောင်တည်ရှိရာ ရပ်ကွက်ကို မကြိုက်။ သို့သော် တခြားသွားတည်းလည်း မဖြစ်ဟု ပွင့်ပွင့်လင်းလင်း ညည်းတွားလိုက်သေးသည်။

"ကျုပ် ဒီတစ်ညပဲ တည်းမယ်"

သူ့ထားဝယ်သံကို မနည်းနားစိုက်၍ ထောင်ရသည်။

"ဦးက ထားဝယ်သားလား"

"စစ်စစ် - ရေမရောဘူး။ ဒါပေမဲ့ - ဘိတ်(မြိတ်)မှာ ကြီးပြင်းတယ်"

သို့နှင့် ဒေါ်နီပိုးကို ကြားဖူး၊ သိဖူးပါသလားဟု သူ့အားကျွန်ုပ် စပ်စုလိုက်မိသည်။ ဒေါ်နီပိုး မြင်နိုင်ကြားနိုင်သည့်နေရာ မဟုတ်သဖြင့် ကျွန်ုပ်မေးဝံ့ခြင်းဖြစ်သည်။

"မနီပိုးလား"

သူ ရယ်ကျဲကျဲနှင့် မေးမေးပြောပြော ဆက်ပြောသည်။

"ကျုပ်သိတဲ့ အမျိုးသမီးလားတော့ မဆိုနိုင်ဘူး။ နာမည်ကလည်း ခပ်ဆန်းဆန်းမို့ပါ။ သူဟာ မိန်းမဒါဇင်ဝက်လောက် စုထားသလောက်နီးနီးဝတာ အရမ်းပဲ။ သူ ရုတ်တရက် ပျောက်သွားပြီးတဲ့နောက် ဘိတ်က သူတို့အိမ်ကြီးဟာ ကြည့်ရှုစောင့်ရှောက်မယ့် လူမရှိလို့ ဟောင်းမြည့်ပျက်စီး နေပြီ"

"သူ ဘာကြောင့် ထွက်သွားရတာလဲ"

"ဘယ်သိနိုင်မှာလဲ၊ မိန်းမဆိုတာမျိုးက တစ်ခါတစ်ခါ စိတ်ပေါက်ရင် လုပ်ချင်ရာ လုပ်တတ်တဲ့ အမျိုးပဲ။ သူဟာ နေ့ချင်းညချင်း ကွယ်ဝလာတယ်။ တစ်နေ့ကျတော့ သူ့ယောကျ်ားက သူ့ကို ပစ်သွားတယ်။ အဲဒီနောက်တော့ သူ့အိမ်ကို သော့ခတ်ပြီး ထွက်သွားတာပဲ။ ဒီလို ရုတ်တရက် ပျောက်ချင်းမလှ ခြေရာဖျောက်သွားတာ ကျုပ်တစ်သက် ဒီတစ်ကြိမ်ပဲ မျက်ခင်ထင်ထင် ကြုံဖူးတယ်"

"ဒါနဲ့ - သူ့ယောကျ်ားက ဘာပြုလို့ ပစ်သွားရတာလဲ"

"ဘယ်သူမှ အတပ်မသိကြပါဘူးကွာ၊ လင်မယားနှစ်ယောက် တစ်ခါတစ်ခါ အဆင်သိပ်မပြေကြဘူးဆိုတာတော့ ကြားထားတယ်။ တိုးအောင်က အရက်သမားပဲ၊ ဒါပေမဲ့ - သူက ဝိုင်တစ်မျိုးပဲ ချတာ၊ ဝိုင်ကို နေ့နေ့ညည ဒီသောက်နေတာ စိတ်ပျက်စရာတော့ကောင်းတယ်"

"ဟုတ်ကဲ့"

"နောက်တော့ ဒီကောင် နီပိုးကို ပစ်ပြေးသွားတော့တာပဲ၊ သူ ဘာပဲ လုပ်ခဲ့လုပ်ခဲ့လေ ဘုရားသခင်ကတော့ သိမှာပဲ။ သူတို့မြေအောက်ခန်းထဲ



"ထိုလူဖလံလေး၏ တစ်ကိုယ်လုံး ရွှဲစိုနေသည်။ ခန္ဓာကိုယ်မှာ မြူနှင်းကြောင့် စိုစွတ်နေသလို ခန္ဓာကိုယ်အတွင်း၌ ဝိုင်အရက်ကြောင့် စိုပြည်နေပုံရသည်။ အကြောင်းမှာ သူ့တစ်ကိုယ်လုံး ဝိုင်အရက်နံ့တထောင်းထောင်း ထနေ၍ဖြစ်သည်။"





www.burmeseclassic.com

www.burmeseclassic.com

သိမ်းထားတဲ့ ဝိုင်အရက်စည်ကြီးကိုပါ မ,သွားတယ်။ နီပိုး မျက်စိဒေါက်ထောက်ကြည့်နေတာကြောင့် သူ မလုံမလဲဖြစ်လို့နဲ့တူတယ်၊ တကယ့်ကို ပျောက်သွားတာပဲ။ အဲ - ဝိုင်အရက်စည်ကြီးကိုတော့ မခွဲနိုင်ဟန်နဲ့ ကိုယ်နဲ့မကွာ ယူသွားတယ်။ သူပျောက်သွားတာကိုလည်း ဘယ်သူမျှ မသိလိုက်ကြဘူး။ ဒါပေမဲ့ - အရက်မရှိ သူ့ဝိုင်အရက်စည်ကြီးကိုတော့ ယူသွားတယ်၊ သူ့စိတ်သူ ပိုင်းဖြတ်ထားပြီးဟန် ပေါက်တယ်၊ မောင်ရင်ကော မနီပိုးကို ရင်ဆိုင်မိရင် ဘာလုပ်မှာလဲ၊ အဲဒီလောက် စိတ်မြန်တဲ့ မိန်းမနဲ့ဆို လင်သားတစ်ယောက်က ဘာလုပ်မှာလဲ၊ ဘာလဲ - မောင်ရင်က နီပိုးနဲ့ သိလို့လား"

"သိလည်းမသိ၊ မြင်လည်းမမြင်ဖူးပါဘူး။ ဘိတ်ကလာတဲ့လူတွေ ဒီမှာတည်းရင် ဒေါ်နီပိုးအကြောင်း ပြောနေဆိုနေကြလို့ပါ"

သူသည် ကျွန်ုပ်၏ နံကြားကို လက်ညှိုးဖြင့် ခင်မင်ရင်းနှီးစွာ တို့လိုက်ပြီးနောက် သူ ပင်ပန်းနေပြီဟု ဆိုသည်။

မနက်စောစော သူ ထွက်ခွာသွားသည်။ အခန်းခကို ကြိုတင်ပေးထားပြီးဖြစ်၍ သူ ကြိုက်သလို ထွက်သွားနိုင်ပေသည်၊ တစ်ရက်စာတည်းခိုခန်းခကြိုတင်ကောက်ခံထားခြင်းအားဖြင့် ယခုလို ရှောင်တခင်ထွက်ခွာသွားမှုမျိုးအတွက် မနစ်နာနိုင်ပေ။

အဆိုပါ ရက်သတ္တပတ် နောက်ဆုံးနေ့၌ ဒေါ်နီပိုးသည် ထိုသူ၏ နာမည်ကို သတိပြုမိသွားသည်။ ဒေါ်နီပိုး၏ မျက်လုံးအစုံသည် သူ၏ နာမည်ပေါ်မှာ၊ ထို့နောက် ဒေါ်နီပိုး၏ ဆင်ခန္ဓာကိုယ်ကြီး တဆတ်ဆတ် တုန်ယင်လာသည်။ ယုန်ကလေးများ တုန်ယင်နေကြသလိုမျိုး ဖြစ်သည်။ ကြည့်ရသူအား အဆင်မပြေနိုင်အောင်ပင် ကတုန်ကယင်ဖြစ်နေသည်။

"ချစ်ဦး - သူ့နာမည်က ခန္ဓာကိုယ်တုတ်ခိုင်ခိုင်နဲ့ မုတ်ဆိတ်မွေးပါတယ် မဟုတ်လား။ ဘိတ်က လာတာ၊ တစ်ညတည်းပဲ၊ ဗုဒ္ဓဟူးညက တည်းသွားတယ်။ အား - တော်တော်ဆိုးတာပဲ ဘုန်းဆန်း၊ တော်တော့်ကိုပဲ ဘာပြုလို့ အဲဒီအချိန်က ငါ့ကို မပြောရတာလဲ"



"ဒေါ်ဒေါ်သိချင် လိမ့်မယ်လို့ ကျွန်တော် မထင်လို့ပါ။ ပြီးတော့ - ဒေါ်ဒေါ်သွန်ကြားခဲ့တာတွေထဲမှာ ဒီလိုကိစ္စမျိုး မပါပါဘူး"

"ကောင်းပြီ - ကောင်းပြီ၊ မင်း - မမှားပါဘူး၊ ဘိတ်ကတဲ့လား၊ သူ့ကို စကားပြောကြည့်ချင်လိုက်တာ"

ဒေါ်နီပိုး ထပ်မပြောတော့ပေ။ သို့သော် - သူ၏ မျက်လုံးများထဲမှာ ထူးဆန်းသော အရိပ်အယောင်တစ်ခု ရှိနေသည်၊ ကျွန်ုပ် အဓိပ္ပာယ်မဖော်ထုတ်ပေ။ အောင်မြင်ကျေနပ်တာလား၊ အူမြူးတာလား၊ စိတ်ထိခိုက်သွားတာလား၊ ထိုခံစားမှု သုံးမျိုးစလုံး ရောပြွမ်းနေတာလား သို့မဟုတ် ယင်းတို့သည် ကျွန်ုပ်၏ အတွေးများထဲက ရောင်ပြန်ပေပဲလား။

အတန်ကြာအောင်ပင် သူ၏ ခန္ဓာကိုယ် ကတုန်တုန်ကယင်ယင် ဖြစ်နေသည်၊

ကျွန်ုပ် အသေအလဲကိုထွက်သွားချင်လှပေပြီ။ ထပ်ခိုးပေါ်မှ အမြန်ထွက်ခွာချင်တော့သည်။ သူ့မျက်ဝန်းအိမ်များ၏ ဝန်ထုပ်ဝန်ပိုးများထဲက ရုန်းထွက်ချင်သည်။

နောက်ထပ် သုံးရက်ခန့်ကြာမြင့်ချိန်တွင် တည်းခိုဆောင်အတွင်း၌ အပြောင်းအလဲ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပြန်၏။

ထိုပြောင်းလဲမှုမှာ ဒေါ်နီပိုးဆီက ဖြစ်ပါသည်၊ အခန်းနံပါတ်တစ်ဆယ့်ငါးမှာ နောက်ထပ် လူသစ်တစ်ယောက်ရောက်လာ၍ဖြစ်သည်။ ညရုံးပိတ်ချိန် နီးပါးသီသီကလေးမှာ ထိုလူသစ်ရောက်လာသည်၊ ခြေတစ်ဖက် ဆာနေသည်၊ လူဖလံတစ်ယောက် ဖြစ်သည်၊ ဦးထုပ်ကို သူ၏ မျက်စိဖုံးလုတော့မတတ် ဆွဲချထားသည်၊ ဆောင်းလယ်ည၌ဦးယံ၏ မြူနှင်းငွေ့များနှင့် အအေးဒဏ်ကို သူ့မျက်နှာလေး ပြူတစ်ရုံပေါ်အောင် မာဖလာ ပတ်ထားသည်။

သူ တံခါးပေါက်ကို တွန်းဖွင့်လိုက်သည်နှင့် မြူနှင်းငွေ့များနှင့်အတူ အအောင်းလေပါ တိုးဝင်လာသဖြင့် ရုံးခန်းကောင်တာနောက်က ကျွန်ုပ်ပင် ကြက်သီးမွေးညင်းထသွားမိသည်၊



www.burmeseclassic.com

www.burmeseclassic.com

ထိုလူဖလံလေး၏ တစ်ကိုယ်လုံး ရွှဲစိုနေသည်။ ခန္ဓာကိုယ်မှာ မြူနှင်းကြောင့် စိုစွတ်နေသလို ခန္ဓာကိုယ်အတွင်း၌ ဝိုင်အရက်ကြောင့် စိုပြည်နေပုံရသည်။ အကြောင်းမှာ သူ့တစ်ကိုယ်လုံး ဝိုင်အရက်နံ့တထောင်းထောင်း ထနေ၍ဖြစ်သည်။ အခန်းနံ့၊ နှင်းမြူနံ့အပြင် မြစ်ရေနံ့တို့ထက်ပင် ပြင်းလှသည်။ ထိုရနံ့သည် သူ့ကိုယ်ပေါ်မှာ မြူခြည်ပမာ ရစ်ခွေဆိုင်းလျက် ရှိတော့သည်။

လူထူးလူဆန်းတစ်ယောက်။ တေမိအလောင်းအလျာ။

"မင်္ဂလာပါ - ခင်ဗျာ"

ကျွန်ုပ် ကြိုဆိုနှုတ်ဆက်လိုက်သည်။

သူ မတုံ့ပြန်ပေ။

သို့နှင့် ကျွန်ုပ်သည် ဧည့်စာရင်းမှတ်ပုံတင်စာအုပ်ကို သူ့ရှေ့သို့ ထိုးပေးလိုက်သည်။

ဖောင်တိန်အဖုံးကိုလည်း ဖွင့်ပေးကာ ...

"အခန်းနံပါတ် ဆယ့်ငါးပါ ခင်ဗျာ၊ တစ်ညတည်း တည်းမှာလား၊ တော်တော်ကြာအောင် တည်းမှာလား"

သူ၏ ပြန်ဖြေသံမှာ "ကြာမယ်" ဟု စကားလုံးများလိုလို ကြားမိသည်ဟု ယူဆရသည်။ သူ၏လေသံကိုပါ မာဖလာနှင့် ထုပ်စည်းထားပုံရ၍ ကျွန်ုပ် သဲကွဲစွာ မကြားရပေ။

"အပြင်မှာ မြူနှင်းတွေ တော်တော်ကျနေတယ်ထင်ပါရဲ့"

ကျွန်ုပ် လောကဝတ်အနေနှင့် စကားမရှိ စကားရှာပြီး ပြောလိုက်မိပြန်သည်။

ထိုလူသည် ဧည့်စာရင်း မှတ်ပုံတင်စာအုပ်ထဲတွင် သေးသေးကွေးကွေး လက်ရေးဖြင့် နာမည်နှင့် လိပ်စာရေးလိုက်သည်။ စာလုံးများကို အတော်ကြီးစားပမ်းစားနှင့် ခဲယဉ်းစွာ ရေးနေခြင်းဖြစ်သည်။ သူ၏ စုတ်ချာနွမ်းနွဲ့လှသော သိုးမွေးလက်အိတ်များကိုလည်း မချွတ်ပေ။



"အပေါ်ထပ် အနောက်ဘက်ခြမ်း အစွန်ဆုံးအခန်းပါ၊ အခန်းနံပါတ်တစ်ဆယ့်ငါး၊ တံခါးစေ့ရုံ စေ့ထားပါတယ်"

ကျွန်ုပ်သည် သူ တည်းခိုရမည့် အခန်းနေရာကို ပြောပြလိုက်သည်။

ထိုလူ စကားတစ်ခွန်းမျှ မပြောပြန်ဘဲ ရုံးခန်းကနေ အပေါ်ထပ် လှေကားဆီသို့ လျှောက်သွားသည်။ အန်ချင်ပျို့ချင်စရာကောင်းလောက်အောင် ဝိုင်အရက်နံ့က သူ့ခန္ဓာကိုယ်နောက်ဝယ် လှိုင်အူ၍ ကျန်ခဲ့သည်။

ဧည့်စာရင်းစာအုပ်ကို ကျွန်ုပ် ယူကြည့်လိုက်မိသည်။

လက်ရေးလက်သား စာလုံးတွေက ခပ်ညံ့ညံ့၊ သို့သော် ကြိုးစားဖတ်၍ နိုင်ပါသေးသည်။ ထပ်နိုးအခန်းတံခါးအောက်ခြေက မီးရောင်လျှံထွက်နေချက်ရှိသည်။

တံခါးကို ခေါက်လိုက်ပြီး ...

"ကျွန်တော် ဘုန်းဆန်းပါ၊ ဒေါ် ဒေါ်မှာထားတဲ့အတိုင်း ဘိတ်ဘက်က ဘယ်သူရောက်လာလာ"

"ဝင်ခဲ့"

ကျွန်ုပ် တံခါးဖွင့်ပြီး ဝင်သွားသည်။

သူသည် အမည်းရောင်ဖဲသား အင်္ကျီကို ဝတ်စားလျက် ထိုင်နေသည်။ အခန်းအလယ်ခေါင်၌ ဧကရီတစ်ပါးသဖွယ် မြင်တွေ့လိုက်ရဘိသလိုရှိသည်။

"ငါကြည့်ပါရစေဦး"

သူ စိတ်အားထက်သန်စွာနှင့် ပြောသည်။

ကျွန်ုပ်သည် စာအုပ်ကြီးကို သူ့ရှေ့သို့ ချ၍ပြလိုက်သည်။

သူ ငုံ့ကြည့်သည်။ ညိုတိုတိုမျက်နှာပြင်မှာ ရုတ်ခြည်း ဖျော့တော့သွားသည်၊ တဆတ်ဆတ်တုန်ယင်လာပြန်သည်။ ဖုထစ်ဖောင်းကြွလှသည့် အသားထစ်ကြီးများ နေရာမလပ် ကတုန်ကယင်ဖြစ်နေသည်၊ သူသည် စာအုပ်ကြီးကို ဘေးသို့ တွန်းပစ်လိုက်သည်။

စာအုပ် အရှိန်လွန်ကာ ကြမ်းပြင်ပေါ်သို့ ဘုတ်ခနဲကျသည်။

ကျွန်ုပ် ငုံ့၍ကောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်ဒေါ်ပြောထားဖူးတဲ့ လူတစ်ယောက် (တမင် - သူ၏ ခင်ပွန်းသည် နာမည်စကားလုံးကို ရှောင်လွှဲလိုက်သည်) ရဲ့ နာမည်နဲ့ ဆင်နေသလားလို့ပါ"

သူ မနည်းကြိုးပမ်းအားထုတ်၍ တည်ငြိမ်စေပြီး နောက်မှ ခါတိုင်း မေးနေကျ စကားလုံးများကိုပင် ရွတ်ပြန်သည်။

"သူ့ပုံစံက ဘယ်လိုလဲ"

"အရပ်ပုတယ်၊ လူဖလံလေးပါ၊ ခြေတစ်ဖက်ကလည်း ဆာနေတယ်"

"သူဘယ်မှာလဲ"

"အခန်းနံပါတ် ဆယ့်ငါးမှာ၊ ဒေါ်ဒေါ့် အခန်းအောက်တည့်တည့်ပဲ"

"ငါ သူ့ကို တွေ့ချင်တယ်"

"အခုလား"

"ခုပဲ - ဘုန်းဆန်း"

ချက်ချင်း ကျွန်ုပ် ပထမထပ်သို့ ဆင်းလာသည်။ အခန်းနံပါတ် တစ်ဆယ့် ငါး၏ တံခါးကို ခေါက်လိုက်သည်။ အတွင်းက တုံ့ပြန်သံ မကြားရပေ။ ပို၍ ကျယ်အောင် ခေါက်လိုက်ပြန်သည်။ ဘာမျှမတုံ့ပြန် အလွန်ရိုင်းပျ အလိုက်ကမ်းဆိုးမသိသော လူပါပေ။ နောက်တစ်ကြိမ် ထပ်ခေါက်သည် ဘာသံမျှ မကြားရ။

ကျွန်ုပ် စိတ်မရှည်၍ လိုက်ကာအမှောင်ထုထဲကို လှမ်း၍ အသံပြုလို သည်။

"ဦးတိုးအောင်"

ဘာသံမျှ မကြား။

တံခါးကို ဆွဲဖွင့်လိုက်ရတော့သည်။ တစ်ချိန်တည်းအတွင်းက မီးခလု ကို ဖွင့်သည်။

အခန်းထဲတွင် တစ်စုံတစ်ယောက်မျှ မရှိ။ သက်ရှိလူဟူ၍ မမြင်ရ ဝိုင်အပြင်းစား အရက်နံ့သာ လှိုင်လျက်ရှိသည်။ ခေါင်းမူးဝေလာသည့်အ ချိုအီလွန်းကာ အော့ကြောလန်ဖွယ်ရာ ရနံ့ဖြစ်သည်။ အခန်းတွင်းက ပ များကို တို့ထားပုံပင်မရ။ ထိုလူသစ်မလာမီ စေ့ရုံစေ့ထားသည့် တံခါးမှာ



ခါ ပိတ်နေခဲ့ပေသည်။ ထို့ကြောင့် ဧည့်သည်မှာ အခန်းတွင်း၌သာ ရှိနိုင် ည်။ သို့သော် လူအရိပ်အယောင်ပင် မတွေ့ရပေ။

ကျွန်ုပ်သည် အောက်ထပ်ရုံးခန်းဆီသို့ ဆင်းလာသည်။ မည်သူမည်ဝါ မတွေ့ရ၊ တည်းခိုဆောင်တံခါးမကြီးမှာလည်း စေ့ရုံစေ့ထားသည်။ ကျွန်ုပ် တံခါးကို ကနဦးက သော့ခတ်ပိတ်ခဲ့သည်ဟု ထင်သည်။ ကျွန်ုပ်အထင် ဆိုရခြင်းဖြစ်၍ သေချာခြင်းမရှိပေ။

ဦးတိုးအောင် ဘယ်လိုမျှ ရှိမနေနိုင်တော့ပေ။

ကျွန်ုပ် သော့ခတ်ထားခဲ့သည်ဟု ယူဆရသော တံခါးမကြီး၏ သော့ကို ပြီး ပြန်၍ထွက်သွားသလော။ သို့တည်းမဟုတ် မူလက စေ့ရုံစေ့ထားမိ ည့် တံခါးမကြီးကို အလွယ်တကူ ဖွင့်ပြီးမပြောမဆို ထွက်သွားလေ လော။

ကျွန်ုပ်၏ သတိမေ့လျော့တတ်မှုကိုသာ ပုံချ၍အပြစ်တင်မိတော့သည်။ သော် ဦးတိုးအောင် အဆောက်အအုံ အတွင်းမှာ မရှိတော့သည်က မှာလုံ၏။

သို့နှင့် ဒေါ်နီပိုး စောင့်နေရာ ထပ်ခိုးဆီသို့ တက်လာခဲ့သည်။

"ဘယ်မှာလဲ"

ဒေါ်နီပိုး မေးလိုက်သည်။

ကျွန်ုပ်တစ်ယောက်တည်းကိုသာ တွေ့ရ၍ အံ့သြဟန်ဖြစ်နေသည်။

"ကျွန်တော် ရှာလို့မတွေ့တော့ဘူး၊ သူ့အခန်းထဲမှာလည်း မရှိတော့ဘူး၊ ထွက်သွားပြီနဲ့ တူတယ်"

ဒေါ်နီပိုးခမျာ တုန်ယင်နေဆဲဖြစ်သည်။ စိတ်ဇရက်သုတ်ခ အခြေအနေ ရွတ်တရက် လှမ်း၍မေးသည်။

"ဘုန်းဆန်း - မင်း ဝိုင်သောက်ထားသလား"

"ကြားသားမိုးကြိုးခင်ဗျ - စောစောက ဧည့်သည်ကြီးဆီက အနံ့ပါ၊ သူ ထားတယ်လို့ ကျွန်တော်ပြောနိုင်တယ်၊ ဝိုင်အပြင်းစားကို သောက် နေမှာ"



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဒေါ်နီပိုးသည် ကျွန်ုပ်၏ စကားကို ကြားဟန်မတူ၊ သို့မဟုတ် နားထောင်နေပုံလည်း မရှိပေ၊ သူ့မျက်ပေါက်ကျဉ်းကျဉ်းကလေးမှာ တစ်ကြောင်းမျဉ်းအသွင်သာ ရှိတော့သည်၊ သူ၏ ဆင်ကိုယ်ကြီးကို တစ်ဖက်ကို စောင်း၍ အောက်ထပ်ဆီက အသံတစ်စုံတစ်ရာကို နားစိုက်ထောက်နေပုံရသည်၊

"သီချင်းသံကြားလား၊ ဘယ်သူဆိုနေသလဲ မပြောတတ်ဘူး ဘုန်းဆန်း"

စူးရှသော လေသံဖြင့် ဒေါ်နီပိုး မေးနေသည်၊

ကျွန်ုပ်သည် ခဏအာရုံစိုက်၍ နားစွင့်လိုက်ပြီးနောက် ...

"သေသေချာချာ ကြားမိတယ်လို့တော့ ပြောလို့မရဘူး"

"သီချင်းသံက ဒီလိုရှိတယ်"

ဒေါ်နီပိုးသည် ညည်းနေကျ သံစဉ်တေးသွားအတိုင်း ကမန်းကတန်း ဆိုပြလိုက်သည်၊ သူ့သီချင်းသည် ရှောက်ချားဖွယ်ကောင်းလှသည်။

ယိုယီးလေး - ယိုယီးလေး - ဟေ့
တစ်သွေးတစ်မွေး ပွဲနှင်းထိန်းချိန်
ပွဲစင်ကကျ ပွဲကိုင်ကြွ
လျော်တယ်ဟေ့ - လျော်တယ်ဟေ့ ...
လှေတော်သားတို့ အလျှော်မပေး
ရေပျော်သားမျိုး နဒီစိုးသဟေ့ ...

"တော်လောက်ပါပြီခင်ဗျ"

ကျွန်ုပ် မေတ္တာရပ်ခံလိုက်မိသည်၊

သူသည် မျက်စိစုံမှိတ်ပြီး ကျောမှီထိုင်လိုက်လျက် ...

"သူ ထပ်လာရင် ငါ့ကို ချက်ချင်းလာပြောနော်"

နောက်တစ်နေ့နံနက်၌ ဦးကြွယ်နှင့် ဆုံမိကြစဉ် ယမန်နေ့ညက သူ တရေးနိုးပြီး အိမ်သာက ပြန်အထွက် ဦးထုပ်နှင့်လူတစ်ယောက် ရုံးခန်းအ နေ တည်းခိုဆောင်အပြင်ဘက်သို့ ထွက်သွားသည်ကို မြင်လိုက်သည်၊



အိပ်ချင်မူးတူးဖြစ်နေ၍ လိုက်မကြည့်တော့ဘဲ အခန်းထဲသို့ တန်းဝင်ပြီး အိပ် လိုက်သည်ဟု ဦးကြွယ်က သတင်းပေးသည်၊

ဦးထုပ်နှင့်လူဆို၍ ဦးတိုးအောင်တစ်ယောက်သာ ဖြစ်နိုင်သည်ကို ကျွန်ုပ် သတိပြုမိသည်၊ ဦးကြွယ်မှာ အိပ်မှုန်စုံမွှားနှင့်မို့ အချိန်နာရီကိုလည်း မှတ်သားမိခဲ့ပေ၊ ဦးတိုးအောင်နှင့် ပတ်သက်ပြီး တစ်ယောက်တစ်ပေါက် ဖြစ်နေကြ၍ ကျွန်ုပ် ခေါင်းရှုပ်ရုံသာ အမြတ်ထွက်ခဲ့တော့၏၊

ထိုနောက်ပိုင်း ကျွန်ုပ်အား လှမ်း၍ခေါ်သော ဒေါ်နီပိုး၏ ဘဲလ်ခေါင်း လောင်းမြည်သံသည် တစ်နေ့တစ်နေ့ကို မရေမတွက်နိုင်အောင် ရှိနေ သည်၊

အစပထမ၌ ...

"ဒီဝိုင်အရက်နံ့ကို ငါတိုက်အပြင်ဘက် ထွက်သွားအောင် လုပ်စမ်း"

ကျွန်ုပ် လုပ်၍မရပေ၊ တံခါးများနှင့်ပြတင်းပေါက်အားလုံးကို ဖွင့်ထားရုံ သာ တတ်နိုင်သည်၊ ဝိုင်အရက်နံ့က မပျောက်၊ ရနံ့မှာ ချိုအီလွန်းရုံမက အော့အန်ချင်စရာကောင်းကာ ရိတိတိ ယစ်မူးဖွယ်ရာဖြစ်သည်၊

ထိုရနံ့သည် ထာဝရ စွဲမြဲ၍ နေချင်ပုံရသည်၊

နောက်ပိုင်းတွင်ကား ဦးတိုးအောင်၏အကြောင်းသာ ကျွန်ုပ်၏ခေါင်းထဲ ရှုပ်နေတော့၏၊

သူ့ကို ကျွန်ုပ် ထပ်ပြီး တွေ့မြင်နိုင်ခဲ့ပါ သေးသလား၊

မတွေ့ပါ၊ သူ့ကို ဘယ်တော့မျှ ထပ်၍မမြင်တော့ပါ၊ အခန်းခကို မရှင်းခဲ့ ဘဲ သူ ပျောက်သွားသည်၊ ထိုအခန်းကို သူ လုံးဝ အသုံးမပြုခဲ့ပေ၊ သို့သော် အရက်နံ့ကိုမူ ချန်ရစ်ခဲ့သည်၊

ပြီး - သီချင်းသံကိုလည်း ကျွန်ုပ် ကြားမိပါသေးသလား၊

လုံးဝ မကြားမိပေ၊

သို့သော် ဒေါ်နီပိုး ကြားသည်၊ ထို့အတွက် သူ စိတ်အနှောင့်အယှက် ဖြစ်သည်၊ သူပြောခဲ့သလို ဦးတိုးအောင်၏ သီချင်းသံကို တကယ်ကော ကြားမိခဲ့ဟန်နှင့်စိတ်လက်မကြည်မသာလည်းဖြစ်နေသည်၊ ဦးတိုးအောင်၏



www.burmeseclassic.com

www.burmeseclassic.com

ခြေသံကို သူမှတ်မိနေဆဲ၊ ခြေတစ်ဖက်ဆာနေသဖြင့် လမ်းလျှောက်သည့်အခါ ထိုခြေထောက် အနည်းငယ် တရွတ်ဆွဲနေ၍ ဖြစ်သည်၊

ထိုကဲ့သို့ တောင်တောင်အီအီမျိုး ကျွန်ုပ် ဘယ်တော့မျှ မကြားမိပေ၊ တခြားသူများလည်း သတိမထားမိကြ၊ ဦးတိုးအောင်အား လုံးဝမမြင်ဘူးသူ ဦးကြွယ်ကိုလည်း အလားတူမေးခွန်းများ ဒေါ်နီပိုး မေးမြန်းလျက်ရှိနေပြန်သည်၊

ကျွန်ုပ်ဘာသာလည်း မေးခွန်းတွေ မေးနေမိသည်၊ အကယ်၍ ဦးတိုးအောင်သာ ဒေါ်နီပိုး၏ခင်ပွန်းသည်ဖြစ်ရိုးမှန်လျှင် ဘာကြောင့်လာခဲ့တာလဲ၊ လာသွားသည်မှာ တကယ်မှန်ကန်ပါမူ သူ၏ဇနီးကို ဘာကြောင့် နှုတ်ခွန်းမဆက်ဘဲ ပျောက်သွားရပြန်တာလဲ၊

အဖြစ်က ဆန်းကြယ်လှ၏၊

သို့သော် နားမိုရာ ဘည်းမိုဆောင်သည် သာမန်သမားရိုးကျအတိုင်း ငြိမ်းငွေ့ဖွယ်ရာကောင်းလောက်အောင် နိစ္စဓူဝ အချိန်မှန်သွားနေလင့်ကစား တစ်ခါတစ်ခါ ဆန်းပြားထွေလာတွေ ဖြစ်တတ်သော နေရာလည်းဖြစ်ပါ၏၊

ဒေါ်နီပိုးကား အရင်လို မဟုတ်တော့ပေပြီ၊

ထစ်ခနဲဆို လိပ်ပြာလန့်နေတတ်သည်၊ အမြဲ ဂနာမငြိမ်ဖြစ်လျက်ရှိသည်၊ ပျော်ပျော်ရွှင်ရွှင် မတွေ့ရတတ်သလို ပျော်ရွှင်ဖွယ်ရာလည်း ကောင်းမည်မဟုတ်ပါပေ၊ မျက်နှာထားကလည်း သိသိသာသာကြီးကို တင်းမာနေတတ်သည်၊ မြင်ရသူတိုင်းကို ခြောက်လှန့်နေသကဲ့သို့ ဖြစ်သည်၊

သူသည် ကျွန်ုပ် အမြဲမြင်နေကျထက်ပို၍ ကြောက်မက်ဖွယ်ရာကောင်းလာနေသည်၊ ထို့ကြောင့် ကျွန်ုပ်ကို သေခြင်းတရားနှင့် သေရမည့်ကြောက်စိတ်တို့ အတွေးပေါ်လာစေသည်၊ ရက်စက်ကြမ်းကြုတ်မှုနှင့် မမှန်းဆနိုင်လောက်အောင် ကြောက်မက်ဖွယ်ရာ ကောင်းခြင်းတို့လည်း မကြာမကြာ ဝင်နှောင့်လျက်ရှိသည်၊ ဒေါ်နီပိုး၏အတ္တဘောခန္ဓာကိုယ်ကြီးတို့ အသက်ဆက်ပေးထားသည့် နှလုံးခုန်သံဖောက်ပြန်ပြီး တဒုတ်ဒုတ် မြည်လာစေသော အကြောင်းဇစ်မြစ်တို့သည် ဘာကြောင့်မှန်းမသိ၊ အသည်းထိတ်စရာပါပေ၊

ကျွန်ုပ်သည် သူ့အနီးမှာ ခဏတစ်ဖြုတ်ပင် ရှိနေပါစေ၊ အဆမတန်နှစ်မြို့ဖွယ်ရာကို ကြုံနေရသည်၊ အကြောင်းမှာ တစ်စုံတစ်ရာကို သူအမြဲလိုနားစွင့်နေတတ်သည်ကို မြင်ရသည်၊ တစ်ဖန် အသက်ကိုအောင့်၍ နားစိုက်ထောင်နေခြင်းအပြင် ဘာသံမျှမရှိပါဘဲ အသံဗလံတွေကို ကြားနေရသလိုမျိုး ဖမ်းနေသည်၊



‘ထို့နောက် ချောက်ချားတုန်လှုပ်ဖွယ်ရာ အသံကုန်အော်ဟစ်သံကြီး ထွက်ပေါ်လာပြန်ပြီး လည်ချောင်းအစ်၍ အာလုတ်သံကြီးအဖြစ် တိမ်ဝင်ပျောက်ကွယ်သွားတော့သည်။’



www.burmeseclassic.com

www.burmeseclassic.com

သူ့သဘောကျ ကျွန်ုပ် မဖြေကြားတတ်သည့် မေးခွန်းများကို အဆက်အစပ်မရှိ အမြဲမေးမြန်းနေတတ်သည်။ ဝိုင်အရက်နံ့ကို ပျောက်ပြယ်အောင် မလုပ်နိုင်ရကောင်းလောဟု ယုတ္တိမတန် မြည်တွန်တောက်တီးနေတတ်သည်။ သူမှာ ဖြစ်ပေါ်နေသမျှ ခံစားချက်များကို ကျွန်ုပ်အနေနှင့် ထုတ်ဖော်ပြောရန် မသင့်တော်ပါပေ။ တစ်ခါတစ်ခါလည်း သူ၏ ခင်ပွန်းအကြောင်းကို ငြီးငွေ့ဖွယ်ရာကောင်းလောက်အောင် လေကြောရှည်ပြန်သည်။

“ဝိုင်ခွက်ကို ဘယ်တော့မျှ လက်ကမချ။ အလုပ်လုပ်ဖို့လည်း စိတ်မကူးတဲ့လူက ကိုတိုးအောင်ပဲ။ ပြီးတော့ ပေါ့လိုက်တဲ့မိန်းမတွေက သောက်သောက်လဲ။ ဘယ်တော့မှ ဒီအကုသိုလ်တွေကို မလုပ်ဘဲမနေနိုင်။ သူသောက်နိုင်တာထက် ပိုများတဲ့ဝိုင်အရက်ကိုစည်နဲ့တောင်ဝယ်ပေးထားတာ။ ဟင်း-လူယုတ်မာ”

ထိုစကားတွေသာ ကျွန်ုပ် ထပ်ကာတလဲလဲ ကြားနေရသည်။ ကြောက်မက်ဖွယ်ရာအကြောင်းတွေကို သာ ကြားနေရတာတွေ ထက်စာလျှင် တော်ပါသေးသည်။ အလားတူဖြစ်ရပ်မျိုး ကြုံဖူးသူသာလျှင် ကျွန်ုပ်၏ အဖြစ်ကို စာနာနိုင်ကြပါမည်။

အဆိုပါ တည်းခိုဆောင်၌ ကျွန်ုပ် အချိန်တိုတောင်းစွာ တာဝန်ယူခဲ့ရှိန် နောက်ပိုင်းကာလ အတော်ကြာမြင့်အောင်ထိ ယနေ့တိုင်အောင်ပင် ကြောက်မက်ဖွယ်ရာ ထိုမိန်းမကြီးကို စိတ်တုန်လှုပ်စွာဖြင့် မြင်ယောင်နေမိဆဲပင်။

အလွန်တရာဝလှသူမိန်းမကြီး၏အသားဆိုင်ပိုများသည်ကုလားထိုင်၏ တစ်ဖက်တစ်ချက်သို့ပင် လျော့တွဲကျနေကြသည်။ ကုလားထိုင် လက်တန်းကြားတွင်လည်း အသားဆိုင်များ ဖောင်းကားထွက်နေသေးသည်။ တစ်ခါရောမကိုယ်လုံးကြီးကို ကျောမှီထားလျက် ခေါင်းကြီးကို တလှုပ်လှုပ်ခြင်းနားစွင့်ထောင်လျက်ရှိသည်။ ထပ်မိုးအခန်းတွင်းက ခပ်ဖျော့ဖျော့ အဝါရောင်သမ်းနေသော အလင်းရောင်ဝယ် သူ၏ ရွှေနားကပ်ကွင်းကြီးများသည် အရောင်တလက်လက် ထွက်နေသေးသည်။ သီချင်းသံနှင့် ခြေတရွတ်ဆွဲသံများကို ကြားရနိုးနိုး နားစွင့်လိုက်ပြန်သည်။ ထို့ပြင် ဝိုင်အရက်နံ့ တထောင်းထောင်းကို ဝေဖန်ပြစ်တင်သံ ကျယ်ကျယ်စူးစူးကို ယခုတိုင် ကြားယောင်နေဆဲဖြစ်သည်။

=❖=

နောက်ပိုင်းတစ်ညမှာ အဆုံးနိဂုံးသတ်သို့ ဆိုက်ရောက်လာပါသည်။

ကျွန်ုပ် အိပ်မောကျနေရာက ရုတ်တရက် နိုးလာသည်။ ဝိုင်အရက်နံ့ဆိုးကြီး နံဟောင်လွန်းလှ၍ အသက်ရှူပင် ကျပ်မိတော့သည်။ ကျွန်ုပ် လူးလဲထပြီး အခန်းတံခါးပေါက်ကို ဖွင့်လိုက်ရသည်။

ထိုစဉ် သီချင်းသံတစ်သံကို ကြားလိုက်မိသည်။ ဒေါ်နီပိုး ပြောခဲ့သလို အသားသာ အနည်းငယ် ကွဲလွဲလျက်ရှိသည်။

ယိုယီးလေး-ယိုယီလေး-ဟေ့ . . .
ဖိုးအိုသေလို့ ပင်လယ်အောက်
မောက်မာလှတဲ့ ကဗော်ပြေး
လျော်တယ်ဟေ့-လျော်တယ်ဟေ့ . . .
လှေတော်သားတို့ အလျော်မပေး
ကဗော့်အိမ်အောက်ရောက်လိမ့်နိုးဟေ့ . . .။

သီချင်းသံသည် အပေါ်ထပ်တစ်နေရာက လွင့်ဝဲလာနေသည်။ သို့နှင့် ကျွန်ုပ် အခန်းထဲပြန်ဝင်ကာ အဝတ်အစားများက ကမန်းကတန်း ထပ်ဝတ်လိုက်သည်။

ကျွန်ုပ်ထွက်လာပြီး လှေကားထစ်များကို စ.တက်လိုက်သည်။ ဒေါ်နီပိုး အသံအမြဲကြားနေရသည်ဟု ပြောထားသည့် ခြေတရွတ်ဆွဲ လမ်းလျှောက်သံကို ကြားဦးမည်လားဟု စိတ်ထင့်လျက်ရှိသည်။ သို့သော် သေချာ ပြော၍ မနိုင်ပေ။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ပ်သည် ထပ်ခိုးဆီသို့ ဆက်တက်သွားသော လှေကားထစ်များ အပေါ်ကို ရောက်လာသည်။ မမျှော်လင့်ဘဲ ဒေါ်နီပိုး၏ ရန်ထောင်နေသံကို ကြားလိုက်မိသည်။ အလွန်စူးစူးဝါးဝါး ကျယ်လောင်လှသည်။

"ထွက်သွား – ကိုတိုးအောင်၊ ထွက်သွားစမ်း"

ကြောက်မက်ဖွယ်ရာအသံကြီးနှင့် အော်ဟစ်လိုက်ပြန်သည်။

"ရှင် – ကျွန်မအသားကို မထိနဲ့နော်"

ထို့နောက် ချောက်ချားတုန်လှုပ်ဖွယ်ရာ အသံကုန်အော်ဟစ်သံကြီး ထွက်ပေါ်လာပြန်ပြီး လည်ချောင်းအစ်၍ အာလုတ်သံကြီးအဖြစ် တိမ်ဝင် ပျောက်ကွယ်သွားတော့သည်။

ကျွန်ပ်သည် ထိတ်လန့်စိတ်ဖြင့် ကြက်သေ သေနေမိသည်။ ကျွန်ပ်၏ နောက်ကျောမှ ဦးကြွယ် တက်လာသံကို ကြားရသည့်အချိန်ထိပင် ဖြစ်ပါ သည်။

ထိုအခါ ကျွန်ပ်၏ အသိစိတ်များကို ပြန်၍ထိန်းချုပ်လျက် ထပ်ခိုးဆီသို့ အပြေးအလွှားနန်ပေါက်တက်သွားမိတော့သည်။ ဦးကြွယ်လည်း ထက်ကြပ် မကွာ လိုက်ပါလာသည်။ ထိုအဖြစ်က ကျွန်ပ်အတွက်ကုသိုလ်ကံထောက် ပေးလိုက်သလိုဖြစ်တော့သည်။ နောက်ပိုင်း၌ ဦးကြွယ်၏ ထောက်ခံအတည် ပြုမှုဖြင့် အင်းစိန်စုံထောက်အဖွဲ့က ကျွန်ပ်ကို ထပ်ပြီးမပတ်သက်ကြတော့ ပေ။

ထပ်ခိုးအခန်းထဲမှ ဒေါ်နီပိုးသည် ကြမ်းပြင်ပေါ်၌ လဲကျနေသည် အသက် ရှုကျပ်ကာ မျက်ဖြူကြီးလန်လျက် သေဆုံးနေပေသည်။ သူ့ အနက်ရောင် ဖဲသားအင်္ကျီမှာ ဖရိုဖရဲ စုတ်ပြဲနေသည်။ ထိုအပြဲပေါက်များမှ အသားစိုင် ကြီးများ အိတွဲထွက်နေကြသည်။ အခန်းတစ်ခန်းလုံးမှာလည်း ပိုင်အရက်နံ့ မွှန်ဟောင်နေရာ လေကောင်းလေသန့်ပင် ကျန်ပါသေးရဲ့လားဟု မေးခွန်း ထုတ်နိုင်လောက်ပါသည်။

တစ်ခုခု ...

မဖြစ်သင့်သောတစ်ခုခု ...

တစ်စုံတစ်ယောက်မျှ ရှင်းမပြနိုင်သည့်တစ်ခုခု ...။



ထိုအခန်းထဲတွင် အရိုးများ ဗရမ္ဘပြန့်ကျဲနေကြသည်။ လူအရိုးစုများ ယောကျ်ားတစ်ယောက်၏ အရိုး။ တစ်ဖန် ဒေါ်နီပိုး၏ လည်တံ၌ ခပ်တင်း တင်း အညှစ်ခံရသော ဒဏ်ရာကိုပါ တွေ့မြင်ကြရသည်။

ထို့ပြင် အဝတ်စုတ်စများနှင့် ဦးထုပ်တစ်လုံး၊

မြူနှင်းငွေ့များနှင့်အတူ ဆောင်းလေ တိုးဝင်လာသဖြင့် ရုံးခန်းကောင် တာနောက်က ကျွန်ပ်ပင် ကြက်သီးမွေးညင်း ထမိခဲ့သည့် ညတစ်ညက ကျွန်ပ် တစ်ကြိမ်မြင်ခဲ့ရသော ဦးထုပ်မျိုးပင် ဖြစ်သည်။

=❖=

အင်းစိန်ရဲစုံထောက်အဖွဲ့ ဒေါ်နီပိုး လေသင်တုန်း ရုတ်တရက်ဖြတ်ပြီး [illegible]သားပါထိခိုက်ကာ သေဆုံးခဲ့ရသည်ဟု ဆရာဝန်၏ ဆေးစစ်ချက်ကို [illegible]တည်ပြုလိုက်ကြသည်။

ဒေါ်နီပိုး တစ်ချိန်လုံး တွင်းအောင်းနေခဲ့သည့် ထပ်ခိုးပေါ်က ဖြစ်ရပ်နှင့် [illegible]နောင်း ရန်ကုန်မြစ်ဝတစ်နေရာက ပစ္စည်းတစ်ခုကို မျှောပါလာစဉ် [illegible]သုလာမိကြသော စက်လှေတစ်စီးက ရဲလက်သို့ လာအပ်ကြသည်။

အဆိုပါပစ္စည်းကား အရက်စည်ဟောင်းတစ်လုံး။ စည်ပေါ်တွင် မလိ [illegible]ဟု သဘောဆေးအနီနှင့် ဖြစ်ကတတ်ဆန်း ရေးထားသည်။ မလိကျွန်း [illegible] ဗိုတ်မြို့၏ ကောင်ဘက်က ကျွန်းကြီးတစ်ကျွန်း ဖြစ်သည်။ ထိုကျွန်း [illegible]မှ မျှောလာသည်ဟု ရဲက ယူဆကြသည်။

[illegible]ထက် အဆန်းတကြယ်ဖြစ်ရပ်ကား စည်၏အပေါ်ဘက်လောက်တွင် [illegible]တစ်ပေါက်ပါရှိသည်။ စည်ကြီး၏ အတွင်းတွင်မှ လူ့ခြေချောင်း အရိုး [illegible]နှင့် လက်ချောင်းရိုးငယ်တစ်ချောင်း ပါရှိလာကြသည်။

[illegible]အရက်စည်ကြီး၏ အဖြစ်ဆန်းသည် သတင်းစာများတွင် ဟိုးလေး [illegible]ကျော် ပါလာကြသည်။

[illegible]ဖန်ဖန်၊ တိုက်တိုက်ဆိုင်ဆိုင်၊

[illegible]သည် ဖြစ်ရပ်နှစ်ခုကို ဆက်စပ်ပြီး တွေးမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နီပိုးသည် သူ့ယောကျ်ားကို သတ်၍ ဝိုင်အရက်စည်ထဲ ထည့်ကာ ကြိုးနှင့်ဆိုင်းလျက် ခပ်ဝေးဝေး ပင်လယ်ပြင်တစ်နေရာဝယ် တိတ်တဆိတ် စွန့်ပစ်ခဲ့ပုံရသည်။ အရက်စည်သည် ရေဝင်အောင် လုံးဝနစ်မသွားဘဲ မပေါ် တစ်ဝက် ပေါ်တစ်ဝက် မျောနေပုံရသည်။ တစ်ဖန် ဒီရေသည် ထိုအရက်စည် ကို ဝေးလံသည့် မြိတ်ဒေသဘက်ကပင် ရန်ကုန်မြစ်ဝအထိ ရောက်အောင် သယ်ဆောင်လာခဲ့ပုံရသည်။

မည်သို့ပင်ဖြစ်စေကာမူ - မြူနှင်းဝေဆိုင်းလျက်ရှိသော ညတစ်ညနှ နားခိုရာ တည်းခိုဆောင်သို့ ဦးတည်လာခဲ့ပြီး ဧည့်စာရင်းမှတ်ပုံတင်စာအုပ် ထဲတွင် ရေးထိုးခဲ့သည်မှာ . . .

တိုးအောင်၊ လက်ရှိနေရပ် - မြိတ်မြို့ ယခင်နေရပ် - မလိကျွန်း။

သို့တည်းမဟုတ် . . .

အနိဋ္ဌာရုံများနှင့်  အကျီစားသန်သူတစ်ယောက်ယောက်၏ ပြက်လုံး တစ်ခုပေပဲလား။

ယင်နေရပ် - မလိကျွမ်းတဲ့။

ဆန်းပြားလျှို့ဝှက်ချက်တွေနှင့် ဒေါ်နီပိုး။

အတိတ်၏အရိပ်က တစ္ဆေပမာ ထက်ကြပ်လိုက်နေခဲ့ရော့သလား။

◆➤◆➤



## အမည်မရှိတဲ့သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com

# အမည်မရှိတဲ့ သူငယ်ချင်း

## ကျော်စိုးဗိုလ်

"သူ" ဆိုသည့် လူတစ်ယောက် ဒုတိယကမ္ဘာစစ်သုံးဒသမ (၃၀၃)
ရိုင်ဖယ်တစ်လက်ကိုထမ်းကာ ရွာ၏တောင်ဘက်လယ်ကွင်းများကိုဖြတ်၍
သုတ်သီးသုတ်ပျာ သွားလျက်ရှိသည်။ စပါးရိတ်သိမ်းပြီးချိန်ဖြစ်၍ ရိုးပြတ်
တောများကို ဖြတ်၍လျှောက်နေသောအခါ ရိုးပြတ်များနှင့် သူ၏ ခြေသလုံး
ရိုက်ခတ်မိသဖြင့် တဘုတ်ဘုတ် တဖျပ်ဖျပ် မြည်လျက်ရှိ၏။ တစ်နေရာတွင်
သူ ထရပ်လိုက်ကာ သူသွားရမည့်ရွာ အနောက်ဖျားဆီသို့ လှမ်းကြည့်ရင်း
တစ်ပတ်နွမ်းပုဆိုးကို တိုတိုနှင့်နိုင်နိုင် ပြန်ဝတ်လိုက်သည်။ ထို့နောက် ခါး
တွင်းမှ အိမ်ဝင်ရင် မိန်းမက ထမင်းထုပ်ကိုမှ အဆင်သင့် ထုပ်ထားပါ့မလား
လည်း စိုးရိမ်မိ၏။ အချိန်က နေဝင်တော့မည်။ သူ့တဲကို နေမဝင်မီ ရောက်
ထမင်းထုပ်ယူကာ သူသွားရမည့်နေရာကို မမှောင်ခင်အရောက် သွား
မည်။ ရိုးမနှင့်သိပ်၍မဝေးသော သူတို့ရွာကလေးက ရိုးမတောင်၏ တော
(၃)မိုင်မျှ ခရီးနှင့်ပင် ရောက်နိုင်လေရာ သူခြေသွက်သွက်လျှောက်ပါမှ
(၄၀)လောက်အတွင်း သူ မျှော်မှန်းထားရာ နေရာသို့ရောက်နိုင်



ထို့ကြောင့် သူက ကသုတ်ကရက်ပင် လျှောက်ခဲ့လေသည်။ မကြာမီ ရွာ
အနောက်စပ် ကုန်းပေါ်မှ သူ၏ တဲကို လှမ်းမြင်ရပေပြီ။

သူ လာခဲ့သည်မှာ ဖြူးမြို့နယ်၊ ကျီးမနီးရွာ မုဆိုးကြီးကျော်ရိုးထံ ဖြစ်လေ
သည်။ သူ့တွင် သေနတ်ကောင်းကောင်း မရှိသဖြင့် မုဆိုးကြီးကျော်ရိုးထံမှ
သေနတ် ငှားရမ်းလေ့ရှိသည်။ မုဆိုးကြီးတွင် သေနတ်ကောင်းမျိုးစုံ ရှိလေ
သည်။

သူသည် ရွာအနောက်ဖျားတွင် တဲကလေးနှင့် နေရသော်လည်း ရဲစခန်း
အကူအညီ အကြိမ်ကြိမ်ပေးခဲ့ဖူး၏။ သူ၏ ရိုးသားမှု၊ ကူညီလိုစိတ်ရှိမှု
၏ ပထဝီအနေအထား ကျွမ်းကျင်မှု၊ နာခံတတ်မှုတို့ကြောင့် ရဲစခန်းမှ
ကြည်မှုကို ရရှိထား၏။ ဒေသအတွင်း အမှုအခင်းနှင့်ပတ်သက်၍ တရားခံ
ခြင်း၊ မြို့နယ်၊ ပါတီ၊ ကောင်စီ၊ ရဲတပ်ဖွဲ့ကို ပူးပေါင်း၍ လယ်ယာကိစ္စ၊
တောကိစ္စစစ်ကြောင်း ထွက်ရာတွင် သူ၏လမ်းပြ အကူအညီကို ယူစမြဲ
အားဌာနဆိုင်ရာများက သိရှိဖနကြသည့်အပြင် ယုံကြည်စိတ်ချရသူ
သတ်မှတ်ခြင်း ခံထားရလေသည်။

သူ၏ အလုပ်မှာမူ လယ်ယာ၊ ရောင်းမြောင်းမရှိ ကျပန်းလုပ်ကိုင် စားရ
အတွက် လယ်ထွန်ချိန်၊ ကောက်စိုက်၊ ပျိုးနုတ်ချိန်၊ စပါးရိတ်ချိန်တို့တွင်
များသော်လည်း ထိုအလုပ်များပြီးချိန်တွင်မူ ရိုးမတောစပ်တွင် ဖြူ
ကြောင်၊ ရှဉ့်တို့ကို ထောင်ချောက်ဆင်ကာဖမ်းဆီးပြီး ရောင်းချ
ကျက်ရလေသည်။ ထို့ကြောင့်လည်း မုဆိုးကလေးအလုပ်ကြောင့်
တောကျွမ်းကာ ဘယ်လမ်းက ဘယ်ထွက်ရင် ဘယ်ကိုရောက်၊
တက်က ဘယ်ကိုဖောက်လျှင် ဘယ်လမ်းကိုထောက်၊ ဘယ်မြောင်က
ကိုပတ်လျှင် ဘယ်ချောက်ကိုရောက်သည်ကို သူသိသည်။
လည်း သူ၏ တောကျွမ်းမှုက ဌာနဆိုင်ရာများနှင့်ရဲစခန်းကို အကူ
ခဲ့ခြင်းဖြစ်လေသည်။

ဒုရဲအုပ်၊ စခန်းမှူး၊ ရဲတပ်ကြပ်ကြီး၊ ရဲသားများနှင့်ခရီးထွက်
ကြောင့် အရေးပေါ်လိုအပ်ပါက သူ့အနေဖြင့် တစ်တပ်တစ်အား
ပြုထားသည်။

www.burmeseclassic.com

ရွာနှင့် (၃)မိုင်ခန့်အကွာ တောတွင်းချောင်းမြောင်းတစ်ခုအနီးမှ ရေရှိ ကျစ်တွင်း (ရေစပ်စပ်ရှိသောဆားကျင်း)တွင် ဆတ်၊ တောဝက်၊ ချေတို့ ဆင်း သည့်ခြေရာခြေကြောင်းကို တွေ့ထားသောကြောင့် မနီးမဝေး ပျဉ်းကတိုးပင် နှင့်အင်ပင် (၂)ပင်ယှက်ရာတွင် လင့်ထိုးထား၏။ လင့်ကိုလွန်ခဲ့သည့်(၇)ရက် ခန့်က ထိုးထားပြီးနောက် အမဲသားကောင်ဝင်၊ မဝင်အချိန်အားတွင် သွား၍ ကြည့်ရာ ခြေရာသစ်များတွေ့ထားရပြီး သို့ဆိုလျှင် လင့်ကိုမကြောက်တော့ လင့်မှာ ပေါင်းလျက်ရှိနေသဖြင့်လည်း သားကောင်က ကျစ်တွင်းကို အဝင် ရဲ၍ ဝနေပေပြီ၊ ကျစ်စားနေပြီ။

ဤသည်ကိုအခွင့်ကောင်းယူ၍ လင့်စောင့်ရန် အမဲလိုက် မုဆိုးကျော်ဟိုး မှ အမဲလိုက်သေနတ်ဖြင့် မိုးမချုပ်မီရွာသို့ သုတ်ခြေတင်နေခြင်း ဖြစ်၏။ တဲရောက်ပြီးလျှင် ခရီးဆက်ရဦးမည် မဟုတ်ပါလား။

ရဲစခန်းကလည်း သူ ဆင်းရဲသည်ကို သိ၍လည်းကောင်း၊ ယုံကြည်၍ လည်းကောင်း၊ သူ အမဲရလာပါက စခန်းရှိ ရဲဘော်များအတွက် အသား ဝေစုရမည်ဖြစ်၍ တစ်ကြောင်း လိုအပ်သမျှ အကူအညီပေးလေ့ရှိသည်။ ကူညီရာလည်းရောက် စခန်းအားထောက်ပံ့ရာလား ရောက်စေရန် ကြည့်၍ ခွင့်လွှတ်လေ့ရှိသည်။

=❖=

"ဩော် - ရှင် ပြန်လာပြီလား"

တဲအတွင်း ငုံ့ဝင်လိုက်သောအခါ (၅)နှစ်သားအရွယ် သားကလေးနှင့် ထမင်းစားနေသော သူ၏ဇနီးက မေးလိုက်ရာ -

"အေးကွာ"

"သေနတ်လည်း ရခဲ့တာကိုး"

"ဟုတ်တယ် - ကျော်ဟိုးသေနတ်က အရမ်းကောင်းတယ်လေ"

"ထမင်းတစ်ခါထဲ စားမလား"



"မစားတော့ဘူး - ထမင်းထုပ် ထုတ်ထားသလား"

"ထုပ်ထားပါတယ်တော် - အဆင်သင့်ပါပဲ"

"အေး - ဒါဆို လွယ်အိတ်ထဲကို ထည့်ပေးအချိန် သိပ်မရှိတော့ဘူး၊ မှောင်ခင် လင့်တက်ရအောင် မြန်မြန်သွားရမယ်"

ဟု ပြောလိုက်ရာ သူ့ဇနီးက အလိုက်သိစွာထ၍ လက်ဆေးပြီး လွယ် အိတ်တွင် စလူရှက်နှင့် ထုပ်ထားသော ထမင်းထုပ်ကိုထည့်၊ ပုလင်းလွတ် တစ်လုံးတွင် ရေထည့်ကာ ရေပုလင်းကော လွယ်အိတ်ကိုပါ သူ့အား လှမ်း ပေးလိုက်၏။ သူက သူ့သားကလေး၏ ပါးကိုဆွဲလိုက်ခါ -

"သားသားရေ - ဖေဖေ အမဲရအောင် လင့်သွားစောင့်လိုက်ဦးမယ်၊ နက်ဖြန်စောစော ပြန်ခဲ့မယ်နော်"

"ဟုတ်ကဲ့ - အဖေ"

ကလေးကို နှုတ်ဆက်ပြီးနောက် ...

ငါသွားပြီဟေ့ဟု သူ့ဇနီးကို နှုတ်ဆက်ကာ ရွာအနောက်ဘက်သို့ထွက်ခဲ့ လေ၏။

"လွယ်အိတ်ထဲမှာ စောင်နဲ့ ဓာတ်မီးပါတယ်နော်"

သူ့ဇနီးက သူ့အထွက်တွင် အော်ပြောလိုက်သည်။ သူတို့ရွာအနောက် ဘက် မိုင်ဝက်ခန့်တွင် ရွာသချိုင်းကရှိပြီး ကုန်းမြင့်တွင် သစ်ပင်ကြီးများပေါက် ၏။ ရွာမှ တတ်နိုင်သူများ ကွယ်လွန်သောအခါ အုတ်ဂူလေးများ လုပ်ထား ကြ၏။ ဟောင်းသည့်ဂူကဟောင်း၊ သစ်သည့်ဂူက သစ်နှင့် မြိုင်ကြီးအလယ် တွင် ရှိနေ၏။ သုသာန်ဇရပ်ကလည်း အချိန်ကြာမြင့်ပြီဖြစ်၍ ဟောင်းနွမ်းကာ ချုပ်များပင် သံချေးတက် ပေါက်ပြဲနေလေသည်။

သူက မိုးချုပ်လုတွင် သချိုင်းနံဘေးမှ ခပ်သုတ်သုတ်ပင် ဖြတ်လျှောက် လိုက်ကာ လယ်ကွင်းတစ်ခုကို ဖြတ်၏။ ထိုလယ်ကွင်းအလယ်ကန်သင်းရိုး တွင်တော့ အခက်အလက်ဝေဆာသော ထန်းပင်တစ်ပင်ရှိလေသည်။ ထိုအရပ်က ထန်းတက်သူ မရှိသဖြင့် ထိုအပင်ကို ထန်းရည် မခံကြပေ၊ ထန်းပင်မှာလည်း ထန်းဖိုပင်ဖြစ်၍ ထန်းသီးလည်း မစားရ၊ ထိုကြောင့်လျှင်

www.burmeseclassic.com

မြန့်တောကို ရောက်၏။ အနောက်ဘက်လှမ်းမျှော်လျှင် ဖြူးရောင်းဖျားရှိရာ တောင်တန်းက မြင့်မောက်စွာ တည်ရှိ၏။

သူက ထိုအခြေသို့ အရောက်သွားရပေမည်။ ထို့ကြောင့် လမ်းလျှောက်ခြေလှမ်းကို ကြဲကြဲသွက်သွက်လှမ်းကာ အမြန်နှုန်းတင်လိုက်လေသည်။

"ဖြုတ် - ဗျစ်"

အသံတစ်သံက သူ့နောက်မှ ကြားလိုက်ရသဖြင့် သူက လှည့်လိုက်ရာ သူ ဘာကိုမျှ မတွေ့!

"ဖျပ် - ဖျပ်"

အသံ ကြားရပြန်သည်၊ သူ လှမ်းကြည့်၏၊ ဘာမျှ မတွေ့ပြန်။ သူက စိတ်တွင်းမှ ထင်လိုက်သည် ကန်သင်းစပ် ဖျားကျင်း၊ လယ်ပုစွန်လုံးကျင်းအနီး သူ ခြေနင်းမိ၍ ထိုကျင်းများမှ လေထွက်သံဟု ထင်လိုက်၏။ ကြောက်စိတ်ကတော့ မရှိပေ။ ဒီလမ်းဒီစခန်းက သူ့အတွက် အဆန်းမှ မဟုတ်လေရာ၊ ဘာကို ကြောက်နေရမည်နည်း။

သို့နှင့် လင့်ရှိရာကိုသာ ဦးတည်လိုက်မိ၏။

မှောင်သည်ဆိုလျှင်ပင် သူက လင့်၏ အောက်ခြေသို့ ရောက်လေရာ မဆိုင်းမတွပင် အင်ပင်ကိုင်းများကို နင်းကာ ပေ (၂၀)မျှ မြင့်ရာ လင့်ပေါ်သို့ တက်ခဲ့၏။ လင့်မရောက်မီ လမ်းခရီး မိုင်ဝက်ခန့်အလိုကတည်းက သူ အဝေ့အပါး သွားထားပြီးပြီ။ လင့်နားတွင် အနံ့အသက်မကျန်စေရန် ဂရုစိုက်ရ၏။ ကျစ်တွင်းဝင်သာအောင် ဆိုသည်က သူတို့၏ မွေးရာပါဗီဇကြောင့်လည်းကောင်း၊ သားကောင်၏ဘိုးစဉ်ဘောင်ဆက်က အဆင့်ဆင့် သင်ကြားပေးခဲ့၍လည်းကောင်း လင့်ဝင်ရာတွင် များစွာသတိထားကြ၏။ အနံ့၊ အသက် အပျက်အယွင်း၊ သစ်ခက်အကျိုး၊ သစ်ရွက်စိမ်းအကြွေကအစ ဂရုစိုက်တတ်လေရာ တစ်စုံတစ်ရာ မသင်္ကာပါက ကျစ်တွင်းသို့မဝင်တော့ပေ။ မုဆိုးများ၏ ပစ်ခတ်သတ်ဖြတ်မှုက သူတို့၏ ဘိုးစဉ်ဘောင်ဆက် လက်ထက်ကပင် ခံခဲ့ကြရသည် မဟုတ်ပါလား။

ထို့ကြောင့် ပါးနပ်လျှင်မြန်ကြ၏။ ဒါကို မုဆိုးတို့ကလည်း အထာပေါက်ကာ အနံ့ပျောက်၊ ကိုယ်ရောင်ဖျောက်ရ၏။ တောက်ပသော အဝတ်အစား အသုံးအဆောင်လုံးဝ မဝတ်ရ၊ ကွမ်းမစား၊ ဆေးလိပ်မသောက်၊ လေခလည်ရ၊ ဆီမလိမ်း၊ နံ့သာမလိမ်းရ၊ သစ်ရွက်သစ်ကိုင်းမချူး၊ မချိုးရ၊ မရှင်းရ။ အတတ်နိုင်ဆုံး တောနှင့်တစ်သားတည်းနေကာ ချောင်းမဆိုး၊ နှာမချေ၊ ခြင်ကိုက်လျှင်ပင် ပေတေအောင့်အည်းသည်းခံရ၏။ သို့မှသာ လင့်ဝင်သားကောင်ကိုပစ်ခတ် ရရှိနိုင်ပေသည်။ သို့မဟုတ်ပါက သားကောင်လာသံကိုပင် မုဆိုးက ကြားလိုက်ရမည် မဟုတ်ပေ။

သို့နှင့် လင့်ပေါ်သို့ သူတက်ပြီးနောက် လင့် နိုင်၊ မနိုင် သစ်ကိုင်းကို နှဲ့ကာ လင်ပေါ်တွင် ခုန်ကြည့်၏။ လင့်ဆံများကိုပါ လာသည့်နီးဖြင့် မနိုင်သည့်နေရာများရာကာ တုပ်၏။ စိတ်ချရသောအခါသူကလင့်ပေါ်တွင် ပါလာသည့် ဘာဘူစောင် (ဂွမ်းစောင်)အကြမ်းကို ခေါက်လျက်သားချကာ ထိုအပေါ်တွင် ထိုင်လိုက်လေသည်။ ထို့နောက် သူ၏လင့်ကြမ်းပေါ်တွင် ရိုင်ဖယ်သေနတ်ကို ခောင်းထိုးဆေ့ပ် (Sye) ခါချထားလိုက်လေသည်။

သူထိုးထားသည့်လင့်မှာ (ကျစ်လင့်)ကျစ်တွင်းစောင့်ရန် လင့်ဖြစ်၍ အနိုင်အခန့်ထိုးထား၏။ သို့မှသာ အချိန်မရွေးလာ၍ လင့်စောင့်နိုင်ပေမည်။ ဒီးသင်စောင့်အခင်းစောင့်များမှာမူ ယာယီသာ လုပ်ကြ၏။ ကျစ်လင့်ဖြစ်၍လည်း လူ (၂)ယောက် ကောင်းစွာ လဲလျောင်းအိပ်စက်နိုင်အောင် လုပ်ထား၏။ တစ်ဦးတည်းစောင့်ပါက လင့်ပေါ်တွင် ခြေဆန့်လက်ဆန့်ပင် လုပ်နိုင်၏။ အိပ်ပျော်သွားပါကလင့်မှ ထွက်မကျစေရန် မျောသား(၂)လုံးစီကို လေးဖက်အသတန် ကာထားသေးသည်။ ကျစ်တွင်းအားလင့်မှ အပေါ်စီးလှမ်းမြင်ရ၏။ ကျစ်တွင်းမှာ ချောင်းမြောင်ကမ်းတစ်ခုတွင် ကလိုက် (ဂလိုင်) ဖြစ်နေရာ၊ သားကောင်များ ခုတ်ယူစားသောက်ထားသဖြင့် (၃)ပေပတ်လည်မျှပင် ကျယ်နေ၏၊ လင့်နှင့်ဆိုလျှင် ပေ (၄၀)၊ (၅၀)ခန့်သာဝေးလေသည်။

သူက ပတ်ဝန်းကျင်ကို သတိထားကြည့်ရှုပြီးနောက် စောင်ပေါ်တွင် အောက်ထိုင်ကာ တိတ်တိတ်ဆိတ်ဆိတ်ပင် နေလေသည်။

=❖=



www.burmeseclassic.com

www.burmeseclassic.com

တပို့တွဲလဆန်းရက် ဖြစ်သောကြောင့်လည်း စောစီးစွာပင် ထွက်၍ လာပေပြီ၊ တောင်ခြေတောဖြစ်သော်လည်း ယခုလိုလမျိုးတွင် နှင်းက စောစီးစွာ ကျကာ အအေးဓာတ်က တောကိုခြုံလွှမ်းထား၏၊ သူက လဆန်း (၈)ရက်နေ့၏ လဝင်မည့်အချိန်ကို တွက်ကြည့်ရာ ညဉ့်သန်းခေါင်ကျော်တွင် လဝင် သွားပေမည်ဆိုသည်ကို သိ၏၊ ထို့ကြောင့် လဝင်မှ သားကောင် ကျစ်တွင်းဝင်လျှင် (၂)တောင့်ထိုးဓာတ်မီးကလေးကိုသာ အားကိုးရပေမည်ဟု တွေးနေလိုက်၏၊



❛ တောကြီးမာယာဆိုတာရှိတယ်။ တချို့ဆိုရင် အိမ်က လူဘဖြစ်လို့ ပြန်လာခဲ့ပါဆိုပြီး လာခေါ်တတ်တယ်။ ဆင်းသွားမိရင် ကျားကိုက်ခံရတတ်တယ်။ မဆင်းပဲ ပစ်ထည့်လိုက်ရင် သားကောင်ရတတ်တယ်စသည့် နှုတ်ပြောပုံပြင်တွေ သူ ကြားဖူးထား၏။ ❜

မြောက်လေက ညဉ့်ဦးယံတွင် ငြိမ်သက်လျက်ရှိ၏၊ (၂)နာရီမျှ ကြာသောအခါ သူက ခြေဆန့်အညောင်းဖြေလိုက်ပြီး ပက်လက်လဲ၍ ချလိုက်ကာ နားနေပြန်၏၊

"ဝေါင် - ဝေါင်"

"တိန်"

အဝေးဆီမှ ချေတစ်ကောင်၏ဟောက်သံ၊ ဆတ်တစ်ကောင်၏တစ်သံကို ကြားရသောအခါ သူက နားစိုက်၍ ထောင်လိုက်ရင်း အင်း - တောတော့ လှုပ်လာပြီ၊ သားကောင်တွေ အစာရှာနေပြီ၊ ကျစ်တွင်းကိုတော့ အစာဝမှ ဝင်၍ စားမည်ထင်၏၊ အဘယ်ကြောင့်ဆိုသော် ကျစ်တွင်းအငန်ဓာတ်မှာ သားကောင်များက အစာကြေရန် မစားမဖြစ်သော မြေငံဖြစ်ပြီး သားကောင်များကို ကျန်းမာစေကာ အစာအဆိပ်အတောက်များ ကင်းစေသည်၊ သားကောင်များစားသည့် သစ်ရွက်သစ်ဖူး၊ သစ်ဥများတွင် အဆိပ်ဖြစ်စေသည့် အစားများ ကြေပျက်စေရန် ဓာတ်တစ်မျိုးပါရှိကြောင်း သိပ္ပံပညာရှင်များ တွေ့ရှိထားပါသည်၊

သူက တွေးတောနေစဉ်မှာပင် သူ လင့်ဆောက်ထားရာ တစ်ခြမ်းအပင် ဖြစ်သောအပင်မှာ လှုပ်၍ သွားလေသည်၊

သူက လေတိုက်သည် ထင်လိုက်သဖြင့် လဲနေရာမှ ဦးခေါင်းမတ်ကာ အကဲခတ်လိုက်လေသည်၊ လေက မတိုက်၊

ဟော - နောက်တစ်ခါ လှုပ်၍ သွားပြန်လေသည်၊

အချိန်က ညဉ့် (၉း၀၀) နာရီခန့်မို့ လမှာ အတော်တက်လာပြီး လင်းလက်စွာ တစ်တောလုံးကို လရောင်ပေးနေလေသည်၊

သူက စိတ်ထဲတွင် ထင့်သွား၏၊ ထို့ကြောင့် သေနတ်ကို အသာမယူလိုက်ဘဲ အသင့်ကိုင်ထားလေသည်၊

တတိယအကြိမ် လှုပ်သွားသောအခါ သူက သေချာသွားပြီ၊ တစ်ကောင်ကောင်က သူ့အပင်ကို ဘေးတိုက်၍ အယားဖျောက် ပွတ်တိုက်နေခြင်း ဖြစ်သည်၊





www.burmeseclassic.com

www.burmeseclassic.com

သူက သေချာစေရန် ပက်လက်အနေအထားမှ ဝဲဘက်သို့စောင်းလိုက်၍ လင့်အောက်သို့ ငုံ့ကြည့်လိုက်မိ၏။

"ဟာ"

သူ့အသံက အပြင်သို့ မထွက်သွား စိတ်အတွင်းမှာသာဖြစ်၏။ သူ ထိုသို့ ဖြစ်သွားရသည်က တွေ့ရသည့်အရာမှာ -

တွေ့ရသည့်အရာမှာ လေမတိုက်၊ သားကောင်မဟုတ်။ သူ တွေ့ရသည့်အရာက တကယ့်မနုဿလူသားတစ်ဦး။

လရောင်ဖြင့် သူ မြင်လိုက်ရသည်က အင်္ကျီဖြူခပ်နွမ်းနွမ်း၊ ခေါင်းတုံးပြောင်ပြောင်၊ ပုဆိုးညစ်ညစ်တစ်ထည်ကို ဝတ်ထားကာ လင့်ပေါ်သို့ လှမ်းကြည့်နေသူတစ်ဦး။

သူက မှင်တက်မိကာ ခေါင်းနားပန်းကြီးနေရာမှ ထထိုင်လိုက်ပြီး ထိုသူကိုအသေအချာ ကြည့်မိလေရာ ထိုသူက ညှိုးငယ်သောမျက်နှာဖြင့် သူ့အား ကြည့်၍နေ၏။

သူကြည့်နေမှန်းသိသောအခါ လင့်အောက်မှ လူက သူ့အား စကားလှမ်း၍ ပြောလေသည်။

"သူငယ်ချင်း - သူငယ်ချင်း ငါ တောထဲမှာ လမ်းမှားလာလို့ပါကွာ။ ညနက်တော့ ထမင်းကလည်း ဆာလာပြီ။ သူငယ်ချင်းမှာ ထမင်းထုပ်ပါလာရင် ငါ လင့်ပေါ်ကို တက်လာပြီး စားပါရစေ။ ငါ့ကို ထမင်းနည်းနည်း ကျွေးပါလားကွာ"

"ဗုဒ္ဓေါ"

သူက နှုတ်မှ ရွတ်မိ၏။ ပြီးနောက် - ဘာပြန် ပြောရမှန်းမသိ။ သူကြားနားဝရှိသည်က လင့်စောင့်နေလျှင် သားကောင် (သို့မဟုတ်) သားစားကောင်တို့က အမြင်မှားအောင် အယောင်ဆောင်ပြီး လှည့်ဖြားတတ်၏။ တောကြီးမာယာဆိုတာရှိတယ်၊ တချို့ဆိုရင် အိမ်က လူ ဘာဖြစ်လို့ ပြန်လာခဲ့ပါဆိုပြီး လာခေါ်တတ်တယ်၊ ဆင်းသွားမိရင် ကျားကိုက်ခံရတတ်တယ်။ မဆင်းဘဲ ပစ်ထည့်လိုက်ရင် သားကောင်ရတတ်တယ်စသည့် နှုတ်ပြောပုံပြင်တွေ ကြားဖူးထား၏။ သူက ဒါတွေကို သတိရ၏။ သို့သော် ယခု သူ့အား ပြောနေသူက လူမှ လူအစစ် သူ မျက်စိ မမှားနိုင်။ ထို့ကြောင့် သေနတ်နှင့်ပစ်၍ ... ခြင်း၊ မတော်လူသေသွားလျှင် ဒုက္ခ။ သူစဉ်းစားနေစဉ်မှာပင် လင့်အောက်မှ လူက သူ့အားပြောပြန်သည်။

"သူငယ်ချင်းရေ - ထမင်းမကျွေးရင်တောင် ရေတော့ တိုက်ပါကွာ။ ငါ ... မ်းမှား မျက်စိလည်လာလို့ပါ မင်းကျေးဇူးကို မမေ့ပါဘူး။ ငါ ကူညီနိုင်တာ ကူညီပါမယ်နော်"

တောင်းပန်တိုးလျှိုးသော စကားသံက သူ၏နှလုံးသားကို ရိုက်ခတ်စေခဲ့ ... ထိုသူကို သူ ကျွေးမွေးချင်လာသည်။ ကျွေးမွေးပါက သူ့လို ဆင်းရဲသူ ... အတွက် အလှူတစ်ခုပေပဲဟု သူ စဉ်းစားမိ၏။ ရှေးကံကြောင့် ယခုဘဝတွင် ... ခဲ့သည်မှာ အလှူဒါန နည်းခဲ့၍ဟု သူတို့ရွာဘုန်းကြီး အဟောအပြော ... သူ ကြားနာဖူးထား၏။ ထို့ကြောင့် အလှူခံရှိတုန်း လှူချင်လာမိ၏။

သို့သော် သားကောင်ပစ်ရန် လင့်စောင့်နေချိန်မှ အလှူခံက ရောက်ခဲ့ ... အမှန်တကယ်လူမှ ဟုတ်ပါလေစ၊ သူ အန္တရာယ်တစ်ခုခု ကျရောက် ... သူ့ဇနီးနှင့် ကလေးလည်း ဒုက္ခရောက်ပေမည်။

"သူငယ်ချင်းရယ် မင်းကို အန္တရာယ် မပေးပါဘူး။ မကြောက်ပါနဲ့ကွာ၊ ... ဖြစ်နိုင်ရင် ထမင်းနည်းနည်းကျွေး၊ ရေနည်းနည်းတိုက်ပါ။ မင်း ခွင့်ပြုမှ ... ပေါ်တက်ခဲ့ပါမယ်။ မင်း ကျေးဇူးလည်း မမေ့ပါဘူး"

ထိုအသနားခံမှုက သူ့ကို ပြတ်သားသော ဆုံးဖြတ်ချက် ချစေလိုက်၏။ ... လင့်ပေါ်ခေါ်၍ ထမင်းကျွေးရန်ပင်။ သို့သော် မလိုလည်းလိုလည်း ... တတိတစ်ခု ပေးလိုက်၏။

"... လင့်အောက်က သူငယ်ချင်းရေ၊ မင်း - ဒါလောက် အခက်အခဲ ဖြစ်နေ ... ပါတဲ့ ထမင်းထုပ်ထဲက တစ်ဝက်ကျွေးပါ့မယ်။ ဒါပေမဲ့ - မင်း ငါ့ကို ... ယ် မပေးပါဘူးလို့ ကတိပေးပါ။ မင်းငါ့ကို အန္တရာယ်ပြုလို့ ငါတစ်ခုခု ... သားမယားတွေ ဒုက္ခရောက်ရမှာ"

www.burmeseclassic.com

"စိတ်ချပါ - သူငယ်ချင်းရာ ငါ မင်းထမင်းကို စားပြီးရင် မင်းဟာ ငါ့ရဲ့ ကျေးဇူးရှင်ပါပဲ၊ ဒီတော့ မင်းကို ငါအန္တရာယ် မပေးပါဘူး။ ပြီးတော့ - မင်းကို လည်းကူညီမှာပါ။ ငါ ကတိပေးပါတယ်ကွာ"

"အေးလေ - မင်း ကတိပေးရင် လင့်ပေါ်ကို တက်ခဲ့တော့"

သူ၏ ခွင့်ပြုချက်ရလျှင်ပင် လင့်အောက်မှ အဝတ်ဖြူလူက လင့်ပေါ်သို့ ပေါ့ပါးစွာပင် တက်လာကာ သူ့ရှေ့တွင် ထိုင်လိုက်သဖြင့် သူက ကြည့်မိရာ ဘာမျှ မထူးခြား၊ လူမှလူအစစ်၊ သူနှင့် သက်တူရွယ်တူ အသက် (၄၀) ခန့်ရှိ ပေမည်၊ မျက်နှာက ကြည်လင်၍ မဟာနဖူးနှင့် ခေါင်းတုံးပြောင်ပြောင်က လရောင်နှင့် တောက်ပနေ၏။ မည်သည့် ထူးခြားချက်မှ မရှိ၊ ထို့ကြောင့် သူက လွယ်အိတ်ထဲမှ စလူဖက်ဖြင့် ထုပ်ထားသော ထမင်းထုပ်ကို ဖြေကာ ထမင်း ထုပ်အတွင်းမှာပင် တစ်ဝက်စီခွဲ၍ ပုံထား၏၊ ဟင်းမှာ ရွှေဖရုံသီးချက်ဖြစ်ကာ ထမင်းပေါ်တွင် ငါးပိရည် ဆမ်းထား၏။ ထို့နောက် သူက -

"သူငယ်ချင်းတစ်ဝက်စားပါဗျာ၊ ကျွန်တော်လည်း ထမင်းမစားရသေးလို့ တစ်ဝက်စားမယ်၊ ခင်ဗျားကျွန်တော့်ကို အန္တရာယ်မပေးပါနဲ့နော်၊ ဟောဒီမှာ ရေလည်းသောက်ပါဟု" ဆိုကာ ရေပုလင်းကိုလည်း ထုတ်ကာ -

"ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရာ ထမင်းမစားရတာလည်း ကြာ ခဲ့ပါပကော၊ သူငယ်ချင်းလည်း အန္တရာယ်မပေးပါဘူး၊ သူငယ်ချင်း သား ကောင်ပစ်ဖို့ လင့်စောင့်တာ မဟုတ်လား၊ ကျုပ်လည်း ကူစောင့်ပေးပါမယ် သားကောင်လည်း ရမှာပါ"

ဟု ပြောရင်း သူ့အတွက် ပုံပေးထားသော ထမင်းကို အားပါးတရ စား လေသည်၊ စားသောက်ပြီးသောအခါ လင့်ပေါ်တက်လာသူက -

"သူငယ်ချင်းရေ လင့်စောင့်ရင် အိပ်ပျော်လို့မဖြစ်ဘူး၊ သူငယ်ချင်း တစ်ယောက်ထဲ စောင့်ရင် အိပ်ပျော်သွားလို့ သားကောင်ရမှာ မဟုတ်ဘူး ဒီတော့ ကျုပ်လည်း စောင့်ပေးမယ်၊ ကျုပ်က လမ်းမှားပြီး မောလာတဲ့သူမို့ တော့ အရင်အိပ်လိုက်ဦးမယ်၊ မင်းက အရင်စောင့် မင်းအိပ်ချင်ရင် ကျုပ်ကို နှိုး၊ ကျုပ်က တစ်လဲစောင့်ပေးမယ် - ဟုတ်ပြီလား"



ထိုသို့ သဘောတူကာ ထိုသူက အလျင်ကျောခင်း၍ အိပ်လေသည်။ အိပ်မီ သူက သူထမင်းကျွေးသူကို မေးရ၏။

"သူငယ်ချင်းက ဘယ်ကိုသွားရမှာမို့ မျက်စိလည် လမ်းမှားရတာလဲ"

"ရွာနဲ့ အနောက်ဘက်နားကို"

ထိုဒုတိယလူ ပြောသည့်ရွာမှာ သူနေသည့်ရွာပင်ဖြစ်နေရာ

"ဟုတ်လား - သူငယ်ချင်း၊ ကျုပ်လဲ အဲဒီရွာမှာပဲ နေတာပဲ"

သူ အံ့ဩခဲ့ရပါသည်၊ ထိုသူနေသည်ဆိုသည့်ရွာမှာ သူ့ရွာပင်ဖြစ်ပြီး ရွာအနောက်ဘက်ဆိုသည်မှာလည်း သူ့တဲအနီးအနားတွင် ဖြစ်ပေမည်၊ သို့သော် ထိုသူကိုသူ မမြင်ဘူးပါ။

သူက ထပ်မမေးတော့ -

သို့နှင့် ဒုတိယလူမှာ အိပ်လေသည်၊ မကြာမီ အိပ်ပျော်သွားရာ လရောင် တွင် ထိုသူအား သူအသေအချာကြည့်၏။ လူမှ လူအစစ်၊ သို့သော် အနည်း ငယ်ထူးသည်က အင်္ကျီလက်တိုအောက်တွင် ပေါ်နေသည့် လက်တံနှင့် ခြေ သလုံးတွင် အမွေးမည်းမည်းရှည်ရှည်များ ရှိနေခြင်းပင်၊

BURMESE CLASSIC .com

=❖=

အချိန်မှာ သန်းခေါင်အချိန်ရောက်၍လာရာ သူမှာ ငုတ်တုတ်ထိုင်ရင်း အိပ်ငိုက်လာလေ၏။ သို့သော် သူဟာသူ ငိုက်မှန်းပင်မသိ၊ နှင်းက သိပ်သည်း လာနေရာ အအေးပိုလာသဖြင့် ဘာဘူစောင်ကို ခြုံထားရ၏။ ဒုတိယလူမှာ အိပ်သည့်အတိုင်း အိပ်ပျော်နေလိုက်သည်မှာ ဘာမျှပင် မသိတော့၊ ကြာလျှင် - လမ်းမှားလမ်းပျောက်၍ပင်ပန်းလာသူဖြစ်ပြီ ဟိုလျှောက်သည်လျှောက်ဖြင့်ပင်ပန်းခံရပေ လိမ့်၊ မနက်ကျမှ သူ့နာမည်ကို မေးရဦးတော့မည်၊ သို့နှင့် သူက အိပ်ငိုက် ငိုက် နှိုးလိုက် စောင့်နေမိ၏။

သူ၏ တံတောင်ဆစ်ကို လှုပ်လိုက်သည့် အတွေ့အထိကို ခံစားရသဖြင့် အိပ်ငိုက်နေရာမှ ဆတ်ခနဲ နိုးလာ၏။ ဒုတိယလူက သူက လှုပ်နှိုးခြင်းဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ကျစ်တွင်းဘက်သို့လက်ညှိုးထိုး၍ပြနေပေပြီ။ သူ ဘယ်အချိန်က နိုးနေသည် သော်။

သူက ဒုတိယလူပြရာသို့အိပ်ချင်မူးတူးနှင့်ကြည့်၏။ ဘာသားကောင်ကို မှမတွေ့။ ထို့ကြောင့် -

"ကျုပ် - ဘာမှ မတွေ့ဘူး"

"ဟုတ်လား - ဒါဆိုရင် ကျုပ်လက်ညှိုးထိုးပြတဲ့ နေရာကို သေနတ်ချိန်"

သူက ဒုတိယလူပြောသည့်အတိုင်း သေနတ်ကို ချိန်လိုက်သော်လည်း နင်းများ ဖုံးလွှမ်းနေ၍ သားကောင်ကိုမတွေ့-

"ကျုပ် - မတွေ့ရဘူး၊ ဘာကောင်လဲ"

ဒုတိယလူက ဘာမျှ မပြောပဲ သူ၏ယာဘက်လက်ဖြင့် သေနတ်ကို ကိုင်ပေးကာ -

"မတွေ့ပေမဲ့ အဲဒီနေရာကို ပစ်သာထည့်လိုက်"

သူက ဒုတိယလူပြောသကဲ့သို့ လုပ်ရပေမည်။ အဘယ်ကြောင့်ဆိုသော် ဒုတိယလူက သေနတ်ကိုပင် ထိန်းကိုင်ပေးထားပြီ မဟုတ်လား။

"ဒိုင်း - ဒိုင်း"

သူက သေနတ်ကို ညှစ်ဆွဲပစ်ခတ်လိုက်၏။

"ဖြုန်း - ဘုန်း - ဖြုန်း - ဘုန်း"

သားကောင်တစ်ကောင်လဲပြိုသံ၊ ပြန်ထသံ၊ ပြန်လဲသံကိုသာ ကြား လိုက်ရသည်။ ဘာကောင်မှန်းတော့မသိ။ ထို့နောက် ဒုတိယလူက အသံငြိမ် သွားသောအခါ -

"သူငယ်ချင်းရေ - အိပ်ချင်ရင် အိပ်တော့"

သူက မအိပ်နိုင်သေးဘဲ ကျေးဇူးတင်စကား ပြောရလေသည်။

"ကျေးဇူးတင်ပါတယ် - သူငယ်ချင်းရာ၊ ကျုပ်က ဆင်းရဲပါတယ်၊ ဒီသား ကောင်ရရင် တစ်ဝက်ကို ရဲစခန်းပေး၊ စခန်းကလူတွေစားဖို့ပါ။ တစ်ဝက်ထဲ ရောင်းချပြီး ကျုပ်တို့မိသားစု စားရမှာပါ၊ ကျုပ်က ပုံကျအလုပ်သမားဆိုတော့ အလုပ်မရှိတုန်း မုဆိုးလုပ်တာပါ။ နောင်ကိုလည်း ကူညီပါဦးနော်"

"ကူညီပါ့မယ် - သူငယ်ချင်း"

"ကူညီမယ်ဆိုရင် တို့သူငယ်ချင်းနှစ်ယောက်ဘယ်လိုတွေ့ရမလဲ"

"ဒါက မခက်ပါဘူး သူငယ်ချင်းရာ၊ မင်းတောလည်ဖို့ ရွာကထွက်ရင် သချိုင်းကို ဖြတ်ရမယ်မို့လား"

"ဟုတ်တယ်လေ"

"သချိုင်းကိုဖြတ်ပြီးရင် ကန်သင်းပေါ်က ထန်းပင်တွေ့တယ်မို့လား။ အဲဒီ ထန်းပင်ကို မင်းလွန်တဲ့အခါ ငါ့ကို သူငယ်ချင်းရေလို့ခေါ်လိုက်၊ ငါမင်းနဲ့အတူ တောလိုက်လည်ပေးမယ်"

"ဒါနဲ့ သူငယ်ချင်းနာမည်ဘယ်လိုခေါ်သလဲ"

နာမည်ကို မေးမနေပါနဲ့ သူငယ်ချင်းရာ ဟုဆိုကာ မဖြေပဲ -

"အေး - ဒါပေမဲ့ တစ်ခုတော့ မှာထားမယ်၊ မင်းသူငယ်ချင်းရေလို့ခေါ်တဲ့ အခါနောက်ကို လှည့်မကြည့်နဲ့ စကားလည်း မပြောနဲ့၊ ငါ ရောက်လာလို့ မင်းကို စကားပြောတော့မှ မင်းကပြန်ပြီးပြော၊ ဟုတ်ပြီလား သေသေချာချာ မှတ်ထားနော်"

"ကဲ - အိပ်တော့သူငယ်ချင်း၊ မင်းမနက်ကျရင်သားကောင်သယ်ရဖျက် ရဦးပင်ပန်းနေဦးမယ်"

အမည်မဲ့လူနှင့်တွေ့ရန် ပြောပြီးနောက် သူလည်းတစ်ဖက်သို့ လှည့်ကာ အိပ်လိုက်လေသည်။ အိပ်ရေးပျက်နေသဖြင့် ချက်ချင်းလိုပင် အိပ်ပျော်သွား တော့၏။

နံနက်နေထွက်စတွင် သူ နိုးလာသောအခါ သူ့သူငယ်ချင်းက မရှိတော့ ။ ဘလင့်ပေါ်မှ ကျစ်တွင်းကိုကြည့်လိုက်ရာ (၆)စ ချိုထောင်ကြီးနှင့် ဆတ်ဖို ကြီးတစ်ကောင် လဲနေသည်ကို တွေ့ရ၏။

သူက ဝမ်းသာသွားသဖြင့် သူ့သူငယ်ချင်းကို မတွေ့အား သူလည်း တောထ၍ သူ့လမ်းသူသွားပြီဟုသာ ထင်ခဲ့လေသည်။ ထို့နောက် ရဲစခန်း သို့ အကျိုးအကြောင်းရှင်းပြ၊ လှည်းငှားကာ ဆတ်ကိုလာတိုက်၍ ပေးတန် သလောက်ပေး ရောင်းတန်တာ ရောင်းကာ စားသောက်ခဲ့ရ၏။

=❖=





www.burmeseclassic.com

www.burmeseclassic.com

(၁၀)ရက်ခန့် ကြာသွားပေပြီ၊ သူက ဒုတိယလူသူငယ်ချင်းကို သတိရနေ၏၊ သူမှာခဲ့သည့်စကားကိုလည်း သတိရနေကာ တစ်နေ့တွင် ထမင်းထုပ်နှစ်ထုပ်ထုတ်ကာ အချိုအချဉ်သကြားလုံးမုန့်ကလေးများ ဝယ်လွယ်အိတ်တွင်ထည့်၍ တောလည်ထွက်ခဲ့သည်၊

သူ့သူငယ်ချင်း ဒုတိယလူမှာထားသည့်အတိုင်း သချိုင်းအကျော်ထန်းပင်အောက်မှ ဖြတ်သွားသောအခါ -

"သူငယ်ချင်းရေ"

သူက အသံကျယ်ကျယ် အော်ခေါ်လိုက်သည်၊ သို့သော် - မှာထားသည့်အတိုင်း အနောက်ကိုဖြင့် လှည့်မကြည့်ဘဲ ရှေ့ကိုဆက်၍ လျှောက်သွား၏ ခြေလှမ်း (၃၀၊ ၄၀)မျှ လျှောက်သွားပြီးသောအခါ -

"သူငယ်ချင်းရေ - ငါ့အတွက် ထမင်းထုပ် ထည့်လာခဲ့တယ်မို့လား"

ထိုအသံကြားမှ သူက လှည့်ကြည့်လိုက်ရာ သူ့အားပြုံးပြုံးကြီး ကြည့်နေသော သူ့သူငယ်ချင်းဒုတိယလူကို တွေ့ရသဖြင့် -

ပါ - ပါတယ် သူငယ်ချင်းရာ ထမင်းထုပ်တွင် မကဘူး၊ အချိုအချဉ်လေးလည်း သူငယ်ချင်းစားဖို့ ဝယ်လာခဲ့တယ်၊

"ဟုတ်လား - သူငယ်ချင်း၊ ဘာဟင်းများ ပါသလဲ"

"တစ်ထုပ်က အမဲသား၊ တစ်ထုပ်က ခရမ်းသီးနှပ်"

သူ့အဖြေကို ကြားလိုက်သော ဒုတိယလူမှာ မျက်နှာတစ်ချက်ပျက်သွားပြီးနောက် -

"ဒါဆိုရင် အမဲသားထမင်းထုပ် ငါ့ကိုပေး"

အသံမာမာထန်ထန်ဖြင့် တောင်းလေသည်၊

သူက ဒုတိယလူမျက်နှာ ပျက်သွားသည်ကို သတိထားမိသော်လည်း သူ့အလိုဆန္ဒအတိုင်း အမဲသားနှင့် ထမင်းထုပ်ကို လှမ်းပေးလိုက်ရာ -

ဒုတိယလူက ထမင်းထုပ်ကို ဆတ်ခနဲ ဆွဲယူလိုက်သောကြောင့် သူ အံ့သြသွားရ၏၊ ထို့နောက် - ဒုတိယလူအား ကြည့်နေစဉ်မှာပင် ဒုတိယလူက ထမင်းထုပ်ကို လွှင့်ပစ်လိုက်လေသည်၊

ထို့နောက် စကားစ၍ ပြော၏၊



"သူငယ်ချင်း နောင်ကို ဘယ်တော့မှ အမဲသားမစားပါနဲ့ကွာ၊ ကျုပ်တို့ ကတိပေးနိုင်မလား၊ ကျုပ်လည်း အမဲသား မစားတော့ဘူး၊ မစားတာ ကြာခဲ့ပြီ"

သူ့မှာ ချက်ချင်းပင် ဆုံးဖြတ်ကာ -

"ပေးနိုင်ပါတယ် - သူငယ်ချင်း"

"အေး - မင်း အမဲသား မစားဘူးလို့ ကတိပေးရင် ငါ မင်းကို ဆက်ပြီး ကူညီပါ့မယ်၊ ငါ ကူညီလို့ မင်းဟန်ဟန်ပန်ပန် စုမိဆောင်းမိအောင်လုပ်၊ ပြီး - ကုသိုလ်ကောင်းမှုလည်း မမေ့နဲ့ ဟုတ်ပြီလား"

"ကောင်းပါပြီကွာ - ကတိပေးပါတယ်"

ကတိစကားအပေးအယူလုပ်ပြီး နောက်တောတက်ကြရာ ဆတ်ရလိုက် တောဝက်ရလိုက်၊ ချေရလိုက်ဖြင့် တစ်လ (၂)ကြိမ်ခန့်မျှ သူငယ်ချင်းနှစ်ယောက်အဆင်ပြေပြေ ပေါင်းသင်းလာခဲ့ကြ၏၊ သေနတ်မရှိသည့်အခါ ထောင်ချောက်ဖြင့်ဖမ်းရင်း တက်ညီလက်ညီ လုပ်ခဲ့ကြ၏၊ သို့သော် ဒုတိယလူက ဘယ်သောအခါမှ အကျိုးအမြတ်ကို မယူခဲ့၊ ပေးလျှင်လည်း ငြင်းဆန်ပြီး ကျုပ်က အဲဒါတွေ မလိုပါဘူး သူငယ်ချင်းရာ" ဟုသာ ပြောရာလေသည်၊

=❖=

(၂)နှစ်ကျော်မျှ ကြာခဲ့လေပြီး တစ်နေ့ -

သူငယ်ချင်းရေ -

သူကခေါ်ပြီး ရှေ့မှ လျှောက်လာရာ သူ့သူငယ်ချင်းက ပါလာခဲ့လေသည်၊

သို့သော် - သူနှင့် စကားပြောရာတွင် သူ့သူငယ်ချင်းဒုတိယလူက -

"သူငယ်ချင်းရေ - မင်းနဲ့ငါနဲ့ ပေါင်းသင်းခဲ့တာ (၂)နှစ်တောင် ကျော်လာပြီ မင်းလည်း စီးပွားလေး အတော်ဖြစ်ပြီး လယ်ကလေးယာ ကလေးဝယ်နိုင်ပြီ ဘုန်းကြီးကျောင်းမှာလည်း အလှူအတန်းလေး လုပ်နိုင်ပြီ၊ အိမ်ကလေးလည်း အသင့်အတင့် ဆောက်ပြီးပြီ၊ အခုဆိုရင် မင်းသားလေးကိုတောင် ရှင်ပြုတော့မှာ ဒီတော့ မင်းကို မှာချင်တယ် ဒုတိယလူ သူ့စကားမှာ လန်းနေ၍ -

www.burmeseclassic.com

"ဘာမှာချင်တာလဲ – သူငယ်ချင်းပြောပါ"

"အင်း – မင်းဒီတစ်ခါငါနဲ့တောလည်ပြီးရင် နောင်ကို ဘယ်တော့မှ တောမလည်ပါနဲ့တော့။ မင်း ဝယ်ထားတဲ့လယ်ကလေးယာကလေးကိုသာ ဆက်ပြီး လုပ်စားပါ။ ဒီတစ်ခါရတဲ့ သားကောင်ကိုလည်း ရောင်းပြီးရင် ရွာဦးကျောင်းမှာ ဆွမ်းကပ်၊ ပြီးတော့ တရားနာပြီး ရေစက်ချတဲ့အခါ ငါ့ကို ရည်စူးပြီး –

"သူငယ်ချင်းရေ – အမျှ – အမျှ – အမျှလို့ အသေအချာ အမျှဝေပေးပါ။ အဲဒါကိုမင်း ကတိပေးနိုင်မလား"

သူက သူ့သူငယ်ချင်းမျက်နှာအား စေ့စေ့ကြည့်လိုက်ရာ မျက်လုံးတွင် မျက်ရည်များဖြင့် ရီဝေနေသည်ကို တွေ့ရလေ၏။ အကြောင်းတစ်ခုခုတော့ သေချာပေါက် ရှိနေပေပြီ။

"ကတိပေးပါတယ် – သူငယ်ချင်း မင်းမှာတဲ့အတိုင်း ငါ လုပ်ပေးပါ့မယ်။ မင်းငါ့ကို ကူညီခဲ့တာတွေကိုလည်း ငါ ဘယ်တော့မှ မမေ့ပါဘူး သူငယ်ချင်းရာ"

"အေး – ငါလည်း မင်းကျွေးခဲ့တဲ့ ထမင်းထုပ်တစ်ဝက်ကို ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ငါ မင်းကို ကျေးဇူးဆပ်နေတာပါ။ ဒါပေမဲ့ –"

ဒုတိယလူမှာ စကားကို မဆက်တော့ပဲ တောတွင်းသို့သာဝင်၍ သွားလေသည်။

ထိုအခေါက်က ဆတ်(၂)ကောင်ရခဲ့ကြပြီးနောက် သူက ရောင်းသင့်တာရောင်းကာ သူ့သူငယ်ချင်း မှာခဲ့သည့်အတိုင်း ဆောင်ရွက်ပေးခဲ့လေသည်။

နောင်ကိုထန်းပင်နားသွား၍ သူငယ်ချင်းရေလို့ ဘယ်လိုပဲခေါ်ခေါ် သူငယ်ချင်းကတော့ မည်သည့်အခါမျှ ပေါ်မလာခဲ့တော့ပေ။

သူကလည်း ထိုအချိန်မှစ၍ မုဆိုးအလုပ် စွန့်လွှတ်ကာ လယ်ကလေးယာကလေးကိုသာ သမ္မာအာဇီဝ သန့်သန့်ရှင်းရှင်း လုပ်ကိုင် စားသောက်နေထိုင်ခဲ့လေသည်။

=❖=



ကျွန်ုပ်သည် (၂၀၀၀)ပြည့်နှစ်ခန့်က ပဲခူးရိုးမတောင်ဖက်ခြမ်းကြီးဝိုင်းသို့တစ်ခုသော ဆောင်းရာသီ၌ တောပစ်ရောက်ခဲ့လေ၏။ သစ်ကွက်စခန်းမှာ တောင်နံရံကြီး (၂)ခုကြားမှ ကျောက်ချောင်း၏ နှုတ်ခမ်းတွင် ဗိုလ်တဲဆောက်ကာထားသော သစ်ထုတ်ကန်ထရိုက် ဦးလှဟန်စခန်းတွင်ဖြစ်ပြီး (၂၄)နာရီလုံးလုံး အေးစိမ့်နေလေသည်။ နေကို နံနက် (၁၀)နာရီနှင့် နေ့လယ် (၂)နာရီကြားတွင်သာတွေ့ရပြီး နေစောင်းသည်နှင့် မီးဖိုကာ မီးလှုံရလေသည်။

တစ်ခုသောညနေ၌ စခန်းသို့ သစ်ဆွဲသည့် ကရိန်းကားတစ်စီးဆိုက်၍ [illegible]ကာလေပြီးနောက် ရှေ့ခန်းဒရိုင်ဘာနေရာမှ ပိန်ပိန်ပါးပါး နဖူးပြောင်ပြောင်[illegible]နှင့် အသက် (၇၀)ခန့်အဖိုးအိုတစ်ယောက် ဆင်းလာလေ၏။ ထို့နောက် [illegible]ကျွန်ုပ်မီးလှုံနေရာ မီးဖိုအနီးသို့ ရောက်လာကာမီးလှုံရင်း –

"အတော်အေးတယ်နော်ဆရာ ဟု စကားစရာမှ မိတ်ဆွေဖြစ်သွားလေ[illegible] ထိုသူမှာ ဦးမြင့်ထွန်းဟု သိရပြီး ကျိုးမနီးရွာ ဖြူးမြို့နယ်အနီးမှ ရွာသား[illegible]ဦးဖြစ်ကြောင်း သိရ၏။ သို့သော် ကရိန်းကားပိုင်ရှင်ဖြစ်ပြီး တပည့် (၂)[illegible]ည်း ပါလာ၏။

ဦးလှဟန်ကလည်း ကျွန်ုပ်အား သူနှင့်မိတ်ဆက်ပေးသောကြောင့် [illegible] စာရေးဆရာမှဆိုးမှန်းသိ၍ သွားသောအခါ သူသည် ယခင်က မုဆိုး[illegible]လုပ်ခဲ့သူဖြစ်ကြောင်း မုဆိုးလုပ်ရင်းမှ လယ်ကလေး၊ ယာကလေးပိုင်[illegible]ခဲ့ကြောင်း၊ မုဆိုးအလုပ်ကို စွန့်လွှတ်ရန်သူ့အား အမည်မဖော်၊ အမည်[illegible]ည့် သူ့သူငယ်ချင်းက တိုက်တွန်းခဲ့သဖြင့် စွန့်ခဲ့ကြောင်း ထို့နောက် [illegible]တွင် သစ်ဆိပ်လုပ်သစ်ပုံသောအခါ သူက သစ်ထုတ်လုပ်ရေးတွင် [illegible]လုပ်ခဲ့ရာမှ သစ်ထုတ် (TE) ကား မောင်းတတ်ခဲ့ကြောင်း၊ ထို့နောက် [illegible]ပ်ထွက်ကာ စုဆောင်းထားငွေနှင့် လယ်ကလေးကိုရောင်းရငွေတို့[illegible]ကာ ကရိန်းကားထောင်၍ သစ်ထုတ်လုပ်ရာ နေရာများတွင် လိုက်၍[illegible]အားဖြင့် သစ်တင်ပေးသည့်အလုပ်ကို လုပ်နေကြောင်း၊ သူ့တွင် သား[illegible]သောက်ရှိကာ ယခု စက်ပြင်အနေဖြင့် သစ်ထုတ်လုပ်ရေးတွင် [illegible]ဝန်[illegible]ဆောင်နေကြောင်း၊သူ့ဇနီးမှာလည်း နောက် (၂)ရက်ဆိုအကြာတွင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်လာမည်ဖြစ်ကြောင်း၊ ယခုဦးလှုဟန်က သူ့သစ်များတင်ရန် ကရိန်းကားငှား၍ လာရခြင်းဖြစ်ကြောင်း ပြောပြခဲ့သည့်အပြင် အထက်ဇာတ်လမ်းတွင် ဖြစ်ပျက်ခဲ့ပုံအကြောင်းကိုလည်း ပြောခဲ့ပါသည်။

ယခုဆိုလျှင် ဦးမြင့်ထွန်းမှာ အသက် (၈၀)ကျော်မျှရှိမည် ဖြစ်ပြီး ကျိုးမနီးတွင် ရှိသေးသည်၊ မရှိသေးသည်ကို ကျွန်ုပ် မသိရှိတော့ပါ။ အဖြစ်အပျက်က ယုံနိုင်စရာပင် မရှိသော်လည်း တကယ်ဖြစ်ပျက်ခဲ့သော အကြောင်းတရားဟု ထင်မြင်မိပါသည်။ သူ၏ ပြောပုံဆိုပုံ၊ နေထိုင်ပုံကို ကြည့်ခြင်းအားဖြင့် ဇာတ်လမ်းဆင်ပြောသည်ဟု ကျွန်ုပ်မယူဆမိပါ။ စိတ်ကူးနှင့် ဇာတ်လမ်းဆင်လျှင်ပင် ကျွန်ုပ်စာရေးဆရာတစ်ယောက်အဖို့ပင် ထိုမျှစိတ်ဝင်စားအောင် ဇာတ်လမ်းဆင်းနိုင်မည် မဟုတ်ပါ။ ကျွန်ုပ်ထက် အတွေးအခေါ်ကောင်းသည့် စာရေးဆရာများအတွက်မူ မဆိုလိုပါ။ ကျွန်ုပ်တို့ ကမ္ဘာကြီးက ရှာကြီးတစ်လောက်သာ ရှိလာသည့်ဆိုစေကာမူ ထိုအဖြစ်အပျက်မျိုးကို သိပ္ပံပညာဖြင့် ထောက်လှမ်း၍ ရနိုင်မည့် မဟုတ်ပါလေ။ လွန်စွာ ဂမ္ဘီရ ဆန်လွန်းသောကြောင့် ဖြစ်ပါသည်။

စာကြွင်း။ ။ ဇာတ်လမ်းအစမှ ပထမလူ "သူ" ဆိုသည်မှာ ဦးမြင့်ထွန်းပင် ဖြစ်ပါ သည်။

◆➤◆➤ ကျော်စိုးမိုလ်



www.burmeseclassic.com

# သစ်ငုတ်အော်သံ

## မင်းဘုန်းသိခ်သူ

"ကိုဖိုးဆောင်းတစ်ယောက် ရုတ်တရက် သေလို့" တဲ့ . . .

တုန်လှုပ်ဖွယ်ရာ သတင်းဆိုးကြီးက တစ်ရွာလုံးကို ပြန့်နှံ့သွားတယ်။ နောက်တော့ - ရွာနီးစပ်တွေကိုပါ ဆက်ပြီးပြန့်နှံ့သွားလိုက်တာ တစ်ဖက်ရွာမှာနေတဲ့ ဖိုးသောင်းက ညနေပိုင်း နွားတွေ ခြံထဲသွင်းမှ သိရတာပါ။ ဘယ်လိုဖြစ်ရတာလဲကွာ - ကြေကွဲဖွယ် သတင်းကြီးပါ။

ညီဖြစ်သူရဲ့သတင်းကို ကြားလိုက်ရခြင်းဆိုရင်ပဲ ဖိုးသောင်း ကြက်သေသေသွားပါလေရော။ မျက်ရည်တောင်မကျနိုင်ဘဲ ရင်ထဲကို ဆို့တက်သွားတယ်။ မေ့လဲမတတ်ပါပဲ။

သတင်းလာပေးတဲ့ လှငွေကို . . .

"ငါ့ညီ ဘယ်လိုဖြစ်ရတာလဲကွာ၊ လွန်ခဲ့တဲ့ နှစ်ရက်သုံးရက်လောက်ကပဲ အမေတို့ အိမ်မှာ တွေ့လိုက်ရသေးတယ် လှငွေ။ သေလောက်တဲ့ ရောဂါကြီးကြီးကျယ်ကျယ် ရှိတယ်လို့ မကြားမိပါလား။ ဘယ်လိုဖြစ်တာလဲကွာ ပြောပါဦး - ဘယ်လို အသေဆိုးနဲ့"



လှငွေဟာ မျက်စိမျက်နှာ ပျက်ပျက်နဲ့ ခေါင်းမှာ ပေါင်းလာတဲ့ သဘက်ကို ချွတ်ပြီး ချွေးသုတ်လိုက်တယ်။ ဘယ်ကစပြီး ဘယ်လိုပြောရမှန်း မသိဘူး။

"ဘယ်လိုဖြစ်တယ်ဆိုတာတော့ မသိဘူး ဖိုးသောင်းရေ။ ခြံထောင်က သစ်ပင်ကို ခုတ်ရင်းနဲ့ မူးတယ် မူးတယ်ပြောရင်း လဲကျသွားတာပဲကွ။ အဲဒီတုန်းက အသက် ပါမလာတော့ဘူးလို့ မယ်ကြွေပြောတာပဲ၊ ကဲ - ငါပြန်ဦးမယ်၊ ငါလည်း လုပ်စရာရှိတာလုပ်ပြီး ရွာကိုလိုက်ခဲ့တော့၊ အသုဘကိစ္စ ကူညီဆောင်ရွက်ပေးဖို့ ပြန်လိုက်ဦးမယ်။ သေသေချာချာ မသိရသေးဘူးကွ"

အင်းမလုပ် အဲမလုပ်ဘဲ လှငွေထွက်သွားရာ နောက်ကို ဖိုးသောင်း မျက်ရုပ်ကြီးတစ်ရုပ်လို မလှုပ်မယှက်ကြောင်စီစီ ကြည့်နေမိတော့တယ်။ ဘယ်လိုဖြစ်တာလဲ ဖိုးဆောင်းရယ်။ ဆန့်သောလက် မကွေးမီ၊ ကွေးသောလက်မဆန့်မီ လူ့ဝလာကကြီးထဲက ရုတ်တရက်ထွက်ခွာသွားတဲ့ ညီဖြစ်သူအတွက် ရင်ထဲမှာ ဆို့နင့်နေမိတယ်။ ဖိုးဆောင်း မိန်းမ မယ်ကြွေနဲ့ ကလေးတစ်ယောက်ကတော့ ဘယ်လိုတွေ ဆက်ပြီး စခန်းသွားမလဲဆိုတာ မတွေးရဲတော့ပဲ။

မဖြစ်ဘူး - အမြန်လိုက်မှပဲ၊ ဖိုးဆောင်း ဘယ်လိုသေတယ်ဆိုတာ။

=❖=

ဖိုးဆောင်း ခြံထဲကိုရောက်တော့ အသုဘအတွက် ပြင်ဆင်နေကြတဲ့ ဆွေမျိုးတွေရော၊ ရွာသူရွာသားတွေကိုပါ တွေ့လိုက်ရပြီး ဖိုးဆောင်း ဘယ်လိုသေဆုံးတဲ့ တွယ်လွန်ပုံကို ရှင်းပြကြလေရဲ့။ နောက်ဆုံးတော့ သစ်ပင်ခုတ်တဲ့ကိစ္စကတော့ စတော့တာပါပဲ မဟုတ်လား။ ကြီးမားတဲ့ သစ်ပင်ကြီးတွေမှာ အစောင့်အရှောက်ရှိတယ်၊ ဘာညာပြောကြတာပေါ့။ ခု - ထင်းခုတ်တာမှာ အစောင့်က မကျေနပ်လို့ လုပ်တယ်ဆိုပြီး ရွာထဲမှာ ပြောနေကြ



www.burmeseclassic.com

www.burmeseclassic.com

ဖိုးသောင်း ခြံထဲကို လှည့်ပတ်ကြည့်ရှုနေချိန်မှာ ဖိုးဆောင်းရင်ထဲမှာ တစ်ခုခု ခံစားနေရသလိုပဲ။ သူ့နံဘေးမှာ တစ်ခြားတစ်ယောက်ယောက် ရှိနေသလို ခံစားနေရခြင်း၊ လူတစ်ယောက် နောက်ကနေ တစ်ယောက် ယောက် လိုက်ပြီး စောင့်ကြည့်နေသလို မလုံမလဲဖြစ်နေခြင်းဆိုတဲ့ အသ တွေက ကြီးစိုးနေတာတော့ သေချာပါပြီ။ တစ်ခုခုတော့ တစ်ခုခုပဲ။

ဒါနဲ့ ဖိုးသောင်းဟာ ခြံထောင့်မှာ လဲပြိုကျနေတဲ့ သစ်ပင်ကြီးဆီကို လျှောက်လာမိတယ်လေ။ သစ်ပင်ကြီးက ခုတ်လက်စ သစ်ကိုင်းတွေ ဟို တစ်စ သည်တစ်စ ပြန့်ကြဲနေတယ်။ သစ်ပင်တွေက အစုံပါ၊ ထန်းပင်တွေ တောင် ပါတယ်။

=❖=

ခြံထောင့်မှာ ကြီးမားတဲ့ သစ်ပင်ကြီးတစ်ပင် အရင်းကပြိုလဲနေပြီး ပင်စည်ခြေရင်းမှာ ဖြတ်စဖြတ်နတွေ မွစာကြဲနေလေရဲ့၊ ခါးလည်လောက် ကနေ ပြတ်ကျနေတဲ့ သစ်ပင်ခြေရင်းဘေးကနေကပ်ပြီး နှစ်တောင်လောက် ရှိတဲ့ အတက်ကလေးတစ်ပင် ထပ်ပေါက်နေတာ ဖိုးသောင်း တွေ့လိုက်ရ တယ်။

လွန်ခဲ့တဲ့ တစ်လလောက်ကတော့ ဖိုးဆောင်းတစ်ယောက် လှေစပ် ဖို့ သစ်ပင်ရှာနေတယ်လို့တော့ ဖိုးသောင်းကို ပြောဖူးတာ သတိထားမိပြီလေ ဒီသစ်ပင်ခုတ်လှဲတယ်ဆိုတာ လှေစပ်ဖို့ကလွဲလို့ တခြား ဘာမှမဖြစ်နိုင်ဘူး ထင်တယ်။ လူပြောသူပြောများသလို ဒီသစ်ပင်မှာ ပရဘုံသားတွေ ရှိနေ လား။ သူတို့ နေစရာကို ခုတ်လှဲတဲ့အတွက် သင်းတို့က ဖိုးဆောင်းကို သေ လောက်တဲ့အထိ ရန်ရှာလိုက်ကြတာလား။

လူတစ်ယောက် အသက်သေကြေပျက်စီးလောက်တဲ့ အထိ အကြောင်းရင်းက ဘာလဲ။ တန်ဖိုးကြီးမားတဲ့ အသက်တစ်ချောင်း သေ



လောက်တဲ့အထိ မလုပ်သင့်ဘူး ထင်ပါတယ်။ ကိုယ့်ခြံထဲက ကိုယ့်သစ်ပင် ကို လွတ်လွတ်လပ်လပ် မခုတ်ရဘူးတဲ့လား။

ဖိုးသောင်း တစ်စိမ့်စိမ့်တွေးတောရင်း ညီအတွက် ယူကြုံးမရဖြစ်ပြီး ဒေါသ အလိပ်လိုက် တက်လာတော့တယ်၊ နောက်ဆုံး သစ်ငုတ်တိုပါမကျန် အမြစ်ကနေ တူးပစ်ပြီး မီးရှို့ဖို့ ဆုံးဖြတ်ချက် ချလိုက်တယ်လေ။ တွေ့ကြ သေးတာပေါ့ကွာ - မမြင်ရတဲ့ နာနာဘာဝကောင်တွေ မင်းတို့ကို ငါ လက်စား ပြန်ချေပြရမယ်ပေါ့။

ဖိုးသောင်း လဲပြိုလဲနေတဲ့ သစ်ပင်ကြီးကို ဒေါသတစ်ဝက် ကြေကွဲခြင်း တစ်ဝက်နဲ့ စိုက်ကြည့်လိုက်တယ်လေ။ ဒီအချိန်မှာ သူ့နောက်ဘက်ဆီကနေ သူတစ်ယောက် လာရပ်နေသလိုလို၊ စောင့်ကြည့်နေသလိုလို ခံစားလိုက်ရ တယ်၊ အဲဒီအချိန်မှာ သစ်ငုတ်တိုကြီးဆီကနေ ညည်းတွားသံလိုလို၊ တော နိုင်းတိရစ္ဆာန် ဟီးသံလိုလို မသဲမကွဲအသံကြီးတစ်ခု ထွက်ပေါ်လာတယ်၊ ဒါနဲ့ ဖိုးသောင်းလည်း ရုတ်တရက်ကြောင်အသွားပြီး ဟိုဟိုသည်သည် လျှောက် ရှာကြည့်တယ်၊ ပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှိဘူး၊ နောက်မှ သေသေ ချာချာ ဂရုစိုက်နားထောင်ပြီး ပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှိဘူး၊ နောက်မှ သေသေချာချာ ဂရုစိုက်နားထောင်ပြီး စောင့်ကြည့်တော့မှ ညည်းညူသံလိုလို၊ အော်သံလိုလို၊ ဟီးသံလိုလို အသံကြီးက သစ်ငုတ်တိုကြီးဆီက ထွက်ပေါ်လာ နေတာကိုး။

အဲဒီအချိန်မှာ သစ်ရွက်ကြွေတွေကိုဖြတ်နင်းပြီး ရှဉ့်ကလေးတစ်ကောင် လျှင်မြန်စွာ ဖြတ်ပြေးသွားတယ်၊ ဒီကောင် ဘာဖြစ်လို့ အလန့်တကြား ဖြစ်သွားပါလိမ့်၊

=❖=

ညဘက်ရောက်တော့ အိမ်မကြီးဆီမှာ ဧည့်သည်တွေ၊ အသုဘစောင့် နေသူတွေ၊ ဆွေမျိုးတွေနဲ့ဆိုတော့ ဖိုးသောင်းခြံထဲက စပါးကျီဘေးက တဲမှာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ထဲ သွားအိပ်တယ်လေ။ ယစ်မျှော်ရည်ကလေးလည်း သောက်ထားတယ် မဟုတ်လား။

သူ့အနေနဲ့ ဖိုးဆောင်း သေဆုံးရခြင်းဟာ သွေးရိုးသားရိုး မဟုတ်ဘူးလို့ ယူဆထားတာ။ ရွာထဲမှာ လူတွေပြောနေကြသလို သစ်ပင်စုတ်တာ မကျေ နပ်လို့ သူ့ညီကို သတ်ပစ်တယ်ဆိုတာကိုတော့ ဘဝင် မကျဆုံးဘဲ။

အဲဒီညက ခွေးတွေ အူလိုက်တာ၊ ကျီးကန်းတွေကလည်း တဝေါဝေါ ပဲ...။

ပြဿနာက အဲဒီကစတာ...။

=❖=

"ဖိုးသောင်း-ဖိုးသောင်း"

ဖိုးသောင်း အိပ်ပျော်စ၊ အိပ်မောကျခါစအချိန်မှာ သူ့နာမည်ကို ခေ သလိုလို၊ ညည်းသံလိုလို အသံတစ်ခု ကြားလိုက်ရတယ်။ ဒါနဲ့ ဖျတ်ခ လန့်နိုးသွားတာနဲ့ မျက်စိဖွင့်ကြည့်လိုက်မိတယ်လေ။ ခေါ်သံက တိတ်ဆိတ် သွားတယ်။ အိပ်မက် မက်နေတာများလား၊ ပတ်ဝန်းကျင်တစ်ခုလုံး မည် မှောင်နေတယ်။ မြုံထဲ နေရာအနှံ့အပြားကနေ ပုရစ်ကောင်လေးတွေ တစီစီအော်သံသာ လွှမ်းမိုးလို့။ အဲဒီအချိန်မှာ တံခါးကြားကနေ တိုးဝင်လာ တဲ့ လေပြည်ဟာ ခြင်ထောင်ကို တဖျပ်ဖျပ်လာရိုက်နေတာ လူတစ်ယော ကိုင်လှုပ်နေသလား ထင်မှတ်ရလောက်အောင် ကြက်သီးထသွားစေ

သူ့စိတ်ထဲမှာ အသုဘ လာစောင့်တဲ့ လူထဲက တစ်ယောက်ယော ဖိုးသောင်း နာမည်လာခေါ်တယ်ထင်လို့ ထပ်ပြီးခေါ်လိုက်လေမလား တွေးပြီး ငြိမ်သက်နေသေးတယ်။ ဒါပေမဲ့ - ဘာသံမှ မကြားရတော့ဘူး

ဘယ်သူကများ သူ့နာမည် ဖိုးသောင်းဆိုတာကိုခေါ်ပြီး ငြိမ်သက်နေ လိမ့်၊ လာပြီး နောက်ပြောင်နေတာများလား၊ ဒါနဲ့ ဆက်အိပ်ဖို့ ပြင်ဆင် တုန်းမှာပဲ တံခါးကို တဒေါက်ဒေါက်ခေါက်သံနဲ့အတူ ဖိုးသောင်း



ယောကျ်ားကြီးတစ်ယောက်ရဲ့ မာမာထန်ထန် အသံကို ကြားလိုက်ရတယ် ဆိုရင်ပဲ ဖိုးသောင်းဟာ ဝေါက်ခနဲ ထထိုင်လိုက်တယ်လေ။

စိတ်ထဲမှာတော့ အသိမိတ်ဆွေ ဒါမှမဟုတ် ဆွေမျိုးတစ်ယောက် ယောက်ပေါ့။

ဟိုဟိုသည်သည် ကြည့်လိုက်တော့ ပတ်ဝန်းကျင်မှာလည်း မှောင် လိုက်တာဗျာ။ မပြောပါနဲ့တော့...ပိုးပုရစ်တွေရဲ့စီစီလောင်လောင်အသံသာ



❛ ဖိုးသောင်း အသံရှင်ကို မော့ကြည့်ရင်း ကြက်သေ သေသွားမိတယ် အမှန်။ သူ့တစ်သက်တစ်ကိုယ်မှာ ဒီလောက် ထွားကျိုင်းမြင့်မားတဲ့အရပ်နဲ့ လူတစ်ယောက်ကို မမြင်ဘူးလို့ပဲ။ အပေါ်အင်္ကျီမပါဘူး၊ ပုဆိုးတိုတို ဝတ်ထားတယ်။ အသားနီစပ်စပ်၊ အရပ် ခုနစ်ပေလောက် ရှိမယ်။ တဲရဲ့ ထုတ်တန်းနဲ့ အဲဒီ လူထွားကြီးရဲ့ နဖူးထိနေတာ။ မျက်နှာထားတင်းတင်း၊ ပဂေမခန့်ပုံစံပဲ ❜



www.burmeseclassic.com

www.burmeseclassic.com

တစ်ခြံလုံး ကြီးစိုးနေဆဲပဲ။ ဒါနဲ့ အိပ်ရာက လူးလဲထပြီး ဖယောင်းတိုင်ထွန်း၊ တံခါးဝကို ကြည့်လိုက်တော့ တံခါးဝအပြင်ဘက်မှာ လူတစ်ယောက် ရပ်နေတာ တွေ့လိုက်ရတယ်။ လူလုံးတော့ မကွဲဘူး။

ဒါနဲ့ ဖိုးသောင်းလည်း ဖယောင်းတိုင်ကို ကိုင်ပြီး တံခါးဝဆီကို ချဉ်းကပ်လိုက်တယ်။ သူကလည်း ခပ်မာမာအသံနဲ့ပဲ။

"ဘယ်သူတုံး"

လို့ အော်မေးတယ်။ ဒီတော့ တံခါးအပြင်ကနေပြီး . . .

"ကျုပ်ပါ . . ."

"ဘယ်က ကျုပ်လဲ"

"ဒီခြံထဲက"

"ဘာရယ် - ဘယ်လို - ခြံထဲက ဟုတ်လား"

ဒါနဲ့ သူ တံခါးကို ဖွင့်ပေးလိုက်တယ်။ ဖိုးသောင်း အသံရှင်ကို မော့ကြည့်ရင်း ကြက်သေ သေသွားမိတယ် အမှန်။ သူ့ဘာစ်သက် တစ်ကိုယ်မှာ ဒီလောက် ထွားကျိုင်းမြင့်မားတဲ့အရပ်နဲ့ လူတစ်ယောက်ကို မမြင်ဘူးလို့ပဲ။ အပေါ်အင်္ကျီမပါဘူး၊ ပုဆိုးတိုတို ဝတ်ထားတယ်။ အသားနီစပ်စပ်၊ အရပ် ခုနစ်ပေလောက် ရှိမယ်။ တဲရဲ့ထုတ်တန်းနဲ့ အဲဒီ လူထွားကြီးရဲ့နဖူးထိနေတာ။ မျက်နှာထားတင်းတင်း၊ ပမာမခန့်ပုံစံပဲ၊ ဖိုးသောင်းစိတ်ထဲမှာ အမူးတောင် ပြေသွားသလိုလိုပဲ။ ဒါပေမဲ့ - သူ့စိတ်ထဲမှာတော့ နည်းနည်းတွေးလိုက်မိသား၊ ဖိုးဆောင်းနယ် - ဘယ်လိုလူတွေကို ခြံထဲ ခေါ်ထားပါလိမ့်ပေါ့။ လူတွေကိုလည်း ပမာမခန့် နိုင်လိမ့်တာ။ ဒါပေမဲ့ - ဒီလိုထွားကျိုင်းပြီး မျက်နှာပေါက် ဆိုးတဲ့လူပုံစံကိုလည်း နည်းနည်းဖြုံသွားတာတော့ အမှန်။ ဒါပေမဲ့ - အဲဒီလူကိုဖိုးသောင်း တစ်ခါမှ မမြင်ဖူးဘူး။ သူ တစ်ခုခုပြောဖို့ စဉ်းစားတုန်းရှိသေး။

"ခင်ဗျားကို ကျုပ် စကားနည်းနည်း ပြောချင်တယ်"

လူထွားကြီးဆီက ပထမဦးဆုံး အသံထွက်လာတယ်၊ အသံကြီးက အက်ရှရှပါ။



"ဒါဆိုလည်း တဲထဲကို ဝင်ပြီးပြောပါ"

ဖိုးသောင်းပြောတဲ့ စကားကို ဂရုမစိုက်ဘဲ တဲဝမှာပဲ ရပ်နေတယ်။ အထဲကိုမဝင်ဘူး၊ ဖိုးသောင်းလည်း ဆက်မခေါ်တော့ဘူး၊ အဲဒီလူထွားကြီး မျက်နှာကို သေသေချာချာ ကြည့်မိတယ်၊ သေချာပါတယ် - ရွာထဲမှာ ဒီလိုပုံစံနဲ့ ရုပ်မျိုး မတွေ့ဖူးပါဘူး၊ လုံချည်တိုတိုဝတ်ပြီး ဖိနပ်မပါဘူး။ မျက်နှာကြော ကတော့ တင်းတင်းပဲ၊ မျက်ထောင့်နီနီနဲ့လေ။

"မင်းတို့ခြံထောင့်က သစ်ပင်ကြီးကို ခွင့်မတောင်းပဲ ဘာဖြစ်လို့ ခုတ်လှဲပစ်လိုက်တာလဲ၊ နည်းနည်းပါးပါး အကြောင်းကြားဖို့ ကောင်းတယ်။ ခုတော့ . . ."

ဖိုးသောင်းလည်း စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားတယ်၊ အရက်ကလည်း တွေလို့လေ . . .

"နေပါဦးဗျ . . . ကျုပ်ညီက ခြံရှင်၊ သူ့ခြံထဲက သစ်ပင်ကို ခုတ်လှဲပစ်တာ၊ ဘယ်သူ့ကို သွားပြီးသံတော်ဦး တင်နေရမှာတုန်း။ ဘာဖြစ်လဲ - ကိုယ့်အပင် ကိုယ်ခုတ်တာ၊ ခုတ်ခွင့် မရှိဘူးလား . . . ပြောပါဦး"

သူ့စကားဆုံးတော့ လူထွားကြီးက တစ်ချက်စိုက်ကြည့်လိုက်တာ၊ မီးတောက်မတတ်ပဲ သူ့စကားသံက အထက်ဆီးဆန်လှတယ်၊

"ခင်ဗျားတို့ သစ်ပင်ခုတ်နေတာကို ရပ်လိုက်ပါ။ ဘေးက ပေါက်နေတဲ့ အညွန့်ကလေးကိုပါ ဆက်ပြီးခုတ်ကြတော့မလို့လား။ မလုပ်ပါနဲ့ - ကျုပ် ခကြိုက်ဘူး၊ ကျုပ်တို့ ဘယ်မှာသွားနေရမှာလဲ၊ ဘာလဲ - မင်းကပါ မင်းညီ နောက်ကို လိုက်ချင်လို့လား၊ ကိုယ့်အသက်ကိုယ် မနေမြောရင် ဆက်လုပ် ပေါ့ကွာ။ သိကြသေးတာပေါ့"

လူထွားကြီးက သူ ပြောချင်တာတွေကို ဗလုံဗထွေးပြောဆိုပြီး ချာခနဲ လှည့်ထွက်သွားတယ်။ ဖိုးသောင်း သူ့ကို ပြန်ပြောချိန်တောင် မရတော့ဘူး။ မြန်လိုက်တာ - အမှောင်ထုထဲကို ဝင်ရောက်ပျောက်ကွယ်သွားတယ်။ ဒါနဲ့ ဖိုးသောင်းလည်း မီးအုပ်ဆွဲ၊ တဲထောင့်က လှံတိုကိုယူပြီး လူမိုက်ဆန်ဆန်



www.burmeseclassic.com

www.burmeseclassic.com

ပြောသွားတဲ့ လူထွားကြီးနောက်ကို လိုက်ရှာကြည့်တယ်။ ဘယ်လိုမှ မတွေ့တော့ဘူး။ မြဲကျယ်ကြီးဟာ အမှောင်အောက်မှာ စုန်းစုန်းနစ်မြုပ်နေပြီး တိတ်ဆိတ်နေခဲ့တယ်။ ဖိုးသောင်းလည်း အိမ်မကြီးဆီဘက်ကို လျှောက်သွားပြီး စောစောက လူထွားကြီးတစ်ယောက် ဒီဘက်လာသေးလားလို့ မေးတော့ ဘယ်သူမှ မလာပါဘူးလို့ ဖြေကြတယ်။ ထူးတော့ ထူးဆန်းနေပြီ။

ဒီလိုနဲ့ ဖိုးသောင်း ရင်ထဲမှာ မကျေမနပ် ဘဝင်မကျစိတ်နဲ့ တဲကလေးဆီကို ပြန်လာခဲ့ရတာပါ။ စိတ်ထဲမှာတော့ လုံတိုကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း မနက်မိုးလင်းရင် တွေ့ကြသေးတာပေါ့ကွာ၊ ကျန်တဲ့ သစ်ငုတ်တိုကို မီးပြင်းတိုက်ပစ်မယ်လို့ ခပ်ကျယ်ကျယ် ကြုံးဝါးလိုက်တယ်လေ။

=❖=

နောက်တစ်နေ့မနက် မိုးလင်းတာနဲ့ ဘာပြောကောင်းမလဲ၊ ဖိုးသောင်းလည်း မီးခြစ်၊ ကောက်ရိုးတွေယူပြီး မြဲထောင့်က သစ်ငုတ်တိုဆီကို ရောက်လာတယ်။ သစ်ငုတ်တိုကို ပတ်ပတ်လည်ကောက်ရိုးတွေပုံပြီး မီးရှို့ဖို့ ပြင်တယ်။

အဲဒီအချိန်မှာ သစ်ငုတ်တိုကြီးရဲ့ ဘေးပတ်ဝန်းကျင်ကနေ လူ့သံတွေလိုလို သစ်ငုတ်တိုကြီးကနေပြီးတော့ တဟီးဟီး ညည်းညူသံလိုလို ထွက်လာရော။

အဲဒီအချိန်မှာ ဖိုးသောင်းလည်း ကြက်သီးတွေ တဖျန်းဖျန်းထ၊ နားထဲမှာ ဟီးသံကြီးတစ်ခုက ကျယ်ကျယ်လောင်လောင် ကြားလိုက်ရပြီး သစ်ငုတ်တိုကို မီးတိုက်တော့တာပဲ။

"ငါ့ညီကို သတ်တဲ့ ကောင်တွေ၊ မင်းတို့လည်း ငါ့ညီ သေသလို သေမယ်ကွ" လို့ ဆဲဆိုရေရွတ်ပြီး မီးရှို့တော့တာပဲ။ မီးက တော်တော်နဲ့ မလောင်ဘူး။ အူထွက်နေတယ်။



အဲဒီအချိန်မှာ သစ်ငုတ်တိုကြီးကနေ ဟီးသံကျယ်ကျယ်ကြီးနဲ့အတူ မိန်းမတစ်ယောက် အော်ဟစ်ငိုယိုသံ၊ ကလေးတွေနဲ့ အော်ဟစ်ငိုယိုသံတွေ လိုလို ထွက်ပေါ်လာတော့တာပါပဲ။ တော်တော်ဆန်းကြယ်တာနဲ့ ဖိုးသောင်းလည်း အကြောင်သား ငေးမောနေမိတယ်။ အော်သံ၊ ဆူသံတွေက သစ်ငုတ်တိုကနေ ထွက်နေတာပါ။

အဲဒီအချိန်မှာ ရွာထဲက အဘသာမြတ်နဲ့ အသုဘလာတဲ့ ဧည့်သည်တွေ တစ်အုပ်ကြီး ပြေးထွက်လာကြတယ်။ အဘ သာမြတ်ဆိုတာ တစ်ရွာလုံး အားကိုးအားထားပြုနေကြတဲ့ တိုင်းရင်းဆေးဆရာ၊ လက်မှတ်ရ ဆရာကြီး တစ်ဦးပါ"

"ဟေ့ကောင် - ဖိုးသောင်း၊ မီးရှို့တာကို ရပ်လိုက်စမ်း၊ ဒေါသ ရှေ့ထားပြီး စိတ်ကူးတည့်ရာ လျှောက်မလုပ်စမ်းနဲ့၊ ကိုယ်ကျိုးတော့ နည်းတော့မှာပဲကွာ၊ ရေနဲ့ ပက်ကြဟေ့ - ရေနဲ့ ပက်ကြ"

အဘသာမြတ်က ပြောပြောဆိုဆို ဖိုးသောင်းကို တွန်းဖယ်ပြီး သူ ကိုယ်တိုင် ရေဝင်ပက်တယ်။ ကျန်တဲ့ လူတွေကတော့ ကောက်ရိုးတွေကို ဖယ်ထုတ်ပစ်ကြ၊ မီးစွဲနေတဲ့ ကောက်ရိုးတွေကို ငြိမ်းသတ်ကြနဲ့၊ တော်သေးတယ် ပြောရမယ်။ သစ်ငုတ်တိုကြီးကို မီးမစွဲသေးဘူးလေ။ မီးခိုးတွေကတော့ အူနေတုန်းပဲ။

အဘသာမြတ်က သက်ပြင်းချရင်း . . .

"စိတ်မြန်လက်မြန် နိုင်လှပါလား၊ ဖိုးသောင်း - လောကမှာ မမြင်နိုင်တဲ့ အရာတွေရှိသလိုပဲ မြင်အပ်၊ မမြင်အပ်တဲ့ ပရလောကဆိုတာ ရှိတယ် ဆိုတာ ပြောတာ နားထောင်ဦး"

အားလုံးက ဖိုးသောင်းကို ဖျောင်းဖျပြောဆိုပြီး အိမ်ကြီးဆီကို ခေါ်လာကြတော့တယ်။ ဖိုးသောင်းက ဓားကြိမ်းကြိမ်း၊ ဆဲဆိုပြီး လာတယ်။

"မင်းတို့ကို မကျေဘူးဟေ့"

=❖=



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပေါ်ရောက်တာနဲ့ အဘသာမြတ်က သူ ညကမက်တဲ့ အိပ်မက် အကြောင်းကို အစချီပြီး ဇာတ်စုံခင်းပြတယ်လေ။

"ဒီလိုလေ – ညက အဘ သာမြတ် မက်တဲ့ အိပ်မက်ထဲမှာ အရပ်ထောင် ထောင်မောင်းမောင်း၊ အသားနီစပ်စပ်၊ မျက်နှာပေါက် ခပ်ထန်ထန်နဲ့ လူ တစ်ယောက်ဟာ မိန်းမတစ်ယောက်၊ ကလေးနှစ်ယောက်နဲ့ အတူတူ ရောက် လာပြီး ကျုပ်တို့ ဘုံဌာနကို ဖျက်လိုဖျက်ဆီးလုပ်တဲ့ ဖိုးဆောင်းကို တားမရတဲ့ အဆုံးမှာ အသေလုပ်ပစ် လိုက်ရတယ်၊ ပြီးတော့ – ကျန်ရှိနေသေးတဲ့ သစ် ငုတ်ဘေးက အတက်ထွက်နေတဲ့ အကိုင်းလေးထဲမှာ ကျုပ်တို့ နေရထိုင် ရတာ မိသားစု ကျပ်ကျပ်တည်းတည်းဖျာတဲ့၊ အဆင်မပြေလှပါဘူးတဲ့၊ အဲဒီလို ဒုက္ခထပ်ရောက်နေတုန်း နေစရာဌာန ပျက်စီးပျောက်ကွယ်သွား အောင် ထပ်လုပ်မယ့် လူတစ်ယောက်ရောက်လာပါတယ်၊ အဲဒီလူက ဖိုးသောင်းပါတဲ့၊ ဖိုးသောင်းက သူတို့ ဘုံဌာနကို မီးလောင်တိုက်သွင်းဖို့ ကြိုးစားနေပါသတဲ့၊ အချိန်မီ တားဆီးပေးပါဦး ဆရာကြီးလို့ ငါ့ကို အိပ်မက် လာပေးတယ်၊ ပြီးတော့ – သူတို့က ဖိုးဆောင်းအပေါ် လက်လွန်သွားပါတယ် တဲ့၊ နောက်ထပ် ဘယ်သူ့ကိုမှ မနှောက်ယှက်တော့ပါဘူး၊ မြို့ရှင်တွေကို ကောင်းကျိုးချမ်းသာဖြစ်အောင် စောင့်ရှောက်ပေးပါ့မယ်တဲ့၊ သူတို့ကို ဆက်ပြီး ဒုက္ခပေးတာရပ်လိုက် ပါတော့တဲ့ကွ၊ ကဲ – ဖိုးသောင်း၊ မင်းပဲ စဉ်းစား ကြည့်တော့ကွာ၊ ဆက်ပြီး မဖျက်ဆီးပါနဲ့တော့၊ ဒီသစ်ငုတ်တိုကြီးက မင်းတို့ အတွက် အနှောင့်အယှက် မဖြစ်လောက်ပါဘူး၊

သူတို့က နာနာဘာဝတွေပါ၊ လူတွေနဲ့ ဘဝခြားနေကြသူတွေပါ ပြီးတော့ – ကမ္ဘာဇီဗ္ဗိတန်ခိုးတွေရှိပြီး ဖန်ဆင်းနိုင်တဲ့ အပါယ်လေးဘုံသား ပြိတ္တာတွေကွ၊ ဘုရားရှင်ကလည်း ပေတဝတ္ထုတွေမှာရော၊ ရဟန်းတော်တွေ ရဲ့ဝိနည်းပညတ်တွေမှာပါ အတိအလင်း ဖြေဆိုရှင်းပြထားတယ် ဖိုးသောင်းရဲ့ ပြိတ္တာတွေထဲမှာလည်း ဆိုးတဲ့ပြိတ္တာတွေရှိသလို ကောင်းတဲ့ပြိတ္တာတွေလည်း ရှိတာပဲ မဟုတ်လား၊ လူတွေလိုပေါ့ကွာ၊ မင်းအနေနဲ့ သူတို့ကို မြို့ထဲမှာ … စေချင်ရင် နတ်မင်းကြီး (၄)ပါးထံမှာ နေရာတောင်းပြီး ရွှေ့ခိုင်း … မင်းတို့အတွက် အနှောင့်အယှက်မဖြစ်စေဘူးဆိုရင် ဒီအတိုင်း လွတ်လွတ် လပ်လပ် နေပါစေကွယ်၊ ဘယ်သူ့ကိုမှ မနှောက်ယှက်နိုင်ပါဘူး၊ မေတ္တာပို့ … သူတို့ ကူညီကြမှာပါ၊ အိမ်နီးချင်း မိတ်ဆွေကောင်းတွေလို သဘောထား …"

လို့ ရှင်းပြတော့မှ ဖိုးသောင်းလည်း စိတ်လျှော့ပြီး သစ်ငုတ်တိုကြီးကို ဆက်ပြီး မီးမရှို့ဖြစ်တော့ဘူး၊ နောက်ထပ် ထွက်လာတဲ့ အညွှန့်အတက်တွေ ကိုလည်း မခုတ်ပစ်တော့ဘူးလေ၊ နောက်ပြီး သူတို့ကို မေတ္တာပို့၊ အမျှဝေ …ယ်၊ သူတို့ ဆက်ပြီး ကုသိုလ်ပြုနိုင်ဖို့ ပန်း၊ ဆီမီး၊ အမွှေးတိုင် လှူတယ်၊

အဲဒီနောက် သစ်ငုတ်တိုကြီးဆီကနေ ညည်းညူသံ၊ ဟီသံတွေ မကြား …တော့ဘူး၊ နောက်ထပ် တက်လာတဲ့ အညွှန့်အတက်တွေကလည်း ဝေဝေ …ဆာ၊ မြို့ထဲမှာ စိုက်ပျိုးသမျှ သီးနှံတွေဆိုတာ အံ့ဩဖို့ ကောင်းလောက် …အောင် ဖြစ်ထွန်းတာ၊ တစ်ရွာလုံးက အံ့ဩကြရတယ် မဟုတ်လား၊ ပြီးတော့ – သိန်း (၂၀၀)ထိ တစ်နှ ပေါက်တယ်၊ ထီဆုကလေးတွေ နှစ်ကြိမ် …တယ်၊ အလှူအတန်းတွေလည်း လုပ်နိုင်ခဲ့တယ်၊

ဒါဟာ မမြင်ရတဲ့ ပရလောကသားတွေကို ကိုယ်က မေတ္တာပို့ ကရုဏာ …လိုက်တော့ သူတို့ဘက်ကလည်း တုန့်ပြန်မှုကောင်းတွေနဲ့ ပြန်တုန့်ပြန် …တာပဲ မဟုတ်လား ခင်ဗျာ၊ သမန်းမြက်ချုံမှာတောင် မမြင်အပ်တဲ့ ပရ …တသားဆိုတာ ရှိပါတယ်၊ သစ်ပင်ကြီးတွေဆိုရင်တော့ မပြောနဲ့ …တော့၊

…မှစ၍ နာနာဘာဝဖြစ်တဲ့ လောကသားတွေဟာ အမျှဝေရင် …နိုင်တယ်၊ အိပ်မက်ပေးနိုင်တယ်၊ ကိုယ်ထင်ပြပြီး ယှဉ်ပြိုင်ပြောဆို …ယ်၊ လူရုပ်ပေါ်အောင် ဖန်ဆင်းနိုင်တယ်၊ သူတို့နေတဲ့ ဘုံဌာနကို …ရင် မိမိဘက်က ကံဇာတာညှိုးမှိန်ရင် ဖမ်းစားသတ်ဖြတ်နိုင်တယ်၊ … သိတတ်ရင် ကျေးဇူးတုံ့ပြန်တတ်တယ်၊ ရွှေငွေ ပေးတတ်တယ်၊





www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ - အမှုအတန်း ဝေရာမှလည်း သာဓုခေါ်နိုင်ရင် ယုတ်ညံ့သော ဘဝမှ နည့်သော အတန်းသို့ ပြောင်းလဲသွားတတ်ပြီး ကောင်းရာမွန်ရာကို ရောက်တတ်လို့ တစ်ဦးမေတ္တာတစ်ဦးဆိုသလို ကောင်းမှုကုသိုလ်မပြတ်လပ်ဖို့ အရေးကြီးပါတယ်။ မေတ္တာလက်နက်လောက် အစွမ်းထက်တဲ့ လက်နက် မရှိပါဘူး။

မင်းဘုန်းသိခ်သူ


**စာမူများ** ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း
အမှတ် (၅၀၈ / ၅၁၂)၊ (၂ / ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။




www.burmeseclassic.com

www.burmeseclassic.com

# [illegible]

## ဆု မွန် ဦး (ဟသ်ာတ)

ကုမ္ပဏီရုံးခန်းလေးတစ်ခုထဲတွင်တော့ ရုံးသူရုံးသားတွေက တစ်ယောက်တစ်ပေါက် ဆူဆူညံညံ ပွက်လောရိုက်ရင်း စကားများ ပြောဆိုနေကြလေသည်။ ရုံးတွင်း အစည်းအဝေးတစ်ခု ကျင်းပနေခြင်း ဖြစ်လေ၏။ မကြာမီ တာဝန်ရှိလူကြီးများ ရောက်လာကြ၏။

"ဒီနေ့လုပ်ရတဲ့ အစည်းအဝေးကတော့ တစ်လတစ်ခါ ပုံမှန်လုပ်နေကျ အစည်းအဝေးတစ်ခုနဲ့အတူ ဝန်ထမ်းသစ်တစ်ယောက်ကို ကြိုဆိုမိတ်ဆက်ပေးတဲ့ ပွဲလေးတစ်ပွဲလည်း ဖြစ်ပါတယ်"

တာဝန်ရှိသူ လူကြီးမှ မကြာမီကမှ ခန့်ထားခဲ့သော မိန်းကလေးကို တစ်ချက်ကြည့်လိုက်သည်။ မိန်းကလေးမှာ ထ၍ရပ်လိုက်၏။

"ဒီက မိန်းကလေးရဲ့နာမည်က ခင်မိုးသဲပါ။ ရက်ပိုင်းလောက်ကမှ ကျွန်တော်တို့ ကုမ္ပဏီကို ဝင်လာတဲ့ ဝန်ထမ်းသစ်တစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် - မခင်မိုးသဲကို ကျန်တဲ့ဝန်ထမ်းတွေအားလုံးက ဝိုင်းဝန်းကူညီကြ



ဖို့နဲ့ သူ့ရဲ့လိုအပ်ချက်တွေကိုလည်း ညီအစ်ကိုမောင်နှမတစ်ယောက်ပမာ နွေးနွေးထွေးထွေး ကူညီဖြည့်ဆည်းပေးဖို့ ပြောလိုပါတယ်။ ဒီနေ့လုပ်တဲ့ ရုံးတွင်းအစည်းအဝေးလေးကတော့ ဒီလောက်ပါပဲ။

တခြားလုပ်ငန်းနဲ့ ပတ်သက်ပြီး တင်ပြစရာများ ရှိပါသလား။ ဘာမှမရှိဘူးဆိုရင်တော့ ဒီနေ့လုပ်တဲ့ အစည်းအဝေးက ဒီလောက်ပါပဲ"

အစည်းအဝေးပြီးတော့ အခန်းထဲမှ ပြန်အထွက် -

"ကိုအလင်္ကာ - မခင်မိုးသဲ လုပ်ရမယ့် လုပ်ငန်းတွေကို ကိုအလင်္ကာပဲ သင်ပြပေးလိုက်ပါဗျာ"

"စိတ်ချပါ - ခင်ဗျာ"

"မခင်မိုးသဲကလည်း လုပ်ငန်းနဲ့ပတ်သက်ပြီး မသိတဲ့ကိစ္စလေးတွေဆိုရင် ကိုအလင်္ကာကို မေးပါ"

"ဟုတ်ကဲ့ပါ ရှင်"

ထိုနေ့မှစ၍ မြေဝသုန်ကုမ္ပဏီလေးတစ်ခုတွင် ခင်မိုးသဲအလုပ်လုပ်ရင်း အခြားဝန်ထမ်းမိန်းကလေးများဖြစ်သည့် လဲ့လဲ့ဝင်း၊ စိုးသော်တာ၊ ဧပရယ်ဖူးတို့နှင့် ခင်မင်သိကျွမ်းခဲ့ရ၏။ ခင်မိုးသဲမှာ အလင်္ကာအလုပ်လုပ်သော ကုန်ပစ္စည်းမှတ်ပုံတင်ဌာနတွင် အလုပ်လုပ်ရ၏။ မခင်မိုးသဲ မသိလေသော ကိစ္စများကိုတော့ အလင်္ကာမှာပင် စိတ်ရှည်လက်ရှည် သင်ပြပေး၏။ ခင်မိုးသဲ၏ ကြိုးစားမှုကြောင့်ပင် (တစ်လ) ခန့်ကြာသည့်ကာလတွင်တော့ လုပ်ငန်းကိစ္စများက ချောချောမွေ့မွေ့နှင့် တတ်မြောက်သွားတော့၏။

အလင်္ကာမှာ လူချောလူလှတစ်ယောက် မဟုတ်လေသော်လည်း လူရည်လူသန့်တစ်ဦးအဖြစ်တော့ သတ်မှတ်၍ရသော လူတစ်ယောက် ဖြစ်သည်။ အမြဲတမ်း သပ်သပ်ရပ်ရပ် ဝတ်စားနေထိုင်တတ်၏။ ကိုယ့်စည်းကိုယ်ကမ်းနှင့် နေထိုင်တတ်သော အလင်္ကာကိုကြည့်၍ တခြားရုံးဝန်ထမ်းအထူးသဖြင့် မိန်းကလေးများက -



www.burmeseclassic.com

www.burmeseclassic.com

"အလကား - ဘဝင်ကြီးပါဟယ်၊ သူ့ကိုယ်သူ ဘုရားဖြစ်မယ့် အုတ်ခဲကျိုးလို့ထင်နေတာပေါ့"

လှဲ့လှဲ့ဝင်း ကဲ့ရဲ့စကားကိုတော့ စိုးသော်တာမှ ထောက်ခံရင်း -

"အဲဒါမျိုးပေါ့၊ အကြိုက်နဲ့လည်းတွေ့ရော - ဟွန်း - မပြောလိုက်ချင်ဘူး"

"အေးဟယ် - မနာလိုလို၊ ဘဝင်လိုလိုနဲ့၊ ငါတော့ ကြည့်လို့ကို မရဘူး"

ပေရယ်ဖူးကလည်း ဆိုပြန်လေသည်၊ ဘာပဲဖြစ်ဖြစ်၊ ခင်မိုးသဲသည်ကတော့ လူတိုင်း အဆင်ပြေအောင်ပေါင်းသည်၊ အထူးသဖြင့် မိမိသည် မကြာမီကမှ ဝင်လာသော ဝန်ထမ်းသစ်တစ်ဦး၊ ပြီးတော့ - ကိုအလက်ဘဲဆိုသည်မှာလည်း ဌာနတစ်ခုတွင် ပူးတွဲလုပ်ကိုင်နေရသူတစ်ဦးသာ ဖြစ်လေသည်၊ တစ်နေ့ ရုံးဆင်းချိန်တွင် ရုံးအနီး မုန့်တီဆိုင်လေးတစ်ခုတွင် မုန့်စားကြရင်း စိုးသော်တာမှ -

"ဟဲ့ - ခင်မိုးသဲ - ဟိုအလက်ဘ်ကြီး - နင့်ကို ဆက်ဆံတာက တစ်မျိုးပဲနော်"

အဆုံးမရှိ၊ အစမရှိ တုံးတိတိကြီး ပြောချလိုက်သောစကားကြောင့် -

"စိုးရယ် - နင့်စကားကြီးက - ဘာလဲဟ၊ ကိုအလက်ဘ်က ငါ့ကို ဘယ်လိုဆက်ဆံနေလို့လဲ"

"သူ - နင့်ကိုဆက်ဆံတာ သာမန်ထက်များ ပိုနေလားလို့"

"မဟုတ်ပါဘူးဟယ်၊ သူက ငါမသိတာတွေကို သင်ပြပေးနေတာပါဟာ"

"အေးလေ - ငါတို့ကိုတော့ ရောလည်း မရောဘူး၊ ခပ်တည်တည်ကြီးနဲ့၊ ခု - နင့်ကျမှ လိုလိုလားလား ဆက်ဆံနေတာ ထူးတော့ ထူးခြားနေသလိုပဲဟာ"

ပေရယ်ဖူးအပြော၊ လှဲ့လှဲ့ဝင်းမှလည်း -

"ချဉ်သီးနဲ့ဆား အတူထားရင် အရည်ပျော်တတ်တယ်တဲ့"

"ဟဲ့ - မိန်းမတွေ - ကြည့်စမ်း - ကြည့်စမ်း၊ အကောင်းမှတ်လို့နားထောင်နေတာ၊ လက်စသတ်တော့ - ငါ့ကို ဝိုင်းပြီး နှိပ်ကွပ်နေကြတယ်၊ ငါတို့က မိန်းမသားသားတွေပါဟယ်"

"ဟုတ်ပါတယ်၊ ခုတော့ - ရိုးသေးတာပေါ့၊ နောက်ကျမှ နောက်တော့ တစ်မျိုးဆိုးလို့ ချစ်ပြန်ဆိုပဲဆိုတဲ့ သီချင်း နားဆင်ရတော့မယ်"

"ကဲဟယ် - ကဲဟယ် - ပြောလေ ဆိုးလေပါလား - မိန်းမတွေရယ်"

ကာလတစ်ခုတွင်တော့ ခင်မိုးသဲနဲ့ အလက်ဘ်တို့မှာ စိုးသော်တာ နိမိတ်ဖတ်ခဲ့ကြသည့်အတိုင်း ချစ်သူရည်းစားများ ဖြစ်လာကြ၏၊ တစ်နှစ်ခန့်ကြာတော့ ရုံးတွင် လက်ထပ်ရင်း ခင်မိုးသဲ ပိုင်ဆိုင်ထားသော ရပ်ကွက်တစ်ခု၏ နှစ်ထပ်တိုက်လေးတစ်လုံးတွင် နေထိုင်ကြလေသည်၊ ထိုအချိန်ထိ ခင်မိုးသဲနဲ့ အလက်ဘ်တို့၏ ချစ်ခြင်းတရားတို့က လှိုင်းမဲ့တဲ့မြစ်၊

လေထန်ခြင်းကင်းတဲ့ ကောင်းကင်၊

ကြည်လင်ရွှန်းပတဲ့ လသာညလေးတစ်ညသာလျှင် ဖြစ်ခဲ့သည်၊

ခင်မိုးသဲနဲ့ အလက်ဘ်တို့ လက်ထပ်ပြီးတော့ ထိုကုမ္ပဏီလေးတွင်သာ ဆက်၍ လုပ်ကိုင်နေကြလေသည်၊ ဘုရားသွားကျောင်းတက်မဟုတ်သော်လည်း တစ်ရုံးထဲတွင် အလုပ်လုပ်သူများမို့ တစ်ရုံးထဲသွား၊ တစ်ရုံးထဲပြန်ဖြစ်ခဲ့ရသည်၊ ခင်မိုးသဲသည် အလက်ဘ် မိမိကို ချစ်သောအချစ်နှင့် စလျှင်သာ၏၊

တစ်နေ့ မြို့ထဲသို့ ဈေးဝယ်သွားရင်း အပြန်တွင် ခင်မိုးသဲမှ -

"အလက်ဘ်"

"ဘာလဲ - မိုးသဲ"

"မိုးတို့ - ဆေးခန်းကို ခဏဝင်ကြရအောင် - နော်"

"ဘာဖြစ်လို့လဲ - မိုး၊ နေမကောင်းလို့လား"

"အင်း - ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့ - ကိစ္စရှိလို့"





www.burmeseclassic.com

www.burmeseclassic.com

ဆေးခန်းထဲရောက်မှ ခင်မိုးသဲ၊ အလင်္ကာအား တီးတိုးစကားလေး ပြော ကြားသည်။ ဆီးစစ်ကြည့်မလို့တဲ့။ ဆီးစစ်ချက်အဖြေအား နောက်ရက်သွား ယူရာတွင် ခင်မိုးသဲတွင် ကိုယ်ဝန်ရှိနေကြောင်း သိရတော့သည်။

ခင်မိုးသဲ အလင်္ကာအား တိုးတိုးလေး ပြောလိုက်သည်။

"ဟင် - တကယ်လား - မိုး"

"တကယ်ပေါ့ - အလင်္ကာရဲ့"

"ဟင် - ဒါဆို - ကိုယ် ကလေးအဖေ ဖြစ်တော့မှာပေါ့နော်"

"ဒါပေါ့ - အလင်္ကာ။ အလင်္ကာ - မပျော်ဘူးလား ဟင်"

"ဪ - မိုးသဲရယ် - ပျော်တာပေါ့"

"နောက်ဆို မိုးသဲတို့ဘဝလေးထဲမှာ သားသားမီးမီးလေးတစ်ယောက်ပါ တိုးလာတော့မှာ"

"အလင်္ကာလည်း အလုပ်တွေ ပိုလုပ်ရမယ်။ ပြီးတော့ - ပိုက်ဆံတွေ လည်း ပိုရှာရတော့မယ်။ ပါးစပ်ပေါက်လေးတစ်ပေါက် တိုးလာပြီမဟုတ် လား"

အင်း - ပြီးတော့ - ဒီနေ့ကစပြီး မိုးသဲ လေးလေးပင်ပင် အလုပ်တွေ မလုပ် ရဘူးနော်။ အားရှိတဲ့ အစားအစာတွေ စားပြီး နားနားနေနေနဲ့ နေရမယ်။ လုပ် စရာကိစ္စတွေကိုတော့ အလင်္ကာ ဝိုင်းကူလုပ်ပေးမှာပေါ့ - ဟုတ်တယ် မဟုတ် လား"

"အင်း"

=❖=

လေမှာ ပွဲတင်ဖွဲ့နွဲ့နွဲ့သံစဉ်လေးတွေနဲ့ ပန်းတစ်ကုံးလို သီကုံးဖွဲ့နွဲ့ သော အလင်္ကာမြောက်သည့် အလင်္ကာရဲ့စကားတွေကြောင့် ဝမ်းသာ ဝမ်းဆီ ထိခဲ့ရသည်က မိန်းမသားတို့ရဲ့သဘာဝ။ ထိုသို့နှယ် ခင်မိုးသဲ



ယောက် ခင်ပွန်းသည် အလင်္ကာရဲ့အယုအယစကားမှာ သမုဒယပွားရင်း ကျေနပ်နေခဲ့မိသည်သာ အမှန်ဖြစ်လေသည်။

ကိုယ်ဝန်ရှိစတွင်တော့ မိုးသဲ အလုပ်လုပ်သေးသည်။ ထိုမှ ကိုယ်ဝန်ရင့် လာသည်မို့ အလုပ်ထွက်လိုက်၏။ အိမ်၌ပင် နားနားနေနေ နေခဲ့၏။ အလင်္ကာ သည်ကတော့ ရုံးတက်မပျက် သွားလာနေဆဲ ဖြစ်၏။ ထိုမှ အလင်္ကာ ရုံးတက် စောသလို၊ ရုံးပြန်လည်း နောက်ကျလာ၏။ အစည်းအဝေးရှိသည်၊ အလုပ် တွေ များသည် ဟူသော မရိုးသည့်ဖြစ်စဉ်လေးများ ထပ်လာသည်။

ကိုယ်ဝန်ရင့်လာသည်နှင့်အမျှ ယောကျ်ားကို အားကိုးလာသည်။ ထို့ ကြောင့် တစ်နေ့ တစ်နေ့ အိမ်ပြန်လာမည့်အချိန်ကို စောင့်မျှော်ရသည်က ခင်မိုးသဲသာ ဖြစ်တော့သည်။

"ဟင် - မိုးတောင် ချုပ်တော့မယ်။ ကိုလည်း မလာသေးဘူး။ အလုပ်တွေ များ ကျနေလား မသိဘူး"

ဆေးရုံပြရက်၊ ဆေးခန်းပြရက်များတွင်လည်း မိမိသည်သာ အဆင် ပြေအသလို သွားလာနေရလေသည်။ ထိုကိစ္စများ ပြောမိသည့်အခါတိုင်း လည်း -

"မိုးသဲကလည်းကွာ။ ကိုယ်က ရုံးဝန်ထမ်းလေ။ အထက်လူကြီးတွေရဲ့ မျက်နှာတွေကို အမြဲအရိပ်အခြည် ကြည့်နေရတာ။ ကိုယ့်မိန်းမကို လိုက်မပို့ နိုင်ဘဲ ရှိပါ့မလား။ ကိုယ့်ကို နားလည်ပေးစမ်းပါ - မိန်းမရယ် - နော် - နော်"

"ဒါတော့ ဒါပေါ့ - ကိုရယ်။ ဒါပေမဲ့ - မိန်းမဆိုတာ ကိုယ့်ယောကျ်ားကို အားကိုးချင်တာပေါ့။ အထူးသဖြင့် ကိုယ်ဝန်ဆောင်သည်မိန်းမဆိုတာ ယောကျ်ားကို ပိုအားကိုးတယ်တဲ့။ အဲဒါတွေ ရှင် မသိဘူးမဟုတ်လား"

"သိပါတယ် - မိန်းမရယ်၊ ကိုယ်ပြောပြီးပြီ မဟုတ်လား"

ထိုအခါ အဆိုတော်ချစ်စံပယ်ရဲ့မောင်အရင်လို မဟုတ်တော့ဘူးဆိုတဲ့ သီချင်းထဲက စာသားလေးလို အလင်္ကာပြန်လာရင် ရန်တွေ့စိတ်ကိုးမယ်ဟု



www.burmeseclassic.com

www.burmeseclassic.com

တင်းထားသော ဒေါသတရားတွေက ရော့လိုက်ပြန်တော့လည်း ပျော့၍ သွားရင်း အနုသယတောမှာ မျော၍ ပါသွားရသူက ခင်မိုးသဲသာ ဖြစ်လေတော့သည်။

=❖=

သည်နေ့ ...။

မိုးသဲတစ်ယောက်အိမ်ထဲတွင်ရှိနေခဲ့သည်။ စိုးသော်တာ ရောက်လာ၏။ ခင်မိုးသဲမှာ အဝတ်များကို ခေါက်၍နေလေသည်။

"မိုးသဲရေ - ဟော့ မိုးသဲ"

ဟူသောခေါ်သံကြောင့် မိုးသဲအိမ်ရှေ့သို့ ကြည့်လိုက်သည်။

"စိုး - လာ - လာ - သူငယ်ချင်း - ငါ ရှိတယ်"

စိုးသော်တာ အိမ်ပေါ်သို့ တက်လာရင်းမှ ထိုင်လိုက်သည်။

"မိုးသဲရယ် - ငါလည်း လာမယ်.လာမယ်နဲ့ စိတ်သာ ရောက်ပြီး လူက မရောက်ဘူးဖြစ်နေတာဟယ်။ ဒါနဲ့ - အလင်္ကာရော"

"သူ - သူငယ်ချင်းတစ်ယောက်ဆီကို သွားတယ် - စိုး"

"ဒါနဲ့ - ညည်းနေကောင်းတယ်နော်"

"ကောင်းပါတယ် ဟယ်"

"ငါလည်း ဖေပရယ်တို့၊ လှဲလှဲဝင်းတို့နဲ့ ချိန်းနေတာ ကြာပြီ။ နင့်ဆီကို တစ်ရက်လောက်လာပြီး အေးအေးဆေးဆေးနေပြီးမှ ပြန်မယ်လို့၊ ဒီမိန်းမ တွေကလဲဟယ်၊ အားတယ်ကို မရှိဘူး၊ ဒါကြောင့် - မလာနိုင်တာပါ။ အလင်္ကာကိုတော့ တွေ့တိုင်း မေးနေပါတယ်။ ဟဲ့ - ဒါနဲ့ ညည်းကိုယ်ဝန်က ဘယ်နှလ ရသွားပြီလဲ"

"(၈)လထဲမှာဟ"

"ဩော် - တော်တော်တောင် လ.နေရပြီဟယ်။ ငါလည်း ခုမှပဲ ရောက် တော့တာ"



"ရပါတယ် - သူငယ်ချင်းရယ်"

စကားဆုံးတော့ စိုးသော်တာ ဟိုဟိုသည်သည်ကို အကြည့်တစ်ချက် ဝေ့လိုက်ရင်းက ပြောသင့်၊ မပြောသင့် ချိန်ချိန်ဆဆပြု၍ -

"ဟဲ့ မိုးသဲ - ငါ နင့်ကို ပြောစရာ ရှိတယ်ဟ"

စကားကို ဖြတ်လိုက်သည်။ မိုးသဲ၊ စိုးမျက်နှာကို ကြည့်လိုက်၏။

"ဟဲ့ စိုး - ဘာလဲဟ၊ ဘာပြောမှာလဲလို့"

"မပြောတော့ဘူး ဟယ်"

"မရဘူးဟာ၊ ပြောမယ်လုပ်ပြီးမှ ငါ့ကို စိတ်ခုအောင် မလုပ်နဲ့"

စိုးသော်တာတစ်ယောက် ခင်မိုးသဲမျက်နှာလေးကိုကရုဏာသက်သော အကြည့်ဖြင့် ကြည့်ရင်းမှ -

"အလင်္ကာ - ခြေလှမ်းတွေ ပျက်မနေဘူးလား - မိုးသဲ"

"ဘာဖြစ်လို့လဲ - စိုး"

"ဘာဖြစ်လို့လဲဆိုရင် - ရုံးက မေသဏ္ဍာဆိုတဲ့ ကောင်မလေးတစ်ယောက် နဲ့ တွဲနေတယ်ဟ၊ ရုံးကလူတွေ အဖတ်များများ သိနေကြတယ်၊ ငါလည်း ...တစ်လောက သူနဲ့ လက်ဖက်ရည်ဆိုင်မှာဆုံလို့ ပြောလိုက်သေးတယ်၊ ...နေအထိုင်ဆင်ခြင်လို့"

"အဲဒီတော့ - သူက ဘာပြောလဲ"

"စိုးရယ် - ကိုယ်မဟုတ်ရင် ပြီးတာပဲတဲ့ဟ"

ခင်မိုးသဲ စဉ်းစဉ်းစားစားပြုလိုက်သည်။

"ဟုတ်တယ် - စိုးရယ်၊ အလင်္ကာရဲ့အမူအရာတွေကတော့ ပြောင်းနေ ...ကြာပြီ၊ ရုံးပြန်ချိန်ဆိုရင်လည်း အမြဲလိုလို နောက်ကျတယ်၊ ပြီးတော့ - ...အကြောင်းပြ၊ ဒီအကြောင်းပြ၊ မနိုင်လုံတဲ့ အကြောင်းတွေကလည်း ထပ် ...ယ်"

"တကယ်မှန်ရင်တော့ မကောင်းဘူးပေါ့ဟာ၊ ကိုယ့်မိန်းမက ကိုယ်ဝန် ... လစေ့ကြီးနဲ့၊ ယောက်ျားက ဖောက်ပြန်ပြီး အသစ်တွဲတယ်ဆိုတာ ဒါ ...ဖြစ်သင့်ဘူးဟာ၊ အင်း - ယောက်ျားဆိုတာ မိန်းမကိုယ်ဝန်ဆောင်ရင်



www.burmeseclassic.com

www.burmeseclassic.com

ဖောက်ပြန်တတ်တယ်တဲ့၊ ငါ ယောကျ်ားမယူတာ အဲဒါတွေ ကြောက်လို့ သိလား"

"တော်စမ်းပါ - စိုးရယ်၊ နင့်အကြောင်း မသိတာမှတ်လို့၊ မရရင် မရဘူး ပြောစမ်းပါဟာ၊ အကြောင်းသိတွေ"

"အောင်မာ - မိန်းမ - ငါ့ကို အထင်သေးလို့၊ ရုံးက ဒရိုင်ဘာ ကိုစိုးဆိုရင် လိုချင်တာ တစ်ပိုင်းကို သေလို့"

"တော်တော့ - နင့်ကို အဲဒီလိုလူမျိုးတွေပဲ ကြိုက်မယ်"

"အေးဟယ် - နင်ပြောသလိုဆိုရင် အဲဒီမေသန္တာဆိုတာ ဘယ်သူလဲ၊ ငါရုံးမှာ ရှိတုန်းက သူရှိလား"

"ဟင့်အင်း - မရှိသေးဘူးဟ၊ နင်ထွက်သွားပြီးမှ ဝင်လာတာ၊ အမလေး ဟော့ရှော့လုပ်လိုက်တာကလည်း ပျံလို့၊ လန်လို့၊ သူ့ကိုယ်သူ မင်းသမီးတု နေတာပဲဟာ"

"ဩော် - အလက်ဇ်ရယ် - ရက်စက်လိုက်တာ၊ ယောကျ်ားဖောင်စီး မိန်းမမီးဖနေတဲ့ ငါကတော့ တစ်နေ့တစ်နေ့ သေဖြင်းတရားကို အဖော်ပြုနေ ချိန်မှာ သင်းကတော့ ဖောက်ပြန်လို့၊ အပျော်ခရီးတွေ ချီတက်နေတယ်၊ ယောကျ်ား - ယောကျ်ား - ဒါကြောင့်မို့လား မသိဘူး၊ ယောကျ်ားဆိုတာ သေခါမှ ချီးမွမ်းရသတဲ့"

"ဟဲ့ - မိုးသဲ - ဘာတွေ စဉ်းစားနေတာလဲ၊ ငါပြောတယ်လို့ အလက်ဇ်ကို မပြောနဲ့နော်"

"အေး - ပါဟယ်၊ ပြောပါ့မလား၊ ကျေးဇူးတင်ပါတယ် - သူငယ်ချင်း ရယ်"

"ကဲ - ဒါဆို - ငါပြန်ဦးမယ် - သူငယ်ချင်း"

"အေး - အေး"

=❖=



တစ်နေ့ ...။

အိုတာတိုင် ဆင်းရမည်ဟုဆိုကာ အလက်ဇ်ရုံးသို့ ထွက်သွား၏။

ခင်မိုးသဲ ဖုန်းဆက်ကြည့်လိုက်သည်၊ ရုံးတွင် လူတစ်ယောက်မှမရှိ၊ အိုတာတိုင် ဆင်းရန်လည်း မလိုကြောင်း၊ ရုံးစောင့်ဝန်ထမ်း ကိုဘအေးနှင့်ဆုံ၍ မှင်းပြလာသည်၊ ညနေရောက်တော့ အလက်ဇ် အိမ်ပြန်လာ၏။

"အလက်ဇ် - ဒါ - ဘယ်ကပြန်လာတာလဲ"

ခင်မိုးသဲ၊ စပ်တင်းတင်း၊ စပ်မာမာ မေးလိုက်သည်၊

"ဘယ်က ပြန်လာရမှာလဲ၊ မင်းကို ပြောသွားတာပဲ၊ ရုံးမှာ ဒီနေ့ အိုတာ တိုင် ဆင်းရပါတယ်ဆို"

"ဘာရှင့် - အိုတာတိုင် - ဟုတ်လား၊ ရှင်တို့က ဘယ်မှာသွားဆင်းတာလဲ၊ ဘယ်တည်းခိုခန်းမှာလဲ၊ ဒီမှာ - အလက်ဇ် - ကျွန်မ ရုံးကို ဖုန်းဆက်ပြီးပြီ၊ ဘာ(OT) လည်း မရှိဘူး၊ ရှင် - ကျုပ်ကို ညာမနေနဲ့၊ ဘာလဲ - ရှင်ဆင်းတဲ့ (OT) က မေသန္တာဆိုတဲ့ကောင်မနဲ့ တည်းခိုခန်းမှာ သွားဆင်းတာလား"

"တော် - တော်ကွာ - ခင်မိုးသဲ၊ မင်းပါးစပ်ကို ပိတ်လိုက်ရင် ကောင်း မယ်"

"မပိတ်ဘူးရှင့် - မပိတ်ဘူး၊ ကျွန်မပြောနေတာတွေ တစ်ခုမှ မမှားဘူး၊ အမှန်တွေကို ပြောနေတာ၊ အဲဒီမေသန္တာဆိုတဲ့ကောင်မက ဘယ်သူလဲ၊ သူများလင်ကို ကြောင်တောင်နိုက်တဲ့ကောင်မ - တွေ့မယ်"

"သူများသားသမီးကို မင်း ချိုးချိုးဖဲ့ဖဲ့ မစွပ်စွဲနဲ့ကွ၊ သူက ငါ့တပည့်မ လေး၊ သူ့ကို ရင်းရင်းနှီးနှီးနေတယ်ဆိုတာကလည်း သူ နားမလည်တဲ့အလုပ် တွေကို ငါ သင်ပေးနေရတာ၊ မင်း - ဘာမှမသိပဲနဲ့ သူများပြောစကားတွေနဲ့ လျှောက်ပြောမနေနဲ့"

"အထင်နဲ့ ပြောနေတာ မဟုတ်ဘူး - အလက်ဇ်၊ ရှင်တို့တွေက မှန်နေသို့ ဘာမှရှုပြုမိမှာ မဟုတ်ဘူး၊ ရှင်တို့ ဘာတွေလုပ်တယ်၊ ဘယ်တွေသွားတယ်

www.burmeseclassic.com

ဆိုတာကို တွေ့တဲ့ မြင်တဲ့သူတွေက ကျွန်မကိုသနားလို့ ပြန်ပြောကြတာ၊ ရှင့်ခြေလှမ်းတွေ ပျက်နေတာ ကြာပြီ၊ ကျွန်မ မသိချင်ယောင်ဆောင်နေတာ၊ ကဲ - ရှင် ဘာပြောဦးမလဲ"

"အေးကွာ - ဟုတ်တော့ရော ဘာဖြစ်လဲ၊ မင်း ဘာလုပ်ချင်လဲ - ပြော"

"ဒါပေါ့လေ - ရှင့်လိုသစ္စာမရှိတဲ့လူတစ်ယောက်ကို ရွေးချယ်ပြီး လင်သားတော်ခဲ့မိတဲ့ ကျွန်မရဲ့အပြစ်တွေပါပဲရှင်၊ တော်ပါပြီရှင် - ရှင်နဲ့ ကျွန်မက လည်း ဒီဘဝမှာ ဒီလောက်နဲ့ပဲ ရေစက်ဆုံဖို့ ကျွန်မ ဆုတောင်းပါတယ်၊

ခ - ဗိုက်ထဲက ကျွန်မရဲ့ ရင်သွေးလေးကိုလည်း ကျွန်မဘာသာပဲ ကျွန်မ တာဝန်ယူမယ်၊ ရှင်နဲ့ ဆိုင်လည်း မဆိုင်ဘူး၊ ရှင့်ကိုလည်း တစ်ခါ - တည်း ပြောထားလိုက်မယ်၊ ဒီနေ့ကစပြီး ကြိုက်သလိုနေ၊ ကြိုက်သလိုလုပ်၊ ရှင်နဲ့ ကျွန်မလည်း ဘာမှမဆိုင်တော့ဘူး"

=❖=

အိမ်ထောင်ရေးမုန်တိုင်းတစ်ခု၊

သောက စစ်ဆင်ခဲ့လေသည်မှာ ခင်မိုးသဲ ကိုယ်ဝန်ရှစ်လခန့်ရှိသည့် အချိန်မှစ၍ ဖြစ်၏၊ အလက်ာမှာလည်း သူများ ကဲ့ရဲ့မေးတိုးကြမည်ဖြစ်၍ ဟန်ဆောင်နေလာခဲ့၏၊ ခင်မိုးသဲမှာလည်း အသက်မပါသော ဘဝခရီးတစ်ခု ကိုမလျှောက်ချင်ပဲ လျှောက်ခဲ့ရသည်မှာ သားလေးပင် (၆)လခန့်ရှိ၍သွား၏

တစ်ခါ တစ်ခါတွင်တော့ ခင်မိုးသဲ တွေး၏၊

"ဒီဇာတ်လမ်းကို ငါသိမ်းမှဖြစ်တော့မယ်၊ ဒီအတိုင်းဆက်နေလို့ ငါ့ ကလည်း မထူးခြားလာဘူး၊ ပြောင်းလည်း မပြောင်းလဲဘူး၊ ဘဝမှာ အဖောက်စံရတာလောက် အခံရခက်တဲ့ဝေဒနာ မရှိတော့ဘူး၊ နင့်လိုသစ္စာ မဲ့တဲ့လူတစ်ယောက်ရဲ့ ရင်ခွင်မှာ ငါ ဘယ်တော့မှ မနေဘူး - အလက်ာ



ဒီဘဝမပြောနဲ့ ဘဝဆက်တိုင်း၊ သံသရာအဆက်ဆက် နင့်လိုလူနဲ့ မဆုံစည်း မတွေ့ဆုံရပါစေနဲ့လို့ ငါ ဘုရားရှိခိုးတိုင်း ဆုတောင်းပါတယ် - အလက်ာရယ်"

ခင်မိုးသဲ သားလေးကို နှိုက်ဖိုက်ရင်းမှ မျက်ရည်များ ကျလာ၏၊

"သားလေးဘဝက ဆိုးပါတယ် - သားရယ်၊ သစ္စာမဲ့တဲ့ အဖေတစ်ယောက်ရဲ့သားအဖြစ်နဲ့ ဒီဘဝမှာ လူဖြစ်လာခဲ့ရတဲ့ သားလေးကို မေမေ သနားလို့ မဆုံးဘူး"

ခင်မိုးသဲ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်၊ ကလေး၏အဝတ်အစား၊ နို့ဘူး၊ အနီးလေးများမှအစ အသုံးအဆောင်များကို ထည့်သိုက အလက်ာ သွားနေခိုက် ရပ်ကွက်တစ်ခုတွင် နေထိုင်သော အစ်မဖြစ်သူအိမ်သို့ တက္ကစီကားလေးကိုငှားရင်း ရောက်လာခဲ့တော့သည်၊

"ဟင် - ညီမလေး မိုးသဲ - လာ - လာ၊ ဘာဖြစ်လို့လဲ - ညီမလေး၊ အလက်ာနဲ့ ရန်ဖြစ်ပြီး ဆင်းလာခဲ့တာလား"

အစ်မဖြစ်သူ မမမျိုးက ဆီး၍မေးသည်၊

"မဟုတ်ပါဘူး - မမမျိုး၊ ညီမ - ပုသိမ်ကို ခဏခရီးထွက်စရာရှိလို့ပါ၊ ရက်လောက်ကြာမှာမို့ပါ၊ ကျွန်မသွားနေတုန်း သားလေးကို အစ်မဆီ လာပို့တာပါ၊ ကျွန်မ ပြန်လာရင် လာခေါ်ပါ့မယ်"

"ဟုတ်ရဲ့လား - ခင်မိုးသဲရယ်"

"ဟုတ်ပါတယ် - မမမျိုးရဲ့၊ ညီမ - မညာပါဘူး"

"ဒါနဲ့ - အလက်ာနဲ့ရော အဆင်ပြေရဲ့လား"

"ဒီလိုပါပဲ - မျိုးရယ်၊ သူလည်း သူ့ဘာသာသူနေ၊ ကျွန်မလည်း ကျွန်မ နေပေါ့၊ သူနဲ့ ကျွန်မကတော့ ဘယ်လိုမှ ပြန်ပြီး အဆင်ပြေနိုင်ကြ မှာ မဟုတ်ဘူးလေ"

"ညီမရယ် ..."

ခင်မိုးသဲ ...၊



www.burmeseclassic.com

www.burmeseclassic.com

အိမ်သို့ ပြန်လာ၏။ အိမ်ရောက်လျှင် အိမ်တံခါးများကို တစ်ခုမကျန် ပိတ်၏။ ထို့နောက် အသင့်ကြိုတင်စီစဉ်ထားသည်၊ အဆိပ်ရောစွက်ထားသည့် ကော်ဖီခွက်ကိုမော့၍ သောက်လိုက်လေတော့သည်။

=❖=

ခင်မိုးသဲ ...။

သေဆုံးပြီး တစ်နှစ်ခန့်ရှိသည့် ကာလတွင်တော့ အလင်္ကာတစ်ယောက် မေသန္တာနှင့် လက်ထပ်လိုက်လေတော့သည်။ မေသန္တာကိုလည်း မိမိ ခင်မိုးသဲနှင့် နေထိုင်ခဲ့ကြသည့် နှစ်ထပ်တိုက်အိမ်လေး၌ပင်လျှင် ခေါ်၍ထား၏။

ယနေ့တွင် အလင်္ကာမှာ အလုပ်ကိစ္စတစ်ခုရှိ၍ သူငယ်ချင်းတစ်ဦးနှင့် တွေ့ဆုံရန် သွားနေ၏။ မေသန္တာတစ်ယောက်တည်း အိမ်တွင် ရှိနေလေသည်။ မေသန္တာမှာ ထမင်းဟင်းများ ချက်ပြုတ်ပြီး၍ မီးပူတိုက်နေ၏။ အလုပ်ကိစ္စများ ပြီးလေသည့်အခါ ကုတင်ပေါ်တွင် အနားယူလိုက်ရင်း မှေးခနဲ အိပ်ပျော်သွား၏။

ထိုစဉ် -

“ဒေါက် - ဒေါက် - ဒေါက်”

ဟူသော တံခါးကို အဆက်မပြတ် ခေါက်လာသည့်အသံကြောင့် မေသန္တာ နိုး၍လာသည်။ ထ၍သွားကာ တံခါးကိုဖွင့်ပေးလိုက်သည်။ ထိုအခါ အဖြူရောင်ဝမ်းဆက်ဝတ်ထားသော မိန်းမတစ်ယောက် ရပ်နေသည်ကိုတွေ့ ရတော့၏။

“ဟင် - ရှင် - ရှင် ဘယ်သူလဲ။ ဘယ်သူနဲ့ တွေ့ချင်လို့လဲ”

မိန်းမမှာ မေသန္တာအား စူးစူးဝါးဝါး စိုက်၍ကြည့်နေ၏။ ပြီးလျှင် -

“ဘယ်သူလဲ - ဟုတ်လား။ နင်က ငါ ဘယ်သူလဲဆိုတာ မသိဘူးလား။ သူများယောကျ်ားကို လင်ရှိမှန်း သိရက်နဲ့ ကြောင်တောင်နိုက်တဲ့မိန်းမ



နင့်ကြောင့် - ငါတို့မိသားစုတွေ တစ်စစီ ပြိုကွဲခဲ့ရတာ။ ဒါနဲ့ - နေပါဦး။ ဒီအိမ်ကို နင်က ဘယ်သူ့ခွင့်ပြုချက်နဲ့ တက်နေတာလဲ”

“ရှင် - ကျွန်မက ကိုအလင်္ကာရဲ့ဇနီး မေသန္တာပါ။ ကိုအလင်္ကာ ခေါ်လာလို့ ဒီအိမ်မှာ နေတာပါ”

“ဟဲ့ - ဒါက အလင်္ကာရဲ့အိမ် မဟုတ်ဘူးဟဲ့ - မဟုတ်ဘူး။ ငါ့ရဲ့အိမ်။ ငါ့အိမ်မှာ နင်တို့ နေစရာမလိုဘူး။ ခု - ဆင်းသွားကြ”

မေသန္တာမှာ ထိုမိန်းကလေးကိုကြည့်ရင်း တုန်တုန်ရီရီဖြစ်၍နေလေသည်။

“ဟုတ် - ဟုတ်ကဲ့ပါရှင်။ ကိုအလင်္ကာ ပြန်လာရင် ကျွန်မ ပြောပြပါ့မယ်”

“အေး - ပြောလိုက် - တစ်ခါတည်းပြောထားမယ်။ ငါ့အိမ်ကနေ သုံးရက်အတွင်း ဆင်းပေးရင် ပေး၊ မပေးရင်တော့ ငါ့အဆိုး မဆိုနဲ့ - ဒါပဲ။ ငါ့နာမည် ကိုမှတ်ထား - ခင်မိုးသဲ တဲ့”

“ရှင် - ခင် - ခင် - ခင်မိုးသဲ - ဟုတ်လား”

စကားဆုံးတော့ မေသန္တာ အိပ်ပျော်နေရာမှ လန့်၍နိုးသွားတော့သည်။ ရင်တွေ တဒိန်းဒိန်းတုန်ကာနေလေ၏။

“အလို - ဘုရား - ဘုရား - ငါ အိပ်မက် မက်နေတာပါလား။ တော်ပါသေးရဲ့။ အိပ်မက်ထဲမှာ လာပြီး ရန်တွေ့တဲ့မိန်းမက သူ့နာမည်က ခင်မိုးသဲတဲ့။ ခင်မိုးသဲဆိုတာ ကိုအလင်္ကာရဲ့ သေသွားတဲ့မိန်းမ မဟုတ်လား။

ပြီးတော့ - ပြောသွားသေးတယ်။ ငါ့အိမ်ကို ဘယ်သူ့ခွင့်ပြုချက်နဲ့ တက်နေတာလဲတဲ့။ ပြီးတော့ - ဒီအိမ်က သုံးရက်အတွင်း ပြောင်းပေးရမယ်တဲ့။ မပြောင်းရင် ငါ့အဆိုး မဆိုနဲ့လို့လဲ ကြိမ်းသွားသေးတယ်။ ငါ့ကို ကြည့်သွားတဲ့ မျက်လုံးတွေကလည်း မီးထတောက်တော့မတတ်ပဲ။ မဖြစ်ဘူး - မဖြစ်ဘူး။ ကိုအလင်္ကာပြန်လာရင်တော့ ပြောပြမှ ဖြစ်မယ်”

=❖=



www.burmeseclassic.com

www.burmeseclassic.com

အလင်္ကာ အိမ်ပြန်ရောက်သည့် အခါတွင်တော့ ခင်မိုးသဲ နေ့လယ်က မိမိမက်သောအိပ်မက်အကြောင်းကို ပြောပြလိုက်သည်။

"ဟင် - ဟုတ်လား - သန္တာ"

"ဟုတ်တာပေါ့ - အလင်္ကာရယ်၊ အိပ်မက်ထဲမှာ မြင်ရတဲ့ အဲဒီမိန်းမရဲ့ မျက်နှာကြီးက ကြောက်စရာ ကောင်းလိုက်တာ၊ ခုထိ မျက်လုံးထဲက မထွက်ဘူး"

"ဟုတ်ရော ဟုတ်ရဲ့လား - မေသန္တာရယ်၊ မင်းများ အိပ်ချင်မူးတူးနဲ့ ထင်ယောင်ထင်မှားဖြစ်တာလားလို့"

"အိုရှင် - အိပ်မက်ထဲမှာ တကယ့်ကို ရန်လာတွေ့တာ"

အလင်္ကာတစ်ယောက် သက်ပြင်းမောတစ်ချက်ကို ချလိုက်သည်။

"အင်း - ဒါဆိုရင် - သေချာပါပြီ၊ ခင်မိုးသဲမှ ခင်မိုးသဲအစစ်"

"ခင်မိုးသဲဆိုတာ ကိုအလင်္ကာရဲ့ဆုံးသွားတဲ့မိန်းမ မဟုတ်လားဟင်"

"ဟုတ်တယ် - သန္တာ၊ ကဲပါလေ - အိပ်မက်ဆိုတာ ကိုယ်ကြားဖူးတာကတော့ သွေးလေချောက်ချားရင်လည်း မက်တတ်တာပဲတဲ့၊ ရင်ထဲမှာ ဘာဥပါဒါန်မှ ဖြစ်မနေနဲ့၊ လာ - ကိုယ် ထမင်းဆာလာပြီ၊ ထမင်းစားတော့မယ်"

ထမင်းစားရန် မီးဖိုထဲသို့ သွားရန်အလုပ်၊

"ဪ - ဒါနဲ့ - အဲဒီမိန်းမက ပြောသွားသေးတယ် သိလား၊ ဒီအိမ်တာ သူ့အိမ်တဲ့၊ ဘယ်သူ့ခွင့်ပြုချက်နဲ့ နေတာလဲတဲ့၊ ပြီးတော့ - ဒီအိမ်ကနေ သုံးရက်အတွင်း ဆင်းပေးတဲ့၊ ဆင်းမပေးရင် သူ့အဆိုး မဆိုနဲ့တဲ့ ကြိမ်းသွားသေးတယ် - ကို"

"အို - အလကားပါကွာ၊ သူက ကြိမ်းရအောင် ဘာကောင်မမို့လဲ၊ ငါ ဆင်းနိုင်းတိုင်း ငါတို့က ဆင်းပေးရမှာလား"

စကားဆုံးတော့ ထမင်းစားရန် ဖနီးမောင်နှံ မီးဖိုလေးထဲသို့ ဝင်လာသည်၊ ချုပ်ရိဆည်းဆာတစ်ခုသည်ကတော့ အပျိုဖော်ဝင်စ အလှသွေးကြွယ်နေသည့် မိန်းမပျိုတစ်ဦးသို့နယ်၊ လှပကြော့ရှင်း လွင့်မျောခြင်းသံစဉ်တွေနဲ့

=❖=

သည်နေ့ ...၊

မေသန္တာ၊ အလင်္ကာအလုပ်သွားလေတော့ မနေ့ညနေက ဖွပ်ပြီး မလှန်းရသေးသည့်အဝတ်များကို အိမ်အပေါ်ထပ် ဝရန်တာ ကော်ရစ်တာတစ်လျှောက်တွင် သွယ်တန်းထားသော ကြိုးတန်းလေးတွင် လှန်းနေမိသည်။

မေသန္တာတို့ အိမ်လေးသည် နှစ်ထပ်တိုက်ပုလေး ဖြစ်၏၊ အိမ်အောက်ထပ်တွင် အိမ်ငှားတစ်ဦးတို့ နေထိုင်ကြလေသည်။

ထိုအချိန်တွင် -

"ကျွီ ..."

ဟူသော မြည်သံတစ်ခုနှင့်အတူ ခြံတံခါးကြီးမှာ သူ့အလိုလိုပွင့်သွားရင်းတွန်းဖွင့်လိုက်သည်သို့ မြင်လိုက်ရလေသည်၊ မေသန္တာ ခြံတံခါးဆီသို့ လှမ်းကြည့်လိုက်၏၊ သို့သော် ဘာမှမတွေ့၊ အဝတ်များကို ဆက်၍လှန်းနေမိလေသည်၊

ထိုအချိန်တွင် အောက်ထပ်မှ တက်လာနေသော ခြေသံတစ်ခုကို ကြားရတော့၏၊ ခြေသံသည် အစတွင် ခပ်တိုးတိုးဖြစ်သော်လည်း နောက်တွင် ကျယ်လာရင်း နီး၍ နီး၍ လာသည်၊ မိမိတို့အခန်းဝသို့ ရောက်လေသည့်အခါ ခြေသံမှာ လုံးဝမကြားရတော့ပဲ ရပ်၍သွား၏၊

ရပ်သွားသောခြေသံကို မေသန္တာ သတိမူလိုက်မိသည်၊ လှန်းလက်စ အဝတ်များကို ရပ်လိုက်၏၊

"ဘယ်သူများပါလိမ့်၊ ခြေသံက အခန်းဝမှာ ရပ်သွားတယ်၊ မေသန္တာ အခန်းဝတွင် စေ့ထားသော တံခါးဆီသို့ လျှောက်လာသည်၊ ရပ်၍နားထောင်ကြည့်၏၊ ဘာသံမျှ မကြား၊ ထို့ကြောင့် စေ့ထားသောတံခါးကို ဆွဲ၍ဖွင့်လိုက်သည်၊

"တင် - ဘယ်သူမှလည်း မရှိဘူး၊ ဒါဆို - တက်လာတဲ့ ခြေသံဟာ ဘယ်သူလဲ၊ ငါ သေသေချာချာ ကြားလိုက်တာပါ"

www.burmeseclassic.com

အခန်းတံခါးကို ပြန်စေ့ကာ လှန်းလက်စ အဝတ်များကို ဆက်၍လှန်းနေမိသည်။ ထိုအခိုက် -

"ကျွီ ..."

ဟူသော အခန်းတံခါး ဖွင့်လိုက်သံ ကြားလိုက်ရပြန်သည်။ မေသန္တာ နောက်သို့လှည့်ရင်း အခန်းတံခါးဆီ ကြည့်လိုက်၏။ အခန်းတံခါးမှာ ပိတ်လျက်သား။ မိမိထိုးထားသော တံခါးချက်မှာလည်း မပျက်မယွင်းထိုးထားသည့်အတိုင်း ရှိနေဆဲ ဖြစ်၏။

အကြည့်ကို တံခါးဆီမှ ခွာလိုက်ရင်း စိတ်ရှုလက်ရှု အဝတ်လှန်းဖနေမိသည်။ ထိုစဉ် မိမိနောက်နားတွင် တစ်စုံတစ်ဦးဦး ရပ်လိုက်သည်သို့ ခံစားလိုက်ရ၏။ ရင်ထဲတွင်လည်း ရှိန်းခနဲ ဖိန်းခနဲ ဖြစ်၍သွားသည်။ ထို့ကြောင့် နောက်သို့ လှည့်အကြည့် မြင်လိုက်ရသောမြင်ကွင်းမှာ -

"ဟင် - ရှင် - ရှင် - ဘာ - ဘာဖြစ်လို့ ဝင်လာတာလဲ၊ ဘာကိစ္စရှိလို့လဲ"

မေသန္တာတွေ့လိုက်ရသည်မှာ အဖြူရောင်ဝမ်းဆက်ကို ဝတ်ထားသော မိန်းမတစ်ဦး။ ဆံပင်ကို ခါးလယ်လောက်အထိ ဖြန့်၍ချထားပြီး ရပ်နေသည်ကို တွေ့လိုက်ရတော့သည်။ ထိုမိန်းမမှာ ခင်မိုးသဲပင် ဖြစ်လေသည်။

"နင့်ကို ပြောထားပြီးပြီ၊ ငါ့အိမ်ကနေ သုံးရက်အတွင်း ဆင်းပေးလို့။ ငါ့ယောက်ျားကို ကြောင်တောင်နိုက်တဲ့မိန်းမ - ကဲဟာ - သွား"

မေသန္တာအနားသို့ ကပ်လာကာ ဖေါ်သတကြီးဖြင့် ဆောင့်၍တွန်းထိုးလိုက်သည်။ မေသန္တာ အပေါ်ထပ် ဝရန်တာမှ ပြုတ်ကျသွားတော့သည်။

"အမ - လေး"

"ဝုန်း"

=❖=



မေသန္တာ ဆုံးပါးသွားပြီးနောက်တွင် အလက်ာတစ်ယောက် အိမ်သို့ မပြန်တစ်လှည့် ပြန်တစ်လှည့် ဖြစ်လာ၏။ တစ်ခါတစ်ခါတွင်တော့ ရုံး၌သာ အိပ်ဖြစ်သည့်အခါက များလေသည်။ မိမိ၏အဖြစ်သည် တိုက်ဆိုင်မှု ဆိုရမည်လား၊ သို့တည်းမဟုတ် ဥပါဒါန် စွဲလမ်းခြင်းတစ်ခုရယ်လား၊ ဒါတော့ မသိ၊ ဝေလည်း မဝေခွဲတတ်။ သို့သော် ထူးခြားစွာ တိုက်ဆိုင်လွန်းနေသည်ကတော့ အံ့ဩစရာသာ ဖြစ်လေသည်။

"ဩော် - ခင်မိုးသဲ - ခင်မိုးသဲ၊ ငါ့ကို အငြိုးအချက် ကြီးနေတဲ့ပုံပဲ၊ မေသန္တာ သေရတာဟာလည်း သူ့လက်ချက်ပဲ ဖြစ်ရမယ်"

ညည်းညည်းညူညူ စိတ်များကို တဒင်္ဂလန်းဆန်းစေရန် ရုံးဝင်းအတွင်းရှိ လက်ဖက်ရည်ဆိုင်လေးဆီသို့ ထွက်လာခဲ့သည်။ အောင်မြင့်နဲ့ ဇော်ကြီးတို့ကို တွေ့ရ၏။ မိမိကိုမြင်တော့ လှမ်း၍ခေါ်ကြသည်။

"ဟေ့ကောင် - အလက်ာ - လာ - လာ - ဒီကိုလာ"

အလက်ာ၊ အောင်မြင့်တို့ဝိုင်းသို့ ဝင်၍ထိုင်လိုက်သည်။

"ကဲ - မင်း ဘာသောက်မလဲ၊ အပူလား၊ အအေးလား"

"လက်ဖက်ရည် ကျဆိမ့်ပဲ ပေးကွာ"

လက်ဖက်ရည်ဝိုင်းတွင်တော့ မိမိဖြစ်ပျက်နေသော အဖြစ်ပျက်လေးအား ပြောပြလိုက်သည်။

"ဟင် - ဒါဆို - မင်းမိန်းမ မေသန္တာ သေရတာဟာ ခင်မိုးသဲရဲ့လက်ချက်သို့ ဖြစ်နေတာပေါ့"

"ဟုတ်တယ် - အောင်မြင့်၊ သူ မသေခင် တစ်ပတ်လောက်က အိပ်မက်ထဲမှာ သူ့ကို ခင်မိုးသဲက လာပြီးရန်တွေ့တဲ့အကြောင်း ငါ့ကို ပြောပြခဲ့တယ်၊ ဒါပေမဲ့ - ငါလည်း ဘယ်ယုံမလဲကွာ၊ ဒါကြောင့် - ခပ်ပေါ့ပေါ့ပဲ နေလိုက်တာ၊ အခုအထင်တော့ - မေသန္တာ အိမ်ပေါ်က ပြုတ်ကျတာက သူ့အလိုလို ပြုတ်ကျတာ မဖြစ်နိုင်ဘူး၊ ခင်မိုးသဲ တွန်းချတာပဲ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ကြီးမှ ဖျောင်းဖျောင်းဖျဖျ ပြောဆိုလာသည်။

"သိပ်လည်း ယိုးစွပ်မနေနဲ့ - သူငယ်ချင်း။ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ရတယ်တဲ့"

"သိပ်အယုံအကြည်ကြီးလည်း မဟုတ်ပါဘူးကွာ၊ ဒါပေမဲ့ - ခင်မိုးသဲက ဖွဲ့ကို အတော်မုန်းမုန်းတီးတီးဖြစ်ရင်း သေသွားခဲ့တာ၊ သူ့စိတ်ကို ငါသိတယ်၊ အစွဲအလမ်းကြီးတယ်၊ ဒါကြောင့် - ပြန်ကလဲ့စားချေတာ မဟုတ်ဘူးလို့လဲ အတပ်ပြောလို့တော့ မရနိုင်ဘူး"

"ကဲပါကွာ - ဒါတွေ ထားလိုက်ပါတော့၊ မင်းစိတ်တွေ နည်းနည်းလန်းသွားအောင် ရုံးဆင်းရင် ငါတို့နဲ့ လိုက်ပြီး KTV မှာ ဘီယာသောက်ရင်း သီချင်းဆိုကြတာပေါ့"

"ငါ မလိုက်တော့ဘူးကွာ၊ ရုံးပြန်ပြီး တစ်မှေးလောက်အိပ်ရင်း အနားယူတော့မယ်၊ ခုကလည်း ဒီအကြောင်းတွေ တွေးရင်း ကောင်းကောင်းအိပ်မပျော်ဘူး"

စကားဆုံးတော့ အလက်ာတို့သူငယ်ချင်းတစ်စု လက်ဖက်ရည်ဆိုင်မှ ထလိုက်ကြတော့သည်။

=❖=

ရုံးပြန်ရောက်တော့ ....။

နုံးချိနေသောခန္ဓာကိုယ်ကို ပစ်လှဲချလိုက်ရင်း အိပ်ပစ်လိုက်သည်၊ နစ်နစ်မြိုက်မြိုက် အိပ်ပျော်သွား၏၊ ထိုစဉ် ရုံးခန်းတံခါးကို ခေါက်လာသော အသံတစ်သံကို ကြားလိုက်ရသည်။

"ဒေါက် - ဒေါက် - ဒေါက်"

မိမိမှာ အောင်မြင့်နဲ့ ဇော်ကြီးတို့ လာကြသည်ဟု ထင်လိုက်၏၊ ထို့ကြောင့် တံခါးဖွင့်ပေးရန် ထလိုက်သည်။



"ဒီကောင်တွေကလဲကွာ၊ ခုမှ အိပ်ပျော်မယ် မကြံသေးဘူး လာနှိုးကြပြန်ပြီ"

ခေရွှတ်ရင်း တံခါးကို ဖွင့်ပေးလိုက်၏၊ တွေ့လိုက်ရသည်မှာ အောင်မြင့်လည်း မဟုတ်၊ ဇော်ကြီးလည်း မဟုတ်၊ အဖြူရောင်ဝမ်းဆက်ကို ဝတ်ဆင်ထားသော ခင်မိုးသဲသာလျှင် ဖြစ်လေ၏၊ အလက်ာ အံ့သြသွားသည်။

"ဟင်"

"မင်း - မင်း - ဒီ - ဒီကို ဘာလာလုပ်တာလဲ"

ခင်မိုးသဲမှာ မိမိကို ရှုးရှုးစိုက်စိုက်ကြည့်ရင်း အခန်းထဲ ဝင်လာ၏၊ ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

"ရှင့်ကို တွေ့ချင်လို့ လာခဲ့တာ"

"မင်းက ငါ့ကို တွေ့ရအောင် ဘာကိစ္စရှိလို့လဲ၊ မင်းနဲ့ငါ တွေ့စရာ ဘာအကြောင်းမှ မရှိဘူး။ သွား - သွား - ငါ့အခန်းထဲက ခုထွက်သွား"

"သွားမှာပါ - အလက်ာရယ်၊ ဒီလောက်လဲ နှင်မနေပါနဲ့၊ ခု - ဇနီးချောလေး ဆုံးသွားလို့ သိပ်ခံစားနေရတယ်ထင်တယ်၊ ဟင်း - ဟင်း - စိတ်မကောင်းပါဘူးရှင်"

"မင်း သနားစရာ မလိုဘူး - မိန်းမယုတ်၊ မေသန္တာကို အိမ်ပေါ်က တွန်းချလိုက်တာလည်း မင်းပဲ မဟုတ်လား"

"ဟုတ်တယ် - ကျွန်မ မေသန္တာကို အိမ်ပေါ်က တွန်းချလိုက်တာ"

"ယုတ်မာလိုက်တဲ့ မိန်းမကွာ"

"ဒါပေါ့ရှင်၊ ဂျင်းစိမ်း မိတ်သလင်တဲ့၊ သူကြင်မှ ကိုယ်ကြင်တဲ့၊ ရှင်လုပ်ခဲ့တဲ့လုပ်ရပ်တွေကလည်း ကောင်းလို့လား၊ ယုတ်မာတာ ကျွန်မ မဟုတ်ဘူး - ရှင် - ရှင်၊ ရှင် ဖောက်ပြန်ခဲ့လို့ ကျွန်မတို့မိသားစုဘဝတွေ ပြိုကွဲခဲ့ရတယ်၊ ရှင်ကျွန်မ စိတ်ဆင်းရဲရသလို ရှင်လည်း ပြန်ပြီး စိတ်ဆင်းရဲရမယ်ဆိုတာ မှတ်ထား"

www.burmeseclassic.com

"သွားကွာ - သွားဆိုရင်သွား၊ ငါ့အခန်းထဲက ခုထွက်သွား"

"သွားမှာပါ - ကိုအလင်္ကာ၊ ကျွန်မရယ်၊ မေသန္တာရယ် မိန်းမနှစ်ယောက်တော့ သေပြီးပြီ၊ မိန်းမနှစ်ယောက်အလှည့်ပြီးရင် ဒီတစ်ခါသေဖို့က ရှင့်အလှည့်ပဲဆိုတာ သေသေချာချာ မှတ်ထားလိုက်ပါ"

"သွား - မြန်မြန်သွား၊ ခုထွက်သွား - မိန်းမယုတ်၊ မင်္ဂလာမရှိတဲ့စကားတွေ လာပြောမနေနဲ့ - သွား"

"ဒေါက် - ဒေါက် - ဒေါက်"

"ဒေါက် - ဒေါက် - ဒေါက်"

တံခါးခေါက်သံကြောင့် ယောင်၍အော်နေသော အလင်္ကာ နိုးလာသည်၊

"ဟောကောင် အလင်္ကာ - တံခါးဖွင့်စမ်း - ဖွင့်စမ်း။ ဘာတွေ ယောင်အော်နေတာလဲ"

တံခါးဖွင့်တော့ အောင်မြင့်နဲ့ ဇော်ကြီးတို့နှစ်ယောက် ဝင်လာသည်၊

"ငါ အိပ်မက်ဆိုးတစ်ခုကို မက်သွားလို့ပါကွာ"

=❖=

အလင်္ကာ ...။

ညက မက်သော အိပ်မက်ကို စဉ်းစားနေမိသည်၊

"ငါ - ခင်မိုးသဲကို မစွဲလမ်းပါပဲနဲ့ ဘာလို့များ အိပ်မက်ရတာပါလိမ့်၊ ပြီးတော့ - အိပ်မက်ထဲမှာလည်း ငါ့ကို ရန်တွေ့ရင်း ပြောသွားတဲ့စကားက မိန်းမနှစ်ယောက် သေပြီးရင် ဒီတစ်ခါ နင့်အလှည့်ပဲတဲ့၊ အဲဒီစကားက ဘာအဓိပ္ပာယ်ပါလိမ့်၊ သြော် - သိပြီ၊ သိပြီ၊ ဟိုတစ်နေ့က လက်ဖက်ရည်ဆိုင်မှာ အောင်မြင့်တို့နဲ့ တွေ့တုန်းက ပြောခဲ့တဲ့စကားတွေကို ငါ စွဲလမ်းပြီး အိပ်မက် မက်သွားတာထင်တယ်"



ဒီနေ့ ရုံးကိုရောက်တော့ အလုပ်ကိစ္စတစ်ခုဖြင့် မန္တလေးသို့ ခရီးထွက်ရမည်ဟု ဆိုလာလေသည်၊ ရုံးကားဖြင့် ထွက်လာခဲ့ကြသည်၊ မန္တလေး၌ နှစ်ရက်တိတိ ကြာ၏၊ အပြန်ခရီး၌ ကားမောင်းသည့် ဒရိုင်ဘာကောင်လေး ထွန်းဝေသည် ရောက်တုန်း ရောက်ခိုက် သူ့ဖာတီ မွေးရပ်လေးသို့ ခဏဝင်လိုကြောင်း ပြောလာသည်၊ ခွင့်ပြုလိုက်ရ၏၊ ပြဿနာ တစ်စုံတစ်ရာမရှိ၊ အလင်္ကာသည် ကားကို အမြဲမမောင်းသည်မှအပ ကျွမ်းကျင်စွာ မောင်းနိုင်လေသည်၊ ထို့ကြောင့် မိမိတစ်ယောက်ထဲ ကားကို မောင်း၍ပြန်လာခဲ့သည်၊



❛ခု—ကျွန်မ ခရီးဝေးတစ်ခုကို အပြီးသွားရတော့မယ်။ နောက်ဆို မမတို့၊ သားလေးတို့နဲ့ တွေ့ရတော့မှာမဟုတ်တော့ဘူး မမရယ်။ ဒါကြောင့်—မမမျိုးကို ညီမ တစ်ခုတောင်းဆိုပါရစေ။ သားလေးကို သက်နိုးဆီးပြီး ရှင်ပြုပေးပါနော်။ ဒါမှလည်း ကျွန်မ ဘဝသစ်တစ်ခုကို ကောင်းကောင်းမွန်မွန်နဲ့ ကူးပြောင်းနိုင်မှာ❜



www.burmeseclassic.com

www.burmeseclassic.com

ဟိုတွေး သည်တွေး အတွေးများဖြင့် မောင်းနှင်လာရင်း ကားလေးက ရန်ကုန်သို့ ချဉ်းနင်းဝင်ရောက်လာသည်။ အလက်ာ နာရီကို ကြည့်လိုက်သည်။ ည(၇)နာရီထိုး၍နေပြီ။ ဆောင်းကာလမို့ မိုးက အစောကြီးချုပ်၍သွားသည်။ မြို့နင်းမြို့စတွေက ဟိုမှ သည်မှ ယှက်ဖြာနေသည်။ ဝင်းခနဲ လက်ခနဲ အချက်ပြမီးများကိုထိုး၍ ဝင်လာနေသော မျက်နှာချင်းဆိုင်တူရူဆီမှ ကားများကို သတိကြီးစွာ ရှောင်ရှားရင်း ကားကိုအားစိုက်မောင်းလာနေမိသည်။

မြို့ထဲသို့ ဝင်လာသည်မို့ ကားတွေက တဖြည်းဖြည်း ရှုပ်လာသည်။ မင်္ဂလာဒုံမြို့နယ်ထဲသို့ ဝင်လာသည်။ ကျိုက္ကလို့၊ ကျိုက္ကလဲဘုရားနားသို့ ရောက်တော့မည်ဖြစ်ကြောင်း သတိပြုလိုက်မိသည်။ လမ်းချိုးတစ်ခုကို ချိုးကွေ့ရင်း ဝင်လာသည်။ ထိုအချိန်တွင် အမှောင်ရိပ်မှ ထွက်လာရင်း မိမိကားကို တားလာနေသော အရာတစ်ခုကို တွေ့လိုက်ရတော့သည်။ ရှေ့မီးကို ဖွင့်လိုက်ရင်း အလက်ာ မောင်းလာသောကားကို အရှိန်လျှော့လိုက်သည်။ ကားကို တားနေသောအရာသည် မိန်းမတစ်ယောက် ဖြစ်လေ၏။

"အလို - မိန်းမတစ်ယောက်ပါလား။ ဘာဖြစ်လို့များ ငါ့ကားကို တားနေပါလိမ့်"

ရှေ့ရှတ်မှ တစ်စုံတစ်ရာအဆုံး ကားက တားနေသူ မိန်းကလေး၏ မျက်နှာဆီသို့ ရောက်လာသည်။ အလက်ာ သေသေချာချာ စူးစိုက်၍ကြည့်လိုက်သည်။ အံ့သြသွား၏။

"ဟင် - ဟင် - ခင်မိုးသဲ - ခင်မိုးသဲပဲ။ ခင်မိုးသဲက ငါ့ကားကို ဘာလို့တားနေတာလဲ။ အို - မဖြစ်ဘူး - မဖြစ်ဘူး - ရပ်ပေးလို့ မဖြစ်ဘူး။ မြန်မြန်တွေ့ ရှောင်ပြီး မောင်းပြေးမှ"

အလက်ာ ကားကို စက်ရှိန်မြှင့်လိုက်သည်။ ကားတားနေသူ ခင်မိုးသဲကို ရှောင်ကာ တစ်ဖက်သို့ ချိုးကွေ့ဆွဲချလိုက်သည်တွင် ကားမှာ အရှိန်ဖြင့် လမ်းတစ်ဖက်သို့ ထိုးဆင်းသွားတော့သည်။



"ဟာ - အို - ဒုက္ခပဲ - အမလေး"

"ဒုန်း"

"ဝုန်း"

အလက်ာ၏ကားမှာ လမ်းဘေးသစ်ပင်တစ်ပင်အား ဦးတိုက်ဝင်သွားတာ အရှိန်ပြင်းစွာ တိုက်မိုက်လိုက်ပြီးမှ ထိုးရပ်သွားတော့သည်။ ကားမှာ ခေါင်းတစ်ခြမ်း ကြေသွားပြီး အလက်ာတစ်ယောက် လှုပ်ရှားမှုမရှိ၊ ငြိမ်သက်သွားတော့သည်။

=❖=

သည်နေ့ ...။

မမျိုးတစ်ယောက် ဘုရားရှိခိုးရင်း အိပ်ရာ စောစောဝင်ခဲ့လေသည်။ မိအိပ်ရာထဲဝင်တော့ တူတော်မောင်လေး မင်းထက်သူမှာ အိပ်မောကျသွက် ရှိနေ၏။ အဖေနဲ့အမေ ဆုံးပါးသွားရင်း မိမိရင်ခွင်လေးသို့ ရောက်လာခဲ့ရသော တူသားလေးကိုရင်နင့်သောအကြည့်တစ်စုံဖြင့် မမျိုးကြည့်ရင်းက အိပ်ရာဝင်ခဲ့သည်။

အိပ်မက်တစ်ခုကို မမျိုး ထူးထူးဆန်းဆန်း မြင်မက်၏။

"ဖလပ် - ဖလပ် - ဖလပ်"

ဟူသော ခြေသံကြောင်း အိမ်ရှေ့ဆီသို့ ကြည့်လိုက်၏။ အဖြူရောင်အင်္ကျီဆက်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပြီး စလင်းဘတ်အိတ်ကို လွယ်ပိုးထားသည်။ မိန်းကလေးတစ်ယောက် ခြံထဲသို့ ဝင်လာနေသည်ကို တွေ့ရ၏။

"ဟင် - ညီမလေး - ခင်မိုးသဲ - ခင်မိုးသဲ - နင် - နင် - ခု ဘယ်မှာနေလဲ ဟင်။ နေရော ကောင်းရဲ့လား။ မျက်နှာလည်း မကောင်းဘူး"

မိမိပြောဆိုနေသောစကားများကိုတော့ ဘာတစ်ခုမှ မပြောမဆို -



www.burmeseclassic.com

www.burmeseclassic.com

"မမဆီကို ကိစ္စတစ်ခုရှိလို့ လာခဲ့တာပါ - မမရယ်၊ ခု - ကျွန်မသားလေး မင်းထက်သူရော ဘယ်မှာလဲဟင်၊ ဘယ်အရွယ် ရောက်ပြီလဲ - မမ၊ သားကို တွေ့ချင်လိုက်တာ - မမရယ်"

"သြော် - ခင်မိုးသဲရယ် - နင့်သားလေးက အသက်တောင် ကြီးပြီဟဲ့၊ ခု - ငါးတန်းတောင် ရောက်နေပြီလေ၊ ကျောင်းသွားနေတယ် - ညီမလေး ရယ်"

"အင်း - သားလေး - သားလေး - ငါတို့ရဲ့အရှိန်အဟုန်ပြင်းတဲ့ ဓါသ မောဟတွေရဲ့ကြားမှာ မိဘမဲ့တဲ့ ကလေးတစ်ယောက်အဖြစ်နဲ့ မြေစာပင် ဖြစ် ခဲ့ရတာ၊ ကံဆိုးလိုက်တာ - သားရယ်"

ခင်မိုးသဲ ပြောရင်းမှ မျက်ရည်များ ကျလာသည်၊

"ခု - ကျွန်မ ခရီးဝေးတစ်ခုကို အပြီးသွားရတော့မယ်၊ နောက်ဆို မမတို့၊ သားလေးတို့နဲ့ တွေ့ရတော့မှာမဟုတ်တော့ဘူး မမရယ်၊ ဒါကြောင့် - မမမျိုးကို ညီမ တစ်ခုတောင်းဆိုပါရစေ၊ သားလေးကို သင်္ကန်းဆီးပြီး ရှင်ပြု ပေးပါနော်၊ ဒါမှလည်း ကျွန်မ ဘဝသစ်တစ်ခုကို ကောင်းကောင်းမွန်မွန်နဲ့ ကူးပြောင်းနိုင်မှာ"

"သြော် - စိတ်ချပါ - ညီမရယ်၊ သားလေး မင်းထက်သူအတွက်လည်း ဘာမှမပူနဲ့၊ မမ - ကိုယ့်သားသမီးတစ်ယောက်နဲ့မခြား၊ စောင့်ရှောက်သွားပါ့ မယ်၊ မင်းပြောတဲ့ကိစ္စတွေလည်း မမဖြစ်အောင် လုပ်ပေးပါ့မယ်ကွယ်"

"ဒါဆို - ကျွန်မ သွားတော့မယ်နော် - မမ၊ မမကို ညီမလေး ကန်တော့ ခဲ့ပါတယ်"

"ဟဲ့ - ခင်မိုးသဲ - ခင်မိုးသဲ - ညီမလေး - နေဦးလေ - နေဦး"

"ဟင် - ငါ အိပ်မက်မက်နေတာပါလား"

=❖=



ဒီနေ့ မမမျိုးတို့အိမ်တွင် ....၊

ခင်မိုးသဲ၏ အိပ်မက်လေးအတိုင်း သားလေး မင်းထက်သူကို သင်္ကန်း ဆီးပေးသောနေ့ ဖြစ်လေသည်၊ မမမျိုးတို့အိမ်ထဲ၌ လူများ ပြည့်နေကြသည်၊ ဆရာတော်များက သင်္ကန်းဝတ်ထားသော မင်းထက်သူကို သာသနာ့ဘောင် သွတ်သွင်းရင်း ဘုရား၏သားတော်အဖြစ် ရှိုးမြှောက်ကာ သရဏဂုံဆောက် တည်ပေးလျက် ရှိနေ၏၊

ထိုမြင်ကွင်းများတော့ ခြံထောင့်တစ်နေရာဆီရှိ သရက်ပင်ကြီးတစ်ပင် အောက်မှ စောင့်စားမျှော်ကြည့်ရင်း ပီတိဖြစ်နေလေသူတစ်ယောက် ရှိနေ သည်ကို မည်သူမျှ မတွေ့မမြင် မသိရှိကြပေ၊ ထိုသူမှာ ခင်မိုးသဲသာလျှင် ဖြစ် လေသည်၊

"သြော် - သားလေး - သားလေး - ခုလို သင်္ကန်းဝတ်နဲ့ မြင်ရတော့လည်း တကယ့်ကို ကျက်သရေ အပြည့်နဲ့ပါလား၊ မျက်လွှာလေးကို ချထားလို့ မေမေမြင်ရတာ ဝမ်းသာလိုက်တာ - သားရယ်၊ မေမေ ကျေနပ်ပါပြီ၊ ခုလို မွေးလုပ်ပေးတဲ့ မမမျိုးကိုလည်း ညီမလေး ကျေးဇူးတင်ပါတယ် - မမရယ်"

ထိုအခိုက် ဆရာတော်ကြီးတစ်ပါးမှ ရေစက်ချ အမျှပေးဝေရင်း -

"ကဲ - ကဲ - တရားနာပရိသတ်တွေနဲ့ ဘဝဟောင်းက ကျေးဇူးရှိခဲ့ဖူးတဲ့ သူတွေ၊ မကျွတ်မလွတ်နိုင်သေးတဲ့၊ မြင်ရတဲ့ပုဂ္ဂိုလ်၊ မမြင်ရတဲ့ပုဂ္ဂိုလ်တွေ အားလုံး အမျှပေးဝေပါတယ်၊ အားလုံး သာဓုခေါ်ကြပါ"

"အားလုံး ကြားကြားသမျှ အမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါ ခင်ဗျား"

"သာဓု - သာဓု - သာဓု"

ဟူသော သာဓု သုံးကြိမ်ခေါ်ဆိုကြသော ဧည့်ပရိသတ်ကြီး၏အသံများ ဘ ရပ်ကွက်လေးတစ်ခုလုံးပေါ်သို့ ဖုံးလွှမ်းသွားတော့၏၊ သရက်ပင်ရိပ် အောက်တွင်ရပ်၍ကြည့်နေသော ခင်မိုးသဲပင်လျှင် သားလေး၏ သာသနာ့ ဘောင် သွတ်သွင်းပွဲလေးအတွက် သာဓု သုံးကြိမ် ခေါ်ဆိုလိုက်၏၊



www.burmeseclassic.com

www.burmeseclassic.com

လေပြင်းတစ်ချက် ရုတ်ခြည်း လှုပ်လှုပ်ရှားရှား တိုက်ခတ်လိုက်ဖါ၊ သစ်ပင်သစ်ရွက်များက တဖွဲဖွဲကြွေ၍ သွားကြလေသည်၊ အလှူပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ယွန်း၍နေလေသည်၊

တုတ်တုတ်ဗျန်း ဟူသော စည်ပြောသံများသည်ကတော့ ကြားရသူ လွမ်းဆွတ်စရာအတိနဲ့သာ ရှိနေပါလေတော့သည်၊

◆➤◆➤ ဆုမွန်ဦး (ဟသ်ာတ)


**စာမူရှင်များသို့**

ရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့
ခြင်းမပြုတော့ပါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း




www.burmeseclassic.com

# လူတစ်ယောက် နှင့် နွားတစ်ကောင်

## ဂါ ဦး နွန်း ကို

"မောင်သောင်းရေ - အရက်တစ်ပုလင်း မြန်မြန်ချကွာ၊ မြန်မြန် - မြန်မြန်"

"ကိုစံမြကြီးကတော့ ညနေစောင်းလူကျချိန်ဆို လုပ်ပြီ၊ တစ်နေကုန် သောက်လည်း ဝ,မဝနိုင်ဘူးတော် ဓကာပဲစောင့်၊ မောင်သောင်း - ကိုစံမြကြီး ကို အရင်ချပေးလိုက်"

"မယ်တုတ် - နင် မသိပါဘူး အသာနေစမ်းပါ၊ မောင်သောင်း - မင်း အားတဲ့ အချိန်ကျရင် လာခဲ့စမ်းပါဦးကွာ၊ ငါ ပြောစရာရှိလို့ပါ၊ ငါ - ပြော - ပြောမှ ဖြစ်မယ်၊ နို့မဟုတ်ရင် ငါကြောက်လို့ လန့်ပြီးသေလိမ့်မယ်"

"ကဲ - ကဲ - ကိုစံမြ ကျွန်တော် အားတယ်၊ ပြော - ပြော - ဘာပြောမလို့ လဲ"

"ခဏ - ခဏ - ငါနည်းနည်းမော့လိုက်ဦးမယ်၊ အေ့ - အမလေး အခုမှပဲ နည်းနည်းအကြောက်ပြေတော့တယ်၊ ငါ - ငါပြောတဲ့အကြောင်းကို မင်းယုံ မှာတော့မဟုတ်ဘူး၊ ဒါပေမဲ့ - ငါက ကိုယ်တိုင်ကြုံခဲ့ရတဲ့သူဆိုတော့ ငါအမြင် များတာမဟုတ်မှန်း ငါသိတယ်၊ ငါ နည်းနည်းမူးနေတယ်ထားဦးတော့ ဒီလောက်ကြီး အမြင်မှားစရာအကြောင်း မရှိဘူး၊ လူတစ်ယောက်နဲ့ နွားတစ် ကောင်လုံး၊ အိုကွာ - ငါ အမြင်မမှားသေးဘူး ကိုယ့်လူ၊ ခုတော့ကွာ အမလေး - ကြည့်စမ်းပါဦး၊ ပြန်တွေးတာနဲ့တင် ငါ့တစ်ကိုယ်လုံး ကြက်သီး တွေ တဖြန်းဖြန်းထနေပြီ"

"ကဲ - ဟုတ်ပါပြီ ကိုစံမြရယ်၊ ကျွန်တော် - ကိုစံမြကို ယုံပါတယ်၊ ကိုစံမြ ဘာဖြစ်ခဲ့သလဲသာ ခပ်မြန်မြန် ပြောစမ်းပါ၊ ကျွန်တော်လည်း ပြီးရင်အလုပ် လုပ်ရဦးမှာ"

"အေးကွာ - မင်း ယုံယုံ၊ မယုံယုံ ငါတော့ ပြောမှာပဲ၊ ဒီလိုကွ - သရဲ ခြောက်တယ်လို့ရွာထဲမှာ သတင်းကြီးနေတဲ့ နစ်ချို့မန်ကျည်းပင်ကြီးလေကွာ၊ အဲဒီ့ မန်ကျည်းပင်ကြီးမှာ သရဲခြောက်တယ် ပြောကြလွန်းလို့ ငါ မယုံတာနဲ့ စမ်းကြည့်မယ်လို့တွေးပြီး စောစောကတင် ဒီအရက်ဆိုင်ကနေ အဲဒီမန်ကျည်း ပင်ကြီးဆီကို ငါ တစ်ယောက်တည်း ထွက်သွားခဲ့တာပဲ မောင်သောင်းရာ၊ အဲဒီမှာ . . ."

=❖=

အရက်ဆိုင်မှ ထွက်လာသော ကိုစံမြ၏ ဒယိမ်းဒယိုင် ခြေလှမ်းတွေက ရွာထိပ်မှ နစ်ချို့မန်ကျည်းပင်ကြီးဆီသို့ ဦးတည်လာခဲ့သည်၊ အရက်ဆိုင်က လည်း ရွာအစွန်ကျသည်မို့ ထိုမန်ကျည်းပင်ကြီးနှင့် သိပ်မဝေးလှ၊ ခပ်သုတ် သုတ်လျှောက်မည်ဆိုလျှင် ဆယ့်ငါးမိနစ်လောက်ရယ်သာ၊ ကိုစံမြ၏ ခြေ လှမ်းတွေကတော့ ခပ်သုတ်သုတ် မဟုတ်၊ ခပ်လှုပ်လှုပ်မျှသာဖြစ်၍ နာရီဝက် ညည်းပါးမျှအကြာတွင် မန်ကျည်းပင်ကြီးအား ထင်ထင်ရှားရှား မြင်ရသည့် နေရာသို့ ကိုစံမြ ရောက်ရှိလာတော့၏၊

www.burmeseclassic.com

ကိုစံမြ မန်ကျည်းပင်ကြီးကို လှောင်ထေ့ထေ့ မျက်နှာငယ်လေးနှင့် လှမ်းကြည့်သည်။ ခါးကြားက အရက်ပုလင်းကိုထုတ်ကာ တစ်ချက်မော့လိုက်သည်။ ရဲဆေးတင်သော သဘောမျိုးမဟုတ်။ အရက်သမားသဘာဝ အရက်မော့သောက်ရုံမျှသာ။ ရဲဆေးတင်ရလောက်အောင် ထိုမန်ကျည်းပင်ကြီးနှင့်ပတ်သက်သော သတင်းမှန်သမျှ ကိုစံမြ မယုံကြည်။

အချို့ရွာသားများက ပြောကြရဲ့၊ ထိုမန်ကျည်းပင်ကြီးသည် ဤရွာမတည်ခင် နှစ်ပေါင်းတစ်ရာကျော်ကတည်းက ရှင်သန်တည်ရှိနေခဲ့ခြင်းဖြစ်၍ ဒုတိယကမ္ဘာစစ်အတွင်း သေဆုံးခဲ့သည့် မကျွတ်လွတ်သေးသော ဝိညာဉ်များ ကပ်ညှိနေထိုင်နေကြ သည်ဟု ဆိုကြ၏။ ပုံးမှန်၍ လယ်ထွန်နေဆဲဖြစ်သော နွား၊ ကျွဲတွေ၊ လူတွေ သေဆုံးသည်ဟု ပြောကြသည်။ တစ္ဆေ၊ သရဲတွေ ဖြစ်နေကြသည်ဟုပြောကြသည်။

ကိုစံမြကတော့ ထိုစကားတွေကို နည်းနည်းမျှ မယုံ။ ယုံကြည်စရာမရှိ။ အရက်ဝင်သွား၍ ကိုစံမြ၏မျက်နှာ နီမြန်းရဲတက်လာသလို လေတွေလည်း ပျို့အန်ထွက်လာသည်၊ ဆွေးပူလာသည်၊ လေတဒေါ့ဒေါ့တက်ရင်း မန်ကျည်းပင်ကြီးအနီးသို့ကိုစံမြ သာသာဖွဖွသတိနှင့် ချည်းကပ်လာလိုက်၏။ မန်ကျည်းပင်ကြီးသည် ညနေစင်း လီမွှော်နရောင်ခြည်အောက်တွင် ခန့်ထည်ရင့်ကျက်စွာ တည်ရှိလျက်ရှိသည်။ ဖားဖားဝေညွတ်ကျဖြာဆင်းနေသော သစ်ကိုင်းသစ်ရွက်များအောက်တွင် ပင်စည်သည် ယောကျ်ားကြီးနှစ်ယောက်ဖက်စာခန့် ကြီးထွားမြင့်မားနေသလို အရိပ်ရပုံမှာလည်း အပင်အောက်ဝင်သွားလျှင်နေပြောက်ပင်မထိုးတော့ကြက်သီးထလောက်အောင်အေးမြနေတတ်သည်။

အပင်ခြေအောက်သို့ ကိုစံမြရောက်တော့ နည်းနည်းမျှ ကြောက်ရွံ့တုန်လှုပ်စိတ် မရှိ။ ရွာသားတွေကတော့ ဤမန်ကျည်းပင် သရဲခြောက်ပုံကို ပုံစံအမျိုးမျိုး ပြောတတ်ကြ၏။ ညနေ နေစောင်းချိန် လယ်ကွင်းမှ ပြန်တတ်လာခိုက် ဤမန်ကျည်းပင်ကြီးကို လှမ်းကြည့်မိရာ မန်ကျည်းပင်ခြေရင်းတွင်



အမွေးမည်းမည်းနှင့် ဝက်ဝံလိုလို၊ မျောက်ဝံလိုလို အကောင်ကြီးတစ်ကောင် ရပ်နေသည်ကို မထင်မရှားတွေ့ရကြောင်း အသေအချာကြည့်လျှင် ပျောက်သွားကြောင်း၊ တစ်ခါတစ်ရံ နံနက်စောစော လယ်ကွင်းဆင်းသော သူများမှာ ထိုမန်ကျည်းပင်အောက်တွင် လမ်းလျှောက်နေသော ပိတ်ဖြူဝတ်အဘိုးတစ်ဦးကို တွေ့ကြောင်း၊ နောက်တစ်ကြိမ် လှည့်ကြည့်လျှင် မရှိတော့ကြောင်း၊ အို – ပြောကြသည်မှာတော့ စုံလို့ – စုံလို့။ စုံတကာ့စုံသော ဇာတ်လမ်း ဇာတ်ထုပ်တွေပင်။

ကိုစံမြ ခါးကြားမှ အရက်ပုလင်းကို ဆွဲထုတ်ကာ အပင်ခြေရင်းကို ပက်ဖြန်းလောင်းရန် ဟန်ပြင်လိုက်ပြီးမှ လက်ကို ပြန်ရုပ်လိုက်မိ၏။ မဖြစ် –၊ သရဲက တကယ်ရှိမှန်း မရှိမှန်း မသိ၊ ရှိစဉ်းတော့ အရက်သမားသရဲက ဆိုလျှင် အပင်ကို အရက်နှင့် ပက်ဖြန်းပါက ကျေးဇူးပင် တင်နေဦးမည်၊ ကိုယ်က အရက်လည်းဆုံး၊ အကျိုးလည်းမရှိ ဖြစ်နေရချေမည်ဟု ကိုစံမြတွက်ဆမိ၍ အရက်ပုလင်းကို ခါးကြားပြန်ထိုးထည့်လိုက်ပြီး တစ်စုံတစ်ရာ စဉ်းစားလိုက်၏။ ဘာလုပ်ရင်ကောင်းမလဲ၊ သရဲနှင့် စိန်ခေါ်ပြီး နားပန်းရမည်လား၊ အရက်အတူတူသောက်ရမည်လား။

"ဟား – ဟား – အကြံရပြီ"

=❖=

ကိုစံမြ အသံထွက်အောင် အော်ရယ်လိုက်ရင်း ပုဆိုးကို အသာမ့လိုက်သည်၊ ထို့နောက် သစ်ပင်ခြေရင်းတွင် ဆီးသွားပစ်လိုက်သည်။ လူကြမ်းလျှင် နတ်ကြမ်းပင် မခံနိုင်တဲ့၊ ကဲ – ဒီသရဲ ဘာခံနိုင်သေးလဲ ဟု ကိုစံမြ၏ အတွေးထဲ၌ ကြုံးဝါးပစ်လိုက်သည်၊ လာစမ်း – သရဲ – နင်ဘာကောင်လဲ။

သစ်ပင်ရင်းကို ဆီးသွားပြီးနောက် ကိုစံမြ အရက်တစ်ပုလင်းကုန်သည်အထိ စောင့်ကြည့်နေသော်လည်း ရွာသားများပြောသော မည်းမည်းအကောင်ကြီးတွေ၊ ဝတ်ဖြူစင်ကြယ်အဘိုးအိုတွေ တစ်ယောက်မျှ ပေါ်မလာ



www.burmeseclassic.com

www.burmeseclassic.com

ချေ။ ပျင်းလွန်းလို့ ကိုစံမြရဲ့မျက်လုံးတွေ လေးလံထိုင်းမှိုင်းလာပြီ၊ ကြာတော့ ကိုစံမြ စိတ်မရှည်နိုင်၊ အရက်ကလည်း လက်ထဲ၌ ကုန်သွားပြီမဟုတ်လား။ သောက်စရာမရှိတော့၊ ဘာဆက်လုပ်ရင် ကောင်းမလဲ၊

"အလကား - အရှုးတွေ၊ အေ့ - ဘာသရဲခြောက်တယ်လဲ၊ အရက်သမား တောင် ဘာမှမမြင်ဘူး၊

သင်းတို့တွေပဲ ကြောက်ချေးပါပြီး တောင်မြင်မြောက်မြင် ဖြစ်နေကြတာ နေမှာ၊ သွေးကြောင်နေကြတာ ..."

ကိုစံမြ မကျေမချမ်းနှင့် အယုတ္တအနတ္တတွေ ဆဲဆိုတိုင်းထွာလို့ အားရ ကာမှ နှစ်ချို့မန်ကျည်းပင်ရင်းမှ အရက်ဆိုင်ဆီသို့ လေးကန်ကန်ခြေလှမ်းတွေ နှင့် ထွက်ခွာသွားလိုက်၏။

"ဟ - ငါ ဘာဖြစ်နေတာလဲဟ၊ အေ့ ..."

လေချွန်တက်နေပေမယ့်လူက ဘာရယ်ကြောင့်မှန်းမသိ သိပ်မမူးတော့၊ အမူးပြေသလိုလို ရှိလာ၏၊ နောက်ပြီး လက်နှစ်ဖက်တွင်လည်း ကိုစံမြ၏ ကိုယ်၌ မြင်တွေ့ရခဲ့သည့် ကြက်သီးဟူခေါ်ကြသော မွေးညင်းအောက်မှ အရေပြားအိတ်လေးတွေက ထောင်ကြွလို့၊

ကိုစံမြ မန်ကျည်းပင်နှင့် ဆယ့်လေးငါးပေလောက်အရောက်တွင် နောက်သို့ ပြန်လှည့်ကြည့်ချင်လာ၍ တွေ့ချင်ရာတွေ့ဟု သဘောပိုက်ကာ နောက်သို့ လှည့်ကြည့်လိုက်မိသည်၊ ဘာမျှ မထူးခြား၊ မန်ကျည်းပင်ကြီး သည် ညနေ နေဝင်ရီတရောအောက်တွင် အသက်ဝိညာဉ်ကင်းမဲ့စွာ ငြိမ် သက်လျက်ရှိ၏၊ တိတ်ဆိတ်လျက် ရှိသည်လေ၊

"ဟား - ဟာ - အေ့ - အလကားနေ - ကျောမလုံဖြစ်ချင်နေသေးတယ် ဝါ့နယ်"

ကိုစံမြ ကိုယ့်ကိုယ်ကိုယ် လှောင်ရယ် ရယ်လိုက်ရင်း ဆက်လျှောက်လာ လိုက်သည်၊ ဟော - ဖြစ်ပြန်ပြီ၊ ဒီလက် - မထစဘူး ထလိုက်သည့်ကြက်သီး တဖြန်းဖြန်းနှင့် ဘာဖြစ်နေသည်မသိ၊ ကိုစံမြ အနောက်သို့ နောက်ထပ် တစ်ကြိမ် လှည့်ကြည့်မိပြန်သည်၊ မျက်မှောက်ကုတ်ကြည့်မိလိုက်သည်၊



"ဟင် - လူတစ်ယောက်"

မန်ကျည်းပင်နှင့် ကိုက်တစ်ရာခန့်တွင် ကျန်ရစ်ခဲ့ချိန်တွင် ကိုစံမြ လူ တစ်ယောက်ကို မန်ကျည်းပင်နှင့် ခပ်လှမ်းလှမ်း လှည်းလမ်းမပေါ်၌ တွေ့မြင် လိုက်ရ၏၊ ထိုလူက ရွာသားတစ်ယောက်ပေပဲလား မပြောတတ်၊ နွားတစ် ကောင်ကို ဆွဲလျက် လှည်းလမ်းအတိုင်း တက်လာသည်၊ အမှန်တော့



"ငါ ပြောရင် မင်း ယုံနိုင်မှာ မဟုတ်ဘူး မောင်သောင်းရာ။ အေ့—ဒါပေမဲ့ ငါ မပြောဘဲ မနေနိုင်လို့ ငါ ပြောပါရစေကွာ။ မင်း မယုံရင်လည်း နေပါ။ အိုကွာ—ငါ့တစ်သက်မှာ ဒီလိုမျိုးကို တစ်ခါမှ မတွေ့ဖူးပါဘူးကွာ။ ငါ နောက်တစ်ခေါက် လှည့်ကြည့် လိုက်တော့ စောစောက ငါလှည့်ကြည့်တုန်းက နွားတစ်ကောင် ဆွဲပြီး လှည်းလမ်းအတိုင်း လျှောက်လာတဲ့လူက မန်ကျည်းပင်ကြီး နားလည်း ရောက်ရော နွားကြီးဆွဲပြီး မန်ကျည်းပင်ပေါ်ကို မတ်တတ်တက်သွားတော့တာပဲကွာ။"



www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်တွင် လှည်းလမ်း၌ လူ တွေ့ရခြင်းမှာ အဆန်းမဟုတ်၊ လယ်ကွင်းမှ လုပ်ငန်းခွင်အပြီး ပြန်တက်လာသူ တစ်ယောက်ယောက်သာ ဖြစ်ပေလိမ့်မည်၊ မန်ကျည်းပင်ကြီးက လှည်းလမ်းနံ့ဘေး မလှမ်းမကမ်းတွင် ခန့်ထည်စွာ ငြိမ်သက်ရပ်ရင်း ကိုစံမြကို သရော်နေလေသည်ဟု ကိုစံမြ ခံစားလိုက်မိ၏။

"တောက် - ငါ ဘာတွေဖြစ်နေတာလဲ၊ လှည်းလမ်းပေါ်မှာ လူတွေ့တာ ဆန်းလား၊ အေ့ - အလကားနေရင်း သွေးကြောင်နေရတယ်လို့ကွာ"

ကိုစံမြ ကြက်သီးမွေးညင်းများ ထောင်ထနေသော လက်နှစ်ဖက်ကို ခပ်ဆတ်ဆတ်ရိုက်ပုတ်လိုက်ပြီး အရက်ဆိုင်သို့ သွားလမ်းအတိုင်း ဆက်လျှောက်လာလိုက်သည်။ သို့ပေမဲ့ - ဘယ်လောက်မျှ မလှမ်းလိုက်ရ၊ ကြက်သီးတွေက တဖြန်းဖြန်း ထောင်ထလာပြီး ဤတစ်ကြိမ်တွင် ခေါင်းနားပန်းတွေပါ လေးလံကြီးမားလာသည်၊ အသိအာရုံက တစ်ခုခုကို ကြိုတင်သိနေသလား မပြောတတ်၊ နောက်သို့ လှည့်မကြည့်ရန် စိတ်ထဲမှ ချုပ်တည်းထားမြဲနေသော်လည်း ကိုစံမြ ဘယ်လိုမျှနေမရ၊ အားတင်းကာ နောက်သို့ လှည့်ကြည့်လိုက်မိသည့်အခိုက် . . .

"အမလေးဗျာ့ - ဘုရားရေ - ကယ်ကြပါဦး"

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကိုစံမြ ကြက်သေသေသွားမိသည်၊ မိမိအသက် လေးဆယ်ပြည့်ပြီးချိန်အထိ ထိုမြင်ကွင်းမျိုးကို တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ခဲ့ရဘူးချေ၊ ကိုက်တစ်ရာကျော်အကွာမှ မြင်တွေ့ရခြင်းဖြစ်၍သာ တော်ပေတော့၏၊ အနီးကပ်သာ တွေ့မြင်ရလျှင် ထိတ်လန့်ချောက်ချားစရာကောင်းလွန်းလို့ နလုံးသွေးရပ်ကာ အသက်ပါသွားမလား မပြောတတ်၊ ကြောင်ငေးကြည့်နေရင်းမှ ရုတ်တရက် သတိဝင်လာပြီး ချက်ချင်း ဇောချွေးတွေပြန်၊ ငယ်သံပါအောင်အော်ရင်း အော်ဟစ်ရင်း ရွာတွင်းသို့ သုတ်ခြေတင်ပြေးသွားလေတော့သည်၊

=❖=



"ကိုစံမြ - အရက်ချည်း နင်းကန် စွတ်သောက်မနေနဲ့ဦး၊ ကျွန်တော်မေးတာလည်း ဖြေပါဦးဗျာ့၊ ကိုစံမြ ဘာတွေ့လိုက်လို့လဲ"

မောင်သောင်း၏ အမေးကို ကိုစံမြ ချက်ချင်းပြန်မဖြေသေးဘဲ အရက်ကို တစ်ခွက်ကုန်လုအောင် သောက်ပြီးမှ . . .

"ငါ ပြောရင် မင်း ယုံနိုင်မှာ မဟုတ်ဘူး မောင်သောင်းရာ၊ အေ့ - ဒါပေမဲ့ ငါ မပြောဘဲ မနေနိုင်လို့ ငါ ပြောပါရစေကွာ၊ မင်း မယုံရင်လည်း နေပါ၊ အိုကွာ ငါ့တစ်သက်မှာ ဒီလိုမျိုးကို တစ်ခါမှ မတွေ့ဖူးပါဘူးကွာ၊ ငါ နောက်တစ်ခေါက် လှည့်ကြည့်လိုက်တော့ စောစောက ငါလှည့်ကြည့်တုန်းက နွားတစ်ကောင်ဆွဲပြီး လှည်းလမ်းအတိုင်း လျှောက်လာတဲ့လူက မန်ကျည်းပင်ကြီးနားလည်း ရောက်ရော နွားကြီးဆွဲပြီး မန်ကျည်းပင်ပေါ်ကို မတ်တတ်တက်သွားတော့တာပဲကွာ၊ ပြန်တွေးတိုင်း ကြက်သီးထတုန်း ကိုယ့်လူရယ်"

"ဘယ်လို - ကိုစံမြ၊ စောစောကလူက နွားကြီးဆွဲပြီး သစ်ပင်ပေါ်တက်သွားတယ် ဟုတ်လား"

"ဟုတ်ပ့ါကွာ၊ တကယ်တမ့် လူတွေ မြေကြီးမှာ လမ်းလျှောက်သလိုမျိုး မတ်တတ်ကြီးကို သစ်ပင်ပေါ်ကို ဒေါင်လိုက်ကြီး လျှောက်ပြီးတက်သွားတာ၊ နွားကြီးလည်း အဲ့အတိုင်း ဆွဲသွားတာပဲ၊ ငါ့မှာ အဲဒါကြီးလည်း မြင်ရော ကြောင်ပြီး ငေးကြည့်နေမိသေးတယ်၊ သတိရမှ ရွာထဲကို တစ်ခါတည်းအော်ပြီး ပြေးလာမိတော့တာပဲ၊ အေ့ - ဝေ့ါ"

စကားဆုံးတော့ ကိုစံမြ မောင်သောင်းမျက်နှာကို ကြည့်လိုက်၏၊ မောင်သောင်းကတော့ ကိုစံမြကို မကြည့်ဘဲ စားပွဲခုံကိုသာ စိုက်ကြည့်နေသည်၊ ခဏကြာမှ -

"အင်း - ကိုစံမြ ပြောတာကို ကျွန်တော် ယုံပါတယ်၊ အဲဒီ မန်ကျည်းပင်ကြီးက သတင်းကြီးသားရယ်။ နောက်ပြီး တစ္ဆေ၊ သရဲဆိုတာကလည်း ကံနိမ့်သူတွေမှ မြင်နိုင်တာ မဟုတ်လား၊ ဒါ့ကြောင့် - ကိုစံမြလည်း ဘုရားတရားလည်း လုပ်ဦး၊ ကျွန်တော်က အရက်ဆိုင်ဖွင့်ပြီး တရားပြောနေရတာ



www.burmeseclassic.com

www.burmeseclassic.com

သိပ်တော့ဟန်မကျဘူး။ ဒါပေမဲ့ - ကိုစံမြကို အစ်ကိုကြီးတစ်ယောက်လိုခင်လို့ ပြောရတာပါ။ သရဲတစ္ဆေဆိုတာ တကယ်ရှိတယ်ဗျ"

"အေးပါကွာ - အေ့ - ငါကြိုးစားပါ့မယ်။ လောလောဆယ်တော့ သွေးမှု လေ့ကျင့်ခန်း အကြောက်ပြေအောင် သောက်လိုက်ဦးမယ်ကွာ - အေ့ - အရက်တစ်ပိုင်းထပ်ပေးဦး။ မဝသေးဘူး"

ကိုစံမြက အမှန်ပင် ထိတ်လန့်နေဟန်ဖြင့် အရက်တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်နေ၍ မောင်သောင်း ကိုစံမြအေးမှ ထွက်ခွာလာလိုက်သည်။ ကိုစံမြတစ်ယောက် မူးမူးဖြင့် မြင်ချင်ရာမြင်တွေ့ခြင်းပေလား၊ နို့မဟုတ် မူးမူးနှင့် သွားစမ်းသပ်ရင်း အမှန်ကြုံတွေ့ခဲ့ရခြင်းလား၊ မောင်သောင်း မယူဆတတ်၊ သရဲအခြောက်ခံရတာတော့ သေချာပေပြီ။

သို့ပေမဲ့ - ထိုနှစ်ရှိုးမန်ကျည်းပင်ကြီးအကြောင်းကတော့ ရွာထဲ၌ အမှန်ပင် သတင်းကြီးနေသည် မဟုတ်လား။ မောင်သောင်းတို့က တစ်ခါတစ်ရံ တစ်ဖက်ရွာတွင် ဘုရားပွဲတွေ ဘာတွေရှိလျှင် ညဉ့်နက်သန်းခေါင်မှ ပြန်လာကြရသည် ရှိ၏။ ထိုသို့ ပြန်လာစဉ်တိုင်း ထိုမန်ကျည်းပင်အနီးမှ ဖြတ်သန်းသွားလာရသည်ချည်း၊ သို့ကြောင့်လည်း "ကံနိမ့်လျှင် တစ္ဆေခြောက်ခံရတတ်သည်" ဟူသော ရှေးလူကြီးတို့၏ ပြောစကားကြောင့် မောင်သောင်းကတော့ ဘုရား၊ တရားမှန်မှန် ဆည်းကပ်အားထုတ်သည်၊ နေ့စဉ် ဝတ်မပျက်ပေ။ သို့ကြောင့်လည်း တစ်ကြိမ်တစ်ခါမျှတော့ တစ္ဆေ အခြောက်မခံရဘူးသေး။

လူတစ်ယောက်က နွားတစ်ကောင်ကို ဆွဲလျက် ဘာမှမဖြစ်သလိုမျိုး မျက်နှာနှင့် သစ်ပင်ပေါ်သို့ မတ်တတ်ကြီး လျှောက်လျက်တက်သွားသော မြင်ကွင်းကို မောင်သောင်း မြင်ယောင်ကြည့်ရင်းဖြင့် ကြက်သီးမွေးညင်းတွေ တောင် ထောင်ထသွားရသည်။ ကိုစံမြ အမှန်တကယ်သာ ကြုံတွေ့ခဲ့သည် ဆိုလျှင် အတော်ထိတ်လန့်ချောက်ချားသွားပေလိမ့်မည်။ သူသာဆိုလျှင် ရောက်သည့်နေရာတွင် နလုံးသွေးရပ်ကာ လဲကျသွားပေလိမ့်မည်ထင်သည်။



"ဟဲ့ - မောင်သောင်း၊ ဟိုမှာ အရက်ချပေးလိုက်ဦးလေ၊ ဘာငိုင်နေတာလဲ"

အစ်မဖြစ်သူ မယ်တုတ်၏ အော်ကျယ်ကျယ်အသံကြောင့် မောင်သောင်း အတွေးများ ဝေဝါးပျောက်ကွယ်သွားရသည်။ ဤအလုပ်ကို မလုပ်ချင်သော်လည်း လက်လှုပ်မှ ပါးစပ်လှုပ်ရမည့်ဘဝမျိုးမို့ မောင်သောင်း မလုပ်လို့မရ၊ အိမ်ငြိမ်းမစွမ်းသော မိဘနှစ်ပါးကို ရှာဖွေကျွေးမွေးရန် ပညာမတတ်သော မောင်သောင်းတို့ မောင်နှမနှစ်ယောက် တတ်မြောက်သည်မှာ မိဘတွေ သင်ပေးသော ထန်းရည်ချက်၊ အရက်ချက်ပညာသာတတ်မြောက်၍ အစ်မဖြစ်သူ မယ်တုတ် နိုင်းသမျှအလုပ်တွေကို မောင်သောင်း ဖယ်ဆက်သလို လုပ်ကိုင်လိုက်ပါတော့သည်။ မျက်စိထဲမှာ ကိုစံမြကို ခြောက်လှန့်လိုက်သည့် နွားတစ်ကောင်နှင့် လူတစ်ယောက်ကို အတွေးထဲမှာ မြင်ယောင်ရင်း ပန်းတစ်ချက်တွန့်လိုက်လေသည်။

"ကြောက်စရာကြီး ..."

စေတနာရှေ့ထားလျက် . . .


◆◆◆◆ ဂါဦးနွန်းကို

www.burmeseclassic.com

www.burmeseclassic.com

# ပုရွက်ဆိတ်ကို ချစ်ကြကွာ

ဆောင်းလှိုင်



မခင်ဓမ္မာ၏ ခေါ်သံ ခေါ်ကျူး ခေါင်းစဉ်တော့

တစ်ခုကို ရွက်ထားသည်။ အခေါင်းမှာ သူမ၏ ဆောင်းပြင်ကျ

ဆောင်းလှုံမှု၏ အကြောင်းပေါ်သော အခေါင်း ဖြစ်ရေးသည်။

မခင်ခမ္မာက ဆောင်းလှုံမှု အကြောင်းကို ပြောပြမည်

ရေပေါ်ဖြစ်ရှိကြသည့် ခေါင်းတား တားကိုရွက်ရင်း

ကျွတ်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# လူမကြောက်တို့ရဲ့ ချစ်ကမ္ဘာ

## ဆောင်း လု လင်

မခင်မွှေးက မြစ်ဆိပ်ကမ်းအနီးရောက်ခါနီးတွင် မြစ်ထဲသို့မျှော်ကြည့်ကာ သက်ပြင်းကိုချလိုက်သည်။

မောင်လေးကိုရေထဲမှာ မျှောပစ်ရတော့မယ်၊ နောင်ဆိုရင် မောင်လေးနဲ့ ဘယ်တော့မှပြန်ဆုံရမှာ မဟုတ်တော့ပါလားဟုတွေးကာ မခင်မွှေး ဝမ်းနည်းသွားလေသည်။

မခင်မွှေးက မြစ်ကမ်းစပ်အထိလျှောက်လာပြီး ခေါင်းပေါ်ရွက်လာသော အခေါင်းကို အောက်သို့ချလိုက်လေသည်။

မြစ်ထဲ မျှောမပစ်မီ နောက်ဆုံးအနေဖြင့်ကြည့်ရန် အခေါင်းအဖုံးကို ဆွဲဖွင့်လိုက်လေ၏။

အခေါင်းထဲမှာတော့ မောင်လှမွှေးသည် သူ့ကိုမြင်နေကျအတိုင်း အိပ်နေသည့်သဖွယ် ရှိနေမြဲဖြစ်သည်။

"မောင်လေးရယ်"



မခင်မွှေးက မောင်လှမွှေးကိုကြည့်ကာ ကြေကြေကွဲကွဲ မြည်တမ်းလိုက်သည်။

မောင်လှမွှေး အသုဘကိုချရာတွင် အသုဘပို့သူ ဘယ်သူမျှမပါ။ ဖခင်ဖြစ်သူ ဦးကျောက်ခဲကိုယ်တိုင်ပင် လိုက်မလာခဲ့ချေ။ ဦးကျောက်ခဲက သားအတွက် အခေါင်းကို သူကိုယ်တိုင် ရိုက်ပေးလိုက်ပြီး အလောင်းကို အခေါင်းအတွင်းပြင်ဆင်ပေးကာ ရေထဲမျှောပြီး စွန့်ပစ်ဖို့မခင်မွှေးတစ်ယောက်တည်းကို လွှတ်လိုက်ခြင်းဖြစ်သည်။

တကယ်တော့ - သူတို့ရွာမှာ သေသူများ၏အလောင်းကို မြစ်ထဲမျှောစွန့်ပစ်သည့် အလေ့အထမရှိပါ။ ရွာသုသာန်၌ပင် မြေမြှုပ်၍ဖြစ်စေ၊ အုတ်ဂူတည်၍ဖြစ်စေ စွန့်ပစ်ကြမြဲဖြစ်သည်။

မောင်လှမွှေးကတော့ -

မောင်လှမွှေး၏ ရုပ်အလောင်းကိုတော့ သာမန်လူများကို သင်္ဂြိုဟ်သလို သုသာန်တွင် သင်္ဂြိုဟ်ဖို့မဖြစ်နိုင်သဖြင့် ရေထဲမျှောပစ်ရန် စီစဉ်ရခြင်းဖြစ်ပါသည်။

တကယ်တော့ - မခင်မွှေး၏ မောင်ငယ် မောင်လှမွှေးဆိုသည်မှာ . . .

=❖=

မခင်မွှေးအသက် (၇)နှစ်အရွယ်ရောက်မှ မောင်လှမွှေးကိုမွေးဖွားခဲ့ခြင်းဖြစ်သည်။ အသက်ချင်း (၇)နှစ် ကွာသည်မို့ မခင်မွှေးက မောင်လှမွှေး မွေးဖွားစဉ်က အကြောင်းများကို ကောင်းကောင်းကြီးမှတ်မိနေပါသည်။

မခင်မွှေးက ဦးကျောက်ခဲ၊ ဒေါ်မြင့်တို့၏ သမီးကြီးဖြစ်သည်။ မခင်မွှေး အသက် (၇)နှစ်အရွယ်တွင် မိခင်ကြီးဒေါ်မြင့်၌ ဒုတိယကိုယ်ဝန်ရှိလာသည်။ သို့သော် - ကိုယ်ဝန်သည် တစ်စတစ်စ ကြီးထွားလာရမည့်အစား ကိုယ်ဝန် (၇)လရှိရှိန်မှစကာ တဖြည်းဖြည်း သေးငယ်သွားခဲ့သည်။ ဒေါ်မြင့်ကိုယ်တိုင် သာမက အားလုံးပင် အံ့အားသင့်ခဲ့ရလေသည်။ ဒေါ်မြင့်ကို မွေးဖွားပေးမည့်

www.burmeseclassic.com

လက်သည်ကြီး ဒေါ်ဇာယုကိုယ်တိုင်ပင် အုံ့ဩခဲ့ရ၏။ ဒေါ်ဇာယုသည် တစ်ရွာလုံးအတွက် အားကိုးရသော လက်သည်ကြီးဖြစ်သည်။ ရွာမှကိုယ်ဝန်ဆောင်အားလုံးကို ဒေါ်ဇာယုကပင် မွေးဖွားပေးခဲ့သည်။

မည်သို့ပင်ဆိုစေ - ကိုယ်ဝန်နေ့စေ့လစေ့အချိန်မှာတော့ ဒေါ်မြင့် ဝမ်းထဲမှ ကလေးတစ်ယောက်မွေးဖွားခဲ့လေသည်။

သို့သော် - မွေးလာသည့်ကလေးတွင် အသက်ပါမလာခဲ့၊ အသက်ပါမလာရုံသာမဟုတ်သေး၊ ကလေးလေးမှာအရွယ်အစားကလူကြီးလက်ဝါးထဲထည့်ထားလို့ရသည့် အရွယ်အစားမျှသာ ရှိလေသည်။ တစ်ထွာပင် မပြည့်ပေ။ အသက်ပါမလာသည့် ကလေးလေးမှာ ယောကျ်ားလေးဖြစ်သည်။ ယောကျ်ားလေးအင်္ဂါနှင့် ကိုယ်လက်အပြည့်အစုံမွေးဖွားလာခြင်းဖြစ်သည်။ တကယ်တော့ အသက်ပါမလာသော ကလေးမို့ စွန့်ပစ်ရုံသာရှိလေသည်။

သို့သော် - ကိုယ်လက်အင်္ဂါအပြည့်အစုံပါခြင်း၊ ရှိသင့်သည့်အရွယ်ထက်လွန်စွာသေးငယ်နေခြင်းများက ရိုးရာအစွဲအလမ်းတစ်ခုအတွက် အထောက်အကူဖြစ်နေခဲ့လေသည်။

ဒေါ်မြင့်က ညတိုင်းအိပ်မက်ထဲတွင် ကလေးလေးကို နို့တိုက်ရတယ်လို့ အိပ်မက်မက်ကြောင်း ပြောသည်။ ဦးကျောက်ခဲက မယုံကြည်။ ဒေါ်မြင့် အိပ်မက် မက်လျှင်လည်း အစွဲအလမ်းကြောင့် အိပ်မက် မက်တာလို့ပဲ ထင်နေသည်။ သို့သော် - ထူးဆန်းတာက အသက်မပါသော သန္ဓေသားလေးသည် ပုပ်သိုးသွားခြင်း၊ ခြောက်သွေ့သွားခြင်း၊ အနံ့ဆိုးထွက်ခြင်းမရှိဘဲ ဒီအတိုင်းရှိနေခြင်းပင်။ ပို၍ထူးဆန်းတာက ဒေါ်မြင့်သည် ကလေးအသေလေး မွေးထားသော်လည်း နို့ထွက်နေခြင်းဖြစ်သည်။ သာမန်သားသည်အမေတွေလိုပုံမှန်နို့ထွက်သည်။ နို့ကို ညှစ်ပစ်ရခြင်းမျိုးလည်း မရှိခဲ့ချေ။

ထိုအခြေအနေများကြောင့် လူခြောက်ကလေးဟု ထင်မြင်ချက်က ပို၍ခိုင်မြဲသွားလေသည်။


အမေ ပြောပြောပြ၍ မခင်မွှေးသည်လည်း လူခြောက်ကလေးကိုသူမ၏ သက်ရှိမောင်လေးသဖွယ် ထင်မြင်ယူဆထားခဲ့လေသည်။ အမေက သူ့သား



လူခြောက်ကလေးနှင့် အိပ်မက်ထဲတွင် တွေ့ရပုံများအား ပြောပြောပြတတ်လေသည်။

သည်လိုနှင့် သာမန်လူသားတစ်ဦးကို နာမည်ပေးသလို လူခြောက်ကလေးကို နာမည်ပေးခဲ့ကြသည်။

ဗုဒ္ဓဟူးသားလေးဖြစ်၍ မောင်လူမွှေးဟု မှည့်ခေါ်ထားခဲ့လေသည်။



❛ ဒေါ်မြင့်က လက်တစ်ဝါးအရွယ်ရှိသည့် ထန်းခေါက်ဖာလေးထဲတွင် အောက်ခြေမှာ ဂွမ်းစနုနုလေး ခံကာမောင်လူမွှေးကို ထည့်ထားသည်။ ထန်းခေါက်ဖာလေးဘေးတွင် မောင်လူမွှေးကစားရန် အိုးပုတ်၊ ချိုးရုပ်ကလေးများ ချပေးထားသည်။ ဒေါ်မြင့်အပြောအရ မောင်လူမွှေးလေးသည် ညတိုင်း ထိုကစားစရာလေးများနှင့် ကစားသည်ဟု ဆို၏။ ❜



www.burmeseclassic.com

www.burmeseclassic.com

မခင်မွေးတို့နေထိုင်ရာ မြင်သာရွာတွင် လူခြောက်အဖြစ် မွေးဖွားလာသူမှာ မောင်လူမွှေး တစ်ယောက်သာရှိသည်။ ယခင်က ဘယ်မိခင်မှ လူခြောက်မမွေးဖွားဘူးကြချေ။ လူခြောက်မမွေးဘူးသော်လည်း လူခြောက်အယူအဆကိုတော့ လက်ခံယုံကြည်ကြသည်။ လူခြောက်တို့သည် ညပိုင်းတွင် မိခင်ဖြစ်သူနှင့် အိပ်မက်ထဲတွင် တွေ့ဆုံတတ်ပုံ၊ သူတို့အလိုရှိရာကို မိခင်များအား အိပ်မက်ထဲတွင် ပြောပြပုံများကို ပုံပြင်သဖွယ် ယခင်ကတည်းက ကြားနာခဲ့ကြသည်။

လူခြောက်သည် မိဘများအား ကောင်းကျိုးပေးသည်။ လူခြောက်မွေးလျှင် လာဘ်ကောင်းသည်ဟူသည့် အယူအဆကိုလည်း ယုံကြည်ကြလေသည်။

လူခြောက်ကလေး မောင်လူမွှေးက တစ်နေ့တွင် ဦးကျောက်ခဲနှင့် ဒေါ်မြင့်တို့ မိသားစုအား ကောင်းကျိုးပေးလိမ့်မည်ဟု တစ်ရွာလုံးက ပြောကြလေသည်။

=❖=

သည်လိုနှင့် - မောင်လူမွှေးကို တကယ့်သက်ရှိကလေးတစ်ယောက် [illegible] မွေးသည့်သဖွယ် မွေးလာခဲ့လေသည်။ ဒေါ်မြင့်က လက်တစ်ဝါးအရွယ်ရှိသည့် ထန်းခေါက်ဖာလေးထဲတွင် အောက်ခြေမှာ ငွမ်းစနနလေးခံကာ မောင်လူမွှေးကို ထည့်ထားသည်။ ထန်းခေါက်ဖာလေးဘေးတွင် မောင်လူမွှေးကစား [illegible] အိုးပုတ်၊ ချိုးရုပ်ကလေးများ ချပေးထားသည်။ ဒေါ်မြင့်အပြောအရ မောင်လူမွှေးလေးသည် ညတိုင်း ထိုကစားစရာလေးများနှင့် ကစားသည်ဟုဆို [illegible] မောင်လူမွှေးအတွက် အင်္ကျီအဝတ်အစား သေးသေးလေးများကိုလည်း သီးခြားချုပ်လုပ်ကာ ထန်းခေါက်ဖာလေးဘေးတွင် ချပေးထားလေသည်။ အဝတ်အစားများကိုလည်း တစ်နေ့တစ်ကြိမ် လဲလှယ်ပေးလေ၏။ ည [illegible] အိပ်မက်ထဲတွင် သူ လဲဝတ်ပေးထားသော အဝတ်အစားလေးများကို [illegible]

ထားသည့်အတိုင်း မောင်လူမွှေးကို တွေ့ဆုံရသည်ဟု ဒေါ်မြင့်က ဆိုပြန်လေသည်။

သို့ဖြင့် - လူခြောက်ကလေးမောင်လူမွှေး မွေးဖွားပြီး (၂)နှစ်ကြာမြင့်ချိန်သို့ ရောက်လာခဲ့လေ၏။

မောင်လူမွှေးလေး အသက် (၂)နှစ်အရွယ်ရှိလာပြီဟု ဆိုနိုင်လေသည်။

အသက် (၂)နှစ်တွင် ကလေးများ စကားတီတီတာတာ ပြောတတ်လာသည့်အတိုင်း မောင်လူမွှေးသည်လည်း စကားတတ်လာပြီဟု ဒေါ်မြင့်က ပြောပြလေသည်။ မနက်မိုးလင်းတိုင်း ညက အိပ်မက်ထဲတွင် မောင်လူမွှေး ပြောလိုက်သည့် တီတီတာတာစကားလေးများကို ပြန်ပြောပြတတ်လေသည်။

တစ်နေ့တွင် - ဒေါ်မြင့်က ထူးထူးဆန်းဆန်းစကားတစ်ခွန်း ပြောလေသည်။

"ကိုကျောက်ခဲရေ - ညက ကျွန်မသားလေးနဲ့တွေ့တော့ အိပ်မက်ထဲမှာ သားလေးမောင်လူမွှေးက ကျွန်မလက်ကိုဆွဲပြီး ထီဆိုင်တစ်ဆိုင်ကို ခေါ်သွားတယ်တော့။ ထီဆိုင်က မြို့က နာရီစင်ကြီးဘေးနားတွင်ရယ်၊ ထီဆိုင်နာမည်တောင် ကျွန်မ ဖတ်လိုက်သေးတယ်။ နဂါးမင်း ထီဆိုင်တဲ့တော့။ မောင်လူမွှေးက ချိတ်ထားတဲ့ ထီစာအုပ်တွေထဲက အောက်ဆုံးတန်း ဘယ်ဖက်အစွန်က ထီအုပ်ကိုယူလိုက်တော့ တစ်ရွက်တည်းကျန်တဲ့ ထီလက်မှတ်ဖြစ်နေတယ်။ သားလေးက အမေတဲ့၊ ဒီထီလက်မှတ်ကိုထိုးတဲ့၊ သိန်းဆုကြီးပေါက်လိမ့်မယ်တဲ့ အဲဒီလိုပြောခဲ့တယ်တော်၊ ကိုကျောက်ခဲ - ရှင်က မြို့ကိုအရောက်အပေါက်များတော့ မေးရဦးမယ်၊ နာရီစင်ကြီးနားမှာ ထီဆိုင်များ ရှိသလားတော့"

"ရှိမှာပေါ့မယ် မြင့်ရယ်၊ လူစည်ကားတဲ့ ဈေးကြီးနားတွင်ဟာကိုး၊ ထီဆိုင်လည်း ရှိမှာပေါ့"

"ကျုပ်တို့ သွားကြည့်ရအောင်တော်၊ အိပ်မက်ထဲကလို နဂါးမင်းထီဆိုင်ဆိုတာတွေ့ရင် ထိုးလိုက်စမ်းချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"မယ်မြင့်ရယ် - မင့်ဟာက အစွဲအလမ်းကြီးလို့ အိပ်မက်မက်တာပါကွာ။ ထီဆိုင်ကြည့်ရုံနဲ့တော့ မြို့တက်ရမှာ စရိတ်ကုန်ပါတယ်ကွာ"

"အို - ကိုကျောက်ခဲ၊ တော် - ဘယ်လိုပြောတာတုံး။ သားလေးက ထီပေါက်စေချင်လို့ အိပ်မက်ထဲကနေ အမေ့ကို အသိပေးတာ။ ပေါက်မယ်ဆိုလည်း သူ ပြောတဲ့အပတ်မှာထိုးမှ ပေါက်မှာရှင့်။ လမ်းစရိတ် နမြောမနေပါနဲ့ရှင်ရယ်။ ကျွန်မ စိတ်ထဲမလည်း တကယ်လို့ ထင်နေတယ်။ ရှင် လိုက်မပို့လည်း ကျွန်မဘာသာ လှေကြုံနဲ့လိုက်သွားမတော်"

"ကိုင်း - ကိုင်း - မင်း ဒါလောက် စိတ်ဆန္ဒရှိနေလည်း ငါ လိုက်ပို့ပါမယ်ကွာ"

ထိုအခေါက်က မြို့ကိုသွားတော့ မခင်မွှေးလည်း လိုက်ခဲ့ရသည်။ ဒေါ်မြင့်က နာရီစင်ကြီးနားအရောက်တွင် ခြေလှမ်းများပိုသွက်လာကာ အိပ်မက်ထဲက ထီဆိုင်ကိုလိုက်ရှာလေသည်။ ထူးဆန်းစွာပင် နာရီစင်ကြီး၏တောင်ဘက်ခြမ်း ဈေးဆိုင်တန်းတွင် အစွန်ဆုံး၌ ထီဆိုင်ကို တွေ့ရလေ၏။ ပို၍ ထူးဆန်းသည်ကား ထီဆိုင်အမည်မှာ "နဂါးမင်း" ဖြစ်နေခြင်းပင် ဖြစ်တော့သည်။

ဒေါ်မြင့်သည် တစ်နှစ်တစ်ခေါက်ပင် မြို့ကိုမရောက်ဖြစ်ပါ။ မြို့ကို သွားစရာရှိလျှင် ဦးကျောက်ခဲသာ သွားမြဲဖြစ်သည်။ ကိစ္စပေါ်ခဲ၍လည်း မြို့ကို ရောက်ခဲ့ကြပါသည်။ ထီဆိုင်ကို အမည်နှင့်တကွ အိပ်မက် မက်ခြင်းသည် မသိစိတ်က စွဲလမ်းလို့ မဖြစ်နိုင်ပေ။

"အို - ကျွန်မ အိပ်မက်ထဲက မြင်ကွင်းတွေကလည်း ဒီအတိုင်းပဲ၊ ဒီအတိုင်းပဲ"

ဒေါ်မြင့်၏ ခြေလှမ်းများက မပြေးရုံတစ်မည်ဖြင့် ထီဆိုင်ဆီရောက်သွားလေ၏။

"အမယ်လေး - ကိုကျောက်ခဲရေ ကြည့်ပါဦး။ အောက်ဆုံးတန်းဘက် အစွန်က ထီစာအုပ်က တစ်ရွက်တည်းကျန်တော့တာလည်း အိပ်မက်ထဲက အတိုင်းပဲတော့"



ဒေါ်မြင့်က ထိုတစ်ရွက်တည်းကျန်သော ထီလက်မှတ်ကိုပင် ယုံကြည်စွာ ဖြတ်ယူခဲ့လေသည်။

ထိုအပတ်က ထီဖွင့်ပွဲကို ဒေါ်မြင့်ထိုးခဲ့သော ထီလက်မှတ်က တစ်သိန်းဆုပေါက်ကြောင်းကို နဂါးမင်းထီဆိုင်က ရွာအထိလိုက်လာကာ အကြောင်းကြားပေးခဲ့လေသည်။ ထိုခေတ်က အများဆုံးထီဆုငွေမှာလည်း တစ်သိန်းပင် ဖြစ်လေသည်။

=❖=

ထိုအဖြစ်က လောကကြီးတွင် မောင်လူမွှေး တကယ်အသက်ရှင်လျက် ရှိနေကြောင်း သက်သေပြလိုက်သကဲ့သို့ ဖြစ်သွားလေသည်။

ဦးကျောက်ခဲသည် ယခင်က ဇနီးသည် စိတ်ချမ်းသာအောင် လူခြောက်သားငယ် တကယ်ရှိတယ်ဆိုတာကို ယုံကြည်ဟန်ပြခဲ့ခြင်းသာ ဖြစ်သည်။ ဇနီးသည်၏ ယုံကြည်မှုကို မပျက်စေလို၍ အလိုလိုက်ကာ ယုံဟန်ဆောင်ခဲ့ခြင်းဖြစ်သည်။ မောင်လူမွှေးပေးတဲ့အိပ်မက်အရ အိပ်မက်ထဲက ထီဆိုင်ကို အမည်အတိအကျနှင့် အပြင်မှာတွေ့ရခြင်း၊ သိန်းဆုကြီး တကယ်ပေါက်ခဲ့ခြင်းများကြောင့် ဦးကျောက်ခဲသည် သားငယ်လူခြောက်ကလေး မောင်လူမွှေး တကယ်ရှိနေတယ်ဆိုတာကို အကြွင်းမဲ့ယုံကြည်လိုက်ရပါတော့သည်။

နောက်ပိုင်းတွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များက ပိုလို့ပင် ထူးဆန်းပါသေးသည်။

မောင်လူမွှေးက အိမ်စီးပွားရေးအတွက် လုပ်ကိုင်ရန် အကြံဉာဏ်များကို ဆက်တိုက်ပေးခဲ့လေသည်။ ပထမဆုံးအနေဖြင့် ထီပေါက်သောငွေဖြင့် စက်တပ်မော်တော်တစ်စီးဝယ်ရန် ထိုမော်တော်ဖြင့် မြင်သာရွာနှင့်မြို့ကို ကုန်ကူးသန်းရန် အကြံပေးခဲ့သည်။ မောင်လူမွှေး အကြံပေးသည့်အတိုင်း လုပ်ခဲ့ရာ ယခင်က မြို့သို့သွားရန်နှင့် ကုန်ပစ္စည်းများတင်ပို့ရန်ရှိလျှင် အခြားရွာမှ မော်တော်ကြုံစောင့်၍ စီးရ၊ တင်ရသော မြင်သာရွာသည် ဦးကျောက်ခဲ



www.burmeseclassic.com

www.burmeseclassic.com

တို့၏ မော်တော်ရှိလာသောကြောင့် ကုန်သွယ်သွားလာမှုအဆင်ပြေလာခဲ့သည်။ ဦးကျောက်ခဲ၊ ဒေါ်မြင့်တို့မိသားစုအတွက်လည်း စီးပွားတက်ခဲ့လေတော့သည်။

ယခင်က ဦးကျောက်ခဲတို့၏ စီးပွားရေးမှာ သာမန်မျှသာဖြစ်သည်။ နေအိမ်ကလည်း ထရံကာ၊ ဓနိမိုး အိမ်ငယ်လေးမျှသာဖြစ်သည်။ မောင်လူမွေးက ဘယ်လိုကုန်စည်မျိုးကို လှောင်ပါ။ ဘယ်နေရာမှာ လယ်ကွက်ဝယ်ပါ။ ဘာသီးနှံကိုစိုက်ပါ စသဖြင့် အိပ်မက်ထဲကတစ်ဆင့် အကြံပေးခဲ့တဲ့အတိုင်း လုပ်ဆောင်လာခဲ့ရာ တစ်စတစ်စ စီးပွားတိုးလာခဲ့လေသည်။

ယခုဆိုလျှင် ဒေါ်မြင့်နှင့် မခင်မွေးမှာလည်း ရွှေတွဲလွဲ ငွေတွဲလွဲဖြစ်လာသည့်အပြင် စုနိုင်ဆောင်းနိုင်လာသည်။ အိမ်ကိုလည်း တောအရပ်ဖြစ်သည့်တိုင် နှစ်ထပ်တိုက်ဖြင့် နေနိုင်လာသည်။

မြင်သာရွာတစ်ရွာလုံးက ဦးကျောက်ခဲတို့ ကောင်းစားလာခြင်းသည် လူခြောက်မောင်လူမွေးက အကျိုးပေးလို့ဆိုတာကို လက်ခံယုံကြည်ကြလေ၏။

=❖=

သည်လိုနှင့် အချိန်ရာသီများ တဖြည်းဖြည်းကုန်လွန်လာခဲ့ရာ မောင်လူမွေးလေးသည် အသက် (၁၆) နှစ်အရွယ်သို့ ရောက်လာခဲ့လေတော့၏။

"ကျွန်မသားလေးက လူပျိုပေါက်ကလေးဖြစ်လာတော့ ထွားလာလိုက်တာ အရပ်ကြီးမှ အမြင့်ကြီးပဲရှင်။ မအေက သူ့ကိုမော်ကြည့်ရတယ်။ ရုပ်ကလေးကလည်း ချောသလားမမေးနဲ့ နှုတ်ခမ်းမွေးစစ၊ ပါးသိုင်းမွေးရေးရေးနဲ့ သိပ်ယောကျ်ားပီသတဲ့ကလေးပဲ"

ဒေါ်မြင့်က မောင်လူမွေး သွင်ပြင်ကို ပြောပြတတ်သည်။ လူခြောက်ဆိုသည်မှာ မိခင်တစ်ဦးတည်းနှင့်သာ အိပ်မက်ထဲတွင် ဆက်သွယ်လို့ရသည့်အတွက် မောင်လူမွေးကို ဒေါ်မြင့်တစ်ဦးတည်းသာ မြင်ဖူးလေသည်။ ဒေါ်မြင့်ပြောသည့်ပုံစံကို ပုံဖော်စိတ်ကူးကြည့်ရလေသည်။

တစ်နေ့တော့ - ဒေါ်မြင့်က သတင်းထူးတစ်ခုကို ပြောပြလေ၏။

"ကိုကျောက်ခဲရေ - သားလေးက အရွယ်ရောက်လာတော့ ချစ်သူကြိုက်သူ တွေ့နေပြီရှင့်"

"ဟေ"

"ညက ကျွန်မကို ပြောတယ်။ သူ့မှာ ချစ်သူရှိနေပြီတဲ့။ နာမည်တောင် ပြောပြသေးတယ်၊ သူ့ချစ်သူနာမည်က မကြေးမုံတဲ့ရှင်"

"မကြေးမုံ"

"မကြေးမုံက သူ့လိုပဲ လူခြောက်မလေးတစ်ယောက်လို့ပြောတယ် ကိုကျောက်ခဲရေ"

"ဩော် - သူတို့ လူခြောက်အချင်းချင်း ဝိညာဉ်လောကမှာ တွေ့ကြချစ်ကြတာနေမှာပေါ့ မယ်မြင့်ရယ်"

"ဟုတ်ပါ့ရှင် - အဲဒါ သားလေးက မကြေးမုံလေးနဲ့ ပေးစားပါတဲ့။ မကြေးမုံလေးရှိတဲ့နေရာကို သူ ပြောပြပါ့မယ်တဲ့"

"အေး - တို့ ကြားဖူးတာတော့ လူခြောက်တွေဟာ သူတို့ လူခြောက်အချင်းချင်း သူတို့ရဲ့ သီးခြားကမ္ဘာမှာ တွေ့ဆုံပြီး ချစ်ကြ ကြိုက်ကြဆိုကိုး၊ လူခြောက်ယောကျ်ားလေးက သူ့ချစ်သူ လူခြောက်မလေးကို တောင်းရမ်းပေးဖို့ မိဘတွေကိုပြောလို့ သူပြောတဲ့လိပ်စာအတိုင်း သွားပြီးတောင်းရမ်းတဲ့အခါ အဲဒီအိမ်မှာ လူခြောက်မိန်းကလေးတစ်ယောက် တကယ်ရှိနေတတ်တယ်တဲ့ ၊ ငါတို့သားလေးရဲ့ ချစ်သူက ဘယ်အရပ်မှာ နေတာတဲ့ လဲ မယ်မြင့်"

"အဲဒါ မပြောသေးဘူးရှင့်၊ သူ့ချစ်သူ မကြေးမုံက သူ့မိဘတွေကို အရင်ခွင့်တောင်းဦးမယ်တဲ့၊ မကြေးမုံမိဘတွေက သဘောတူပါတယ်၊ လာပြီး တောင်းရမ်းလှည့်ပါလို့ ဆိုတဲ့အခါကျမှ မကြေးမုံတို့ နေရပ်လိပ်စာကို ပြောမယ်တဲ့ ကိုကျောက်ခဲရေ"





www.burmeseclassic.com

www.burmeseclassic.com

"အင်းပေါ့လေ - ဟုတ်တာပေါ့။ အေးကွာ - မကြေးမုံကို သွားတောင်းလို့ တကယ်ပဲ လူခြောက်မလေး မကြေးမုံရှိတယ်ဆိုရင် လောကကြီးမှာ လူခြောက်ဆိုတဲ့ အမျိုးအစားဟာ တကယ်ရှိပါတယ်ဆိုတာကို သက်သေပြစရာတစ်ခု ကြုံရဦးမှပေါ့ မယ်မြင့်ရယ်။ လူခြောက်ဆိုတာ ရှားရှားပါးပါးမို့ မကြေးမုံရဲ့ မိဘများကလည်း သဘောမတူဘဲ ရှိမယ်မထင်ပါဘူးကွာ"

"ဒါပေါ့ - ကိုကျောက်ခဲရယ်၊ ကျွန်မ သားလေးအတွက် မကြေးမုံကို ဘယ်လောက် တင်တောင်းရတောင်းရပါတော်။ သားလေး စိတ်ချမ်းသာအောင် သူ့ချစ်သူနဲ့ ပေါင်းရဖို့ ကျွန်မတို့က လုပ်ပေးရမှာပေါ့"

=❖=

သို့သော် - လောကကြီးတွင် ကြိုတင်မျှော်မှန်းသည့်အတိုင်း ဖြစ်ချင်မှ ဖြစ်တတ်သည့် ထုံးစံအတိုင်း ကံကြမ္မာအလှည့်အပြောင်းတစ်ခုနှင့် မမျှော်လင့်ဘဲ ကြုံလိုက်ရလေသည်။

မြစ်အောက်ဘက်အရပ်ရှိ ဒေါ်မြင့်၏ဇာတိရွာဖြစ်သော ဖလံကျင်းရွာတွင် ဒေါ်မြင့်၏ အစ်မအကြီးဆုံးဖြစ်သူ ကွယ်လွန်သွားကြောင်း လူကြုံဖြင့် သတင်းစကားရောက်လာခဲ့လေသည်။ အစ်မအရင်း၏ အသုဘမို့ ဒေါ်မြင့်မှာ ချက်ချင်းလိုက်ဖို့ ပြင်ရလေ၏။ မြို့မှတစ်ဆင့် ဖလံကျင်းကိုသွားသည့်လှေကို စီးရမည်ဖြစ်သည်။

သတင်းရပြီး နောက်တစ်နေ့မနက်တွင် ဒေါ်မြင့်တစ်ဦးတည်း ဖလံကျင်းကို ထွက်သွားခဲ့လေသည်။

မသွားမီ ပြောပြသွားခဲ့ပါသေးသည်။

"အစ်မကြီး နာရေးမို့ မဖြစ်သာလို့သာ သွားရမယ်၊ စိတ်မဖြောင့်သူကိုကျောက်ခဲရယ်၊ သားလေးကလည်း ညတုန်းက သတိနဲ့သွားဖို့ သတိပေးလိုက်သေးတယ်"

"ဟင် - ဟုတ်လား"



"သမီးရေ - ခင်မွေး၊ ညည်း ကြီးတော်ကြီး ရက်လည်ပြီးမှ အမေပြန်လာမှာဆိုတော့ တစ်ပတ်လောက်ကြာမယ်ကွဲ့"

"ဟုတ်ကဲ့ - အမေ"

"မောင်လေးကို သန့်ရှင်းရေးလုပ်ပေးဖို့ မမေ့ပါနဲ့ကွယ်။ အကျီလေးတွေလဲဝတ်ပေးကွဲ့နော်"

"ဟုတ်ကဲ့ပါ - အမေ"

"ဘုရားကျောင်းဆောင်မှာ ဘုရားပန်းတွေကို မညှိုးစေနဲ့၊ တစ်ရက်ခြားတစ်ခါလဲပေး။ မနက်တိုင်း ဆွမ်းတော်လည်းတင်၊ သောက်တော်ရေချမ်းများလည်း လဲဖို့ မမေ့နဲ့နော် သမီး"

"စိတ်ချပါ - အမေရယ်"

ဒေါ်မြင့်တစ်ယောက် အိမ်ကိုနောက်ဆံငင်စွာဖြင့် ထွက်ခွာသွားခဲ့လေသည်။

=❖=

မောင်လူမွေးက ခရီးထွက်ရာတွင် သတိနှင့်သွားဖို့ သတိပေးခဲ့သည်ဟု ဒေါ်မြင့်က ပြောပြသွားခဲ့သည်။ လူခြောက်ကလေးသည် ကြုံလာရမည့် အန္တရာယ်ကို ကြိုသိ၍များ မိခင်ကို သတိပေးခဲ့လေသလား မသိ။

ရက်လည်ဆွမ်းသွတ်ပြီးသည်နှင့် ဒေါ်မြင့် ဖလံကျင်းရွာက ပြန်လာခဲ့သည်။ ဖလံကျင်းကနေ မြို့အထိ လှေစီးရပါသည်။ မြို့ရောက်မှ အိမ်က မော်တော်နှင့် မြင်သာရွာကို ပြန်ရန်ဖြစ်သည်။

အချိန်ကာလမှာ မိုးတွင်းဖြစ်သည်။ ဖလံကျင်းက မနက်စောစောထွက်ခဲ့က ရာသီဥတု သာယာနေပါလျက် လှေထွက်လာပြီး နာရီဝက်ခန့်အကြာတွင် လေပြင်းများ တိုက်ခတ်လာလေသည်။ လေက တစ်စတစ်စ ထန်လာရာ မုန်တိုင်းအဆင့်သို့ရောက်ခဲ့ပြီး ဧရာဝတီမြစ်အတွင်း သွားနေသည့် လှေ၊ သင်္ဘော၊ ရေယာဉ်များ အခက်အခဲအန္တရာယ် ကြုံတွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

လေပြင်းမုန်တိုင်း ငြိမ်သက်ပြီး ညမိုးချုပ်သွားသည့်တိုင် ဒေါ်မြင့်ပါလာသော လှေသည် မြို့သို့ရောက်မလာခဲ့ချေ။

=❖=

ဖလံကျင်းရွာက လူတွေကလည်း စိတ်မချလို့ နောက်တစ်နေ့တွင် မြင်သာရွာကို လိုက်လာသည်။

ဦးကျောက်ခဲတို့ကလည်း ဖလံကျင်းကိုလိုက်ဖို့ ထွက်လာခဲ့သည်။

မြို့တွင် ဖလံကျင်းက လူတွေနှင့် ဦးကျောက်ခဲတို့ ဆုံမိကြသည်။

ဒေါ်မြင့်ပါသွားသော လှေတစ်စင်းလုံး ပျောက်ချင်းမလှ ပျောက်နေသည်။

တစ်ပတ်ကြာသည့်အခါမှာတော့ မုန်တိုင်းထဲတွင် လှေနှင့်အတူ ဒေါ်မြင့်တို့ခရီးသည်အားလုံး ပါသွားပြီဟု မှတ်ချက်ချလိုက်ရလေတော့သည်။

မုန်တိုင်းကြောင့် နစ်မြုပ်သွားသော လှေသင်္ဘောများမှ ခရီးသည်တို့၏ အလောင်းများကို ဆယ်ယူရရှိသော်လည်း ဒေါ်မြင့်အလောင်းကိုမူ မတွေ့ခဲ့ရပေ။ မည်သို့ဆိုစေ - ဒေါ်မြင့်ကို သေစာရင်းသွင်းလိုက်ရပါပြီ။

=❖=

လူခြောက်တို့သည် မိခင်ဖြစ်သူနှင့်သာ ဆက်သွယ်လို့ရသည်၊ မိခင်တို့ အိပ်မက်ပေးကာ မိခင်ဖြစ်သူ ပြန်ပြောပြမှသာ လူခြောက်အကြောင်းတို့ သိခွင့်ရကြခြင်းဖြစ်သည်။

မိခင်ဖြစ်သူ ဒေါ်မြင့် ကွယ်လွန်သွားသည့်အခါ လူခြောက်ကလေး မောင်လူမွှေးနှင့် အဆက်အသွယ်ပြတ်သွားရလေသည်။

လူခြောက်တို့သည် သူတို့သေဆုံးပြီဆိုပါက သေဆုံးသွားပြီဖြစ်ကြောင်း မိခင်ကို အိပ်မက်ထဲတွင် အသိပေးကြသည်။ သူတို့၏ ရုပ်ခန္ဓာကို မည်သို့ မည်ပုံ စွန့်ပစ်ပါဟု မှာကြားတတ်ကြပါသည်။ မြေမြှုပ်ခြင်း၊ ရေထဲမျှောပစ်ခြင်း မီးရှို့ပစ်ခြင်းတို့ကို သူတို့စိတ်တိုင်းကျ လုပ်ဆောင်ပေးရပါသည်။

လူခြောက်တို့သည် သူတို့သေဆုံးသွားပြီဟု အသိပေးပြီးနောက်ပိုင်းတွင် မိခင်ဖြစ်သူကို အိပ်မက်မပေးတော့ပါ။ လူခြောက်ခန္ဓာကိုယ်ကို သံယောဇဉ်တွယ်ပြီး စွန့်မပစ်ဘဲထားလျှင်လည်း ဆက်ပြီး အိပ်မက်မပေးတော့ပါ။

မောင်လူမွှေးနှင့်ဒေါ်မြင့်တို့ဖြစ်ရပ်မှာတော့ မမျှော်လင့်ဘဲမိခင်ဖြစ်သူက အရင်ကွယ်လွန်သွားနှင့်သည်။ မောင်လူမွှေး ဘယ်လိုဖြစ်ပြီး ကျန်ခဲ့တယ်ဆိုတာ မသိနိုင်တော့ပေ။ မိခင် သေဆုံးခြင်းနှင့်အတူ လူခြောက်ပါ သေဆုံးသွားပြီလို့ ယူဆရမည်လား။

မောင်လူမွှေး၏ ရုပ်ခန္ဓာကို ဆက်ပြီးထိန်းသိမ်းထားရမလား။ စွန့်ပစ်ရမလား။ ဦးကျောက်ခဲအနေဖြင့် ဘယ်လိုဆုံးဖြတ်ရမှန်းမသိ ဖြစ်ရလေသည်။

အဆိုးဆုံးကတော့ မောင်လူမွှေးတွင် ဘဝတူလူခြောက်မလေးနှင့် ချစ်သူရည်းစားဖြစ်နေမှန်း သိထားပါလျက်နှင့် တောင်းရမ်းမပေးနိုင်တော့သည့်အတွက် ဦးကျောက်ခဲ စိတ်မကောင်းဖြစ်ရလေသည်။

"ဖြစ်ရလေ - သမီးရယ်၊ သမီးမောင်လေးရဲ့ချစ်သူနာမည်ကို မကြေးမုံ ဆိုတာတောင် အဖေတို့ သိရပြီးမှ မကြေးမုံ ဘယ်မှာနေမှန်း မသိရလို့ တောင်းရမ်းမပေးနိုင်တော့ဘူး။ အဖေ စိတ်မကောင်းလိုက်တာကွယ်"

သမီးဖြစ်သူ မခင်မွှေးကို တိုင်တည်ကာ ဦးကျောက်ခဲက ညည်းညူလိုက်လေသည်။

=❖=

မောင်လူမွှေးကိစ္စကို ဘယ်လို ဆက်လုပ်ရမယ်ဆိုတာကို မကြံစည်တတ်တော့သော ဦးကျောက်ခဲက ဗဟုသုတရှိသူများကို မေးမြန်းရလေတော့သည်။

www.burmeseclassic.com

မောင်လူမွှေးကို မွေးပေးခဲ့သည့် လက်သည်အဘွားကြီး ဒေါ်ဇာယုကို မေးမြန်းကြည့်ရာ -

"ငါကြုံဖူးတဲ့ ဟိုဘက်ရွာက လူချောက်ကလေးကတော့ အသက် (၇)နှစ် အထိပဲ ရှည်သဟဲ့၊ (၇)နှစ်ရောက်တော့ သူ သေပြီ၊ သူ့ကိုရေထဲမျှောပစ်လိုက် ပါလို့ အမေ့ကို အိပ်မက်ထဲမှာ ပြောဆိုပဲ၊ မောင်လူမွှေးက ဒီအရွယ်အထိ လည်း အသက်ရှည်တယ်၊ ရည်းစားသနာတောင် ရှိနေပြီဆိုတော့ မပြော တတ်တော့ပါဘူး ကျောက်ခဲရယ်၊ မောင်လူမွှေးရှိသေးသလား၊ သေပြီလား ဆိုတာ ငါလည်း ဘယ်ဆုံးဖြတ်တတ်မှာတုံး၊၊ အဲဒီတော့ ကျောက်ခဲရေ- ငါ့ထက် စာပေဗဟုသုတပြည့်စုံတဲ့ ရွာဦးကျောင်းဆရာတော်ကိုသာ မေး လျှောက်ပေတော့ဟဲ့"

ရွာဦးကျောင်းဘုန်းကြီးကို လျှောက်ထားကြည့်ရာတွင် -

"ဒါမျိုးက စာထဲပေထဲလည်း တိတိကျကျပါတာမဟုတ်တော့ ခက်သား ဒကာရယ်၊ အတွေ့အကြုံရှိဖို့ဆိုတာလည်း ဒီလိုကိစ္စမျိုးက ကြုံခဲပေသကိုး၊ ကျုပ်အထင် လူချောက်မှာ အမေမရှိမှတော့ သူနဲ့ ဆက်သွယ်လို့မရတော့ တဲ့အတူတူ၊ သူ့ခန္ဓာကိုယ်ကိုလည်း သက်မဲ့ခန္ဓာကိုယ်လို့ မှတ်ယူရုံရှိတော့ တာပ၊ နဂိုကတည်းကလည်း အသက်ဝိညာဉ်မှ မရှိပေတာကိုး၊၊ အမေနဲ့ အိပ်မက်ထဲမှာ တွေ့နေရလို့သာ လူရယ်လို့ သတ်မှတ်ရတာမဟုတ်လား၊ အမေမရှိတော့ဘူးဆိုတော့ သူ့ကိုလည်း အသက်ရှိတယ်လို့မှတ်လို့ ဘယ်ရ တော့မှာတုန်း၊ ဒီကော့ကာ အသက်မရှိတဲ့ လူ့ခန္ဓာတစ်ခုကို အိမ်မှာထားရတာ လည်း အလောင်းတစ်လောင်းကို အိမ်မှာသိမ်းထားရတာနဲ့ တူနေမှာပေါ့၊ ကျက်သရေယုတ်တာပေါ့ကွယ်၊ ဒီတော့ - သူနဲ့ ဆက်သွယ်လို့မရတော့တဲ့ အတူတူ သူ့ဝိညာဉ်ရှိသေးရင်လည်း လွတ်ရာကျွတ်ရာသွားနိုင်အောင် စွန့်ပစ် လိုက်တာ အကောင်းဆုံးပေါ့ ဒကာ"

နောက်ဆုံးတော့ ဘုန်းကြီး၏ အကြံပေးချက်အတိုင်း မောင်လူမွှေး၏ ခန္ဓာကိုယ်ကို စွန့်ပစ်ဖို့ ဆုံးဖြတ်လိုက်ရပါတော့သည်၊

=❖=



"သားရေ - ငါ့သားရဲ့ကျေးဇူးတွေလည်း အဖေတို့အပေါ် မနည်းပါဘူး၊ ဒါပေမဲ့ - အဖေ့သားသာဆိုတယ် အဖေလည်း သားကို မမြင်ဖူးဘူး၊ မင်းအမေ မရှိတဲ့နောက် သားကို အိမ်မှာဆက်ထားဖို့ ခက်လို့ စွန့်ပစ်ရတော့မယ်ကွယ်၊ အဖေ့ရင်ထဲ မချိပါဘူးသားရယ်၊ အဖေ မှားရင်လည်း ခွင့်လွှတ်ပါတော့ သားလေးမောင်လူမွှေးရ"

ဦးကျောက်ခဲက မောင်လူမွှေး ခန္ဓာကိုယ်ဆန့်ရုံ သစ်သားအခေါင်းလေး ကို ကိုယ်တိုင်ရိုက်ကာ အခေါင်းလေးထဲကို မောင်လူမွှေးအားထည့်ရင်း နှုတ်မှ တတွတ်တွတ်ရေရွတ်နေခြင်း ဖြစ်လေသည်၊

"သမီးရေ - မခင်မွှေး"

"ရှင် - အဖေ"

"ရော့ - ရော့ - သမီးရဲ့မောင်လေးကို မြစ်ထဲမှာပဲ သွားပြီး မျှောပစ်လိုက် ပေတော့ကွယ်၊ မြေကြီးထဲလည်း မြှုပ်မပစ်ရက်၊ မီးလည်း မရှို့ရက်ပါဘူးကွယ်၊ ရေထဲမျှောပစ်တာပဲ ကောင်းပါတယ်"

"ဟုတ်ပါတယ် - အဖေ"

"အေး - အေး - ရေထဲ မမျှောခင် မောင်လေးကောင်းရာမွန်ရာရောက် အောင် ဆုတောင်းလိုက်ဦးကွဲ့နော်"

မောင်လူမွှေးပါသောအခေါင်းသေးသေးလေးကိုခေါင်းပေါ်တင်ရွက်ကာ ခင်မွှေး မြစ်ဆိပ်သို့ ထွက်လာခဲ့ခြင်း ဖြစ်ပါသည်၊

မခင်မွှေးက မောင်လူမွှေးကို မြစ်ထဲမျှောမပစ်မီ နောက်ဆုံးအနေဖြင့် ကြည့်ရန် အခေါင်းအဖုံးကို ဆွဲဖွင့်လိုက်လေ၏၊

အခေါင်းထဲမှာတော့ မောင်လူမွှေးသည် သူ့ကိုမြင်နေကျအတိုင်း အိပ် နေသည့်သဖွယ် ရှိနေမြဲဖြစ်သည်၊

"မောင်လေးရယ်"

မခင်မွှေးက မောင်လူမွှေးကိုကြည့်ကာ ကြေကြေကွဲကွဲ မြည်တမ်းလိုက် သည်၊



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် အခေါင်းအဖုံးအံကလေးကို သေချာပြန်ပိတ်ကာ မြစ်ကမ်းဆိပ်သို့ ဆင်းခဲ့လေ၏။

ဒူးဆစ်မြှုပ်သည့် ရေအနက်အရောက်တွင် မောင်လူမွှေးပါသော အခေါင်းလေးကို ရေစီးထဲသို့ မျှောချလိုက်လေသည်။

"သွားပေတော့ မောင်လေးရေ၊ နောင်ဘဝများကျတော့ မောင်လေးကို သာမန်လူတစ်ယောက်အနေနဲ့ ဆုံရပါစေကွယ်"

နှုတ်မှ အသံထွက်ရေရွတ်ဆုတောင်းလိုက်မိလေသည်။

မောင်လူမွှေး ပါသွားသော သစ်သားခေါင်းတလားလေးသည် ရေစီးထဲတွင် တရွေ့ရွေ့မျောပါရင်း တဖြည်းဖြည်း ဝေးသည်ထက် ဝေးဝေးသွားလေသည်။ မြစ်အောက်ဘက် ကမ်းအကွေ့တစ်နေရာအရောက်တွင်တော့ မခင်မွှေး၏ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားလေတော့သည်။

ထိုစဉ်မှာပဲ - သူမကို လှမ်းအော်မေးလိုက်သည့်အသံကို ကြားလိုက်ရခြင်း ဖြစ်လေ၏။

=❖=

"အေ - လုံမလေး၊ ဟောဒီရွာက မြင်သာရွာများလားကွဲ့"

မခင်မွှေးက အသံထွက်ပေါ်လာရာသို့ လှည့်ကြည့်လိုက်သည်။

လှော်လှေတစ်စင်းပေါ်တွင် ဇနီးမောင်နှံဟုထင်ရသော သက်ကြီးစုံတွဲတစ်တွဲ။ သူတို့က လှေကို အထက်ဘက်မှလှော်ခတ်လာရင်း မခင်မွှေးကို လှမ်းအော်မေးလိုက်ခြင်း ဖြစ်လေသည်။

"ဟုတ်ပါတယ် - ဦးကြီး၊ ဒါ - မြင်သာရွာပါ"

"ဟော - မြင်သာရွာရောက်ပြီတဲ့ ရှင်မရေ၊ ဒါနဲ့ - လုံမက ဒီရွာကပဲလားကွဲ့"

လှေပေါ်မှ လူကြီးက သူ့ဇနီးကို လှည့်ပြောလိုက်ပြီး မခင်မွှေးကို တစ်ဆက်တည်းမေးလိုက်သည်။



"ဟုတ်ပါတယ် - ဦးကြီး၊ ကျွန်မက ဟောဒီမြင်သာရွာကပါ"

"ဒါဖြင့် - ဒီရွာမှာ ဦးကျောက်ခဲ၊ ဒေါ်မြင့်ဆိုတာများ ရှိသလားကွယ်၊ လုံမ သိသလား"

"ရှိပါတယ် - ဦးကြီး၊ ဦးကျောက်ခဲ၊ ဒေါ်မြင့်ဆိုတာ ကျွန်မမိဘများပါ။ ကျွန်မ အမေ ဒေါ်မြင့်ကတော့ ဆုံးသွားပါပြီ ဦးကြီး"

"အေး - အေး - ဟုတ်သပော့၊ ဒေါ်မြင့်ဆုံးသွားပြီဆိုရင် ငါတို့လာရှာတဲ့ ဦးကျောက်ခဲဆိုတာ လုံမရဲ့အဖေ အသေအချာပါပဲ။ လုံမနဲ့ တွေ့ရတာ အဆင်သင့်လိုက်လေ၊ ဦးကြီးတို့ကို လုံမတို့အိမ် ခေါ်သွားပေးစမ်းပါကွယ်၊ လုံမတို့အဖေ ဦးကျောက်ခဲနဲ့ တွေ့ချင်လို့ပါ"

လှေကို ကမ်းသို့ကပ်လာရင်း ပြောလိုက်ရာ အိမ်ကိုလာသော ဧည့်သည်များဖြစ်ကြောင်း သိလိုက်ရလေသည်။

"ဟုတ်ကဲ့ - ဦးကြီး၊ အဖေအိမ်မှာ ရှိပါတယ်။ လှေကို ဒီမှာပဲ ကြိုးနဲ့ချည်ထားခဲ့ပါ။ မပျောက်ပါဘူး။ ဦးကြီးတို့မှာ ဘာများ သယ်စရာပါသေးလဲ၊ ကျွန်မကို ပေးလေ"

မခင်မွှေးက အိမ်ကိုလာသော ဧည့်သည်များမို့ ဧည့်ဝတ်ကျေပွန်အောင် ပြောလိုက်လေသည်။

=❖=

အိမ်ရောက်လို့ ဧည့်သည်လင်မယားက သူတို့ကိုယ်သူတို့မိတ်ဆက်တာ အကျိုးအကြောင်းရှင်းပြမှပင် သူတို့ ဘယ်သူဘယ်ဝါဆိုတာ သိလိုက်ရတော့၏။

"ဒီက နှောင်ကြီး ဦးကျောက်ခဲကတော့ ကျုပ်တို့ကို သိမှာမဟုတ်ပါဘူး။ ကျုပ်တို့က မြစ်အထက်ပိုင်း ပေါက်ဦးဆိုတဲ့ရွာက လာခဲ့ကြတာပါ။ ကျုပ်နာမည်က ကိုကြံမောင် တဲ့၊ ဟောဒီက ကျုပ်ဇနီးနာမည်က မနီပါတဲ့"

"ဟုတ်ကဲ့ပါ ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ခည့်သည်များကိုကြည့်၍ ဇဝေဇဝါဖြစ်နေသော ဦးကျောက်ခဲကို ဧည့်သည်အမျိုးသမီး ဒေါ်နီက မေးလိုက်သည်။

"ဒါနဲ့ - သိလိုတာလေးကို အရင်မေးပါရစေဦး မောင်ကြီးရယ်၊ မောင်ကြီးတို့မှာ လူခြောက်သားသမီးများ မွေးထားတာ ရှိသလား"

"ဗျာ - ဟုတ် - ဟုတ်ကဲ့"

မေးပုံဆန်းလှသည့်အတွက် ဦးကျောက်ခဲ အံ့အားသင့်သွားရပြန်သည်။

"မောင်ကြီးတို့ သားလေးက မောင်လူမွေး မှတ်တယ်"

"ဟင် - ဟုတ်ပါတယ်ဗျာ၊ မှန်ပါတယ်"

"ကျွန်မတို့ သိနေတာ တခြားကြောင့် မဟုတ်ပါဘူး မောင်ကြီးရယ်၊ ကျွန်မတို့မှာလည်း လူခြောက်သမီးလေးတစ်ယောက် မွေးထားလို့ပါ"

"ဒါဖြင့် - ခင်ဗျားတို့က မကြေးမုံရဲ့မိဘတွေပေါ့ ဟုတ်လားဗျာ"

"ဟုတ်ပါသော်ကောဗျာ၊ တကယ်တော့ - နောင်ကြီး ဦးကျောက်ခဲတို့က လူခြောက်သားလေးကိုခေါ်ပြီး ကျုပ်တို့ ပေါက်ဦးရွာကိုလာ၊ ကျုပ်တို့ သမီးမကြေးမုံကို တောင်းရမ်းရမှာပါဗျာ။ ဒါပေမဲ့ - အစ်မကြီး ဒေါ်မြင့် မုန်တိုင်းမိပြီးကွယ်လွန်သွားလို့ ကျုပ်တို့ရှိရာနေရာကို မသိနိုင်ဘူးဆိုတာ ကျုပ်တို့သမီးလေးက အိပ်မက်ပေးပြီး ပြောပြလို့ သိပြီးပါပြီ။ ဒါနဲ့ပဲ - မိန်းကလေးရှင်ဖြစ်ပါရက်နဲ့ ရှေ့မျက်နှာနောက်ထားပြီး ကျုပ်တို့ကပဲ ပေါဒီမြင်သာရွာထိအောင်လိုက်လာရတော့တာပါပဲဗျာ"

"အောင်မယ်လေးဗျာ - ကိုယ်ကျိုး နည်းပါပေါ့လား"

အကြောင်းစုံသိလိုက်ရသည်တွင် ဦးကျောက်ခဲက သူ့ရင်ဘတ်ကြီးကိုလက်သီးဆုပ်ဖြင့်ထုကာ အော်လိုက်လေတော့သည်။

=❖=

"သမီးရေ - မခင်မွေး၊ ကြားရဲ့လားဟဲ့"

"ဟုတ်ကဲ့အဖေ - ကျွန်မတို့တော့ အမှားကြီး မှားပါကော အဖေရယ်"

မခင်မွေးက ငိုသံပါးကြီးဖြင့် ပြန်ပြောလိုက်သည်။

"ဘာများ အမှားအယွင်းရှိလို့လဲဗျာ၊ ပြောပါဦး"

ဦးကျောက်ခဲနှင့် မခင်မွေးတို့ အမူအရာများကိုကြည့်ကာ ဦးကြံမောင်က မေးလိုက်လေ၏။

"ဒီလိုဦးကြီးရဲ့အမေဆုံးသွားလို့မောင်လေးနဲ့ အဆက်အသွယ်မရတော့တာနဲ့ ကျွန်မတို့လည်း မောင်လေးကို စွန့်ပစ်လိုက်ကြတယ်လေ"

"ဟော"

"အလို - ဘုရား - ဘုရား"

"မောင်လေးကို ရေထဲမျော စွန့်ပစ်ပြီးလို့ မကြာဘူး၊ ဦးကြီးနဲ့ ဒေါ်ကြီး ရောက်လာတာပါပဲ၊ လက်မတင်လေးပါပဲ ဒေါ်ကြီးရယ်"

"ဟယ် - ဒါဖြင့် လက်လွန်သွားပြီလို့ မဆိုနိုင်သေးပါဘူး၊ ဒီတိုင်းထိုင်နေလို့ ဘယ်ဖြစ်မှာလဲ၊ မြစ်ကြောင်းအတိုင်း ပြန်ရှာကြည့်ကြရုံပေါ့ လုံမရဲ့၊ မောင်ကြီးနဲ့ ကိုကြံမောင်ရော ဘယ်လိုသဘောရသလဲ"

"အချိန်မှ မကြာသေးဘဲ၊ ရှာကြည့်ရုံ ရှိတော့တာပေါ့ဗျာ"

=❖=

ဦးကြံမောင်နှင့် ဒေါ်နီရောက်လာသော သတင်းကိုကြားသိလိုက်သော ရွာသားများလည်း အိမ်ကိုရောက်လာကြရာ မောင်လူမွေးကို ပြန်လည်ရှာဖွေရန် ဆွေးနွေးစဉ်တွင် နှစ်ဖက်မိဘများသာမက ရွာသူရွာသားတစ်အုပ်ကြီးလည်း လိုက်ပါလာကြလေတော့သည်။

ဦးကြံမောင်တို့ လှေသာမက ရွာမှာလှေရှိသည့် အိမ်တချို့က လှေများ ထုတ်ခဲ့လာကြပြီး လှေလေးစင်းဖြင့် မြစ်ကြောင်းအတိုင်း စုန်ဆင်းကာ ရှာပုံ


www.burmeseclassic.com

တော်ဖွင့်ကြလေသည်။ လူကချို့က မြစ်ကမ်းစပ်အတိုင်း ခြေကျင်လျှောက်ကာ ကမ်းစပ်တစ်လျှောက် စေ့စေ့စပ်စပ်ရှာကြလေသည်။

သို့သော် - သို့သော် -

လူအုပ်စုဖြင့် ကုန်းကြောင်း၊ ရေကြောင်း ပိုက်စိပ်တိုက် ရှာကြပါသော်လည်း ညနေစောင်းသွားသည့်တိုင် မောင်လူမွှေးပါသွားသော သစ်သားအခေါင်းလေးကို မည်သို့မျှပြန်လည်ရှာဖွေလို့ မတွေ့ကြတော့ပေ။

=❖=



"အမေ – အမေ – ကိုလူမွှေးနဲ့ ကျွန်မနဲ့ တွေ့ခဲ့တယ်အမေ။ ကိုလူမွှေး အခေါင်းက မြစ်ကမ်းစပ်က သစ်ကိုင်းတစ်ခုမှာ ငြိနေတာပါ။ ဒီကနေသွားရင် မြစ်အောက်ဘက် တစ်တိုင်လောက်မှာ မြစ်ထဲကိုကိုင်းကျနေတဲ့ ညောင်မုတ်ဆိတ်ပင်ကြီး တစ်ပင် ရှိတယ်အမေ။ ရေထဲကို ကိုင်းကျနေတဲ့ ညောင်မုတ်ဆိတ် နွယ်ကြီးကြားမှာ ကိုလူမွှေးပါတဲ့ အခေါင်းလေး ရှိပါတယ်အမေ။ ရေဝင်ပြီး ရေထဲမမြုပ်ခင် သွားယူပေးပါ အမေရယ်။ ထ – ထ – အခုပဲ ကိုလူမွှေးကို သွားကယ်ပါတော့အမေရယ်"



နေလည်း ဝင်သွားပြီဖြစ်၍ ဦးကြံမောင်နှင့် ဒေါ်နီတို့ မြင်သာရွာမှာပင် တစ်ညအိပ်လိုက်ရလေသည်။

ဦးကြံမောင်တို့ လင်မယားပြောပြသည့်အတွက် သူတို့၏ သမီးလေး မကြေးမုံအကြောင်းကို သိခွင့်ရခဲ့သည်။

ဦးကြံမောင်နှင့် ဒေါ်နီတို့တွင် သားသမီးတစ်ဦးတည်းသာ ထွန်းကားရာ တစ်ဦးတည်းသော သမီးလေးမှာ လူခြောက်ကလေး ဖြစ်နေလေသည် သို့သော် – လူခြောက်ကလေးကို စွန့်မပစ်ဘဲ မကြေးမုံလို့နာမည်ပေးပြီး မွေးထားခဲ့ရာ မကြေးမုံလေးက မိဘများကို အကျိုးပေးခဲ့လေသည်။

အရွယ်ရောက်လာသည့်တွင် ဝိညာဉ်လောက၌ သူတို့လူခြောက်အချင်းချင်း ချစ်ကြိုက်နေပြီဖြစ်ကြောင်း မကြေးမုံက မိခင်ကိုဖွင့်ပြောခဲ့လေသည်။ သူမ၏ချစ်သူ မောင်လူမွှေးဘက်မှ လာရောက်တောင်းရမ်းလျှင် သဘောတူပေးစားဖို့ကိုလည်း မိခင်အား ခွင့်ပန်ခဲ့လေသည်။

ဒေါ်နီတို့ကလည်း မောင်လူမွှေး၏မိဘများလာရောက်တောင်းရမ်းလျှင် ပေးစားဖို့ စီစဉ်ထားပြီးဖြစ်ပါသည်။

သို့သော် – မကြာခင်က မကြေးမုံပြောပြ၍ မောင်လူမွှေး၏မိခင် ဒေါ်မြင့်မှာ ကွယ်လွန်သွားကြောင်း၊ မောင်လူမွှေးလည်း လူ့လောကနှင့် ဆက်သွယ်ဖို့ အဆက်အစဲရှိနေကြောင်း သိရလေသည်။

မကြေးမုံက သူမကို မောင်လူမွှေးရှိရာအရပ်သို့ လိုက်ပို့ဖို့ပြောသော်လည်း ချက်ချင်းလိုက်မပို့ဖြစ်ခဲ့ချေ။ ဖခင်ဖြစ်သူ ဦးကြံမောင်က မိန်းကလေးရှင် ဖြစ်ပြီး သတို့သားရှိရာ သွားရမည်ကို ဝန်လေးသောကြောင့်ဖြစ်သည်။ မကြေးမုံ အတန်တန်တောင်းဆိုမှသာ ယခုကဲ့သို့ မြင်သာရွာကို စုံစမ်းပြီး ရောက်လာခဲ့ကြခြင်း ဖြစ်လေ၏။

မကြေးမုံအကြောင်းတွေ ပြောပြရင်း ဒေါ်နီက တစ်ပါတည်းပါလာသော လူခြောက်မကြေးမုံလေးကို အများမြင်သာရန် ထန်းခေါက်ဖာလေးဖြင့် ပြရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်မှဖြစ်ရလေ - သတို့သမီးက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါ ရက်နဲ့ သတို့သားနဲ့ မဆုံစည်းရလေခြင်း၊ ဖူးစာမမှန်လို့များလားကွယ်"

=❖=

တကယ်တော့ - မောင်လှမွှေးနှင့် မကြေးမုံတို့ ဖူးစာမှာ မှန်ကန်ပါသည်။ ကံကြမ္မာက တဒင်္ဂ ကျီစယ်လိုက်ခြင်းသာ ဖြစ်ပါသည်။

ထိုညတွင် ဒေါ်နီ၏ အိပ်မက်ထဲသို့ မကြေးမုံရောက်လာလေသည်။

မကြေးမုံက ပြောသည်။

"အမေ - အမေ - ကိုလှမွှေးနဲ့ ကျွန်မနဲ့ တွေ့ခဲ့တယ် အမေ၊ ကိုလှမွှေး အခေါင်းက မြစ်ကမ်းစပ်က သစ်ကိုင်းတစ်ခုမှာ ငြိနေတာပါ။ ဒီကနေသွားရင် မြစ်အောက်ဘက် တစ်တိုင်လောက်မှာ မြစ်ထဲကိုကိုင်းကျနေတဲ့ ညောင်မှတ်ဆိတ်ပင်ကြီးတစ်ပင် ရှိတယ်အမေ၊ ရေထဲကိုကိုင်းကျနေတဲ့ညောင်မှတ်ဆိတ်နွယ်ကြီးကြားမှာ ကိုလှမွှေးပါတဲ့ အခေါင်းလေး ရှိပါတယ်အမေ၊ ရေဝင်ပြီး ရေထဲမမြုပ်ခင် သွားယူပေးပါ အမေရယ်၊ ထ - ထ - အခုပဲ ကိုလှမွှေးကို သွားကယ်ပါတော့ အမေရယ်"

မကြေးမုံ စကားဆုံးသည်နှင့် ဒေါ်နီ အိပ်ရာမှ လန့်နိုးလာသည်။

ခင်ပွန်းဖြစ်သူ ဦးကြံမောင်ကို နှိုး၍ပြောလိုက်သည်။

ပြီးတော့ - မခင်မွှေးကိုပါ အော်ခေါ်၍ နှိုးလိုက်လေ၏။

"လုံမလေး - မခင်မွှေးရေ၊ ထပါဦးကွယ် - ထပါဦး"

ဦးကျောက်ခဲပါ အိပ်ရာက နိုးလာခဲ့သည်။

ဒေါ်နီက အိပ်မက်ထဲမှာ မကြေးမုံပြောသည့်အကြောင်းကို ပြန်ပြော လိုက်လေသည်။

"ဟင် - အဲဒီညောင်မှတ်ဆိတ်ပင်ကြီးကို ကျုပ် သိပါတယ်၊ ခု ညတွင်းချင်းပဲ သွားကြစို့ဗျို့"

=❖=



မခင်မွှေးက အိမ်နီးချင်းများကိုပါ နှိုးပြီး အကျိုးအကြောင်းပြောပြ၍ ခေါ်လာခဲ့ရာ နေ့လယ်ခင်းကအတိုင်းပင် လူအုပ်စုကြီးဖြစ်သွားလေသည်။

မီးတုတ်များ၊ ဓာတ်မီးများကိုကိုင်ဆောင်ကာ မြစ်အောက်ဘက်သို့ မြစ်ကမ်းစပ်အတိုင်း လျှောက်လာခဲ့ကြလေသည်။

တစ်တိုင်ခန့်အကွာ ညောင်မှတ်ဆိတ်ပင်ကြီးရှိရာ အရောက်တွင်တော့ -

မြစ်ထဲကိုင်းကျနေသော ညောင်ကိုင်းများကို ဓာတ်မီးများဖြင့် ဝိုင်းထိုးရင်း ရှာကြည့်လိုက်ကြရာ -

ရေထဲအထိ ထိုးစိုက်ကျနေသော ညောင်ကိုင်းတစ်ခုတွင် ငြိနေသည့် သစ်သားအခေါင်းလေးကို တွေ့လိုက်ရလေတော့သည်။ ရေအောက်တော့ မမြုပ်သေးပေ။

"အမလေး - မောင်လေးရယ်၊ ကံကောင်းလို့ပါလား ရေအောက်တော့ မမြုပ်သေးဘူး၊ မသေကောင်း မပျောက်ကောင်း"

မခင်မွှေးက ရေထဲဆင်းသွားကာ အခေါင်းလေးကို အလျင်အမြန် ပြန်ဆယ်ယူရင်းပြောလိုက်လေတော့သည်။

=❖=

ညတွင်းချင်း စီစဉ်လိုက်ရာ နောက်တစ်နေ့မနက်တွင် မောင်လှမွှေးနှင့် မကြေးမုံတို့ မင်္ဂလာပွဲကို ကျင်းပနိုင်ခဲ့လေသည်။

ဝက်သားဟင်းနှင့် ထမင်းကျွေးကာ တစ်ရွာလုံးကို မီးခိုးတိတ်ဖိတ်ကြားသော မင်္ဂလာပွဲကြီးဖြစ်ပါ၏။

ဦးကျောက်ခဲ၏ အိမ်ပေါ်တွင် မောင်လှမွှေးနှင့် မကြေးမုံတို့ လူခြောက်ကောင်ကိုယ်လေးနှစ်ခုကို ယှဉ်ရက်ချထားသည်။ အိမ်နံရံတွင် "မောင်လှမွှေးနှင့် မကြေးမုံတို့၏ မင်္ဂလာပွဲ" ဆိုသည့်စာတမ်းကို ပိတ်ဖြူသားပေါ်ရေး၍ ချိတ်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com

ထားသည်။

နစ်ဖက်မိဘများကမင်္ဂလာပွဲအတွက် ဂုဏ်ယူစွာဖြင့် ပျော်ရွှင်နေကြလေသည်။

တကယ်တော့ ဤမင်္ဂလာပွဲသည် လောကကြီး၌ လှုခြောက်ဆိုသည်မှာ တကယ်ရှိကြောင်းနှင့် လှုခြောက်တို့သည် သူတို့၏သီးခြားကမ္ဘာတွင် ကျင်လည်လှုပ်ရှားလျက် မိဘများကို ကောင်းကျိုးပြုနေကြောင်း သက်သေပြလိုက်သည့် သာဓကတစ်ရပ်ပင် ဖြစ်တော့သည် မဟုတ်ပါလား။

မောင်လှုမွှေးနှင့် မကြေးမုံတို့ သီးခြားဝိညာဉ်လောကတွင် ပျော်ရွှင်စွာ ပေါင်းဖက်နေကြမည်ဟု အားလုံးကပင် ယုံကြည်ကြလေသည်။

◆◆◆◆ ဆောင်းလုလင်

| | |
|---|---|
| စာ ဖု ရှင် များ သို့ | **'ဝတ္ထုရှစ်စွဝင်း'** တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များ အနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန် ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။<br>လေးစားစွာဖြင့်<br>ဂျူဝဲမဂ္ဂဇင်း |



www.burmeseclassic.com

www.burmeseclassic.com

# ကြွယ်ပုံက မြင်းစီးဝိဉာဉ်

မောင် လင်း သစ်

ဤရွာလေးသည် တစ်ချိန်တစ်ခါက အလွန်ကြွယ်ဝခဲ့ပုံ ရလေသည်။ ရွာဦးတွင်ရှိသော အများကောင်းမှု ပေါင်းစုထားသည့် ဘုန်းတော်ကြီးကျောင်း ရွာလယ်တွင်ရှိနေသော ဓမ္မာရုံတော်ကြီး၊ ရွာသချိုင်းတွင် ဆောက်ထားသော တရားဟောဇရပ်ကြီးများနှင့် ရွာထဲရှိ အိမ်ကြီး၊ အိမ်ကောင်းများကို ကြည့်ခြင်းအားဖြင့် "ကြွယ်ပုံ" ဟူသော ရွာအမည်ဖြင့် လိုက်ဖက်လှပေသည်။

ကိုကျော်ဇင်သည် ဤရွာလေးသို့တာဝန်ကျရောက်ရှိလာသော ကျောင်းဆရာလေးဖြစ်သည်။ ပညာရေးဌာနတွင် သတင်းပို့စဉ်က ကိုကျော်ဇင်အား မြို့နယ်ပညာရေးအကြီးအကဲသည် ကြွယ်ပုံဆိုသော အမည်ကိုကြားရသောအခါ ဖော်ရွေ၍ နေချင်စရာကောင်းပြီး စိတ်ဝင်စားဖွယ်ရာများစွာရှိကြောင်း ပြောလိုက်လေသည်။ ထိုစဉ်က သေသေချာချာ သဘောမပေါက်ခဲ့သော်လည်း ယခု အဘိုးဦးမင်းနောင်တို့ ပြောပြသော ကြွယ်ပုံရွာမှ တောင်ပိုင်ကြီး အကြောင်းကို နားထောင်ပြီးသည့်အခါ ပညာရေးမှူး ပြောလိုက်သောစကားကို ပြန်လည်သတိရမိလေတော့၏။ ကျောင်းဆရာလေးသည် တစ်ကိုယ်ရေတစ်ကာယဖြစ်၍ ရွာလယ်ရှိ အဘိုးဦးမင်းနောင်နှင့် သူ၏သမီး အမေဒေါ်အေးလှတို့နေအိမ်တွင် ရွာလူကြီးတို့က နေရာချထားပေးလေ၏။ သဘောကောင်းလှသော အဘိုးနှင့် အမေတို့အား မိမိ၏ဆွေမျိုးသားချင်းအရင်းအချာပမာ တလေးတစား ဆက်ဆံသဖြင့် မိသားစုနည်းသော ဤအိမ်လေးတွင် မကြာမီကာလအတွင်း၌ မြေးနှင့် အဘိုး၊ သားနှင့် အမိကဲ့သို့ ရင်းနှီးသွားခဲ့လေသည်။ ထို့ကြောင့်ပင် အဘိုးတို့သားအမိနှင့်အတူ တောင်ပိုင်ကြီးကို သွားရောက်ပူဇော်ခွင့်ရခဲ့ခြင်း ဖြစ်သည်။

ကျောင်းဆရာလေး ကိုကျော်ဇင်သည် အိမ်ဝင်းအတွင်းရှိ အရိပ်အာဝါသကောင်းမွန်သော ညောင်ကြပ်ပင်ကြီးအောက်တွင် ကုလားထိုင်လေးတစ်လုံးဖြင့် စာဖတ်နေစဉ် ရွာထဲမှကလေးများသည်လည်း လာရောက်၍ ကစားနေလေတော့၏။ ထိုသို့ ကစားနေသည်ကို ကျောင်းဆရာလေးသည် ဘာရယ်ညာရယ်မဟုတ်ပါဘဲ အမှတ်မဲ့စိုက်ကြည့်နေမိလေသည်။ ကလေးများသည် အုန်းလက်များကိုခွပြီး မြင်းစီး၍ စစ်တိုက်တိုင်း ကစားနေလေ၏။ ထိုသို့ ကစားနေရင်းမှ ကလေးနှစ်ယောက်သည် ပုံစံပြောင်းကာ . . .

"ငါက မင်းရမ်းကား လုပ်မယ်၊ မြင်းနဲ့ ပြေးမယ်"

ဟု ကလေးတစ်ယောက်သည် အုန်းလက်ကိုခွစီး၍ ထွက်ပြေးလေရာ အနက်ကလေးတစ်ယောက်သည်လည်း အုန်းလက်တစ်ခုကိုခွစီးပြီး ဝါးခြမ်းပြားတစ်ခုကို ကိုင်၍ . . .

"အေး - ငါကတော့ တဘူးဘုရင်လုပ်မယ်။ ဆင်နဲ့လိုက်မယ်၊ မိရင် ဓားနဲ့ခုတ်မယ်"

"အေး - ပြေးပြီဟေ့"

"လိုက်ပြီဟ - လိုက်ပြီ"

"တစ်ကလုပ် - တစ်ကလုပ် - တစ်ကလုပ်"

"ကျီ - ကျီ - ကျီ - ကျီ - ဝူး - ဝူး"

"အို - ကဲရယ်ဆိုးလိုက်တာ၊ အဖ ရန်က လွတ်ပါ့မလား"





www.burmeseclassic.com

www.burmeseclassic.com

"သား – မောင်ရမ်းကား မပြေးနဲ့"

"တယ် – ဒီလဟာပြင်ကြီးက ကျယ်လိုက်တာ"

"ကျီ – ကျီ – မီတော့မယ်ဟေ့၊ ခေသဖို့သာ ပြင်ထားကွ"

"လဟာရယ် မငယ်နိုင်တော့ပါလား"

ထိုအချိန်တွင် ဘုရင်လုပ်နေသော ကလေးသည် လက်ထဲမှ ဝါးဓားဖြင့် ရှေ့မှ ပြေးနေသောကလေးကို ဝိုင်းချလိုက်လေတော့၏။

"အား – သေပါပြီကွာ၊ ငါ တကယ်နာတာကွ၊ ဟာ – သွေးတောင် နည်းနည်းထွက်လာပြီ"

ထိုအခါ ကျောင်းဆရာလေးသည် ကလေးများကို ထိုသို့အကြမ်းပတမ်း မဆော့ရန်ပြောပြီး သွေးထွက်သွားသောနေရာကို ဆေးထည့်ပေးလိုက်လေတော့၏၊ ထိုအချိန်တွင် ဆန်ပြာနေသော အမေ ဒေါ်အေးလှသည် ကျောင်းဆရာလေး ကိုကျော်ဇင်အား . . .

"ဒီလိုပဲ – သားရေ၊ ဒီရွာမှာက ဒီကစားနည်းနဲ့ကစားကြရင် ကလေးတစ်ယောက်တော့ ထိခိုက်ဒဏ်ရာရတာချည်းပဲ။ အထူးသဖြင့် မင်းရမ်းကားလုပ်တဲ့ ကလေးတွေချည်း ဒဏ်ရာရတာပဲ"

"ဘာဖြစ်လို့လဲ – အမေ"

"လမိုင်းကပ်သွားတာ နေမှာပေါ့ကွယ်၊ သူတို့ ကစားသွားတဲ့ မင်းရမ်းကားတို့၊ တဘူးဘုရင်တို့ဆိုတာ အမေတို့ ရွာဘက်မှာ ဒဏ္ဍာရီဆန်ဆန်၊ ပုံပြင်ဆန်ဆန်လေးတစ်ခုရှိခဲ့ဖူးတယ်၊ လူလေး ရွာပြင်ရောက်ရင် ရွာရဲ့ အရှေ့ဘက်တည့်တည့်မှာ ကုန်းရိုးကြီးတစ်ခုကို မြင်နေရတယ်မို့လား၊ အေး – အဲဒါ တဘူးမြို့ဟောင်းကြီးပဲ၊ မြို့ရိုးက အုတ်တွေကတော့ လူလေးသွားကြည့်ရင်တွေ့နိုင်သေးတယ်၊ ဟိုးတုန်းကဆိုရင် အဲဒီနေရာဟာ တကယ့်ကိုဆင်နေ့ကျားအောင်းပဲ၊ ကညင်ပင်ကြီးတွေ၊ သမန်းပင်ကြီးတွေဆို အကြီးကြီးတွေပဲ၊ အခုတော့ လူတွေက လယ်တွေ၊ ယာတွေ ခုတ်ထွင်လုပ်နေကြလို့ တဘူးမြို့ဟောင်းထဲမှာတောင် နေရာလွတ် သိပ်မရှိတော့ဘူး"

ဟု ပြောလေ၏၊ ထိုအခါ ကျောင်းဆရာလေး ကိုကျော်ဇင်သည် –



"အေး – အဲဒီ ဘုတစ်ရာရွာဖြစ်လာပုံက ဒီလိုဟေ့။ မင်းရမ်းကားကို တဘူးမင်းက သတ်လိုက်ပြီး သူ့ကိုယ်သူ့ အဆုံးမစီရင်ခင် မိဖုရားအပါးငါးဆယ် ပက်လက်လှန်ပြီး ဆင်နဲ့နင်းသတ်ခဲ့တယ်တဲ့။ အဲဒီနေရာ ဘုတစ်ရာပဲ"



"အဲဒီ တဘူးမြို့ဟောင်းကြီးအကြောင်းကို မှတ်တမ်းတင်ထားတဲ့ မှတ်တမ်းမှတ်ရာလေးတွေ ဘာတွေမရှိဘူးလား အမေရဲ့"

"ဟုတ်တယ်ကွ – မြေးရ၊ သမိုင်းကို ဖျောက်ဖျက်ထားခဲ့တယ်လို့ ပြောကြတာပါပဲကွာ၊ အဘိုးတို့ ငယ်ငယ်ကလေးက ကြားဖူးနေတဲ့ ပါးစပ်ရာဇဝင်လေးတွေပဲ ရှိပါတယ်"

ဟု ကွမ်းအစ်ကြီးကိုင်ကာ အိမ်အပေါ်ထပ်မှ ဆင်းလာသော အဘိုး ဦးမင်းနောင်က စကားဝိုင်းထဲဝင်လာခဲ့လေသည်၊ ထိုအခါ ကျောင်းဆရာလေး ကိုကျော်ဇင်သည် ထိုပါးစပ်ရာဇဝင်အား ပြောပြရန် တောင်းဆိုလေတော့၏။ အဘိုး ဦးမင်းနောင်သည် ပါးစောင်ထဲမှ ကွမ်းများကို ထွေးခံထဲ ထွေးလိုက်ပြီး ခန့်ရည်ဖြင့် ပလုတ်ကျင်းလိုက်လေတော့၏၊ ထို့နောက် . . .

=❖=



www.burmeseclassic.com

www.burmeseclassic.com

"ဒီ တဘူးမြို့ဟောင်းကြီးက နှစ်ပေါင်းဘယ်လောက်ရှိပြီ၊ ဘယ်ခေတ်ကတည်းကဆိုတာတော့ အဘိုးတို့လည်း သေသေချာချာမသိဘူး၊ ရှေးလူကြီးတွေပြောတာတော့ အနော်ရထာတို့နဲ့ ခေတ်ပြိုင်လောက်ရှိတယ်လို့ပြောတာပဲ၊ သား လုပ်တဲ့ မင်းရမ်းကားက အဖေလုပ်သူ တဘူးဘုရင်ရဲ့မိဖုရားတစ်ပါးကို ခိုးပြေးလာခဲ့တယ်တဲ့၊ ဒါကြောင့် အဖေက လိုက်သတ်တာတဲ့၊ သားမြင်းနဲ့ ပြေးတယ်၊ အဖေက ဆင်နဲ့လိုက်တယ်၊ သားဖြစ်သူက လဟာရယ် မငယ်ပါလားလို့ ညည်းခဲ့လို့ အခု အဘိုးတို့ရွာအရှေ့မှာ လဟာမငယ်ရွာကြီးရှိတယ်၊ ဟို - ဟဲက ဆိုးလိုက်တာလို့ ရွတ်တဲ့နေရာမှာ အခု ဥက္ကံမြို့ဖြစ်လာတယ်၊ အဖ ရန်က လုံအောင်ပုန်းနေတဲ့နေရာကိုတော့ "ဖလုံ" တဲ့၊ နန်းတော်ကို ပန်းဆက်ဖို့ ပန်းတွေစိုက်တဲ့နေရာမှာတော့ ပန်းပင်တန်းဆိုတဲ့ရွာ ရှိတယ်ကွ"

ဟု ပြောလိုက်ပြီး ဖန်ရည်ကြမ်းတစ်ခွက်ကို ကောက်သောက်လိုက်လေ၏၊ ထို့နောက် ပြုံးစစမျက်နှာထားနှင့် အဘိုးဦးမင်းနောင်သည် -

"အဘိုးတို့ လူကြီးတွေပြောတဲ့ ရိုးရာတစ်ခုတော့ရှိတယ်၊ အဘိုးလည်း အစက မတွေးမိဘူးကွ၊ နောက်မှ တွေးမိတော့ ဩော် - ဒါကြောင့်ကိုး လို့ သိရ တယ်၊ အဲဒီ ပန်းပင်တန်းရွာရဲ့နောက်မှာ ဘုတစ်ရာဆိုတဲ့ ရွာတစ်ရွာရှိတယ်ကွ"

"ဟုတ်တယ် - အဘိုးရဲ့၊ ကျွန်တော့် သူငယ်ချင်း ပွကြီးဆိုတဲ့ ကျောင်းဆရာတစ်ယောက် တာဝန်ကျတဲ့ ရွာနာမည်က ဘုတစ်ရာတဲ့၊ ဒီမြို့နယ်ထဲ ကပဲဆိုတော့ အဘိုးပြောတဲ့ရွာပဲ ဖြစ်မှာပါ"

"အေး - အဲဒီ ဘုတစ်ရာရွာဖြစ်လာပုံက ဒီလိုဟေ့၊ မင်းရမ်းကားကို တဘူးမင်းက သတ်လိုက်ပြီး သူ့ကိုယ်သူ အဆုံးမစီရင်ခင် မိဖုရားအသံ ငါးဆယ် ပက်လက်လှန်ပြီး ဆင်နဲ့နင်းသတ်ခဲ့တယ်တဲ့၊ အဲဒီနေရာ ဘုတစ်ရာ ပဲ"

ဟု ဆိုကာ တခိခိနှင့် ရယ်နေလေတော့၏၊ ကျောင်းဆရာလေးကိုကျော်ဇင်သည် ပထမတော့ အတွေးမပေါက်သေးသော်လည်း နောက် အတွေးပေါက်လာသဖြင့် တဟားဟားနှင့်ထ၍ ရယ်လိုက်လေတော့၏၊ ဤသို့ဖြင့် စကားဝိုင်းလေးသည် ရယ်သံများနှင့် စိုပြေသွားလေတော့၏၊ ထိုအချိန်တွင်ခြံဝန်းအတွင်းသို့အသက်အရွယ်အားဖြင့် နှစ်ဆယ်ဝန်းကျင်ခန့် ရှိမည်ထင်ရ၍ ကိုယ်လုံးကိုယ်ပေါက် အချိုးအစားကျနကာ ချောမောလှပသော မိန်းကလေးတစ်ဦး ဝင်ရောက်လာလေ၏၊ ထိုအခါ ဆန်ပြာနေသော အမေ ဒေါ်လေးလှသည် -

"ဟဲ့ - သမီး နှင်းလေး - ဘာလာလုပ်တာတုံး"

"ဟုတ်ကဲ့ - အမေကြီးလှ မနက်ဖြန်ကျရင် အဘိုးအတွက် အလှူလုပ်ချင်လို့ အမေကြီးလှနဲ့ အဘိုး ဘိုးမင်းနောင်တို့ကို လာဖိတ်တာပါ၊ အမေတို့က ဆရာကြီး ဦးကျော်ဇင်ကိုလည်း ဖိတ်ခိုင်းလိုက်ပါတယ်"

"ဟဲ့ - နှင် အဘိုးသေတာ ဘယ်လောက်ကြာပြီလဲ"

"ခုနစ်နှစ် ရှိပါပြီ"

"နှင် သတိရရဲ့လား"

"ဟုတ်ကဲ့"

ဟု ဆိုပြီး ပြန်ထွက်သွားလေတော့၏၊ ကျောင်းဆရာလေးသည် ကောင်မလေးစကားပြောသည်ကိုနားထောင်ရသည်မှာ တစ်မျိုးကြီးဖြစ်နေ၍ အဆင်မပြေသလို ခံစားရကြောင်း ပြောမိသောအခါ အမေကြီးသည် -

"ဟုတ်တယ် - သားရဲ့၊ သူကလေးက အမေတို့ အစ်မလိုခင်ရတဲ့ အစ်မနင်းလှိုင်ဝင်စားတာလေ၊ အစ်မနင်းလှိုင်က အဲဒီလိုပဲ စကားပြောတတ်တယ်၊ အစ်မနင်းလှိုင်ဆိုတာလည်း သူ့အဘွား အရင်းကြီးပဲလေ၊ အစ်မနင်းလှိုင်နဲ့ အစ်ကိုမိုးအောင်တို့အချစ်ကလည်း စံတင်လောက်ပါတယ်၊ အစ်ကိုမိုးအောင်ရဲ့ဝဋ်ကြွေးကလည်း ကြီးမားလိုက်တာ ပြောမနေပါနဲ့တော့"

ဒီကောင် ဒီလိုဖြစ်သွားတာ ဝဋ်ကြွေးမဟုတ်ပါဘူး သမီးရယ်၊ ကတိတည်လို့ပါ၊ မြင်းစီးဝိညာဉ်အရုပ်ကို နေရာပြန်မထားလို့ပဲ၊

"အဖေကလည်း မနင်းလှိုင်က ဒီအရုပ်အတွက် အသက်စွန့်ပြီး အစ်ကိုမိုးအောင်ကို ကယ်ခဲ့တာ၊ ဒါကြောင့်လည်း ဒီအရုပ်ကို သူ ရှုးရတဲ့အထိ မြတ်နိုးခဲ့တာပေါ့၊ သူတို့ မိသားစုလေးကိုက ဂမ္ဘီရဆန်လွန်းပါတယ်"





www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်လေတော့၏။ ထိုအခါ အထူးအဆန်းကို စိတ်ဝင်စားသော ကျောင်းဆရာလေး ကိုကျော်ဇင်သည် ထိုဇာတ်လမ်းလေးကို သိချင်ကြောင်း တောင်းဆိုလေရာ အမေဒေါ်အေးလှသည် ဆန်ဇန်းကိုအောက်ချ၍ အောက်ပါ ဇာတ်လမ်းလေးကို ပြောပြလေတော့၏။

=❖=

ကြွယ်ပုံရွာလေးတွင် ကိုမိုးအောင်တို့ သားအမိသည် အဆင်းရဲဆုံး အနွမ်းပါးဆုံးပင် ဖြစ်လေသည်။ ငယ်စဉ်ကတည်းကပင် ဖခင်မဲ့ဖြစ်ခဲ့ရသော်လည်း မိခင်၏ အုပ်ထိန်းမှုအောက်တွင် ကိုမိုးအောင်သည် ကောင်းစွာလူလား မြောက်ခဲ့ရလေသည်။ ဥစ္စာမနေ ကြွယ်ဝသော်လည်း ရိုးသားကြိုးစားပြီး လိမ္မာယဉ်ကျေးသဖြင့် လူချစ်လူခင်များသူ တစ်ယောက်ပင်ဖြစ်သည်။ အရွယ် ငယ်စဉ်ကလေးဘဝမှာတော့ မိခင်ဖြစ်သူမှ ရှာဖွေကျွေးမွေးခဲ့ရသော်လည်း ကိုမိုးအောင်သည် အသက်ဆယ့်သုံးလေးနှစ်မှပင် ကျွဲကျောင်း၊ နွားကျောင်း ရေခပ်၊ ထင်းခွဲ၊ ဝါးခုတ် စသောအလုပ်များကို လုပ်ကိုင်ကာ အမေအိုကို ရှာကျွေးခဲ့လေသည်။ သူ၏ ရိုးသားကြိုးစားမှုကြောင့် လယ်လေး နှစ်ကေ နွားတစ်ရှဉ်းကို ပိုင်ဆိုင်လာကာ အမေအိုကို ကောင်းမွန်စွာ ကျွေးမွေးနိုင်ပြီ ဖြစ်သည်။ ထိုအခါ ရွာထဲရှိ လူကြီးသူကြီးများက ကိုမိုးအောင်အား အထူး သဘောကြလေ၏။ သမီးရှင်များမှလည်း မောင်မိုးအောင်နှင့်ဆိုရင် သူ့ကို သမီးကို သဘောတူတယ်ဟူ၍ပင် ဖြစ်လာလေတော့၏။ သို့ပေသော်လည်း ကိုမိုးအောင်သည် မည်သည့်မိန်းကလေးကိုမျှ စိတ်မဝင်စားခဲ့ချေ။ တစ်နေ့ တွင် ကိုမိုးအောင်၏ သူငယ်ချင်းဖြစ်သူ လဟာမငယ်ရွာသား ကိုနိုင်ဝင်းဆိုသူ ရောက်လာပြီး . . .

"ဟေ့ - သူငယ်ချင်း၊ မင်း ငါတို့ရွာ လိုက်ခဲ့ပါလားကွာ။ ငါ့ ဦးလေး အလှူကို လိုက်ကူပေးစမ်းပါဦး။ အလှူကသိုင်းတွေကနားတွေ ပါမှာတဲ့"

"ဘယ်နရက်လောက် လိုက်လုပ်ပေးရမှာလည်းကွ။ ငါ့မှာက သိပ်အားတာ မဟုတ်ဘူး။ အမေ့ကို ပြောရဦးမယ်"



"မင်းကလည်းကွာ - လဟာမငယ်နဲ့ ကြွယ်ပုံ ဘာဝေးတာမှတ်လို့ မင်း အမေအတွက်တော့ မပူနဲ့၊ ငါ ရအောင်ပြောမယ် သုံးလေးရက်ပေါ့ကွာ"

ဟု ဆိုကာ အတင်းခေါ်သဖြင့် ကိုမိုးအောင်သည် အမေလုပ်သူအား ခွင့်ပန်ကာ လဟာမငယ်ရွာသို့ လိုက်လာခဲ့လေသည်။ ထိုသို့ လိုက်လာခဲ့ခြင်းသည် ကိုမိုးအောင်အတွက် ရွာလည်တဲ့ နဖူးစာဖြစ်နေကြောင်းကို ထိုအချိန်က မသိခဲ့ပါချေ။ လဟာမငယ်ရွာကြီးသည် သမိုင်းဝင်ရွာကြီးဖြစ်သည့် တဘူး ရာဇဝင်နှင့် ဆက်စပ်နေလေသည်။ တဘူးဘုရင်သည် သားဖြစ်သူ မင်းရမ်း ကားက ပုန်စားသဖြင့် ဆင်ဖြင့်လိုက်သတ်လေ၏။ မင်းရမ်းကားက ရွှေတိုက် ယဉ်ကျော် မြင်းဖြူကိုစီး၍ ပြေးလေ၏။ ထိုသို့ သားအဖနှစ်ယောက် ပြေးရင်း လိုက်ရင်းဖြင့် ဤရွာကြီးတည်ရာ လဟာပြင်ကြီးသို့ ရောက်လာလေတော့၏။ ရွှေတိုက်ယဉ်ကျော် မြင်းဖြူ၏ပြေးနှုန်းကို တဘူးမင်း၏ ဇကဆင်တော်သည် ကောင်းစွာမမီခဲ့လေတော့၏။ ထိုအချိန်တွင် မင်းရမ်းကားသည် ဤလဟာပြင် ကျယ်ကြီးကြောင့် သူ့ကို မီလာသည်ဟုထင်မှတ်၍ "လဟာရယ် - မငယ်နိုင် တော့ဘူးလား" ဟုရွတ်ဆိုခဲ့ဖူးလေသည်။ ထိုနေရာ၌ ယခုလဟာမငယ်ရွာကြီး ပေါ်ပေါက်လာခဲ့လေသည်။ မင်းရမ်းကားရှေ့မှ ပြေးနေစဉ် နောက်မှ ဓားဖြင့် ခုတ်ချလိုက်ရာ ခေါင်းပြတ်၍ သေသွားသောနေရာတွင် စေတီတစ်ဆူတည် ခဲ့လေသည်။ ဤရွာပတ်ဝန်းကျင်သည် ကျိန်စာသင့်ခဲ့လေသလားပင် မသိ ပေ၊ မြေဆီဩဇာသိပ်မကောင်းဘဲ မြက်နီနီကြီးတွေသာပေါက်၍ ရွာ အနောက်ဘက်တွင်ရှိနေသော တောအုပ်ကြီးကိုရှဲ၍သာ စိုက်ပျိုးလုပ်ကိုင် စားသောက်ကြလေ၏။

မှတ်ချက်။ ။ တဘူးမြို့ဟောင်း၊ လဟာမငယ်ရွာ၊ မင်းရမ်းကားစေတီ စသည်များသည် ယနေ့တိုင်အောင် တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့အရှေ့ဘက် (၁၀) မိုင်ခန့်အကွာတွင် အထင်အရှား ရှိနေပါသေးသည်။ စိတ်ပါဝင်စားကြသူများ သွားရောက် လေ့လာနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လဟာမယယ်ရွာတစ်ရွာလုံးအလှူအတွက် အလုပ်ရှုပ်နေကြလေသည်။ ကာလသားများက ထင်းခွဲ၊ ရေခပ်လုပ်သူကလည်း မဏ္ဍပ်ဆောက်သူက ဆောက်လုပ်နေကြသလို မိန်းကလေးများကလည်း ထမင်းတည်၊ ဟင်းချက်၊ ငရုတ်သီးထောင်း၊ ကြက်သွန်လှီး စသည်ဖြင့် တပျော်တပါးကြီး အလုပ်လုပ်နေကြသည်မှာ အလွန်ပျော်စရာကောင်းလှပေသည်။ ရွာအလှူပွဲတို့၏ ထုံးစံအတိုင်း မဏ္ဍပ်စတင်ဆောက်ချိန်မှပင် ထမင်းကျွေးထားလေရာ လုပ်အားပေးသူအပေါင်းသည် ဆာလျှင်စားလိုက်၊ လုပ်စရာရှိလျှင် လုပ်လိုက်ဖြင့် *အရှင်းချင်း စလိုက်*နောက်လိုက်ပြောင်လိုက်ဖြင့် အလွန်စည်ကားနေလေတော့၏။ အလှူမဏ္ဍပ်ထဲသို့ ကိုမိုးအောင်ဝင်လိုက်လေရာ လူကြီးမိုင်းမှ...

"ဟေ့ - ကောင်လေး၊ မင်း ခင်မွှေ့သားမို့လား၊ လာကွာ - လာ - ဒီမှာ ငါတို့နဲ့အတူ ကြမ်းရည်လာသောက်ဦး"

"ဟုတ်ကဲ့ - ရပါတယ် ဦးရီးခင်ဗျ၊ ကျွန်တော် လိုအပ်တာလေး ကူညီလိုက်ပါဦးမယ်"

"လာစမ်းပါ - ငါတို့က ခေါ်ရင်လည်း လာမှ၊ ကျွေးရင်လည်း စားမှကွ၊ မင်း သိပါတယ်၊ ကြွယ်ပုံကျောင်းက ဦးဝဏ္ဏတရဲ့ တပည့်တွေပဲဥစ္စာ၊ တို့ဘုန်းကြီးကော နေကောင်းရဲ့လားကွ"

"ဟုတ်ကဲ့ - ကောင်းပါတယ်"

"အရင်လိုကော ဗီဇာကြောင်သေးလားကွ"

"ဗျာ"

"မဗျာနဲ့ - ငါတို့ငယ်ငယ်တုန်းက ကြွယ်ပုံကျောင်းမှာ ကျောင်းသားလုပ်ရသေးတယ်၊ အဲဒီတုန်းက ဆရာတော်ကလည်း ငယ်သေးတာပေါ့၊ ရေနွေးအိုးတည်နိုင်းတာများ ဘယ်လောက်ဆိုးသလဲဆိုရင် ဟိုကဖြင့် ကျက်လို့ ပွက်ပွက်ဆူနေလည်း မယူသေးဘူး၊ အဲဒါနဲ့ တဖြည်းဖြည်း ခန်းလာတော့ ရေထပ်ဖြည့်ပြန်ဆူလာတယ်၊ မယူသေးဘူးကွ၊ ရေနွေးအိုးလေးငါးခါလောက်တော့မှ ယူတယ်၊ ဒါ - တစ်နေ့အမှု မဟုတ်ဘူးနော်၊ နေ့တိုင်း - နေ့တိုင်းပဲဟေ့၊ အခုကျောင်းမှာ ဘယ်သူ ကပ္ပိယလုပ်နေလဲ"



"ဆရာမြတ်ကိုတဲ့ - ကျောင်းဆရာလေးတစ်ယောက်ပါပဲ"

"မင်း - အမေကော နေကောင်းရဲ့လား၊ ငါက သတိရတယ်လို့ ပြောပေးစမ်းကွာ၊ ငါ့ နာမည်လည်း မှတ်ထား ဦးစောလှိုင်တဲ့၊ ဒါဆို မင်း အမေသိမှာပါ၊ ငါလည်း ကြွယ်ပုံသားပဲ၊ ဒီရွာသူနဲ့ အိမ်ထောင်ကျလို့ ဒီပြောင်းလာတာ၊ ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေလို့ ရွာမရောက်တာတောင် လေးငါး၊ ရှစ်နှစ်လောက်ရှိပြီ၊ ဟဲ့ - ကောင်မလေး အလှူရှင်ကို ပြောလိုက်ဦး၊ ဒီမှာ အကြမ်းရည်နဲ့ မြည်းဖို့ကုန်နေပြီလို့၊ တစ်ယောက်ယောက်နဲ့ လာပို့ခိုင်းလိုက် - ဟုတ်ပြီလား"

ဟု ဆိုကာ အနားမှ ကြက်သွန်လှီးနေသော ကောင်မလေးတစ်ယောက်ကို ခိုင်းလိုက်လေတော့၏။ တစ်အောင့်လောက်ကြာတော့ မိန်းကလေးတစ်ယောက်သည် ကိုမိုးအောင်၏ဘေးမှ စားသောက်ဖွယ်ရာများကို လာချပေးလေတော့၏။ မိန်းမပျိုလေး၏ သနပ်ခါးရနံ့ကြောင့်လေလား၊ ကိုယ်သင်းရနံ့ကြောင့်ပင်လားမသိ၊ ကိုမိုးအောင်၏ ရင်တွင် သိမ့်ခနဲ တုန်သွား၍ ထိုမိန်းကလေးအား ငုံ့စောင်းကြည့်မိလိုက်လေသည်။ ထိုအချိန်တွင် မိန်းကလေးသည် စားစရာများကို ချပေးအပြီး ပတ်ဝန်းကျင်ကို စားပါဦးဟုပြောရန် ခေါင်းအလှည့်တွင် ကိုမိုးအောင်၏အကြည့်နှင့် ဆုံသွားလေတော့၏။ ထိုခဏမှာပင် ကိုမိုးအောင်၏ ရင်တွင်း၌ ပြင်းထန်စွာ တုန်လှုပ်သွားပြီး အမျိုးအမည်မသိသော ခံစားမှုမျိုးကိုလည်း ခံစားလိုက်ရလေသည်။ ထိုအရာတွင် ညစ်ညမ်းမှုသယ်ဝင်သလို တပ်မက်မှုတွေလည်း မရှိပေ၊ သန့်စင်သည့် ခံစားမှုတစ်ခုသာဖြစ်၍ ထိုအရာကို အချစ်ဟုခေါ်ဆိုလျှင် ကိုမိုးအောင်သည် ထိုတစ်ခဏအတွင်းမှာပင် မည်သည်မည်ဝါမှန်းပင် မသိသေးသော ထိုမိန်းကလေးအား မြင်မြင်ချင်းပင် ချစ်မိခဲ့လေတော့သည်။ ထို့နောက် သူငယ်ချင်းဖြစ်သူ [illegible]ဝင်းအားရှာ၍ သူ့စိတ်ဝင်စားမိသော မိန်းကလေးကို ဘယ်သူဘယ်ဝါမှန်းသိအောင် စုံစမ်းမိလေတော့၏။

"ဟေ့ကောင် - ဖြည်းဖြည်းလုပ်ပါ၊ မင်းဟာက အရမ်းကြီးပဲ၊ မဏ္ဍပ်ထဲ[illegible]ာက ကောင်မလေးတွေ အများကြီးကွ၊ ဘယ်ကောင်မလေးလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အကျီအစိမ်းဝတ်ထားတဲ့ ကောင်မလေးကွာ၊ ခေါင်းမှာလည်း ပန်းတွေနဲ့"

"ဟာ - ဒီသောက်ရူးကတော့ အဲဒီမှာ မင်းမတွေ့ဘူးလား။ အကျီအစိမ်းဝတ်ပြီး ပန်းပန်ထားတဲ့ ကောင်မလေးတွေ အများကြီးပဲ။ ဘယ်သူလည်း သေချာအောင် လက်ညှိုးထိုးပြ"

"ဟော့ကောင် - နစ်ကောင်၊ မက္လာပ်အပေါက်ဝမှာ ကြိတ်ကြိတ် - ကြိတ်ကြိတ်နဲ့ ဘာလုပ်နေတာလဲ။ နိုင်ဝင်း - မင်း ရေဖြည့်ရဦးမယ်လေ"

"ဟုတ်တယ် ဦးရီးတင်မောင်ရေ၊ ဒီကောင် မိုးအောင် လဟာမငယ်ရွာသူတစ်ယောက်ကို ကြိုက်လို့တဲ့၊ အဲဒါ ဘယ်တစ်ယောက်လဲလို့ မေးနေတာ"

"ဟာကွာ - ရက်စရာကြီး၊ မင်း - ဘာတွေ လျှောက်ပြောနေတာလဲ"

"အေး - ကောင်းတယ်ကွ၊ မင်း အမေ အစ်မခင်မှုံက သူ့သားကို သင့်တော်တာတွေ့ရင် ပေးစားမယ်လို့ ငါ့ကိုတောင် ပြောထားတယ်၊ မှန်းစမ်း ဘယ်ကောင်မလေးလဲ၊ မင်းနဲ့ တော်မတော်ကြည့်ပေးမယ်"

ဟု ဝင်၍ နောက်လေတော့၏။ ထိုအခါ ကိုမိုးအောင်သည် ထိုနှစ်ယောက်ကို မလွန်ဆန်နိုင်သဖြင့် သူ စိတ်ဝင်စားသော ကောင်မလေးကို လက်ညှိုးထိုးပြလိုက်လေတော့၏။ ထိုအခါ ဦးရီးတင်မောင်သည် -

"ကောင်မလေး - အဲဒီကောင်မလေးက တို့ လဟာမငယ်ရွာရဲ့ အချောဆုံး၊ အလှဆုံး ကွမ်းတောင်ကိုင်လေးပေါ့၊ သူ့နာမည်က နင်းလှိုင်တဲ့၊ ရွာမျက်နှာဖုံးတွေပေါ့၊ သူ့အဖေ ဦးထွန်းအုန်းနဲ့ ဒေါ်မြင့်မြင့်စန်းဆိုတာ မင်းပေါက်စိုးပေါက်တွေပေါ့၊ မာနကတော့ မိုးရောက်နေတဲ့ သူတွေပေါ့ကွာ"

"ဟုတ်တယ် - မိုးအောင်၊ သူ့မှာ အေးလှိုင်ဆိုတဲ့ အစ်မတစ်ယောက်နဲ့ ခပ်ဆိုးဆိုး မောင်နှစ်ယောက်ရှိတယ်၊ ကျန်လူတွေကတော့ ရှက်ကြမ်းရေကျိုပါပဲ၊ သူတစ်ယောက်ပဲ ထူးထူးခြားခြားလှတာ၊ ဒါပေမဲ့ - မလွယ်ဘူးနော်"



"ဘယ်တတ်နိုင်မလည်းကွာ၊ ငါက သူ့ကိုမှ စိတ်ဝင်စားမိတာကိုး၊ ဒီပြဿနာရဲ့ အဓိကလက်သည်က မင်းပဲ နိုင်ဝင်း၊ မင်း ငါ့ကို ကူညီရမယ်"

"အေးပါကွာ - အေးပါ"

ထို့နောက် အလှူရက်သို့ ရောက်လာလေသည်၊ အလှူညတွင် ဆိုင်းအဖွဲ့နှင့် ဇည့်ခံရာ ရွာနီးချုပ်စပ်မှ လာရောက်အားပေးကြသဖြင့် လူများကြိတ်ကြိတ်တိုး၍ စည်ကားနေလေတော့၏၊ ထိုအချိန်တွင် နင်းလှိုင်နှင့် ၎င်း၏ သူငယ်ချင်း ချယ်ရီတို့သည် ပွဲခင်းအလယ်၌ ပွဲကြည့်လျက်ရှိနေလေတော့သည်၊ ညသန်းခေါင်အချိန်ရောက်သောအခါ ချယ်ရီသည် နင်းလှိုင်အား -

"ဟဲ့ကောင်မ - ငါ ဗိုက်နာလာပြီ၊ အိမ်ခဏ ပြန်ရအောင်ဟာ"

"ဟာ - နင်ကလည်း၊ ဒီမှာ လူပြက်တွေ ပြက်နေတာ အရမ်းရီနေရတာ - အောင့်ထားဟာ"

"မရဘူးဟ - လုပ်ပါဟာ လိုက်ခဲ့ပါ၊ ငါ့ဟာ - ငါသာ သွားရဲရင် နင့်ကိုတောင် မခေါ်ဘူး"

"အေးပါ - ကောင်မရယ်၊ အရေးဆိုရင် နင်က လုပ်ပြီ"

ထိုသို့နှင့် နှစ်ယောက်သား ပွဲခင်းထဲမှ ပြန်လာပြီး ချယ်ရီတို့ အိမ်ရှိရာသို့ ပြန်လာခဲ့လေတော့၏၊ ကိုယ့်ရပ်ကိုယ့်ရွာ ဖြစ်နေတာကတစ်ကြောင်း၊ အရောင်ကြယ်ရောင်တွေကြောင့် လမ်းကို သဲကွဲစွာမြင်ရတာတစ်ကြောင်း အဲ့ကြောင့် လမ်းခရီးတွင် အခက်အခဲမရှိပြန်လာရာ ချယ်ရီတို့အိမ်နားရောက်ခြံဝန်းတွင် အမူးသမားနှစ်ယောက်နှင့် တွေ့လေတော့၏၊ ထိုအမူးသမားများသည် လဟာမငယ်ရွာသားများ မဟုတ်သည်ကို နင်းလှိုင်တို့ သိလိုက်ရလေသည်၊

"ဟဲ့ - ကောင်မလေးတွေ၊ ငါတို့နဲ့ အဖော်လာလုပ်ပေးစမ်း၊ ငါတို့ အရက်သောက်ရတာ ပျင်းနေလို့"

ဟု လျှာလေး၊ အာလေး လေသံကြီးများနှင့် ဆွဲလား၊ ရမ်းလားလှုပ်ခဲ့လေတော့၏၊ ထိုအချိန်တွင် ပွဲခင်းမှ ပြန်လာသော မိုးအောင်တို့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

နစ်ယောက်နှင့် သွားတွေ့သဖြင့် အမှုသမားများလည်း ထွက်ပြေးသွားလေတော့၏။

"ဒီက အစ်ကိုတို့ကို ကျေးဇူးတင်ပါတယ်ရှင်"

ထိုအခါ ကိုမိုးအောင်သည် မိန်းကလေးတွေ အချိန်မတော် အပြင်မထွက်သင့်ကြောင်း ပြောရန်ကြည့်လိုက်စဉ် လရောင်အောက်တွင် နှင်းလှိုင်ကို တွေ့မြင်လိုက်သောအခါ -

"ဟင် - နှင်းလှိုင် - နှင်းလှိုင် ဘာဖြစ်သွားသေးလဲ - ကိုယ့်ကို ပြောစမ်းပါ"

"နှင်းလှိုင်တို့ ဘာမှမဖြစ်ပါဘူး အစ်ကို။ ဒါနဲ့ အစ်ကိုက နှင်းလှိုင်ကို သိနေတယ်"

"ဟုတ်တယ် - ကိုယ့်နာမည်က မိုးအောင်ပါ။ ကြွယ်ပုံကလေ ဟိုနေ့က မဂ္ဂဇင်းထဲမှာ မုန့်လာချကတည်းက နှင်းလှိုင်ကို အစ်ကိုသိခဲ့တာပဲ။ နှင်းလှိုင်ရဲ့ အစ်ကို အရမ်းသံယောဇဉ် ဖြစ်နေမိပြီ"

"ရှင်"

"ဟဲ့တော့ - ဘာမှလည်း မဆိုင်ဘူး"

"ဟာကွာ - ဒီကောင်တော့ လုပ်ချလိုက်ပြန်ပြီ၊ မျက်နှာပူစရာကြီး"

=❖=

ထိုသို့နှင့်ပင် ကိုမိုးအောင်နှင့် လဟာမငယ်ချာသူလေး မနှင်းလှိုင်တို့သည် ချစ်သူဘဝသို့ လျင်မြန်စွာ ရောက်ရှိခဲ့လေတော့သည်။ ထို့နောက် မနှင်းလှိုင်၏ မိဘများသိသွားသောအခါ ကိုမိုးအောင်နှင့် သဘောမတူဘဲ မြို့ပေါ်မှ ကြေးရတတ်တစ်ဦးနှင့် အိမ်ထောင်ချပေးရန် စီစဉ်သဖြင့် သူငယ်ချင်း နိုင်ဝင်း၏ အကူအညီဖြင့် နှင်းလှိုင်ကို ရအောင်ခိုးခဲ့လေတော့၏။ ထိုအခါ နှင်းလှိုင်၏ မိဘများသည် သူတို့၏သမီးကို စိတ်အနာကြီးနာ၍ လုံးဝအရေးအသွယ်မလုပ်တော့ချေ။ ထိုသို့ဖြင့် ကိုမိုးအောင် မနှင်းလှိုင်တို့လင်မယား



ဖော်ဖော်လတ်လတ်ဟုသော သားရတနာလေး မွေးဖွားလာခဲ့လေသည်။ ထိုအခါ ကိုမိုးအောင်သည် -

"နှင်းလေးရေ - အစ်ကို တဘူးမြို့ဟောင်းကြီးထဲမှာ လယ်စိုက်ချင်တယ်ကွာ"

"ဖြစ်ပါ့မလား အစ်ကိုရယ်၊ နှင်း - အစ်ကို တစ်ခုခုဖြစ်သွားမှာ စိုးရိမ်တယ်၊ အဲဒီနေရာက မြေကြမ်းတယ်လို့ ပြောကြတယ်"

"ဖြစ်ပါတယ် - နှင်းလေးရာ။ ဦးရီးခင်ဖော်တို့၊ ဦးလေးစိန်ဝင်းတို့တောင် လုပ်နေကြပြီကွ၊ တို့လည်း နှစ်ကွက်၊ သုံးကွက်လောက်ရအောင် ရှင်းရတာပေါ့၊ ဒါမှ သားလေး ငဖော်ကို ရှင်ပြုလို့ရမယ်၊ ပြီးတော့ ဒီကောင်အတွက် ညီလေးတွေ၊ ညီမလေးတွေ ထပ်မွေးပေးရဦးမယ်လေ၊ ဒါမှ ငါ့သားလေး မပျင်းမှာ"

"ဟာ - အစ်ကိုကလည်း ဘာတွေ လျှောက်ပြောနေတာလဲ"

"ဟား - ဟား - ဟား - ငါ့မိန်းမက ကလေးတစ်ယောက်ရတာတောင် ရှက်နေသေးတယ်၊ တကယ့် အပျိုလေးအတိုင်းပဲ၊ အဲဒါကြောင့် ငါ့မိန်းမကို ချစ်နေရတာ"

"ဟော့ - ဒီလင်မယားနှစ်ယောက် ဘာတွေ သဘောကျနေတာလဲကွ"

"ဘာမှ မဟုတ်ပါဘူး ဦးကြီးမြမောင်ရယ်၊ ဒီမှာ ဦးကြီးတူ ပေါက်ကရတွေပြောနေလို့ပါ"

"အစ်မ ခင်မှုံကောကွ"

"ဘုန်းကြီးကျောင်းသွားတယ် ဦးကြီးရေ"

"အေး - အေး - ငါ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ - ဟုတ်ကဲ့ - ကျွန်တော်လည်း ကြိုးစားလိုက်ဦးမယ်"

"ဘာတွေ ကြိုးစားမှာတုံးကွ"

"ငဖော့်အတွက် မောင်နှမ ရအောင်လို့ပျို့"

"ဟာကွာ - ဒီကောင်၊ တော်တော် နောက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ပြောဆိုကာ ထွက်သွားလေတော့၏။ ထို့နောက် လင်မယားနှစ်ယောက် တက်ညီလက်ညီဖြင့် မြို့ဟောင်းထဲတွင် ခုတ်ထွင်ရှင်းလင်းကြရာ စိုက်ပျိုးနိုင်သော လယ်ကွက်သုံးလေးကွက်မျှ ထွက်လာလေတော့၏။ ထိုအခါ ကိုမိုးအောင်သည် –

"နင်းလေးကလည်းကွာ၊ ကလေးကို မအော်ပါနဲ့ကွာ၊ သူ ဆော့ချင်လို့ ဖြစ်မှာပေါ့ကွာ"

"အစ်ကိုကလည်း၊ ဒီအရုပ်က ဘာအရုပ်မှန်း သိတာမဟုတ်ဘူး၊ ခေါင်းကလည်း ပြတ်နေသေးတယ်၊ တော်ကြာ – မြင်းဖြူရှင်အဟောင်းတွေလား ဘာလားမသိ"

"ဘာမှ မဟုတ်ပါဘူးကွာ။ ကလေးဆော့လို့ဝရင် မေ့သွားမှာပါ၊ အဲဒီကျမှ နင်းလေးမကြိုက်ရင် လွှင့်ပစ်လိုက်ပေါ့ကွာ – ဟုတ်ပြီလား။ အခုတော့ – သားလေး ကလေးပီပီ ဆော့ပါစေကွာ"

"ဟွန်း – အစ်ကိုနော်၊ သားကို ကြပ်ကြပ်အလိုလိုက်၊ နားရွက်ကိုက်ဖြတ်သွားလိမ့်မယ်၊ အစ်ကို သားကို သိပ်ချစ်တာပဲလား"

"အစ်ကိုကလေ – သားတင်မကဘူး၊ ဟော့ဒီက မယားကိုလည်း အရမ်းအရမ်း ချစ်ပါသတဲ့ဗျာ"

"လုပ်ပြီ – အစ်ကိုကတော့ ဒီလိုချည်းပဲ"

"ဟား – ဟား – ဟား –"

ဤသို့ဖြင့် မြင်းစီးအရုပ်ကလေးသည် ကြွယ်ပုံရွာသို့ ရောက်ရှိလာလေတော့သည်။ ညအိပ်ရာဝင်သည့်အခါ ကိုမိုးအောင် ဤကဲ့သို့ အိပ်မက် မက်လေတော့၏။ ကိုမိုးအောင်၏ မြင်ကွင်းရှေ့တွင် အလွန်ကျယ်ပြန့်သော လဟာပြင်ကျယ်ကြီး ရှိလေ၏။ ထိုလဟာပြင်ကျယ်ကြီးတွင် မင်းညီမင်းသား အဝတ်အစားနှင့် လူတစ်ယောက်သည် အသက်သွေးကို စိုးရိမ်သည့်အလား မြင်းဖြူကြီးကို တအားကုန်ဒုန်းစိုင်း၍ ပြေးလာလေတော့၏။ ၎င်း၏ နောက်တွင် ရှင်ဘုရင်အဝတ်အစားနှင့် လူတစ်ယောက်သည် ဆင်ကြီးတစ်ကောင်ကိုစီး၍ ရှေ့လူအားမီရန် တက်သုတ်ရိုက်၍ လိုက်လာလေသည်ကို တွေ့ရလေ၏။

ကိုမိုးအောင် ကြည့်နေစဉ်အတွင်းမှာပင် ဆင်စီးထားသူသည် မြင်းစီးထားသူကိုမီလာ၍ လက်ထဲမှဓားဖြင့် တအားခုတ်လိုက်လေသည်။ ထိုနေရာလေးတွင် မြင်းစီးထားသူသည် ချက်ချင်းပင် မြင်းစီးအရုပ်ကလေးဖြစ်သွားလေတော့သည်။ ထို့နောက် ကိုမိုးအောင်၏ အမြင်အာရုံသည် ဝေဝေဝါးဝါး ဖြစ်သွားလေတော့၏။ ထိုစဉ်မှာပင် နှုတ်ခမ်းမွေး၊ ခပ်ရေးရေး၊ နာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံးကောင်း၍ ဖြူရည်ဝင်းမွတ်သော အသားအရေကိုပိုင်သည့် အရုပ်မြင့်မြင့်လူတစ်ယောက်သည် မင်းညီမင်းသား အဝတ်အစားများကို ဝတ်ဆင်၍ ကိုမိုးအောင်ထံသို့ တစ်လှမ်းချင်း လှမ်းလာကာ –

"မင်း မြင်လိုက်ရတာ ငါ့ရဲ့ဖြစ်စဉ်ပဲ။ အဖက ငါ့ကို ပုန်းစားတယ်ဆိုပြီး ဒီလဟာပြင်ကျယ်မှာ ဓားနဲ့ ပိုင်းခဲ့တယ်။ ငါကလည်း မဟုတ်ပဲ ခံခဲ့ရလို့ ကတိသစ္စာဆိုခဲ့တာပဲ၊ ငါ အခု မင်းအိမ်မှာရောက်နေတယ်။ ဒါဟာလည်း မင်းဟာ ငါ့ရဲ့တစ်ခါက သစ္စာရှိလူရင်းဖြစ်ခဲ့လို့ပဲ၊ ငါ့ကို ကောင်းကောင်းမွန်မွန်၊ ရိုရို သေသေထားပါ၊ ငါ မင်းတို့ကို စောင့်ရှောက်မယ်။ ငါ့အတွက် အလှူဒါနတွေ မြှချင်တယ်။ အဲဒါ မင်းတို့ ကူညီရမယ်၊ ငါ ပြန်ရတော့မယ့် အချိန်ရောက်ရင် မင်းတို့ ပြောမယ်ဟုတ်ပြီလား"

ဟု ဆိုကာ အခိုးအငွေ့များဖြစ်သွားပြီး နောက်ဆုံးတွင် ခေါင်းမပါသော မြင်းစီးအရုပ်ကလေး ပြန်ဖြစ်သွားသည်ကို တွေ့လိုက်ရပေတော့သည်၊ ထို့နောက်တွင် အိပ်မက်မှ လန့်နိုးသွားပြီး နင်းလှိုင်ကိုနိုးကာ အကျိုးအကြောင်း ပြောလိုက်လေ၏။ ထို့နောက် လင်မယားနှစ်ယောက်သည် မီးအိမ်ထွန်းလိုက်ရာ ညဦးပိုင်းက ဖြစ်သလိုထားခဲ့သော မြင်းစီးအရုပ်ကလေးသည် မည်သို့မည်ပုံမသိ အိပ်ရာခေါင်းရင်းသို့ ရောက်နေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရလေတော့၏။ ထိုအချိန်မှစ၍ မြင်းစီးအရုပ်ကလေးကို ရိုရိုသေသေဖြင့် ခေါင်းရင်းစင်မြင့်တွင် တင်ထားလိုက်လေတော့၏၊ ထို့နောက် ကိုမိုးအောင်တို့၏ စီးပွားရေးသည် ဒီရေအလား တရိပ်ရိပ်ဖြင့် တိုးတက်လာ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရာ လေး၊ ငါးဆယ်နှစ်အတွင်းမှာပင် လယ်ဧကပေါင်းများစွာနှင့် ဥက္ကံမြို့ ပေါ်မှာပင် ကိုမိုးအောင်နှင့် မနှင်းလှိုင်ဆိုသည့် လင်မယားကို လူသာမမြင်ဘူးရင်ရှိမယ်၊ မကြားဖူးတဲ့သူမရှိအောင်ပင် ကြွယ်ဝလာလေတော့၏၊ မြင်းစီးအရုပ်လေး အိပ်မက်ပေး၍ တဘူးမြို့ဟောင်းအတွင်းမှ ရွှေဒင်္ဂါးများ ရခဲ့ဖူးသလို ၎င်း၏ အိပ်မက်ပေးမှုကြောင့် ဓားပြများရန်မှလည်း အကြိမ်ကြိမ်လွတ်ခဲ့ဖူးလေရာ ကိုမိုးအောင်တို့လင်မယားသည် ထိုမြင်းစီးအရုပ်ကလေးကို လွန်စွာမှ တန်ဖိုးထားလေတော့၏၊ ၎င်း၏ ညွှန်ကြားချက်အတိုင်း အလှူဒါနများပြုလုပ်ပေးရာ ကိုမိုးအောင်တို့ လင်မယားသည် ပို၍နာမည်ကြီးလာလေတော့၏၊ ထိုအချိန်တွင် ဖော်ဖော်လတ်လေးပင် အသက်ဆယ့်နှစ်နှစ်ကျော်၍ ဆယ်သုံးနှစ်ပင် စွန်းခဲ့ပြီးနောက် ၎င်း၏အောက်တွင် မြတ်ကိုကို၊ ခင်မိုးအေး သဲသဲဟူသော ညီလေး၊ ညီမလေးများပင် ရနေလေပြီဖြစ်တော့၏၊ ထိုသို့သော အခြေအနေတွင် ကံကြမ္မာရဟတ်သည် ဤသို့ တစ်ချက်လှည့်လိုက်လေတော့၏၊

=❖=

တစ်ခုသော ညတစ်ညတွင် ကိုမိုးအောင်တို့အိမ်သို့ ဓားပြများဝင်တိုက်လေတော့၏၊ ဓားပြခေါင်းဆောင်သည် လောကီပညာ အစီအရင်များကို ကောင်းစွာ တတ်ကျွမ်းသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ အစီအရင်များပြုလုပ်ထားသဖြင့် ကိုမိုးအောင်၏မြင်းစီးအရုပ်သည် အစွမ်းမပြနိုင်သလိုလိုဖြစ်နေလေတော့၏၊

"ဟေ့ - အားလုံး လက်မြှောက်ထား၊ ငါ့ နာမည် ဗိုလ်ရှိန်းထက်တဲ့ မင်းတို့ လင်မယားဆီက ဘာပစ္စည်းမှ မယူဘူး၊ မြင်းစီးအရုပ်လေးပဲယူမယ် အေးအေးဆေးဆေး ထုတ်ပေးစမ်း၊ အောင်မောင်း၊ ဒင်ကြီး၊ ကြိုင်တာ တွေနဲ့ အဖွားကြီးကို သွားခေါ်လာခဲ့ကြဟေ့ - မလှုပ်နဲ့ - မိုးအောင် - ငါ့ လက်ထဲကသေနတ်က အရမ်းမြန်တယ်နော်၊ ငါက အားလုံး အကွက်ချပြီး မင်းအိမ်ကိုကို ဝင်တိုက်တာ၊ ဟား - ဟား - ဟား"

"ကျွန်မတို့မှာရှိတဲ့ ရွှေတွေ၊ ငွေတွေ ယူသွားပါလားရှင်၊ ဒီအရုပ်ကလေးက ဗိုလ်ကြီးတို့နဲ့ ဘာမှလည်း ပတ်သက်မှာမဟုတ်ပါဘူး"

"ဟား - ဟား - ဟား - ရီစရာတွေ လာပြောမနေနဲ့၊ မင်းတို့ ချမ်းသာတာ ဒီအရုပ်ကြောင့်မဟုတ်လား၊ ဒီအရုပ်က တဘူးရတနာသိုက်ကို ဖွင့်မယ့်သော့ တလေးကွ၊ တဘူးသိုက်သာပွင့်ရင် - ဒီနိုင်ငံမှာ ငါ့လောက် ချမ်းသာမယ့်သူ ရှိမှာမဟုတ်ဘူး"

"ခေါင်းရင်းက စင်လေးပေါ်မှာ"

"အဲဒါ ဟန်ပြတင်ထားတာယ်ဆိုတာ ငါသိတယ်၊ အစစ်ကို အမြန်ထုတ်ပေး"

ထိုအချိန်တွင် ဓားပြဗိုလ်သည် တစ်ဖက်သို့လှည့်လိုက်စဉ် ကိုမိုးအောင်သည် ဓားပြဗိုလ်ကို ဝင်လုံးလေတော့၏၊ အခြားဓားပြတစ်ယောက်ကနေ ကိုမိုးအောင်အား နောက်ဘက်မှ ဓားဖြင့်ခုတ်လိုက်ရာ မနှင်းလှိုင်သည် ကိုမိုးအောင်ဟု အော်ခေါ်ပြီး ရင်ဖြင့် ဆီးခံလိုက်လေသည်၊ ထိုအချိန်တွင် မြင်းအတွင်းမှ မြင်းခွာသံများ တဖြောင်းဖြောင်းကြားရပြီး မကြာမီ ရွာသားများရောက်ရှိလာကာ ဓားပြများကို တိုက်ထုတ်သဖြင့် ဓားပြများ ကိုယ်လွတ်ရုန်းထွက်ပြေးကြရလေတော့၏၊ မြင်းစီးအရုပ်ကလေးက ပါမသွားသော်လည်း မနှင်းလှိုင်ကား အသက်မရှိတော့ပေ၊ နှင်းလှိုင်ကား အသက်ပေး၍ အောင်ကို ချစ်သွားလေတော့၏၊

အချိန်ကာလတို့သည် တရွေ့ရွေ့ပြောင်းလဲခဲ့ရာ ဖော်ဖော်လတ်ပင် စုမွန်သောဘ မိန်းကလေးနှင့် အိမ်ထောင်ကျလေတော့၏၊ တစ်ခုသော နေ့လယ် တွင် ကိုမိုးအောင်သည် ကွပ်ပျစ်ပေါ်၌ အိပ်ပျော်နေစဉ် နှင်းလှိုင်ကို မက်လေတော့၏၊ အိပ်မက်ထဲတွင် နှင်းလှိုင်သည် အစ်ကိုနှင့် ပြန်တော့မည်ဟု ပြောပြီး ပျောက်ကွယ် သွားလေတော့၏၊ ထိုအချိန် တွင် မှ လန့်နိုးသွားလေတော့၏၊ ခံတွင်းချဉ်ချဉ်ရှိသဖြင့် ဆေးပြင်းလိပ် ကောက်ဖွာနေစဉ် ဖော်ဖော်လတ်သည် အူးယားဖားယားဖြင့် တာပြီး -



www.burmeseclassic.com

www.burmeseclassic.com

"အဖေ – ကျွန်တော် အဖေဖြစ်ပြီဗျ – လူဖြစ်ပြီဗျ။ ဟား – ဟ – ကလေး အဖေဖြစ်ပြီဗျ။ အဖေလည်း ဖြစ်တော့မယ်။ အခု စုမွန်မှာ ကိုယ်ဝန်ရှိနေပြီတဲ့"

"အေး – ဒါဆို မွေးလာတဲ့ကလေးက မင်းအဖေပဲ"

"ဗျာ"

ထိုသို့နှင့် ချွေးမလေးမွေးသောအခါ ဖော်ဖော်လတ်နည်းတူ စိတ်လှုပ်ရှားရသည်မှာ ကိုမိုးအောင်ပင် ဖြစ်လေသည်။ မကြာခင် မီးနေခန်းထဲမှ အူဝဲ – အူဝဲ ဆိုသော အသံနှင့် –

"မိန်းကလေးတော် – မိန်းကလေး။ ဖြူဖြူဖွေးဖွေးနဲ့ ချစ်စရာလေးတော့ ဗိုက်မှာလည်း အမှတ်ကြီးနဲ့တော်ရေ – လူဝင်စားလေးလားမသိဘူး"

ဟူသော လက်သည်၏အသံကို ကြားလိုက်ရသောအခါမှ သားအဖနှစ်ယောက်စလုံး သက်ပြင်းချနိုင်လေတော့၏။ ထို့နောက် ကလေးမီးထွက်ပြီး နာမည်ပေးသောအခါ –

"ငါ့မြေးက နင်းလှိုင် ပြန်ဝင်စားတာကွ။ ဒါကြောင့် နင်းလှိုင်ဆိုတဲ့ နာမည်တော့ပါရမယ်။ အင်္ဂါနေ့မွေးတာဆိုတော့ ဟော့ကောင် ငဖော် ငါတို့မြေးကို နင်းလှိုင်စိုးလို့ ပေးချင်တယ်ကွ။ မင်းကော ကြိုက်လား"

"အဖေကောင်းမယ် ထင်သလိုလုပ်ပါ။ အဖေ ကောင်းရင် ကောင်းတာပဲ"

"မင်း မိန်းမ – စုမွန်ကောကွ"

"စုမွန်လည်း ကျွန်တော့်သဘောပဲ၊ အဖေ ကြိုက်သလိုသာပေး၊ ဟုတ်လား"

"အေး – ဒါဆို ငါ့မြေးနာမည် နင်းလှိုင်စိုးလို့ ပေးလိုက်ပြီဟေ့"

"နင်းလှိုင်စိုးရေ – နင်းလှိုင်စိုးရေ – ဘိုးဘိုးရဲ့ အချစ်ဆုံးကြီးရေ – ဝါး – ဟား – ဟား – ဟား"

နင်းလှိုင်စိုးလေး ငါးနှစ်သမီးအရွယ်သို့ ရောက်လာသောအခါ ကိုမိုးအောင်အား မြင်းစီးအရုပ်လေးသည် သူ့အား ပြန်ပို့ပေးရန် တောင်းဆိုလေတော့၏။ ကိုမိုးအောင်သည် ထိုအိပ်မက်ကို အလေးမထားပဲ နေမြဲအတိုင်း နေခဲ့လေ၏။ ထိုအခါ မြင်းစီးအရုပ်လေးသည် သုံးကြိမ်သုံးခါ အိပ်မက်ပေးလေတော့၏။ နောက်ဆုံးအခါတွင် သူပြောသည့်ရက်ကို ပြန်မပို့လျှင် သူ့ဘာသာသူ ထွက်သွားမည်ဖြစ်ပြီး ကိုမိုးအောင်အားလည်း ဒဏ်ပေးခဲ့မည်ဖြစ်ကြောင်း အိပ်မက်ပေးခဲ့လေ၏။ ထို့အတွက် ကိုမိုးအောင်သည် မြင်းစီးအရုပ်ကလေးကို ပိုမိုလုံခြုံအောင် သေတ္တာထဲထည့်၍ သော့ခတ်ထားလိုက်လေတော့၏။ တစ်ခုသော နေ့လယ်ခင်းတွင် ကိုမိုးအောင်သည် အိမ်ရှေ့ကွပ်ပျစ်၌ တစ်ရေးတစ်မောအိပ်နေစဉ် အိပ်မက်လိုလို ဘာလိုလိုနှင့် ဤသို့မြင်တွေ့ရလေတော့၏။ နှုတ်ခမ်းမွေး ခပ်ရေးရေးနှင့် နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံကောင်း၍ ဖြူရည်ဝင်းမွတ်သော အသားအရေနှင့် အရုပ်အဆင်းကောင်းသော မင်းညီမင်းသားတစ်ပါးသည် ကိုမိုးအောင်အား –

"ဟေ့ကောင် – မိုးအောင်၊ မင်း ကတိမတည်ဘူး။ ငါ မင်းဆီကို စရောက်တုန်းက ဘာပြောခဲ့လဲ၊ ငါပြန်ရမယ့်အချိန်ရောက်ရင် ပြန်ပို့ပေးပါလို့ ပြောခဲ့တယ်မဟုတ်လား။ အခု မင်းကြောင့် ငါ့မှာ အနှောင့်အယှက်တွေဖြစ်သွားခဲ့ပြီ။ ငါ ပြောခဲ့တာလည်း သုံးကြိမ်ရှိခဲ့ပြီ။ မင်း ပြန်မပို့ပေးခဲ့ဘူး။ ငါ သွားတော့မယ်။ မင်းကိုလည်း ဒဏ်ခတ်ခဲ့ပြီ – မင်းထိုက်နဲ့မင်းကံ – ခံပေတော့"

ဟုဆိုကာ အိမ်ရှေ့သို့ထွက်သွားလေ၏။ အိမ်ရှေ့တွင် ရပ်လိုက်စဉ် သူ့ရှေ့သို့ မြင်းဖြူကြီးတစ်ကောင်သည် ကကြိုးတန်ဆာစုံလင်စွာဖြင့် ရောက်ရှိလာလေ၏။ ထို့နောက် မြင်းပေါ်တက်လိုက်ပြီး အိမ်ဘက်သို့ ခပ်ငေါ့ငေါ့ပြုံးကြည့်ကာ မြင်းကို တအားကုန် ဒုန်းစိုင်းသွားလေတော့၏။

"ခွပ် – ခွပ် – ခွပ် – ခွပ်"

"အဖေ – ထပါဦးဗျ။ အိမ်ရှေ့က မြင်းခွာသံကြားတယ်ဗျ။ ထ – ထ"

ဟူ၍ မြတ်ကိုကို လာနှိုးလာသဖြင့် အိမ်ရှေ့ခြံဝထွက်ကြည့်ကြရာ အိမ်ဝမှ ခြံစည်းရိုး အစပ်အထိ ရှာလမ်းတစ်လျှောက် မြင်းခွာများကို တွေ့ရပြီး ကိုမိုးအောင်၏ ပိုင်နက်နယ်မြေ ကျော်သွားသောအခါ မြင်းခွာရာများ ရုတ်တရက် ပျောက်ဆုံးသွားလေတော့၏။ ထိုအခါ မြင်စီးအရုပ်ကို သော့

www.burmeseclassic.com

ခတ်၍ သိမ်းထားသည်ကို သတိရ၍ အပြေးအလွှား သွားကြည့်လေရာ သေတ္တာမှာ ခြေရာလက်ရာမပျက်ရှိသဖြင့် စိတ်အေးသွားရလေသည်။ ထို့နောက် ကိုမိုးအောင်သည် အိပ်မက်ထဲမှ မင်းသား၏ ခပ်ဝေ့ဝေ့ အပြုံးနှင့် ငါ့ဘာသာငါ သွားတော့မယ်" ဟူသော စကားကို သတိရမိ၍ သေတ္တာကို သော့ဖြင့်ဖွင့်ကြည့်လေရာ မြင်းစီးအရုပ်လေးမှာ လုံးဝမရှိတော့ပေ။ သော့ခတ်၍သိမ်းဆည်းထားသည့်ကြားမှ ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်း ဖြစ်လေတော့၏။

=❖=

"အဲဒါနဲ့ ဘာဆက်ဖြစ်သွားလည်း အမေ၊ ဦးမိုးအောင်တော့ တော်တော်လေး စိတ်မကောင်းဖြစ်သွားမှာပဲနော်"

ဟု ကျောင်းဆရာလေးကိုကျော်ဇင်သည် ပြောလိုက်လေရာ အမေ ဒေါ်အေးလှသည် -

"အစ်ကိုမိုးအောင်လည်း အဲဒီနေ့ကစပြီး စကားအပြောအဆို နည်းသွားတယ်၊ ငူငူငေါင်ငေါင်လည်း ဖြစ်လာတယ်၊ တစ်ရက်လည်းကျရော မြေအိုးတစ်လုံးကိုပိုက်ပြီး ငိုယိုလာတယ်၊ ပါးစပ်ကလည်း သွားပါပြီ - ကုန်ပါပြီ အောင်မလေး လုပ်ရက်လေခြင်းလို့ပြောပြီး လမ်းပေါ်လျှောက်သွားနေတယ်၊ အိုးထဲမှာလည်း မီးသွေးခဲတွေပဲ တွေ့တယ်၊ အဲဒီကစပြီး ရူးသွားတော့တာပါပဲ"

"တချို့ကလည်း ဒီကောင် ရွှေတွေ မင်းရမ်းကားက ပြန်ယူသွားတာလို့လည်း ပြောကြတယ်၊ ဘယ်ဟာအမှန်လည်း ဆိုတာတော့ ကာယကံရှင် မိုးအောင်ပဲ သိလိမ့်မယ်ကွဲ့၊ အဓိကကတော့ လောကဓံတရားကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်မှု မရှိတာပါပဲ၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မင်္ဂလာတစ်ပါးဖြစ်တယ်လို့ဆိုထားတာ မဟုတ်လားကွ"

ဟု အဘိုး ဦးမင်းနောင်သည် ပြောလေ၏။ ထို့နောက် ကွမ်းအစ်ကြီးကို ပိုက်၍ အိမ်ပေါ်ထပ်သို့ ပြန်တက်သွားလေတော့၏။ ထိုသို့ မတက်ခင် -



"မြေး - ကျောင်းဆရာလည်း မှတ်ထားပေ့ - လူ့စိတ်ဆိုတာ သိပ်ခင် တွယ်တတ်ကြတာ၊ မိမိခင်တွယ်ရာ၊ မှီခိုရာ၊ အားကိုးရာတွေ မရှိတော့ဘူး ဆိုရင် စိတ်အားတွေငယ်သွားပြီး ပျက်စီးသွားတတ်ကြတယ်၊ မယ်ပဒုမာတို့လို ပေါ့၊ မိုးအောင်လည်း သူ သိပ်မြတ်နိုးတဲ့ အရုပ်နဲ့ စီးပွားတွေ ယုတ်လျော့သွားတော့ စိတ်ဖောက်ပြန်သွားတာပေါ့၊ ဒါကြောင့် - ကိုယ့်ကိုယ်ကိုယ်သာ အားကိုးပေ့"

ဟု ပြောဆို၍ သွားလေတော့သတည်း။

◆➤◆➤ မောင်လင်းသစ်


**စာမူများ** ပေးပို့လိုပါက

အယ်ဒီတာအဖွဲ့၊
ဂန္ထရလောကမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဘဝခြား သူစိမ်းများ

## နန်းထိုက်စိုး (နိုင်ငံခြားဘာသာသပ်ပွဲ)

"စိန်အောင်လင်း"

သူ - ယမကာ ဖောဝန်မြိုင်တောတန်းလေးထဲရှိ လူတွေ တရုန်းရုန်းကြားထဲမှ ဖြတ်သန်းတိုးဝှေ့ပြီး ပြန်လာခဲ့သည်။

သူ ကုမ္ပဏီအလုပ်ရုံးခန်းထဲက ကမန်းကတန်းလေး လှမ်းထွက်လာတော့ ပတ်ဝန်းကျင် ညနေချမ်းကလေးက မှုန်ရီပိုးတဝါးလေးသာ လင်းတော့၏။ သူ့ကို စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သူ၏ ကော်စမစ်တစ် အလှကုန် လုပ်ငန်းအတွက် ကြော်ငြာတစ်ခုရိုက်ကူးပေးရန် လာရောက်ကမ်းလှမ်း ဆွေးနွေးတိုင်ပင်နေသောကြောင့် ဒီနေ့ညနေ သူအလုပ်မှ နောက်ကျပြီး အိမ်ပြန်ခဲ့ခြင်းဖြစ်သည်။

စိန်အောင်လင်းက ပုဂ္ဂလိက "ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်ရေး" ဌာနတစ်ခု၌ စီးပွားရေးကြော်ငြာရိုက်ကူးထုတ်လုပ်မှု "စီစဉ်ရေးမှူး" တာဝန် ယူထားရသူဖြစ်သည်။ ထိုတာဝန်က ကျယ်လည်းကျယ်ပြန့်ပြီး ခေါင်းလည်း အလွန်စားသည်။



ထိုအလုပ်က စိတ်ကိုနှစ်ထားရသည်။ နေ့စဉ်နှင့်အမျှ သူ့အလုပ်ထဲတွင် လှောင်ပိတ်မွန်းကျပ်နေခဲ့သည်။ သို့သော်လည်း - သူ့ဘဝတစ်လျှောက်လုံး ထိုလုပ်ငန်းထဲ၌ ကျွံဝင်နစ်မြုပ်နေသည်ကိုပင် သူ ပျော်ရွှင်ကျေနပ်နေသည်။ သူ တွယ်တာဂုဏ်ယူနေသည်။

ထို့ကြောင့် သူ နှစ်ပေါင်းများစွာ ပတ်ဝန်းကျင်လောကကြီးနှင့် အဆက် ပြတ်နေသည်ဟု ဆိုရမည်။

သူ လူအုပ်တွေကြားထဲ တိုးဝင်လျှောက်လာခဲ့သည်။

ထိုအချိန်လေးမှာပင် သူ မတော်တဆ ကြုံကြိုက်တိုက်ဆိုင်မှုလေးတစ်ခု နှင့် ဆုံဆည်းခဲ့ရသည်။

မှုန်ဝါးဝါး အနောက်ရထားလမ်းမကြီး၏ ရှည်လျားလှသော ပလက်ဖောင်း လမ်းပေါ်မှ လူအုပ်တွေကြားထဲမှာ ထိုလူကို မြင်တွေ့လိုက်ရခြင်းဖြစ်သည်။

သူ ထိုလူကို မြင်လျှင်မြင်ချင်း အခိုက်တန့်လေးမှာပင် မှတ်မိလိုက် သည်။ ထိုလူနှင့်သူ မတွေ့ခဲ့ကြသည်မှာ နှစ်ပေါင်းအလွန်ကြာလှပြီဖြစ်သည်။ ဆယ်စုနှစ် နှစ်စုကျော်၊ သုံးစုခန့်ရှိပြီဖြစ်သည် ထင်သည်။

ထိုစဉ်အချိန်က အလွန်ရင်းနှီးခင်မင်ခဲ့ရသည့် ဝယ်ပေါင်းကြီးဖော် လူ တစ်ယောက်၏ မျက်နှာတစ်ခုပင်ဖြစ်သည်။ သို့သော် - နှစ်ပေါင်းများစွာ ပြန်လည်မဆုံတွေ့ခဲ့ကြတော့ပဲ ယခုမှ ရုတ်တရက် ဖြုန်းစားကြီး သူ ဖျပ်ခနဲ ပြန်လည်မြင်တွေ့လိုက်ရသည့်အတွက် စိန်အောင်လင်း၏ စိတ်ထဲမှာ ထူးဆန်းအံ့သြသလို ဘာလိုလိုဖြစ်သွားသည်။

နင်းရိုက်ထားသော မှုန်ဝါးဝါး မှန်တစ်ချပ်ထဲမှ ပုံသဏ္ဌာန်တစ်ခုကို လှမ်းမြင်လိုက်ရသည်နှင့် တူနေသည်။

ထိုလူက ရှေ့မှ လူစီးကြောင်းတစ်ခုထဲသို့ ကွေ့ချိုးဝင်သွားလေသည်။ စီထိုင်းထိုင်းနှင့် မီးခိုးတွေလွှင့်အူနေသော စားသောက်ဆိုင်တန်းတွေရှေ့မှ အမှောင်ထုဆည်းဆာထဲ သူတိုးဝင်သွားသည်။ စိန်အောင်လင်း ခြေလှမ်း တွဲလေးနှင့် သူ့နောက်မှ တိုးဝှေ့လိုက်လာသော်လည်း ထိုလူကို သူ မမီ လိုက်တော့ချေ။ တော်တော်လေး အလှမ်းဝေးသွားတော့သည်။

www.burmeseclassic.com

သူ အခတွေးမျှင်တန်းလေး ဖိုသီဖတ်သီနှင့် ဆက်လျှောက်လာရင်း စဉ်းစားလာသည်၊ သူ ဒီလူ့ကို သိတာ သေချာသည်။ ဒီလူကလည်း သူ့ကို သိသည်မှာ စတင်သိကျွမ်းခဲ့ကြသည်။ သူနှင့် ဒီလူ ဘယ်လိုသိကျွမ်းခင်မင်နေခဲ့ကြပြီး ဘယ်အချိန်က စတင်သိကျွမ်းခဲ့ကြသည်ကိုလည်းကောင်း၊ ဒီလူနှင့် သူ ဘယ်လိုဆက်နွယ်ပတ်သက်နေခဲ့သည်ကိုလည်းကောင်း သူ မမှတ်မိတော့ချေ။

သူ ဘယ်သူလည်းဆိုတာ စိန်အောင်လင်း စဉ်းစားမရတော့ချေ။ ယခု သူ့အသက်ပင် လေးဆယ်ကျော်၊ ငါးဆယ်နီးပါး ရှိလာခဲ့ပြီဆိုတော့ အတိတ်က ပန်းချီကားတွေက မှုန်ဝါးပျက်ပြယ်လုနီး ရှိနေတော့သည်။

ထိုလူက သူနှင့်မတိမ်းမယိမ်း သက်တူရွယ်မျှပင်ဖြစ်၏။ ကွာလှလွန်းရင် (၂)နှစ်၊ (၃)နှစ်ပေါ့။ ဒီထက်တော့ မပိုနိုင်။ သို့တစေ - သူ အုံသြနေသည်က ထိုလူက သူ့ထက်ပိုပြီး အိုစာလွန်းနေသည်မှာ ထူးဆန်းနေသည်။ ယင်း အသွင်သဏ္ဍာန်က သူ့ကို အဓိကထိတ်လန့်ချောက်ချားစရာ ဖြစ်ဖနေသည်ဟု သူ ထင်သည်။

ကြည့် - ဒီလူ အသားအရည်က ညစ်ပုပ်ပုပ် ပြာနမ်းနမ်း အရောင်ထွက်နေသည်။ ပြီးတော့ - ဒီလူ မျက်နှာပုံသဏ္ဍာန်ကို မြင်လိုက်ရသည့်အနေအထားက ဘေးတိုက် ပရိုဖိုင်းလ် (Profile) ပုံ၊ မထင်မရှား ဝိုးတဝါး၊ အမြင်အာရုံက သိပ်မသဲမကွဲလှ၊ ပင်လယ်ရေ အနယ်ထနေစဉ် ရေအောက်မှ ငါးတစ်ကောင်ကို ဖျပ်ခနဲလှမ်းမြင်လိုက်ရသည့် ပုံစံမျိုးဖြစ်သည်။

နောက်ပြီး - ဒီလူ့ အင်္ကျီကလည်း ဖလန်နယ်စနှင့် ချုပ်ထားသည့် လေးထောင့်ကွက်အဆင်ရင့်ရင့်၊ ခဲပုပ်ရောင် မှိုင်းညစ်ညစ်နှင့်၊ မီးခိုးရောင် ဘောင်းဘီရှည်ကလည်း အနက်ရောင်ကွမ်းရိုးစင်းကို ပုံပန်းမကျဝတ်ထားသည်၊ အဝတ်အစားတွေက ဒီလူနှင့် အဆမတန်ကြီးမားနေသည့်အတွက် ပွယောင်းနေပြီး ခန္ဓာကိုယ်ပေါ်၌ တွဲလောင်းကြီး ပုံကျနေသည်တလည်း ချောက်ချားစရာကောင်းသည်။



သူ လှမ်းကြည့်လိုက်စဉ် ထိုလူ မီးပွိုင့်မြင်းကျားမှ ဖြတ်ကူးသွားနေပြီဖြစ်သော လူအုပ်ကြီးထဲ၌ တရွေ့ရွေ့လွင့်ပါသွားပြီး သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။ ထိုလူ ဘယ်ရောက်သွားမှန်း သူ အရိပ်အယောင်ပင် မမြင်ရတော့၊ မြူငွေ့တွေထဲမှ တရွေ့ရွေ့လှုပ်ရှားလွင့်ပါသွားကြသည့် လူရိပ်သဏ္ဍာန်တွေကိုသာ သူ မြင်တွေ့လိုက်ရသည်။

သူ ကားမှတ်တိုင်၌ အဆင်သင့်တွေ့လိုက်ရသည့် ဟိုးနီးဘတ်စ်ကားတစ်စီးပေါ် ခုန်တက်လိုက်ပြီး အိမ်ပြန်လာခဲ့လိုက်သည်။ ဘတ်စ်ကားပေါ်တွင် သူ တစ်လမ်းလုံး တခြားဘာအကြောင်းအရာကိုမှ မစဉ်းစားမိတော့ဘဲ ဒီလူ့အကြောင်းသာ တွေးလာခဲ့မိတော့သည်။

ဒီလူဟာ ဘယ်သူလဲ၊ ဒီလူ ဘယ်ကလာခဲ့တာလဲ၊ သူ့ကို ဒီလူက သိနေတယ်ဆိုတာကိုကော သူ ဘာကြောင့် အသေအချာ သိနေရတာလဲ၊

သူနဲ့ ဒီလူတို့ နှစ်ဦးကြားမှာ ထူးခြားမှုတစ်ခုခု ရှိနေတာတော့ သေချာသည်ဟု သူ ထင်သည်၊ ထိုထူးခြားမှုက သူတို့နှစ်ဦးစလုံး၏ စိတ်ဝိညာဉ်ထဲမှာ အတူပူးဝင်စွဲကပ်နေသည့်အရာတစ်ခု ဖြစ်သည်ဟု စိန်အောင်လင်း နားလည်လိုက်သည်၊

သို့သော် - သူ အဖြေရှာမရ၊ ဝိုးတိုးဝါးတားဖြစ်နေသည်၊ သူ ဘတ်စ်ကားပေါ်မှ ဆင်းလာခဲ့ပြီး လမ်းလျှောက်လျက် အိမ်ပြန်လာခဲ့သည်၊ သူ့အိမ်ရှေ့ ရောက်ခါနီး ခြံစည်းရိုးတံခါးပေါက်ဝ၌ ရပ်လိုက်စဉ် ထူးဆန်းစွာ သူ့ရင်ထဲသို့ စိတ်အာရုံကလေးတစ်ခုက လျှပ်စီးလက်သလို ဝင်းခနဲ လက်သွားစေသည်၊

သူ ထိတ်လန့်တကြား တုန်လှုပ်ချောက်ချားသွားကာ သူ့ရင်ဘတ်ထဲသို့ ဓါးတစ်စင်းနှင့် လှမ်းပစ်သွင်းခံလိုက်ရသလို သူ ခံစားလိုက်ရသည်၊

သူ အသက်ရှူပင် မှန်းကြပ်သွားသလို အာခေါင်တစ်ခုလုံး ခြောက်ကပ်လျက် အိမ်ထဲသို့ ဒယိမ်းဒယိုင်နှင့် လှမ်းဝင်ခဲ့သည်၊ သူ ဆိုဖာပေါ် အရှိန်ပြင်းစွာ ထိုင်ချလိုက်သည်၊

ဒီလူ ဘယ်သူလဲဆိုတာ - သူ သိပြီ၊



www.burmeseclassic.com

www.burmeseclassic.com

ထိုညက . . .

စိန်အောင်လင်း ရေမိုးချိုး၊ ထမင်းစားသောက်ပြီး အိပ်ရာဝင်တော့ သူ့ဇနီးကို အမှတ်မထင် သူ့နှုတ်က စကားတစ်ခွန်း လွှတ်ခနဲပွင့်ထွက်သွားသည်ကို ထူးဆန်းစွာ သူ့နားက ပြန်ကြားလိုက်မိရသည်မို့ သူ အံ့ဩနေသည်။ ပြီး - သူ့လေသံကလည်း ထိတ်လန့်ချောက်ချားလျက် တုန်တုန်ရီရီ စိုးစိုးရွံ့ရွံ့ ဖြစ်နေသည်ကို သူ့ဘာသာ သတိထားလိုက်မိသည်။

"ကိုယ် - ဒီနေ့ညနေမှာ ကိုယ့်အစ်ကိုတစ်ဝမ်းကွဲ "တင်ထွန်းစံ"နဲ့ တော်တော်လေးတူတဲ့ လူတစ်ယောက်ကို ထူးထူးဆန်းဆန်း ကိုယ်မြင်တွေ့ခဲ့ရတယ်ကွာ၊ သိလား - ခင်"

"ဘယ်သူ၊ ဟင် - တင်ထွန်းစံ ဟုတ်လား၊ ခင်မှ သူ့ကို မသိတာ"

သူ့ဇနီးက ဇဝေဇဝါနှင့် အံ့အားသင့်နေသလို သူ့ကို ပြန်မေးသည်။

"ဟာကွာ - ကောလိပ်မှာတုန်းက ကိုယ်တို့နှစ်ယောက် အတူတက်ခဲ့ကြပြီး ကားအက်ဆီးဒင့်ဖြစ်ပြီး သေဆုံးသွားခဲ့တဲ့ တင်ထွန်းစံလေကွာ၊ ခင့်ကို ကိုယ်ပြောပြခဲ့ဖူးတယ်လေ"

"ဟုတ်လား၊ ခင် - မမှတ်မိတော့ဘူး"

သူ့ဇနီးက မျက်မှောင်လေး မသိမသာကျုံ့ပြီးနောက် သူ့ကို လှည့်ပြောလိုက်သည်။ သူမ ပုံစံကလည်း သိပ်စိတ်ဝင်တစား မရှိလှချေ။ စိတ်မရှည်ဟန် ပေါ်လွင်နေသည်။ ပြီးနောက် သူမ အပြုံးကလည်း ခြောက်သွေ့နေတာမို့တည့်တည့် ဖြစ်နေသည်ဟု သူ ထင်သည်။

"အို - မင်း စိတ်ထဲ ပြန်မြင်ယောင်ကြည့်လိုက်ကွာ"

"ရှင် - ရူးနေလား၊ ခင်မှ သူ့ကို မမြင်ဘူးတဲ့ ဥစ္စာ၊ ဘယ်လို မြင်ယောင်ကြည့်လို့ရမှာလဲ၊ နေပါဦး - သူ သေခဲ့တာပဲ ကြာလှပြီမဟုတ်လား၊ အဲဒါ - ဘာဖြစ်လို့ ရှင်က ဒီလောက်တောင် ထိတ်ထိတ်ပျာပျာနဲ့ ထိတ်လန့်ချောက်ချားဖြစ်နေရတာလဲဟင်၊ ဟင်း - ယောကျ်ား မဟုတ်သလိုဘဲ"

စိန်အောင်လင်း သူ့ဘာသာသူ သည်းထိတ်ရင်ဖိ ချောက်ချားနှင့် သူ့ကိုယ်[illegible] မလုံမလဲဖြစ်လာသည်။ သူ ပြန်စဉ်းစားပြီး ချွေးပြန်ချင်လာသည်။ သူ့[illegible]



ခန်သံက ပိုပြင်းလာသည်ဟုထင်သည်။ ချောင်ပိတ်မိနေသည့် တိရစ္ဆာန်တစ်ကောင်လို သူ သွေးရူးသွေးတန်း ဖြစ်နေသည်။

"မင်းက - ကိုယ့်ကို ဘာဆိုလိုချင်တာလဲ"

"သိဘူးလေ - ကိုယ်ဖြစ်နေတာ ကိုယ်ပဲ သိမှာပေါ့၊ ခင်က ဘယ်လိုလုပ်သိမှာလဲ၊ အဟင်း - ဟင်း -"

သူမက သူ့ကို ရွှံ့တည့်တည့် ပြန်ပြောရင်း လူရွှင်တော်ပြက်လုံးတစ်ခုကို ကြားလိုက်ရသလို ပြောင်ချော်ချော်လေး ရယ်မောလိုက်လေသည်။

သူ ဘာမှ ပြန်မပြောတော့ဘဲ ကယောင်ချောက်ချား စိတ်ပျက်စွာဖြင့် အိပ်ရာပေါ် လှဲချလိုက်ပါတော့သည်။ သူ နဖူးပေါ်လက်တင်ရင်း တင်ထွန်းစံအကြောင်းကို မစဉ်းစားမိအောင် အတင်းကြိုးစားလျက် သူ့မျက်စိတွေကို ဖွတ်မိုတ်ထားလိုက်ပါသည်။

တင်ထွန်းစံကို သူ မမြင်တွေ့ခဲ့ရသည်မှာ စင်စစ်နှစ်ပေါင်း နှစ်ဆယ်ကျော်ရှိခဲ့ပြီဖြစ်ပါသည်။

သူ ကျောင်းပြီး၍ ဒီဂရီရပြီး အလုပ်ထဲဝင်ကာ အိမ်ထောင်ကျခဲ့သည်မှ ယနေ့ထိဖြစ်သည်။

သူ နောက်ဆုံး သူ့အစ်ကိုဝမ်းကွဲ တင်ထွန်းစံကို မြင်တွေ့ခဲ့ရသည်ကတော့ - ရှမ်းပြည်နယ် မြောက်ပိုင်း "သီပေါမြို့" ကလေးရှိ အသုဘအိမ်တစ်အိမ်မှ အဖုံးဖွင့်ထားသည့် အခေါင်းတလား တစ်လုံးထဲ၌ ဖြစ်သည်။

=❖=

ယင်း မတော်တဆ ကြုံကြိုက်မှုလေးကို သိပ်မကြာခင် အချိန်ကလေးအတွင်း စိန်အောင်လင်း မေ့ပျောက်သွားလေတော့သည်။ သို့သော် - သိပ်မကြာလိုက်ပါ။

မှန်ပါသည်၊ နောက်ရက်သတ္တပတ် သုံးပတ်ကျော်ကျော်လောက်၌ [illegible]န် သူ ဒုတိယအကြိမ် ကြုံကြိုက်မှု အဖြစ်အပျက်လေးတစ်ခုနှင့် [illegible]စွာ တွေ့ဆုံရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ကြိမ်တော့ သူ အရင်ကတစ်ခါဖူးမျှ မရောက်ခဲ့ဘူးသေးသော စူပါမတ်ကက် ကုန်တိုက်ကြီးတစ်ခုတွင် ဖုန်းဆော့ကစ် (Circuit) တစ်ခုဝင်ဝယ်ပြီး ငွေသွင်းကောင်တာတွင် တန်းစီနေစဉ် မမျှော်လင့်ဘဲ သူမကို တွေ့လိုက်ရခြင်းဖြစ်သည်။

သူ – ကုန်တိုက်ထဲ တန်းစီရပ်စောင့်နေခိုက် သူ့ရှေ့ခပ်လှမ်းလှမ်းမှ အမျိုးသမီးတွေထဲ၌ ထို"အဘွားကြီး"ကို စိန်အောင်လင်း တွေ့ရှိလိုက်ရခြင်းဖြစ်သည်။ သူ့ရှေ့မှ အမျိုးသမီးနှစ်ဦးကြားတွင် ဆံပင်တွေတစ်ခေါင်းလုံး ဖြူဖွေးနေသည့် အသက်အရွယ်အိုမင်းလွန်းသော ထိုအဘွားကြီးကို သူ ဘွားခနဲ သတိထားမြင်လိုက်မိသည်။

ထိုအဘွားကြီးသည်လည်း သူ ရင်းရင်းနှီးနှီးကို ခင်မင်ခဲ့ဖူးသည့် မိန်းမကြီးတစ်ဦးပင် ဖြစ်နိုင်သည်။ ဟိုးအရင် နှစ်ပရိစ္ဆေဒ မြောက်မြားစွာကပင် သိကျွမ်းရင်းနှီးခဲ့ဖူးသော မိန်းမကြီးတစ်ဦးသာ ဖြစ်ရမည်။ သူ မသဲမကွဲ မရေမရာနှင့် ပြန်စဉ်းစားလိုက်မိသည်။ နှစ်ပေါင်းများစွာကြာပြီဆိုတော့ အဘွားကြီး ရုပ်ရည်ကို သူ့စိတ်အာရုံထဲက သိပ်မဖမ်းမိတော့ချေ။

ထိုအဘွားကြီး၏ တစ်ကိုယ်လုံးမှာ အကြောတွေက ညောင်မြစ်တွေလို အပြိုင်းပြိုင်းထနေသည်က သူ့ကိုညှို့ယူဖမ်းစားထားသလို၊ သူ ငေးစိုက်ကြည့်နေမိသည်။ ထိုမိန်းမအိုကြီး၏ အရေပြားတွေကလည်း ထူးဆန်းစွာ ဖြူဖွေးတွန့်လိမ်ပြီး နူးညံ့ပျော့ဖပ်နေကာ အသားတွင် ကပ်ထားသည်နှင့်တူသည်။ ကြည့်ရတာ အသည်းယားဖို့ ကောင်းသည်။

သူမ၏ မျက်လုံးတွေက သေးငယ်ကျဉ်းစုပြီး ခွက်ဝင်နေကာ မျက်ဆံနှစ်ခုက အရောင်တလက်လက်တောက်ပနေသဖြင့် ထိတ်လန့်စရာပင်ကောင်းနေသည်။ အဘွားကြီး၏ လက်နှစ်ချောင်းက အဆစ်တွေငေါ်ထွက်နေလျက် အရိုးတွေချိတ်ဆက်ထားသလို အံ့ဩစရာမြင်ရသည်။ သို့ရာတွင် သူမ၏လက်ချောင်းများတွင် နှစ်ဖက်စလုံး ရွှေလက်စွပ်တွေ တန်းစီဝတ်ထားရာ တစ်မျိုးတော့ ကြည့်ကောင်းနေသည်။



အဘွားကြီး၏ပုံစံက အတော်ကလေး စိတ်ရှုပ်ထွေးပြီး စိတ်လှုပ်ရှားနေပုံရ၏။ သူမ၏ အသွင်သဏ္ဍာန်ကလည်း နည်းနည်းတော့ စိတ်ကယောက်ကယက်ဖြစ်နေဟန်တူပါသည်။ ဒီအဘွားကြီး၏ အသက်ကို ခန့်မှန်းရလျှင် အနည်းဆုံး သူမသည် အသက် (၈၅) နှစ်နှင့် (၉၀) ကြားထဲ ရှိနိုင်သည်ဟု သူ ထင်သည်။ အဘွားကြီး အသွင်အပြင်က အလျင်စလို ပျာယီးပျာယာဖြစ်နေသည်။

အဘွားကြီး၏ပါးစပ်မှ ဘာတွေမှန်းတော့မသိ၊ ဗျစ်တောက် ဗျစ်တောက်နှင့် တိုးတိုးဖွဖွ ရေရွတ်နေတာ စိန်အောင်လင်း သတိထားမိသည်။ သူမ တစ်ခုခုကို မကျေမနပ်ဖြစ်နေတာ ဖြစ်နိုင်သည်။ သို့တစေ – သူမ အသွင်က ပန်းပွင့်တွေကြားမှ လိပ်ပြာတစ်ကောင် တောင်ပံခတ်လျက် ပန်းဝတ်ရည်ကို စုပ်ယူရန် ကြိုးစားပျံသန်းရင်း စိတ်အားထက်သန်စွာ မြူးလွင့်နိုး ကြားနေဟန် မြင်တွေ့နေရသည်။

ထိုစဉ် – ဖျပ်ခနဲ စိန်အောင်လင်း၏ အချွတ္တအတွင်းစိတ်အာရုံထဲမှ သိစိတ်အာရုံတစ်ခု၊ လွင့်ခနဲ ပျံထွက်လာသည်။ တခြားမဟုတ်ပါ။ သူ – ဒီအဘွားကြီးကို သေသေချာချာကြီးကို သိသည်။ အစစ်ပဲ သူ ဒီအဘွားကြီးကို မှတ်မိပြီ။ ဒီအမျိုးသမီးကြီးသည် သူငယ်ငယ်တုန်းက "သထုံမြို့"ရှိ "အောဘီအမ်" အလယ်တန်းကျောင်းမှ အင်္ဂလိပ်စာဆရာမ တီချာမစ္စရေစ္စတိမိုး ဖြစ်၏။ သူမ၏တပည့်တွေအားလုံးက သူမကို ချစ်စနိုးနှင့် တီချာမိုးဟု ခေါ်ကြသည်။

တီချာမိုး ငယ်စဉ်ကျောင်းဆရာမဘဝတုန်းက အလွန်ပင်ချောလှသည်။ တမ္ဘာကျော် ဟောလီးဝုဒ် ရုပ်ရှင်မင်းသမီးချော "မာရီလင်မွန်ရိုး" နှင့် အလွန်တူသည်။


ယခုတော့ သူမကို ပြန်မတွေ့ခဲ့ရသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ အလွန့်အလွန် ကြာလှပြီ။ နှစ်ပေါင်းမည်မျှ ရှိခဲ့သည်ကိုပင် ကြား သူ မစဉ်းစားချင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

တီချာမိုးကို ကြည့်ရသည်မှာ သူမသည် အသက်အလွန်အိုမင်းနေပြီ ဖြစ်သော်လည်း သူမဘာသာသူမ လှုပ်ရှားသွားလာနေနိုင်သေးသည်ဟု ထင်သည်၊ တီချာမိုးသည် အပျိုကြီးဖြစ်သဖြင့် သူမတွင် အားထားရမည့် သားထောက်သမီးခံ အရင်းအချာလည်း မရှိချေ။

အဘွားကြီး ခရစ္စတီမိုးသည် မြွေရေခွံဈေးသုံးအိတ်ကြီးတစ်လုံးကို ပခုံးတွင် လွယ်ထား၏၊ သူမ၏ ခြေရင်းမှာလည်း အခြားပလတ်စတစ်ငွေ



"ယင်း အခိုက်အတန့်လေးတွင် စိန်အောင်လင်း စိတ်ထဲ၌ ထူးဆန်းစွာအသိစိတ် မှုန်မှုန်လေးတစ်ခုက ဖျပ်ခနဲ လက်တောက်သွားလေတော့၏။ ထို အသိစိတ် ကလေးက ထိုအဘွားကြီး မစ္စခရစ္စတီမိုးကား ၁၉၆၄–ခုနှစ်က ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်"



ရောင်အိတ်တစ်လုံးကို နံဘေး၌ ချထားသေးသည်၊ သူမက အိတ်ကြီးထဲမှ သူမ၏ ပိုက်ဆံအိတ်ကို ရှာဖွေနေဟန်တူသည်၊ ဟိုနှိုက်သည်နှိုက်နှင့် လှန်လှောရှာဖွေနေသည်၊ အိတ်တစ်ခုလုံး မွှေယောင်းကုန်သည်၊ သို့သော် – သူမ၏ ပိုက်ဆံအိတ်ကို ပြန်တွေ့ပုံမရသေးချေ။

အဘွားကြီး ရှေ့မှ လူတွေ တစ်ဦးပြီးတစ်ဦး ငွေရှင်းပေးပြီး ကောင်တာမှ ထွက်ခွာသွားကုန်ကြပြီ၊ အဘွားကြီးနောက်မှ အမျိုးသမီးကြီးကလည်း စိတ်မရှည်ချင်တော့ချေ၊ အဘွားကြီးအလှည့် ရောက်လာသည်၊ အဘွားကြီး ကတော့ သူ့ပိုက်ဆံအိတ်ကို ရှာနေတုန်းဖြစ်သည်။

စိန်အောင်လင်းက အဘွားကြီး၏ ဒုက္ခဖြစ်နေပုံကိုကြည့်ပြီး စိတ်မချမ်းမသာဖြစ်သွားသည်၊ သူ့စိတ်ထဲက အဘွားကြီးကို ကရုဏာသက်သွားသည်။

သူက အဘွားကြီး၏ လတ်တလောပြဿနာကို အတတ်နိုင်ဆုံး ကူညီရန်ဆုံးဖြတ်လိုက်၏။

"တီချာ – တီချာ့အတွက် ဈေးဖိုးကို ကျွန်တော် ပေးလိုက်ပါ့မယ်"

စိန်အောင်လင်း နှုတ်ဖျားမှ ကရုဏာမိုးပွင့်လေးတွေ ချက်ချင်းပွင့်ထွက်သွားသည်၊

အဘွားကြီးက သူ့ကို ဖျပ်ခနဲ လှည့်ပြီး မော့ကြည့်သည်၊ သူမ၏ မျက်ဝန်းသက်လက်လေးတွေထဲ၌ အံ့ဩကျေးဇူးတင်သည့် အရောင်ကလေးတွေ သက်ဖြာသွားသည်၊သို့သော်လည်း – သူမ၏ နှုတ်ခမ်းပေါ်တွင်မူ မာနနှင့် ထိတိုနေမှုလေးတွေ ရှက်သမ်းနေသည်ကို သူ မြင်နေရသည်၊

စိန်အောင်လင်းက အဘွားကြီးအတွက် ဈေးဖိုးကျသင့်ငွေကို ကောင်တာစာရေးမလေးအား စိုက်ရှင်းထုတ်ပေးလိုက်သည်၊ အဘွားကြီးက သူ့မြွေရေခွံအိတ်ကြီးထဲ ရှာဖွေလှန်လှောနေရင်း ထရပ်လိုက်ပြီး သူ့ကို မော့ကြည့်ရှာ၏ အသံသေးသေးစူးရှရှလေးနှင့် မေးသည်၊

"ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါနဲ့ – နေပါဦး မင်းက ဘယ်သူလဲဆိုတာကို ငါ သိလားဟင်"

www.burmeseclassic.com

အဘွားကြီး၏ အသံက စိတ်ကသိကအောက်ဖြစ်နေသည့်ဟန်၊ သူ့ကို နားမလည်ဟန်နှင့် ဇဝေဇဝါဖြစ်နေပုံရသည်။

"ကျွန်တော် သထုံက ဒန်ယေလပါ - တီချာ"

စိန်အောင်လင်းက သူ့ကျောင်းနာမည်ကို အဘွားကြီးအား ထုတ်ပြောလိုက်သည်။

အဘွားကြီး ခရစ္စတီမိုး အံ့အားသင့်သွားသည်။ သူမ၏ မျက်နှာတစ်ခုလုံးက ချက်ချင်းငွေရောင်တွေ ရွှန်းလက်သွားသည်။

"အော် - ဒါကြောင့်ကိုး၊ အေး - ဒါပေမဲ့ - နောက်တစ်ကြိမ် မင်းနဲ့ပြန်တွေ့ဆုံကြရဦးမယ်ဆိုရင်တော့ မင်း ပိုက်ဆံကို ငါပြန်ပေးပါ့မယ်၊ ငါ - သူများပေးစာကမ်းစာ စားရလောက်အောင်လည်း မအိုသေးပါဘူးကွဲ့၊ ကျေးဇူးပါပဲ၊ ကဲ - သွားမယ် ဒန်ယေလရေ"

"ဟုတ်ကဲ့ - တီချာ"

အဘွားကြီးက သူ့ကို နှုတ်ဆက်ပြီး သူ့နံဘေးမှ ငွေရောင်အိတ်ကြီးကို ကောက်ယူလိုက်ကာ ကောင်တာမှ လှမ်းထွက်သွားပြီး စူပါမတ်ကပ်ထဲမှ လူအုပ်ကြီးထဲ တိုးဝင်ဖြတ်ကျော်၍ လျှောက်ထွက်သွားလေတော့သည်။

စိန်အောင်လင်းက နောက်မှ ငွေရောင်ဆံပင်တွေနှင့် အဘွားကြီးကို လှမ်းကြည့်နေသည်။ ထို့နောက် အဘွားကြီးက မီးရောင်တွေအောက်၌ လူအုပ်တွေကြားထဲတွင် တရွေ့ရွေ့မှုန်ဝါးပြီး ပျောက်ကွယ်သွားတော့၏။

ယင်း အခိုက်အတန့်လေးတွင် စိန်အောင်လင်း စိတ်ထဲ၌ ထူးဆန်းသော အသိစိတ် မှုန်မှုန်လေးတစ်ခုက ဖျပ်ခနဲ လက်တောက်သွားလေတော့၏။

ထို အသိစိတ်ကလေးက ထိုအဘွားကြီး မစ္စခရစ္စတီမိုး ကား ၁၉၆၄-ခုနှစ်က ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။

စိန်အောင်လင်း ရုတ်တရက် ကျောထဲမှာ စိမ့်ခနဲချမ်းသွားပြီး တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေထသွားကာ ချောက်ချားထိတ်လန့်သွားလေတော့၏။

=❖=



စိန်အောင်လင်း ဒီတစ်ကြိမ်မှာတော့ သူ - သူ့ဇနီးကို ထုတ်ဖော်၍ ဖွင့်မပြောတော့ပါ။

သူ့ဇနီးက သူ့ကို ပြောင်ချော်ချော် ငေါ်တော့တော့နှင့် ပြန်ရယ်မောပြလိုက်မည့် လှောင်ရယ်သံတွေကို သူ မကြားချင်သောကြောင့် ဖြစ်သည်။

သည့်နောက်ပိုင်းမှာတော့ သူ ထိုလူတွေကို ခပ်စိပ်စိပ် တစ်ပတ်ခြားနှစ်ပတ်ခြား ဆိုသလို ဟိုနေရာမှာ ရိပ်ခနဲ၊ ဒီနေရာမှာ ရိပ်ခနဲ မြင်တွေ့ရများလာခဲ့သည်။ သူကိုယ်တိုင်လည်း ထိုအမြင်အာရုံတွေနှင့် ပတ်သက်ပြီး ထူးဆန်းနေသည်ဟုထင်သည်။ သို့မှမဟုတ် - သူ့ကိုယ်သူ စိတ်ရောဂါတစ်ခုခု သို့မဟုတ် စိတ်ကယောင်ချောက်ချားဖြစ်နေသူ (Psychopath) တစ်ဦးများ ဖြစ်နေပြီလားဟု စိုးထိတ်နေမိသည်။

မည်သို့ဆိုစေ - သူကတော့ သူ့စိတ်ထဲမှနေပြီး ထိုသူတွေကို "ဘဝခြားသူစိမ်းများ" ဟု သူ့စိတ်ကူးနှင့်သူ အမည်ပေးထားခဲ့သည်။

ထိုသူတွေကို သူ လမ်းပေါ်မှ လူအုပ်ကြားတွေထဲမှာ သူ အလုပ်လုပ်နေသည့်ဌာနမှ စားသောက်ခန်းနှင့် သန့်စင်ခန်းများ၊ အခြားသော ရုံးများနှင့် ကုမ္ပဏီများ၏ ဓာတ်လှေကားများပေါ်မှာ၊ ရှော့ပင်စင်တာများ၊ ဈေးများထဲမှာ၊ ဘုရားရှိခိုးကျောင်းတွေထဲမှာ သူ မကြာခဏ ဆုံတွေ့နေခဲ့သည်။

ထိုသို့ သူ မတော်တဆ ကြုံကြိုက်တွေ့ဆုံမှုတွေထဲကမှ သူ့အတွက် မမေ့နိုင်စရာ အဖြစ်အပျက်လေးတစ်ခုက သူ့ရင်ထဲမှာ စွဲပြီကျန်ရစ်ခဲ့သည်။

တစ်နေ့လယ်ခင်း လူစည်ကားသည့်မြို့ထဲမှ ပန်းပဲတန်းရှိ "Sensitive" အမည်ရ ကန်းထရီစားသောက်ဆိုင်ကလေးထဲတွင် ဖြစ်သည်။ သူက ဆေးကြော်ငြာတစ်ခုအတွက် ရုပ်မြင်သံကြား ရိုက်ကူးရန် ဇာတ်ညွှန်းတိုလေး စီစဉ်ရေးဆွဲပြီးနောက် နေ့လယ်စာ တစ်ခုခုစားရန် ဤဆိုင်လေးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

စိန်အောင်လင်းက မီးလုံးပြာပြာလေး လင်းနေသည့် လှုရှင်းသေသေထောင့်ကျကျ စားပွဲတစ်လုံး၌ ဝင်ထိုင်ပြီး စားပွဲထိုးလေးကို "ပသျှူးသီးမင်းခြောက်" တစ်ပွဲနှင့် လီမွှော်ရည်တစ်လုံး မှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မကြာမီ အစားအသောက်များ ရောက်လာသည်၊ သူက ထမင်းကြော်ပူပူနွေးနွေးလေးကို ငုံ့စားနေရင်း လိမ္မော်ရည်ကို တစ်ငုံမော့သောက်ပြီးနေရာမှာ ပြန်ချထားလိုက်သည်၊ စိန်အောင်လင်း၏ ပန်းကန်တစ်ဝက်ခန့် ကျိုးသွားချိန်တွင် သူ့ရှေ့သို့ လူတစ်ဦးရောက်လာသည်၊

"ကျွန်တော် ဒီမှာ ထိုင်လို့ရမလား - မိတ်ဆွေ"

ထိုလူက သူ့ကို ယဉ်ကျေးစွာ ခွင့်တောင်းလာသည်၊

စိန်အောင်လင်း သူ့ဘယ်လက်က ခက်ရင်းကိုပန်းကန်ပေါ်ဖြည်းညင်းစွာချလိုက်ကာ ထိုပုဂ္ဂိုလ်ကို ဖျပ်ခနဲမော့ကြည့်လျက် ခေါင်းညိတ်ရင်း ပြန်ပြောလိုက်သည်၊

"အြော် - ထိုင်ပါဗျာ - ထိုင်ပါ၊ ကိစ္စမရှိပါဘူး"

"ဟုတ်ကဲ့ - ကျေးဇူးပါပဲ"

ထိုလူက ပြန်ပြောပြီး ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်၊

စံပယ်နံ့ သင်းသင်း၊ ကိုယ်လိမ်းပေါင်ဒါနံ့ သင်းသင်းလေးက စိန်အောင်လင်း ရင်ဘတ်ထဲကို တိုးဝင်သွားသည်၊

စိန်အောင်လင်း သူ့ထမင်းကြော်ကိုပြန်၍ ဆက်စားနေသည်၊ သူ့စိတ်ထဲက ဒီပေါင်ဒါနံ့မျိုး အရင်က ဘယ်သူ့ဆီကမှန်းမသိ ရဖူးသည်ဟု ထင်သည်၊

"စိတ်မရှိပါနဲ့ဗျာ၊ ဟို - မိတ်ဆွေက သထုံကလား"

ထိုလူ့အသံက သူ့ကိုပုတ်နှိုးလိုက်သည်၊ ဖျပ်ခနဲ သူ အလန့်တကြားလေးမော့ကြည့်မိလိုက်သည်၊

"ဟုတ်ပါတယ် - ဘာဖြစ်လို့လဲ"

စိတ်လှုပ်ရှား အံ့ဩစွာ သူ ကမန်းကတမ်းလေး ပြန်ဖြေဖြစ်သွားသည်၊

"အြော် - ကျွန်တော့်ရဲ့ သူငယ်ချင်း အေဘီအမ် ကျောင်းတုန်းကဒန်ယေလများ ဖြစ်နေမလားလို့ပါ"

သူ့နှလုံးသားထဲမှာ မြားတစ်စင်း စိုက်ဝင်သွားသလို ခံစားလိုက်သည်၊



ဒန်ယေလ - ဟုတ်လား၊ ဟာ - အဲဒါ ကျုပ်ရဲ့ကျောင်းနာမည်ပဲ၊ ဟုတ်တယ် - ဒါဆို ခင်ဗျားကကော ဘယ်သူလဲ"

"ကျွန်တော်က - အာဖြဟံ - မြသွေးဟန်ပါ"

"ဟာ - အာဖြဟံ သူငယ်ချင်း"

စိန်အောင်လင်း အံ့ဘနန်းနှင့် အော်ဟစ်လိုက်ပြီး နေရာမှ ထခုန်ရပ်လိုက်သည်၊ တစ်ဆက်တည်း သူ ထိုလူ၏ပခုံးနှစ်ဖက်ကို ဝမ်းသာအားရနှင့်ဆွဲညစ်လှုပ်ခါယမ်းလိုက်သည်၊

ဆိုင်ထဲက လူတွေက သူ့ကို အထူးအဆန်းနှင့် သမင်လည်ပြန် ခေါင်းထောင်ကြည့်နေကြသည်၊ အချို့က သူ့ကို လှမ်းကြည့်ပြီး ပြုံးနေကြသည်၊

ဘသားချော စိန်အောင်လင်းက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ သူ့သူငယ်ချင်းဆိုသည့် ပုဂ္ဂိုလ်ကိုသာ သေချာပြန်စိုက်ကြည့်လိုက်သည်၊ ယခုမှ သူသတိထားမိသွားသည်၊ မြသွေးဟန်က အစိမ်းရောင်အင်္ကျီလက်ရှည်နှင့်ဘောင်းဘီဆိုးကွက်ကို ဝတ်ထားသော်လည်း မြသွေးဟန်မျက်နှာက မည်းပြာပြာဖြစ်နေကာ မျက်နှာပေါ်တွင် မီးလောင်ထားသည့် ဒဏ်ရာတွေကို ဖြူအကွက်တွေ ထင်နေသည်၊ ထို့ကြောင့် သူ ရုတ်တရက် မမှတ်မိခြင်းဘဲဖြစ်သည်၊

မြသွေးဟန်က အရင်က လူချောလူဖြောင့်တစ်ဦးဖြစ်ပြီး မော်လမြိုင်ကောလိပ်မှ လက်ရွေးစင်ဘောလုံးသမားတစ်ဦးဖြစ်သည်၊ ထိုအချိန်မှစပြီးနှစ်ဦး ကွဲကွာသွားခဲ့ကြသည်၊ သူက ထိုနှစ်မှာပင် ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့သည်၊

သူ ပြန်ထိုင်ချလိုက်ပြီး မြသွေးဟန်ကို ဆွေးဆွေးမြည့်မြည့်လေး စိုက်ကြည့်နေသည်၊ မြသွေးဟန်က တောင့်တောင့်လေးထိုင်နေလျက် ကော်ဖီကို စေ့သောက်နေရင်း ပြုံးမွှေ့မွှေ့သူ့ကို ပြန်ကြည့်နေသည်၊

ပြီးနောက် - သူတို့နှစ်ဦး ရှေးဟောင်းနှောင်းဖြစ်လေးတွေ တိုးတိုးပြောရင်း ညင်ညင်သာသာ ခပ်အုံ့အုံ့လေး ရယ်မောနေမိကြသည်၊

www.burmeseclassic.com

စိန်အောင်လင်း စိတ်ထဲကလည်း သူတို့နှစ်ဦး အလယ်တန်းကျောင်းသားဘဝက ညနေကျောင်းဆင်းလျှင် မြို့မကွင်းထဲ၌ ဘောလုံးအတူကန်ခဲ့ကြသည့်များ၊ ကျောင်းလစ်ပြီး နှစ်ဦးသား ကြယ်တာရာရုံတွင် ကျော်ဆွေ၏ သည်ဆောင်းပေဟမာန် ရုပ်ရှင်ကားကို ခိုးကြည့်ကြ၍ နောက်တစ်နေ့ ကျောင်းအုပ်ဆရာမကြီး၏အရိုက်ခံခဲ့ရသည်များ၊ စနေ - တနင်္ဂနွေကျောင်းပိတ်ရက်တွင် သူငယ်ချင်းနှစ်ယောက် ဟမ်းဘား စက်ဘီးကိုယ်စီနင်းပြီး မြသပိတ်တောင်ခြေရှိ "ဂျူးဂျူးကျ" ရေတံခွန်တွင် ရေကူးကြကာ လေသေနတ်တစ်ယောက်တစ်လက်နှင့် ဒူးဝင်းခြုံတွေထဲမှာ ငှက်လျှောက်ပစ်ခဲ့ကြပုံများတို့ကို မျက်စိထဲ တရေးရေး မြင်ယောင်လာသည်။

"ကဲ - သူငယ်ချင်းဒန်ယေလ၊ ကျေးဇူးပဲကွာ - ငါလည်း သွားစရာရှိသေးတယ်၊ သွားတော့မယ်ကွာ - နောက်မှ ပြန်တွေ့ကြတာပေါ့"

စိန်အောင်လင်းက မြသွေးဟန်အသံကြားမှ အသက်ပြန်ဝင်လာသည်။ သူ့ရင်ထဲက အတွေးစတွေ ရပ်တန့်သွားသည်။

"အိုကေ - သူငယ်ချင်း၊ အေးအေးဆေးဆေး ပြန်ဆုံကြမယ် အာဖြဟံ၊ အော် - ရော့၊ ဒါ - ငါ့ရုံးလိပ်စာကတ်၊ မင်းနောက် မြို့ထဲရောက်ရင် ဝင်လာခဲ့၊ ဒါမှမဟုတ်လည်း ဖုန်းဆက်လိုက်ကွာ၊ မင်းက အခု ဘယ်မှာလဲ၊ နယ်မှာလား"

"ငါလား - အဝေးကြီးပဲ၊ တောင်နှစ်တောင်ကြားက ဂူကြီးထဲမှာ"

သူ ပြုံးရင်း သူ့လိပ်စာကတ်ကလေးကို မြသွေးဟန် ရှေ့စားပွဲပေါ် ချပေးလိုက်သည်။ နောက် သူငယ်ချင်းနှစ်ဦး လက်ဆွဲနှုတ်ဆက်လိုက်ကြပြီးနောက် မြသွေးဟန်က ဆွေးရိပ်ဝေသည့်အသွင် ဖြည်းဖြည်းလှည့်ပြီး ဆိုင်ထဲမှ လေအလျင်လို ဝဲလွင့်လျှောက်ထွက်သွားတော့၏။

စိန်အောင်လင်း သူ့ခါးတွင် ထိုးထားသော ပိုက်ဆံသားရေအိတ်ကို ဆွဲထုတ်လိုက်ပြီး စားပွဲထိုးလေးကို လှမ်းခေါ်လိုက်သည်။

"တို့ - ဘယ်လောက်ကျလဲကွ၊ ငါက ထမင်းကြော်တစ်ပွဲနဲ့ လိမ္မော်ရည်တစ်လုံး၊ နောက် - ကော်ဖီတစ်ခွက်ကွာ"



"အန်ကယ်က ထမင်းကြော်တစ်ပွဲနဲ့ လိမ္မော်ရည်တစ်လုံးပဲလေ၊ ထောင့်ခြောက်ရာနဲ့ သုံးရာဆိုတော့ ထောင့်ကိုးရာပေါ့၊ ဒါပဲလေ - ကော်ဖီက အန်ကယ်မှ မသောက်တာ"

စားပွဲထိုးလေး၏ စကားကြောင့် သူ ဇဝေဇဝါဖြစ်သွားသည်၊ ဆတ်ခနဲ သူ မြသွေးဟန် ထိုင်သွားသော စားပွဲစွန်းဆီ လှမ်းကြည့်လိုက်သည်။

"ဟိုရှေ့က ကော်ဖီ - ဟင်"

စိန်အောင်လင်း အံ့သြသွားသည်၊ သူ မျက်လုံးပြူးသွားသည်၊ သူ့ရှေ့က တစ်ဖက်စွန်းစားပွဲပေါ်မှာ ဘာခွက် ဘာပန်းကန်မျှမရှိ၊ ပြောင်ရှင်းနေသည်၊ ယင်းအစား သူ မြင်လိုက်ရသည်ကတော့ သူ၏ လိပ်စာကတ်ပြား စိမ်းစိမ်းကလေးသာ၊

"ဟာ - ဒီကောင် နမော်နမဲ့နဲ့ ထွက်သွားပြီ"

သူ စားပွဲထိုးလေးကို ထောင်တန်နှစ်ရွက် ကမ်းပေးလိုက်ကာ ပြန်အမ်းငွေတစ်ရာကိုပင် စောင့်ယူမနေတော့ပဲ၊ သူ့လိပ်စာကတ်ပြားကလေးကို ပြန်ကောက်ယူလိုက်ပြီး ဆိုင်ထဲမှ လှမ်းထွက်လာခဲ့တော့သည်။

ဆိုင်ပြင်အရောက်တွင် သူ ရုတ်တရက် မြသွေးဟန် ပြောသွားသည့် စကားကို ပြန်သတိရလိုက်သည်။

"ငါလား - အဝေးကြီးပဲ၊ တောင်နှစ်တောင်ကြားက ဂူကြီးထဲမှာ"

စိန်အောင်လင်း နေ့ခင်းကြောင်တောင်ကြီးမှာ ကြက်သီးတွေ ထသွားတော့သည်၊ ယခုမှ သူ ပြန်စဉ်းစားလိုက်မိသည်၊

မြသွေးဟန်သည် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော်လောက်က မိုးကုတ်ဘက်သို့ ရောက်ရှိသွားခဲ့ပြီး ကျောက်တူးရင်း မြေအောက်လိုဏ်ဂူကြီးအတွင်း မတော်တဆ မြေပြိုကျပြီး သေဆုံးသွားခဲ့ခြင်းဖြစ်သည် မဟုတ်ပါလား၊

=❖=

www.burmeseclassic.com

တစ်နံနက်ခင်း - သူ ဧည့်ခန်းထဲရှိ စာကြည့်စားပွဲတွင်ထိုင်လျက် ကော်ဖီသောက်ရင်း မှန်ပြတင်းပေါက်မှဖြတ်ကာ အပြင်ဘက်လမ်းမဆီလှမ်းကြည့်နေမိသည်။

သူ့ဇနီးခင်က ဧည့်ခန်းထဲလှမ်းဝင်လာပြီး နောက်မှနေ၍ သူ့ကျောကုန်းကို လက်နှင့် ဖျတ်ခနဲ ပုတ်လိုက်သည်။ စိန်အောင်လင်း ဆတ်ခနဲ တုန်သွားသည်။

"ဟာ - လန့်သွားတာပဲ ခင်ရာ၊ အသံမပေး ဘာမပေးနဲ့"

"ဟင် - ရှင်က ဘာတွေတွေးပြီး ငေးနေလို့လဲ၊ ခင် ဝင်လာတာ ခြေသံမကြားမိဘူးလား"

သူ့ဇနီးက ကျီစယ်ဟန် အပြုံးလေးနှင့် သူ့ကို ပြန်ခနဲ့သည်။

"ဟင့်အင်း - ကိုယ် ဟို အပြင်ဘက်က လမ်းမပေါ်မှာ ကျောပေးရပ်နေတဲ့ လူတစ်ယောက်ကို မသင်္ကာတာနဲ့ လှမ်းကြည့်နေတာကွ"

သူ့ဇနီးက မျက်မှောင်တစ်ချက် ကုပ်လိုက်ပြီး အပြင်ဘက်ဆီ လှမ်းကြည့်လိုက်သည်။

"ဟင် - ဘယ်မှာလဲ၊ ဘယ်သူမှလည်း မရှိပါလား"

"ပလက်ဖောင်းပေါ်မှာ ရပ်နေတဲ့လူလေ၊ အင်္ကျီအဝါနဲ့ မမြင်ဘူးလား။ သူ ကိုယ့်ကို စောင့်နေတာလား မသိ"

"ဩော် - အင်း ဟုတ်သားပဲ၊ ကျွန်မ တွေ့ပြီ၊ ဩော် - အဲဒါ ဘာဖြစ်လဲ၊ သူ့ဘာသာသူ တစ်ယောက်ယောက်ကို လာစောင့်တာဖြစ်မှာပေါ့၊ တက္ကစီကား စောင့်နေတာလည်းဖြစ်နိုင်တယ်၊ ခင် - သူ့ကို အဲဒီနားမှာ ရပ်ရပ်နေတာ မကြာခဏတွေ့နေကျပါ၊ ရှင့်ကို ဘာကိစ္စ သူက လာစောင့်ရမှာလဲ၊ ဟင်း - ဟင်း - ရှင် ဘာသာရှင် စိတ်ကူးယဉ်နေတာ"

သူ့ဇနီးက သူ့ကို သရော်တော်တော်နှင့် ချောက်ကပ်ကပ်ရယ်မောလိုက်သည်၊ မည်သို့ဆိုစေ - သူ့ဇနီးရယ်လိုက်သည့် မခို့တယို့ပုံစံလေးက လှနေသည်ဟု သူထင်သည်၊ ယင်းသို့ လှနေသည့်အတွက်ကြောင့်လည်း သူ့ဇနီးဒေဝစ္ဆရာမလေးကို သူ လက်ထပ်ခဲ့ခြင်းဖြစ်သည်၊ သူတို့ အိမ်ထောင်သက်က "ငွေရတုမင်္ဂလာ" ပင် နှစ်အနည်းငယ်ကြာမြင့်ခဲ့ပြီးဖြစ်သည်၊ သို့သော် - သူ့ဇနီးတွင် ရင်သွေးတစ်ဦးမျှ မထွန်းကားခဲ့ချေ။

သို့ကြောင့်လည်း သူတို့အိမ်ထောင်က ခြောက်ကပ်ကပ်ကြီး ဖြစ်နေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်၊ ယခုတော့ သူ ထိုဘဝအမှောင်ထဲက လွတ်မြောက်ခဲ့ပြီဖြစ်သည်၊



'အေး - ဟုတ်တယ်။ ကိုယ်ကလည်း - ကိုယ်ကလည်း သူတို့ကို သူတို့ဟာ ဒီလောကကြီးထဲမှာ တကယ်ရှိမနေကြဘူးဆိုတာကို သိနေတော့လည်း ဟာ - ကိုယ် ဘယ်လိုနားလည်ရမလဲ မသိတော့ပါဘူး'

www.burmeseclassic.com

"အင်း – တော်သေးတာပေါ့ ဒါဆို၊ ကိုယ့်စိတ်ထဲက ကိုယ် အာရုံကြော တွေ ထိခိုက်ပြီး မြင်ချင်ရာတွေမြင်၊ ထင်ချင်ရာတွေ ထင်ပြီးတော့ "ဟယ်လူ စီနေးရှင်း"တွေ (Hallucination) ဝင်နေပြီလား၊ ဒါမှမဟုတ် ကိုယ် ရူးနေပြီ လားလို့ ကိုယ့်ဘာသာ စိုးရိမ်ကြောက်လန့်နေမိတယ်"

သူ့ဇနီးက ပြုံးလျက် ခေါင်းခါလိုက်၏။

"ဟင့်အင်း – ရှင် မရူးပါဘူး။ ကျွန်မ တွေ့ဖူးသမျှ လူတွေထဲမှာတော့ ရှင်ဟာ ပကတိ လူကောင်းရာနှုန်းပြည့်ပဲ၊ ရှင့် မျက်နှာတစ်ခုလုံးကလည်း အပြစ်အနာဆာ လုံးဝမရှိ၊ တကယ့်ကို စင်းလုံးချောပဲ – ဟဲ – ဟဲ"

စိန်အောင်လင်း အောင့်သက်သက်ဖြင့် သူ့ဇနီးကို လှည့်ကြည့်သည်။ သူ့မျက်ဝန်းထဲမှာလည်း ဒေါသမီးလေးတွေ ဝေဝေနေလိမ့်မည် ထင်သည်။

"ဟာ – ဒါ နောက်စရာမဟုတ်ဘူးကွ၊ မင်းကွာ – ဆရာမဖြစ်ပြီး ငါ့ အတွက် စိတ်ပူပင်ရမယ့်အစား ကပြက်ကချော်နဲ့ လျှောက်ပြောနေတယ် – နွား"

သူ စိတ်ဆိုးသွားမှန်းသိ၍ သူ့ဇနီးက ဘာမျှ ပြန်မပြောတော့ဘဲ တိတ် တိတ်လေး နေလိုက်သည်။ ပြီးနောက် သူ့ဇနီးက သူ့နောက်မှနေ၍ ပခုံးနှစ် ဖက်ကို သိုင်းဖက်လိုက်ပြီးလျှင် သူ့ကို သူမရင်ခွင်ထဲ ဆွဲပွေ့နှစ်ထားလိုက် သည်။ ယင်းမှာ – သူ စိတ်ဆိုးလျှင် သူ့ဇနီးက သူ့ကို ပြန်ချော့နေကျ ပုံစံလေး တစ်ခုဖြစ်သည်။ သူ့ စိတ်တွေနေသားတကျ ပြန်ဖြစ်သွားတော့သည်၊ သူ ကြည်နူးသွားသည်။

"ကိုယ် – စိုးရိမ်နေတယ်ဆိုတာ အဲဒါတွေပဲ – ခင်"

သူက သူ့စကားကို ပြန်ကျော့သည်။

"စောစောက ရှင်ပြောလိုက်တာ ကျွန်မ ကြားတယ်"

"အေး – ဟုတ်တယ်၊ ကိုယ့် Brain တွေ ပျက်စီးသွားပြီထင်တယ်၊ ကိုယ် ရူးတော့မလား မသိဘူး"

"မဖြစ်နိုင်တာ၊ ရှင် – အစိုးရိမ်လွန်နေတာပါ၊ ရှင့်မှာလည်း Heart ရှိတယ်ဆိုတာ သတိထားဦး"



သူ့ဇနီးက ပြောလက်စ စကားကို ခဏရပ်ပြီး ပြတင်းပေါက်မှ အပြင် ဘက်လမ်းမဆီ လှမ်းကြည့်လိုက်သည်၊ ပိတောက်ပင်အောက် အရိပ်ထဲတွင် အသက်ကြီးကြီး လူကြီးတစ်ယောက် ရပ်နေသည်၊ သူက နောက်ဘက် တစ်ချက်လှည့်ပြီး သူတို့တိုက်ခန်းဆီသို့ လှမ်းကြည့်သည်၊ သို့ရာတွင် ခန်းဆီးကန့်လန့်ကာတွေက ကွယ်နေသဖြင့် သူတို့ဇနီးမောင်နှံကိုတော့ ထိုလူကြီး မြင်ရမည်မဟုတ်ပါ၊ ထိုလူကြီးက အဝတ်အစားများကို သေသပ် ကျော့ရှင်းစွာ ဝတ်စားထားပြီး လက်တစ်ဖက်က ခေါက်ထီးတစ်ချောင်းနှင့် လေးထောင့် ကိုရီးယား အိတ်အနက်တစ်လုံးကို ဆုပ်ကိုင်ထားသည်။

စိန်အောင်လင်းက ရှိုက်သက်ပြင်းကို ချလိုက်ကာ စကားစလိုက် သည်။

"ဒီလူတွေကို ကိုယ် တစ်နေ့တခြား ပိုပိုပြီး မြင်နေရဦးတော့မယ် ထင်တယ်ကွာ၊ ဟို – အဲ တကယ်ရှိမနေဘဲ လူတွေကို ပြောတာ"

သူ့ဇနီးက သူ့ကို ဖျတ်ခနဲ စိုက်ကြည့်လိုက်ကာ အံ့ဩစွာနှင့် ပြော၏။

"ဟင် – ရှင် ဘယ်သူ့ကို ပြောနေတာလဲ၊ ဟိုမှာလေ – ဟိုမှာ၊ သူ အဲဒီ နေရာမှာ ရှိနေတာပဲလေ၊ ရှင် မမြင်ဘူးလားလို့"

အမျိုးသမီးက လမ်းမဘက်ဆီ လှည့်ကြည့်ပြီး ပြောလိုက်သည်။

"ဟာ – ကိုယ် – အဲဒီလူကို ပြောတာမဟုတ်ဘူးကွ၊ ကိုယ်ဆိုလိုတာက အဲဒီလူတွေဟာ၊ သူတို့ဟာ သေဆုံးသွားပြီးတဲ့လူတွေ၊ လူသေတွေကို ပြော တာကွ"

ဖျတ်ခနဲ သူ့ဇနီးက မျက်လုံးလေးပြူးလျက် နောက်သို့ လန့်ဆုတ်လိုက် သည်၊ ပြီးနောက် သူ့ကို အသိရခက်သည့် နားလည်ရခက်သော အကြည့် ဖြင့် ပြူးရင်းကြည့်သည်။

"အော် – ခင် နားလည်ပြီ၊ ဒါကြောင့် သူတို့ကြောင့် ရှင့်စိတ်တွေ ဂယောင်ကတတမ်းနဲ့ ထိတ်လန့်ချောက်ချားဖြစ်နေတာကိုး – ဟုတ်လား"

"အေး – ဟုတ်တယ်၊ ကိုယ်ကလည်း – ကိုယ်ကလည်း သူတို့ကို သူတို့ ဟာ ဒီလောကကြီးထဲမှာ တကယ်ရှိမနေကြဘူးဆိုတာကို သိနေတော့ပြည်း ဟာ – ကိုယ် ဘယ်လိုနားလည်ရမလဲ မသိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ရှင့်စိတ်ထဲ - အဲ ရှင့်မသိစိတ်ထဲက သူတို့ကို စွဲလမ်းနေလို့ ဖြစ်မှာပေါ့၊ ရှင် စဉ်းစားကြည့်လေ၊ ရှင်လည်း ခေတ်ပညာတတ်တစ်ဦးပဲ၊ သေသွားတဲ့ လူတွေက ဘယ်လိုလုပ်ပြီး ပြန်လာနိုင်မှာလဲ"

"ဟုတ်တယ် - အဲဒါကြောင့် ကိုယ်ရူးတော့မယ်လို့ ပြောတာပေါ့၊ သူတို့ကို တခြားလူတွေက မမြင်ရပေမဲ့ ကိုယ်တစ်ယောက်တည်းက အမြဲမြင်မြင် နေရတယ်၊ ကိုယ် သူတို့နဲ့ စကားတောင် ပြောခဲ့ကြသေးတယ်၊ အဲဒါ - ကိုယ် သိတယ်၊ ဒါဟာ စိတ်ကစင့်ကလျား ရောဂါတစ်မျိုးပဲ၊ နေ့ခင်းကြောင်တောင် ခြောက်အိပ်မက်ဆိုးတွေ ထင်ယောင်ထင်မှား - စိတ္တဇတွေကွ၊ ဟင့် - ဟင့် - ဟင့်"

သူ သည်းထန်စွာနှင့် စိတ်လှုပ်ရှားပြီး ပြောနေလျက် ကလေးငယ်တစ်ယောက်လို ရှိုက်ငိုနေပါတော့သည်၊ စင်စစ် သူကိုယ်တိုင် သူ ဘာပြော၍ ပြောနေမိမှန်းလည်း၊ သူ သိမည်မထင်ပါ၊

သူ့ဇနီးက သူ့ကို ငေးစိုက်ကြည့်နေရင်း တဖြည်းဖြည်း နောက်ဆုတ်သွားကာ ဧည့်ခန်းထဲမှ ထွက်ခွာသွားလေတော့၏၊

သူ ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့၏၊ ရှိုက်သံတွေတိတ်ရပ်လိုက်ပြီး သူတဖြည်းဖြည်း ခေါင်းမော့လာသည်၊ သူ့မျက်နှာက တခြားကမ္ဘာတစ်ခုမှ ရောက်ရှိလာသည့် ဂြိုဟ်သားတစ်ဦးလို အစိမ်းသက်သက် ဖြစ်နေသည့်သဏ္ဌာန် လွင့်မျောနေသည်၊

သူ အိမ်ရှေ့မှန်ပြတင်းပေါက်ဆီ ငေးရီရီလှမ်းကြည့်သည်၊ မှန်တံခါးချပ်ရှေ့မှ ပိုးလိုက်ကာဝါဝါလေးတွေက လေမှာလွင့်ယိမ်းလှုပ်ရှားနေကြသည်၊

ယင်းအခိုက်လေးတွင် ...

သူ မျှော်လင့်မထားသော မတော်တဆတွေ့ကြုံမှုလေးတစ်ခုနှင့် အံ့ဩစွာ သူ့ရင်ဆိုင်တွေ့မြင်လိုက်ရသည်၊

ထိုမြင်ကွင်းလေးက ...

ပြတင်းပေါက်မှန်ချပ်နောက်မှ ရုတ်တရက် ကောင်မလေးတစ်ဦး၏ မျက်နှာနှင့် ကိုယ်အထက်ပိုင်းလေးတစ်ဝက် ဘွားခနဲ ပေါ်လာသည်၊ ၎င်း



ကောင်မလေးက အကျီအဖြူရောင်လက်အိုးပွပွလေးကို ဝတ်ထားပြီး စံပယ်ပန်းလေးတွေကို လှပစွာ ခေါင်းမှာပန်ထားသည်၊ သူမက အသက်ဆယ့်နှစ်နှစ်ခန့်မျှသာရှိသေးပြီး နုနယ်စွာ ချစ်စရာကောင်းသော ကောင်မလေးတစ်ဦး ဖြစ်၏၊

ထိုကောင်မလေးက သူ့ကို ပြုံးပြသည်၊ သူမ၏ အပြစ်ကင်းစင်သည့် အပြုံးလေးက သူ့ရင်ထဲ စုန်ဝင်လာသလို ခံစားလိုက်ရသည်၊ သူ မေ့မျော သလို စိတ်တွေလွင့်သွား၏၊ ထိုစဉ် ကောင်မလေးက သူ့ကို လက်ကလေး နှစ်ဖက်နှင့် "လာလိုက်ခဲ့ - လိုက်ခဲ့လေ"ဟု ခေါ်နေသည့်ဟန်၊ သူမ၏ လက်ချောင်းလေးတွေကို ကွေးချည်ဖြန့်ချည်ဖြင့် လုပ်ပြနေသည်၊

ချက်ချင်း - သူ ကောင်မလေးကို မှတ်မိသတိရသွားသည်၊ သူ့ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်သွားသလို ခံစားလိုက်ရသည်၊

"ဟင် - မင်း - မင်း - ခင်လေးမြင့်ကျော်၊ မ - မဟုတ်လား - ဟာ"

သူ လိပ်ပြာလွင့်စဉ်သွားသလို ကြုံးအော်လိုက်သည်၊

ထိုကောင်မလေးသည် တခြားသူမဟုတ်၊ သူ့ညီမလေးအရင်းဖြစ်သည်၊ သို့သော် - ခင်လေးမြင့်ကျော်ကား လူ့လောကတွင် မရှိတော့ပါ၊ ခင်လေးမြင့်ကျော်နှင့် သူ - သူတို့ နှစ်ဦးက လွန်ခဲ့သောနှစ် "နှစ်ဆယ့်ငါးနှစ်"ကျော်ကျော်လောက်က တစ်ညနေခင်းတွင် မြသပိတ်တောင်ခြေ "ဒေါင်းအိပ်တန်း" ရေတံခွန်၌ ရေသွားကူးရင်း သူ့ညီမလေး ခင်လေးမြင့်ကျော် ရေနစ်သေဆုံးခဲ့ပြီး ဖြစ်သည်၊

စိန်အောင်လင်း သူ့ညီမလေး ခင်လေးမြင့်ကျော်ကို အံ့ဩထိတ်လန့်စွာနှင့် ငေးစိုက်ကြည့်နေရင်း မျက်နှာတစ်ခုလုံး ပြာနမ်းသွားကာ မျက်ဖြူ စိုက်လျက် တဖြည်းဖြည်း ထိုင်ခုံပေါ်မှ ပျော့ခွေလဲကျသွားပါလေတော့၏၊

=❖=



www.burmeseclassic.com

www.burmeseclassic.com

သည်နေ့မနက် - ရာသီဥတုက ဆိုးဝါးလွန်းလှသည်။

ကြည့်စမ်း - ကောင်းကင်ပြင်မှာ နှင်းမှုန်တွေက ဖွေးဖွေးလွှင့်နေသည်။ လေကလည်း တဟူးဟူး၊ တသည်းသည်း ကြမ်းတမ်းစွာ တိုက်ခတ်နေပါတော့သည်။ တစ်မြို့လုံး နှင်းလား၊ မြူလား၊ ဖုန်တွေလား ခွဲခြားမရအောင် မည်းမှောင်လွှင့်မျောတိုက်ခတ်နေသည်မှာ ကြောက်မက်ဖွယ်ရာကောင်းနေတော့သည်။

နေရာတကာ အရပ်လေးမျက်နှာမှာ မီးခိုးလုံးကြီးတွေပမာ တိမ်တိုက်ကြီးတွေသဖွယ် လွှင့်ပြေးတိုက်ခတ်နေသည်။

စိန်အောင်လင်း ဒီမနက်အစောကြီး ဖျပ်ခနဲ အိပ်ရာမှ နိုးလာသည်။ အခန်းထဲမှ မှောင်မည်းတိတ်ဆိတ်နေသည်။ သူ စာကြည့်စားပွဲပေါ်မှ ဖန်မီးအိမ်မီးခလုတ်ကို လက်နှင့်စမ်းပြီး ဖွင့်လိုက်သည်။ မီးမပွင့်လာ၊ မီးပျက်နေသည်ထင်သည်။ အမှောင်ထဲ၌ သူ အိပ်ရာပေါ်မှ လှမ်းထလိုက်ပြီး သူ့လက်ဝဲဘက်မှ သူ့ဇနီးကို လှည့်ကြည့်လိုက်သည်။ သူ့ဇနီးက နှစ်ခြိုက်စွာ အိပ်မောကျနေသည်ကို ခပ်မှုန်မှုန် အရုဏ်ဦးအလင်းရောင်ကလေးထဲမှာ တွေ့လိုက်ရသည်။

သူ ပြုံးပြီး ရေချိုးခန်းထဲ စမ်းတဝါးဝါး လှမ်းဝင်လာခဲ့သည်။ မျက်နှာသစ်သွားတိုက်ပြီး သူအခန်းထဲပြန်လာကာ အမှောင်ထဲမှာပင် အဝတ်အစားတွေလဲဝတ်သည်။ ပြီးနောက် သူအိမ်ထဲမှ ကမန်းကတန်း ပျာယီးပျာယာ လှမ်းထွက်လာခဲ့သည်။

သူ ဒီနေ့မနက် "အဝတ်အစား ဒီဇိုင်းနှင့် ဖက်ရှင်ရှိုးပွဲ" ကြော်ငြာတစ်ခုရိုက်ရန် စီစဉ်ထားသည်။ ထို့ကြောင့် သူ အလောတကြီးလေး ထွက်လာခဲ့သည်။

အပြင်ဘက်တွင် မြူတွေလွှင့်မျောလျက် မီးခိုးတိမ်တိုက်ကြီးတွေက မှောင်မည်းရွေ့လျားနေသည်။ ဘယ်လိုဖြစ်လို့ပါလိမ့်၊ ခါတိုင်း ဒီလိုမဟုတ်ပါဘူးဟု စိန်အောင်လင်း စိတ်ထဲ၌ ထူးဆန်းအံ့ဩနေသည်။



တစ်မြို့လုံး အဝီစိငရဲကို ရောက်နေသလို အမှောင်ထုနှင့် မြူတွေက လုံးထွေးသတ်ပုတ်နေကြသည်။ သူ ကွန်ဒိုမီနီယံ အဆောက်အအုံ အဆင့်မြင့်မိုးမျှော်တိုက်ကြီး နှစ်လုံးကြားမှ တစ်လှမ်းချင်း လျှောက်လာနေခဲ့သည်။

ဟာ - သူ အံ့ဩသွား၏။ အမှောင်ထု မှုန်မှုန်တွေထဲမှာ [illegible] တရွေ့ရွေ့ လျှောက်သွားနေကြသည်။ ပျားအုံတစ်အုံလို [illegible] တိုးဝေ့နေကြသည်၊ ဒီမနက် ထူးထူးခြားခြား ဒီလူတွေ ဘယ်ကို သွားကြမလို့ပါလိမ့်၊ ခရီးရှည် ဘုရားဖူးထွက်ကြမလို့များလား၊ ပျော်ပွဲစား သွားကြတာလား၊ ကိုယ့်ဌာန ကိုယ့်အလုပ်တွေဆီ သွားနေကြတာလား၊ ဒါတော့ မဖြစ်နိုင်၊ ဒီလောက် တက်ကြွကြိုးစားသည့် ဝန်ထမ်းက ရှာမှ ရှား။

စိန်အောင်လင်း အတွေးတစ်ပိုင်းတစ်စနှင့် လူစီးကြောင်းတွေကြားထဲ တိုးဝင်လာခဲ့သည်။ လူနံ့တွေကလည်း နံလိုက်တာ၊ မွန်ထူနေတာပဲ၊ အော အန်ချင်စရာ - ထွီ၊ သူ့မျက်နှာကို မဲ့ရွဲ့လိုက်သည်။

ဒီကြားထဲမှာ လမ်းတွေကလည်း စုတ်ပြတ်ပျက်စီးနေလိုက်တာကလည်း လွန်ရောပဲ၊ မြို့တော်ကြီးကိုမှ အားမနာ၊ ရွှံ့တွေ၊ ဗွက်တွေ၊ ချိုင့်ခွက်တွေနှင့် ဖြစ်ချင်တိုင်း ဖြစ်နေလိုက်တာ၊ ပြီးတော့ - ရေမြောင်းတွေထဲက အပုပ်နံ့စုံတွေကလည်း လေထုထဲမှာ တထောင်းထောင်းထနေတယ်၊

စိန်အောင်လင်း ရင်ထဲမှာ ပျို့အန်ချင်သွားသည်။

သူ လူပဒ္ဒအုံကြီးထဲ တိုးဝေ့လျှောက်လာရင်း ကောင်းကင်ကို အမှတ်မထင် မော့ကြည့်လိုက်သည်၊ ဖျော့တော့တော့ ကြယ်လေးတွေရဲ့မှိတ်တုတ်မှိတ်တုတ်အလင်းရောင်လေးတွေကို မြင်လိုက်ရသည်။ တော်သေးတာပေါ့၊ သူ စိတ်သက်သာရာ ရသွားသည်၊

သူ ဖျော့တော့တော့ အလင်းရောင်နှင့် မြူထုနှင့် တိမ်ခိုးတွေကြားမှ ဝေ့ါပါလမ်းလေးထဲ တရွေ့ရွေ့လှမ်းသွားနေကြသည့် လူတွေ၏မျက်နှာကို ရှာဖွေကြည့်လိုက်သည်။

သူ သိပ်အံ့ဩသွား၏။

www.burmeseclassic.com

လူတွေ အသွင်သဏ္ဍာန်မျက်နှာတွေက သဘာဝမကျစွာ ရှုတ်ချော်နေသည်ဟု သူ ခံစားလိုက်ရသည်။ တိရစ္ဆာန်တွေ၏ မျက်နှာပုံသဏ္ဍာန်များနှင့် လူသားတို့၏ မျက်နှာပုံစံနှစ်မျိုးကို ရောစပ်ထားသည့်နယ် ရုပ်ဆိုးဆိုးမျက်နှာကြမ်းကြီးတွေကို တုန်လှုပ်ဖွယ်ရာ သူမြင်လိုက်ရသည်။ ထူးခြားနေသည်ဟု သူ ထင်သည်။ အိပ်မက်နေတာတော့ မဟုတ်နိုင်။

ထို ထိတ်လန့်စရာ လူအုပ်တွေကြားထဲမှာ လုံ့ပုံသဏ္ဍာန်မျိုးစုံပါသလို အရွယ်မျိုးစုံပါကြသည်။ လူငယ်လူရွယ်၊ ယောက်ျား မိန်းမများ ပါဝင်ကြသလို အဘိုးကြီး၊ အဘွားကြီးတွေလည်း ပါဝင်ကြသည်။ ပြီးနောက် – ဟိုနေရာသည် နေရာတွေမှာ ကလေးအရွယ်အစားမျိုးစုံကိုလည်း သူ မြင်တွေ့ရသည်။

သူတို့ ပုံသဏ္ဍာန်တွေကလည်း ဆိုက်စုံသည်။ ဝါးလုံးလို ရှည်မျော်မျော လူတွေ၊ ငါးပုတင်းလို ဗိုက်ပူနံကားတွေ၊ လူပုကွကွလေးတွေ၊ ငါးနုပ်ခြောက် လို ပိန်ကပ်ကပ်မိန်းမတွေ၊ ဖားခုံညင်းလို အမျိုးသမီးတွေ၊ ခေါင်းကြီး ကိုယ်သေးနှင့် ပြိတ္တာလို လူသတ္တဝါတွေ ပုံသဏ္ဍာန်မျိုးစုံပါကြ၏။

သူတို့ လမ်းလျှောက်နေပုံတွေကလည်း ကုန်းကုန်းကွကွနှင့် လက်နှင့်ဘက်ကို တွဲလောင်းချထားပုံကလည်း ရယ်စရာကောင်းသလို စိတ်ချောက်ချားစရာလည်း ကောင်းသည်ဟု သူ ခံစားရသည်။

သူတို့ကိုကြည့်ပြီး စိန်အောင်လင်း သံဝေဂရသည်။ လူတွေက နေ့လယ်ဘက် နေရောင်အောက်မှာတော့ သနပ်ခါး၊ မိတ်ကပ်တွေနှင့် အလှပြင်ဆင်ဝတ်စားထားသည့်အတွက် လှပကျက်သရေ ရှိနေကြသော်လည်း ညဘက် အမှောင်ထုထဲမှ အိပ်စက်ပြီး အိပ်ရာက ထလာလျှင်တော့ အဲ မခြယ်ထားလျှင် အာပုပ်တွေ၊ မျက်ချေးတွေ၊ ဆံပင်တွေက ပွယောင်းယောင်းနှင့် ဆိုလျှင် ပုံသဏ္ဍာန်တွေက အလွန်အရုပ်ဆိုး ထိတ်လန့်စရာကောင်းသည်။

ယခု သူတို့မျက်နှာတွေက မကြည့်မသာနှင့် တစ်ခုခုကို စိုးရွံ့ပူပန်နေကြဟန်။ ထိတ်လန့်ချောက်ချားနေသည့်အသွင် မြင်တွေ့နေရသည်။ အစားအစာတွေကလည်း ညအိပ်အဝတ်အစားတွေ၊ ပွယောင်းယောင်း ဖိုးရိုးဖားရားတွေ။ သူတို့တွေထဲမှာ သူနှင့်တစ်ချိန်က ရင်းနှီးခင်မင်သိကျွမ်းဖူးသူတွေ၊ မြင်တွေ့ဆက်ဆံခဲ့ဖူးသူတွေ၏ မျက်နှာတွေလည်း ပါဝင်နေသည်ကို စိန်အောင်လင်း ထူးဆန်းစွာ တွေ့လိုက်ရသည်။

သူတို့မျက်နှာတွေအားလုံးက တစ်ဆင်တည်းလိုလို မှုန်သိုးနေကြသည်ဟု သူထင်သည်။ ခရီးရှည်သွားမည့် ဘုရားဖူး အာဂန္တုဧည့်သည်တွေ၏ ရွှင်လန်းတက်ကြွနေသည့် မျက်နှာပုံစံမျိုးတွေ၊ ပျော်ပွဲစားပစ်ကနစ် ထွက်လာကြသည့် လူတွေ၏ ပျော်ရွှင်ကြည်နူးနေသော မျက်နှာအသွင်အပြင်မျိုးတွေလည်း မဟုတ်ကြပါ။ သူတို့မျက်နှာတွေက အမှည့်လွန်ပြီး ပုပ်သိုးနေသော ယင်အုံနေသည့် သစ်သီးပျက်တွေနှင့် တူနေသည်။

သူတို့အားလုံး ဘယ်ခရီးကို ဦးတည်ထွက်လာခဲ့ကြသည်တော့ စိန်အောင်လင်း မသိ။ သူ မခန့်မှန်းတတ်ပါ။

သူတို့ လူစုလူဝေးကြီးက ဆောက်လက်စ မိုးပျံတိုက်တန်းလျားကြီးနှင့် အိုဟောင်းစုတ်ချာပြီး ယိုယွင်းပျက်စီးနေသည့် တိုက်အိုတိုက်ပျက်ကြားရှိ ဖြတ်လမ်းတစ်ခုထဲသို့ ချိုးကွေ့ဝင်လာခဲ့ကြသည်။ ပုရွတ်ဆိတ်အုံကြီး တွင်းပေါက်တစ်ခုထဲက စုပြုံထွက်လာသည်နှင့် တူသည်။ ဆောက်လက်စ တန်ထရိုက်တွေကြားမှ အော်ငေါက်နေသံများ၊ ညည်းညူနေသူများနှင့် ရန်ဖြစ်ဆဲဆိုနေကြသံများ။ ပြီးနောက် – ကလေးတွေရဲ့ငိုသံတွေကိုလည်း မှောင်ကြီးမည်းမည်းထဲမှ လွင့်ပျံစိမ့်ထွက်လာသည်ကို ကြားရသည်။ သူတို့ လူအုပ်ကြီးကတော့ တရွေ့ရွေ့ပုံမပျက်လာနေခဲ့ကြသည်။ ယင်းအခိုက် တိုက်အိုတိုက်ပျက်တွေကြားမှ လေလွင့်ခွေးဝဲစားတွေ အုပ်က ဆွဲဆွဲငင်ငင်နှင့် ပြိုင်တူဆွဲအူလိုက်ကြပြီးနောက် သူတို့လူအုပ်ကြီးကို ဘီလူးသဘက် တွေလို တဝုန်းဝုန်း ဝိုင်းဟောင်နေကြသည်မှာ ကမ္ဘာပျက်သည့်အလား ထိတ်ချောက်ချားစရာ ကောင်းလှတော့သည်။

စိန်အောင်လင်းက လူအုပ်လူတန်းကြီး၏အလယ်ခေါင်၌ ဗရုတ်သုတ်ခ ညှပ်ပါလာသည်။ ထို့နောက် – သူတို့လူစုလူတန်းကြီးက အနည်းငယ်





www.burmeseclassic.com

www.burmeseclassic.com

လင်းချင်းလျက် မြူငွေ့တွေ လွင့်နေသော လမ်းမတစ်ခုကို ဖြတ်ကျော်ခဲ့ကြပြီးလျှင် သက်တံပုံသဏ္ဌာန် ကုန်းတံတားရှည်ကြီးတစ်ခုပေါ်မှ ဖြတ်သန်းရန် သံလှေကားထစ်တွေပေါ် ယင်ကောင်တွေ အသားတုံးပေါ် ဝိုင်းအုံကိုက်ခဲ့ကြသလို တိုးဝှေ့လှမ်းတက်လာခဲ့ကြသည်။

ကုန်းတံတားပေါ် သူတို့လူအုပ်ကြီးက ရောက်လာကြသည်။ လေကခါးတစ်စင်းလို ထက်မြရူးရှစွာနှင့် မွှေယမ်းတိုက်ခတ်နေသည်။ ချမ်းစိမ့်နေသည်ကလည်း ရေခဲလိုဏ်ဂူကြီးတစ်ခုထဲ ကျရောက်နေသလို အရိုးများပင် အက်ကွဲတော့မလား ထင်ရသည်။ ညည်းညူသံတွေနှင့် ထိတ်လန့်တကြား အော်လိုက်သံ၊ ကလေးတချို့၏ ရှူးရှူးရှရှ အော်ဟစ်လိုက်သံတွေက နှင်းနှင့် လေစိမ်းတို့ တိုက်ခတ်နေသံ ကြမ်းကြမ်းတွေကြားမှ စိတ်မချမ်းသာဖွယ် ထိုလူအုပ်ထဲမှ လွင့်ထွက်လာသည်။

ပြွတ်ကြပ်သိပ်ခဲနေသော သူတို့လူအုပ်ကြီးက သက်တံကုန်းတံတားကြီး၏ တစ်ဖက်စွန်းဆီ ရောက်လာကြတော့သည်။ နောက်မှ လူစု တစ်သီတစ်တန်းကြီးကလည်း နှင်းမှုန်နှင့် လေကြမ်းက ကြောက်လန့်စရာ တသည်းသည်း တဝီဝီနှင့် တိုက်ခတ်နေသဖြင့် မမြင်မစမ်းနှင့် အတင်းဒလကြမ်း ရှေ့ကို တိုးဝှေ့ရုပ်ပြုပြီး သွန်ဝင်လာကြသည်။ ရှေ့က လူအုပ်ကြီးကလည်း သူတို့၏ အရှိန်ကို မထိန်းနိုင်ကြတော့ပဲ ကုန်းတံတား တစ်ဖက်အဆင်းမှ သံလှေကားပေါ် စုပြုံတိုးဝှေ့ပြီး တစ်ဟုန်ထိုး ပြိုဆင်းလိုက်ကြသည်။

ဤတွင် ထိတ်လန့်စရာ၊ နှစ်ပေါင်းများစွာက တည်ဆောက်ထားခဲ့သည့် ကုန်းတံတားအိုကြီး၏ ဟောင်းနွမ်းဆွေးမြည့်နေသော သံလှေကားထစ်တွေက သူတို့လူအုပ်ကြီး၏ အလေးချိန်ကို မခံနိုင်တော့ဘဲ တဝုန်းဝုန်း ပြိုဆင်းသွားပါလေတော့သည်။ နောက်မှ အရှိန်နှင့် အတင်းဒလကြမ်း တိုးဝှေ့ပြေးဝင်လာသော လူအုပ်ကြီးသည်လည်း တစ်ဆက်တည်း တဝေါဝေါနှင့် ထွေးလုံးပြီး ဖောက်ထိုးမိုးမျှော် ကုန်းတံတားပေါ်မှ ငရဲပွက်သလို ထိတ်လန့်တကြား ချောက်ချားအော်ဟစ်သံတွေနှင့်အတူ ပြိုဆင်းထိုးကျသွားလေတော့သည်။

သို့သော် - သူတို့အားလုံးမှာ ကမ္ဘာမြေကြီးပေါ်သို့ ထိုးကျသွားခြင်း မဟုတ်၊ မည်းပျစ်နက်မှောင်ပြီး အလွန်တရာ နက်ရှိုင်းသော ယူဇနာသန်းချီ ဝေးသည့် "အသူတရာချောက်" နက်ကြီးအတွင်းသို့ ဗျမ်းထိုးမှောက်ခုံ လွှင့်ပါသွားနေခြင်းသာ ဖြစ်ပါသည်။ ယင်း - လူသိုက် လူစုလူဝေးတွေ၏ အလယ်မှာ စိန်အောင်လင်းသည်လည်း တစ်ဦးအပါအဝင် ဖြစ်ပါသည်၊ သူသည်လည်း ထိုလူစုလူတန်းကြီးထဲတွင် အလွန်တရာ နက်ရှိုင်းမှောင်မည်းလှသည့် "အသူတရာချောက်" ကြီးထဲသို့ တလွင့်လွင့် သည်းထိတ်ချောက်ချားလွင့်ပျံထိုးကျသွားနေလေသည်၊

ထိုအခိုက်အတန့်လေးတွင် -

သူ - ထူးဆန်းစွာ အသံတစ်ခုကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်၊ ထိုအသံက ဟိုးအဝေး ကမ္ဘာစိမ်းတစ်ခုဆီမှ စိမ်းခြောက်ခြောက်လေး လွင့်လာနေသည်၊

ချက်ချင်း သူသိလိုက်သည်၊ ထိုအသံက သူ့ဇနီး "ခင်" ၏ အသံဖြစ်သည်၊

"ကိုစိန်အောင်လင်း - ကိုစိန်အောင်လင်းရယ်၊ ရှင် - ကျွန်မကို တစ်ယောက်ထဲ ထားရစ်ခဲ့ပြီလား၊ ကိုစိန်အောင်လင်း - ကိုစိန်အောင်လင်း - ဟင့် - ဟင့် - ဟင့်"

◆➤◆➤ နန်းထိုက်ဦး

(နိုင်ငံခြားဘာသာသိပ္ပံ)



BURMESE CLASSIC .com

www.burmeseclassic.com